www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၇၀/၉၄(၁၂)
စာမူခွင့်ပြုချက်အမှတ် ၄၉၉/၉၄ (၇)
မျက်နှာဖုံးပန်းချီ - မမွေး
ကာလာခွဲ - မောင်မျိုး

ပုံနှိပ်သူ - ဦးကျော်သန်း (မြ-၀၅၁၄၀)
ရေတမာပုံနှိပ်တိုက်
၅၀၄၊ ဓမ္မာရုံလမ်း
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊

မျက်နှာဖုံးရိုက် - ဒေါ်ကြည်ကြည်အေး (မြ-၀၃၂၅၅)
ဆန်းသိမ်းအော့ဖ်ဆက်
အမှတ် ၁၅၀၊ ၄၀ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှဒွေး (မြ-၀၁၁၀၃)
လှဒွေးစာပေ
၂၅၊ ၁၂၆-လမ်း၊ တာမွေ
ရန်ကုန်မြို့။

အုပ်-၁၅၀၀

အုပ်ရေ - ၅၀၀
တန်ဖိုး - ၆၀ ကျပ်

၁၉၉၄-ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်။

တက္ကသိုလ်ဘုန်းနိုင်

---

# ပိတောက်ပွင့်ဆဲ လသာဆဲဝယ်

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

## ''ဆက်ရလေသော လွမ်းအိပ်မက်''

''ပိတောက်မွှင့်ဆဲ၊ လသာဆဲဟု၊ လှမြသည်ာ၊
စိတ်ကမ္ဘာလျှင်၊ ပမာလျှပ်ပြက် အိပ်တစ်မက်
တည့်၊ ရင်ထက်လမင်း၊ ပိုက်ဝေ့ရင်းတွင်၊
ချစ်တင်းဆိုဆို၊ ပြုံးချိုချိုနှင့်၊ ကြယ်ကိုပန်းကုံး၊
သီမကုံးခင်၊ ကြင်တုန်းရက်ရက်၊ နှဲ့ဆက်ရွှေရင်၊
မဝင်ကြားလေ၊ မျှသက်ဝေဆဲ၊ ချင်မရဲဘ၌၊
သောင်သဲရေတိုက်၊ လန့်နိုးကြိုက်က၊ ညမိုက်
သန်းခေါင်၊ တ,ယောင်ငိုညည်း၊ ကိုယ်ဘည်း
တစ်ယောက်၊ ပိတောက်လည်းတုံး၊ လ,လည်း
ပုန်းပြီ....
မိုးလုံးပတ်လည် ညို့တကား''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သင်္ဘောဆိပ်သို့ ကျွန်တော်ရောက်လာချိန်၌ ဟိုးအနောက်တောင်ဆီမှာ မိုးတို့ညိုနေသည်၊ နှစ်ဆန်းတစ်ရက်နေ့ ရောက်မှ သင်္ကြန်မိုးသည် အခါလွန်ရွာမည် ဟန်ဆင်နေသည်၊

ရေဝတီသင်္ဘော 'ဝေဘာဂီ'က ခေါင်းတိုင်မှ မီးခိုးတလူလူနှင့် ဆိပ်ခံဘောတွင် ကပ်ဆိုက်ထားသည်၊

သည်အချိန်တုန်းက ခရီးသွားလာသူ နည်းပါးသေးသောကြောင့် သင်္ဘောပေါ်၌ ခရီးသည်မများလှ၊ ရှိသမျှလူ အများကလည်း အောက်ထပ်တွင်သာ စီးကြသည်၊

သင်္ဘောပေါ်၌ ခရီးသည်မကျပ်၊ လူအတန်ပင် ချောင်နေသည်၊ ရှိသမျှလူတို့ကလည်း အောက်ထပ်တွင်သာ ပြုံစီးကြသည်။



လက်မှတ် ဝယ်ပြီးနောက် လူရှင်းသော အပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်၊ ဦးပိုင်းရှိ ပထမခန်းနှင့် ကပ်နေသော နေရာ၌ ကျွန်တော်က ပစ္စည်းလေးများကို ချထားလိုက်သည်၊

ကြမ်းပြင်မှာက အခင်းမရှိ၊ ကျွန်တော့်မှာလည်း အခင်းမပါ။ ရှိစေတော့၊ သည်အတိုင်း ထိုင်လိုက်မည်။ ညအိပ်ချိန်ရောက်၍ အခန္နင့် ဖျာငှားရလျှင် ဖျာနှင့်အိပ်မည်၊ မရက ပုဆိုးတစ်ထည်ဖြန့်ခင်းပြီး လက်ဆွဲသေတ္တာကို ခေါင်းအုံးပြု၍ ဖြစ်သလိုအိပ်မည်၊

ကျွန်တော်က ကြမ်းပြင်ပေါ် ကျကျနန ထိုင်ချလိုက်၏၊ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပတ်ကာထိုင်ရင်း ငိုင်ငိုင်ငူငူ အတွေးထူမိ၏၊

ရွှေရေးကို ကျွန်တော်မပူပါ၊ ဘယ်တုန်းကမှ ရွှေ့ရေးအတွက် ကျွန်တော်မပူခဲ့ပါ၊ ဘဝတစ်လျှောက်လုံး ကျွန်တော်က ရှုန်းကန်လာခဲ့ရသည်၊ ရုန်းကန်ရမည်ကို ကျွန်တော် မကြောက်ပါ၊

တိုင်ယစ်စဉ်အညီးက ပင်လယ်ပြင်ကြီးဆီ ပေးကာ ပင်လယ်ကူးလိုစိတ် ကျွန်တော့်မှာ ရှိခဲ့သည်၊ ပင်လယ်ဟူသည်ကို လွယ်လွယ်ကူကူ ကူး၍မရမှန်း ကျွန်တော် သိပြီးပါ၊ အခုရာတွင် ပင်လယ်ကူးလိုစိတ်က ကျွန်တော့်ရင်မှာ ဘယ်သောအခါမှ မပျောက်၊

www.burmeseclassic.com



ယခုတော့ ဘဝပင်လယ်ကို ကိုယ်တစ်ယောက်တည်း အမှန်တကယ် ကူးရတော့မည်၊ ကိုယ့်ကိုယ်ပိုင် ရွေးချယ်မှု ဖြစ်သောကြောင့် နောင်တပူဝန်လည်း ကျွန်တော့်မှာ မရှိပြီ။

လွမ်းစိတ်ကတော့ ရင်မှာရှိနေသည်၊

သံယောဇဉ်ဟူသည် မရှိလျှင် အကောင်းဆုံး ထင်သည်၊ သံယောဇဉ်က ရှိလာတော့ ရှေ့ရေးကိုမကြောက်လင့်ကစား နောက်ရေးဆိုတာကိုတော့ မမေ့နိုင်၊ မမေ့နိုင်တော့ ရင်မှာ လွမ်းရသည်။

မမဝေကို ရင်မှာ လွမ်းရသည်၊ မရှက်နိုင် မကြောက်နိုင်။ ယခုပင် မျက်ရည်ဖြိုင်ဖြိုင်ကျအောင် လွမ်းမိသည်။ လွမ်းဖွယ်အဖြစ်ကို ကြုံလာရသော ကိုယ့်ဘဝကိုပင် စိတ်နာမိသည်၊

ဘာတွေပြောနေနေ ဖြစ်လာရသည်ကား ဘယ်သူမပြု မိမိမှုပါ၊ ချစ်တတ်သော နှလုံးသားက နုခဲ့သည်ကိုး။ ယဉ်တတ်သော စိတ်ကူးကို ဇက်လွှတ် အလိုလိုက်မိခဲ့သည်ကိုး။

မျက်ရည်ကြားမှ ပြုံးမိရသေးသည်။

ကြီးကြီးကျယ်ကျယ်လေးတော့ မမဝေကို ကျွန်တော်ပြောမိခဲ့သေးသည်၊ သဲဖြူငွေရာဇမတ်နှင့် မင်းဘက္ကာထားရာဆီ ဒူးပြတ်မည် ကြောက်၍ မဖြတ်ရဲပါ။ တကယ်တမ်းကျတော့ မိုက်မိုက်ကန်းကန်းလေး ဖြတ်ဖြစ်အောင် ဖြတ်လိုက်သေးသည်၊ သည်တော့ ဒူးမပြတ်စေ၊ အသည်းတော့ ပြတ်ရသည်၊ အသည်းတစ်ခြမ်းတော့ ပြတ်ရသည်၊

အသည်းတစ်ခြမ်း ပြတ်ပါစေ၊ သြော်.... အတိတ်မှ လွမ်းရိပ်လေး ခိုသာရုံ အသည်းစလေးတစ်စသာ ကျွန်ချင်ကျန်ပါ



စေ၊ ကိုယ့်မိုက်ပြစ်ကို ကိုယ်ခံပါမည်၊ ရွေးအပ်သည်ထင်၍ ရွေးချယ်ခဲ့မိပြီ ဖြစ်သော ပစ္စုပ္ပန် သည်ခရီးအတွက်မူ ကျွန်တော့်ရင်မှာ နောင်တပူဝန် စဉ်းငယ်မျှ မရှိပြီ၊

ကျွန်တော် ပျောက်သွားမှန်းသိလျှင် အဒေါ် ဘာပြောမည်နည်း။ ကရုဏာဒေါသပုန်တော့ ခေတ္တထမည်။ ဒေါင်းတောက်အောင်တော့ ရှာကြမည် မဟုတ်၊ ဒေါင်းတောက်အောင် ရှာကြသည်အထိ ရောက်ရန် အဒေါ့်ဘဝ၌ ကျွန်တော်သည် အဓိပ္ပာယ်ကြီးကြီးမားမား မရှိလှပါ၊

အဒေါ့်တာဝန်က ကျေခဲ့ပါပြီ၊ အကောင်းဆုံးဟု သူထင်ခဲ့သော ဘဝလမ်းခရီးစဉ်ကိုပင် ပညာသားပါပါ အကွက်ချပြပေးခဲ့ပြီးပြီ မဟုတ်ပါလော။ သူ့လမ်းအတိုင်း မလျှောက်လို၍ ကျွန်တော် ရှောင်ထွက်သွားသည်ဟုသာ အဒေါ် ကောက်ချက်ချနိုင်ပေလိမ့်မည်။ အရိပ်ထဲ ဆွဲခေါ်သည်ကို မလိုက်ဘဲ နေပူထဲသွက်ပြေးသူ တူမိုက်တစ်ယောက်အနေနှင့် ခေတ္တတော့ အဒေါ် ဒေါသပုန်ထမည်၊ နောက်တော့ သူ ပြောလေ့ရှိသည်အတိုင်း ပြတ်လေမည်။ သို့အပ်လျှင် လိုရာဆွဲသုံးနိုင်ရန် တရားစကား တစ်လုံးလုံးကို သူ ရှာလိမ့်မည်၊

အဒေါ့်ကို ကျွန်တော် ချစ်လှသည်မဟုတ်ပါ၊ သို့ရာတွင် မမုန်းပါ။ ကျေးဇူးကိုတော့ အစဉ်အောက်မေ့သည်၊ အဒေါ် ခေတ္တ စိတ်ဆင်းရဲအောင် လုပ်မိခဲ့ရသည့် အဖြစ်ကြောင့်လည်း စိတ်မကောင်းပါ၊ သို့ရာတွင် ယခု ကျွန်တော် လုပ်ခဲ့သည်မှာ အကောင်းဆုံးဟု ထင်သည်၊ အဒေါ့် စကားအတိုင်းသုံးရလျှင် အားလုံးအတွက် အကောင်းဆုံး။

www.burmeseclassic.com

www.burmeseclassic.com



အစတွေးနယ်၌ မြုပ်၍ ကောင်းနေစဉ်မှာ သဘော်၏ ပထမ အချက်ပေးဥသြမှုတ်သံကို ကြားရသည်။ စက်သံလည်း ဆူညံလာ၏။

မျက်လုံးမှ မျက်ရည်စများကို သုတ်ပစ်ပြီး နေရာမှ ကျွန်တော် ထလိုက်၏။

ဩော်.... ကျွန်တော်ကသာ သတိမထားမိသည်၊ အပြင်ဘက်မှာ မိုးက ရွာနေလေသည်တကား။

သဘော်ဘေး လက်တန်းများအနီးသို့ ကျွန်တော်ကပ်သွားသည်။

ခွဲခွာခါနီး မြို့ကို နောက်ဆုံးအဖြစ် ကျွန်တော် ကြည့်လိုသည်။

မြင်ရသမျှ ပုသိမ်တစ်မြို့လုံးက မိုးကြောင့် မှိုင်းမှိုင်းမြဲ ဝေဝေညှိုနေသည်။ သက်ကယ်ဖိုဖို–ငိုခင်းပြောင်းရလေသော ကျွန်တော့်ကို သည့်ရှုခင်းနှင့် နှုတ်ဆက်ဟန်ရှိသည်။

မိုးထဲရေထဲတွင် နောက်ကျသောခရီးသည်အချို့ သဘော်ဆီ အပြေးလေးလာကြသည်ကို ကျွန်တော် သတိပြုမိ၏။

သဘော်ကြီးက ခွာတော့မည်။ ဆိပ်ခံနှင့် သဘော်ကို ဆက်ထားသော ကြိုးတို့ကိုပင် ဖြုတ်ကြလေပြီ။

ခြေသံကြားရသောကြောင့် ကျွန်တော်က အမှတ်မထင် လှည့်ကြည့်သည်။

မိန်းမသားတစ်ဦးပါ။ မိုးကာအင်္ကျီကို ဝတ်ထား၏။ ခေါင်း၌လည်း လက်ကိုင်ပဝါတစ်ခုကို မျက်နှာအုပ်အောင် သိုင်းစည်းထား၏။



လက်တစ်ဖက်တွင်က သားရေသေတ္တာတစ်လုံးကို ကိုင်ထား၏။ အခြားတစ်ဖက်က လက်ဖွေ့အိတ်အဖြူလေးကို ဆွဲထားသည်။

မိန်းမသားက ကျွန်တော့် ပစ္စည်းလေးများအနီး ရောက်သော် တုံ့ရပ်သွား၏။ ခဏ၌ပင် ဘေးတိုက်ရှိရာမှ ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။

မြတ်စွာဘုရား၊ အိပ်မက်လေပါလား၊အို...အိပ်မက်မဟုတ်ပါ၊ မဟုတ်ပါ။

ဘယ်လိုပင် မျက်နှာကိုအုပ်အောင် လက်ကိုင်ပဝါ သိုင်းစည်းထားပေမင့် မြင်ရသမျှ ဝင်းဝင်းဝါသော သည်အသားလေးများကို ကျွန်တော် မမေ့ပါ။ သည်မျက်တောင်ကော့၊ သည်မျက်ဝန်းပြာ၊ သည်မျက်လုံးကြည်နှင့် သည်အလှရှင်က မြေပြင်တွင် ကျွန်တော့် အတွက် တစ်ယောက်တည်းသာ ရှိသည်း

'ဟင်....မမဝေ'

ကျွန်တော့်နည်းတူ ကျွန်တော့်ကို ငြိမ်စိုက်ကြည့်နေရာမှ မမဝေသည် လှုပ်ရှားလာ၏။

'မောင်လေးလှိုင်....ဘာတွေမှ ပြောမနေနဲ့ဦး၊ မင့် ပစ္စည်းတွေ သယ်ပြီး မမဝေနောက်လိုက်ခဲ့ နော်'

ကျွန်တော်က မလှုပ်၊ အံ့သြတုန်လှုပ်ခြင်းနှင့် အတိုးမရ လိုက်လေသော ရုတ်တရက် ဝမ်းနည်းဝမ်းသာမှုက ကျွန်တော့် တစ်ကိုယ်လုံးကို ချုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြည့်လေ၊ မင်း မမဝေ ပြောနေတာကို မကြားဘူးလား'

'ဪ....ဟုတ်....ဟုတ်ကဲ့ မမဝေ'

ကျွန်တော်က ကျွန်တော့် ပစ္စည်းလေးများကို ကောက်ကိုင်ပြီး မမဝေ၏ နောက်သို့ လိုက်လာခဲ့သည်။

မမဝေက ပထမတန်း အခန်းတွင်းသို့ ရှေ့ဆောင် ခေါ်ငင်သွားသည်။

ပထမတန်းအခန်းတွင်း၌ အခြားခရီးသည်တစ်ယောက်မျှမပါ၊

နှစ်ထပ်ခုတင်သုံးလုံးနှင့် စားပွဲကုလားထိုင်များရှိနေသည်။

ကျွန်တော်တို့က ပစ္စည်းများ နေရာချထားခြင်းပြုနေခိုက် ဥဩသံရှည်ရှည်မေးပြီး သင်္ဘောကြီးက ထွက်တော့၏။

မမဝေက ကျွန်တော့် ရှေ့တည့်တည့်တွင် မတ်မတ်ရပ်လိုက်၏။ ပြီးမှ သတိရဟန်ဖြင့် ကိုယ်လေးကို နွဲ့နွဲ့လှည့်ပြီး ကျွန်တော့်ဆီ ကျောပေး၏။

ကျွန်တော်က မိုးကာအင်္ကျီကို မမဝေ၏ ကိုယ်မှ ခွာယူချွတ်ပေးသည်။

မမဝေက ခေါင်းမှ သိုင်းစည်းထားသော လက်ကိုင်ပဝါကြီးကိုလည်း ဖြုတ်ကာ ခေတ္တာပေါ် ပစ်တင်လိုက်၏။

သည်တစ်ကြိမ်တော့ နုံသာရောင်ကိုယ်ဝတ်ထည်ဖြင့် ရှမ်းငြိုးအောင် ကြော့ကြော့ရှင်းသော မမဝေသည် ကျွန်တော့် ရှေ့မှာ ပြုံးပြုံးလေးရပ်နေသည်။

မမဝေက လက်များကို အရင်ဆန့်ကမ်းသည်။



ဪ....မမဝေ့ ရင်ခွင်ဆီပဲ ကျွန်တော်က ဝင်လိုက်လေသလော၊ ကျွန်တော့် ရင်ခွင်ဆီပဲ မမဝေက ဝင်လိုက်လေသလော၊ တစ်ဦးကိုတစ်ဦး ခုံမင်စွဲမက် ဘင်းကျပ်စွာ ပွေ့ဖက်ထားမိကြသည်။

မမဝေ၏ ပါးလေးများက ကြူမွှေးပါဘိ၊ မမဝေ၏ဆံပင်များက ကြိုင်သင်းပါဘိ၊ မမဝေ၏နှုတ်ခမ်းလေးများကလည်း ပူနွေးပါဘိ။

ဪ....အချစ်၊ ဪ....အလှ၊ ဪ....အသက်ရယ်၊ မမဝေ မောင့်အသက်ရယ်၊

မမဝေက အသာအယာရုန်းပြီး တွန်းဖယ်လေမှ ကျွန်တော့် လက်များကို လျှော့လိုက်သည်။

နှစ်ထပ်ခုတင်တစ်လုံး၏ အောက်ထပ်၌ ကျွန်တော်တို့ တွဲထိုင်ကြသည်။ တစ်ယောက်၏ လက်များကို တစ်ယောက်က မလွှတ်။

မျက်ရည်ဝွေဝွေကြားမှ ပြုံးချိုချိုဖြင့် ကျွန်တော့်ကို ကြည့်ရင်း မမဝေက အပြစ်တင်သည်။

'မောင်လေးလှိုင်....မင်း လူဆိုး၊ မမဝေကို မင်း ပစ်သွားရက်တယ်နော်'

'မမဝေရယ် ပစ်သွားရက်တယ်တော့ ဘယ်ဟုတ်မလဲ မပိုင်နိုင်မှန်းသိလို့ လက်လျှော့ရပေမယ့် ငွေလမင်းကြီးကို ဘယ်သူက မုန်းရက်စွန့်ရက်မှာလဲ၊ ယောကျ်ားတန်မဲ့ ကျွန်တော် မျက်ရည်ကျရတာကိုတော့ မမဝေ ဘယ်သိနိုင်မှာပါမလဲ'

www.burmeseclassic.com



‘တွေ့လိုက်ရတာနဲ့ ဒီစကားမျိုးလေးတွေ ကြားလိုက်ရပြီ၊ ဟွန်း....မုန်းလိုက်တာ၊ မောင့်ကို မမဝေ မုန်းလိုက်တာ’

ကျွန်တော်က မမဝေ၏လက်လေးကို မချင့်မရဲ ဆုပ်ညှစ်မိသည်။

‘ကျွန်တော် ထွက်လာတာ မမဝေ ဘယ်လိုလုပ် သိသလဲ’

‘မင်းထွက်သွားတာ မမဝေ မြင်လိုက်ရတာကိုး’

‘အို....မမဝေ မြင်လိုက်တယ်’

‘မြင်တာပေါ့၊ ညက တစ်ညလုံး မမဝေ အိပ်မပျော်ဘူး၊ နေမြင့်မှနိုးတော့ အခန်းထဲက မထွက်သေးဘဲ ပြတင်းနားမှာ မမဝေထိုင် ငိုင်နေတာ၊ အဲဒီတုန်း မင်းကို မမဝေမြင်ရတာ၊ အိတ်လေး တစ်ဖက်ကဆွဲ တယောလေး တစ်ဖက်က ကိုင်ပြီး ငိုင်ငိုင်လေးထွက်သွားတဲ့ မင်းရဲ့သဏ္ဌာန်ဟာ မမဝေရဲ့မျက်လုံးထဲမှာ မပျောက်တော့ဘူး၊ ရှေ့လျှောက် မင်း တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်လိုက်တော့ မမဝေရင်ထဲမှာ ကမ္ဘာမီး ဟုန်းခနဲ တောက်ရတယ် ရှင်ရယ်၊ အဲဒါကိုတော့ ရှင်သိရဲ့လား’

ကျွန်တော်က မမဝေ၏ လက်ကလေးကို ဆုပ်ညှစ်မိပြန်သည်၊

‘မမဝေ အခုထွက်လာတာကို ဘယ်သူမှ မသိကြဘူးလား’

‘မသိအောင် လုပ်ရတာပေါ့၊ သားရေသေတ္တာကို နေပူလှန်းသလိုလို ဘာလိုလိုလုပ်၊ လူလစ်တော့ ကားအဖုံးထဲထည့်၊ အဝတ်အစားတွေ ဘာတွေကိုတော့ သတ်သတ်ယူ၊ သေတ္တာထဲ မထည့်နိုင်သေးဘူး၊ ကားထဲမှာ ဖြစ်သလိုဝှက်ထည့်၊ ပြီးတော့ ကုန္ဒြေမပျက် ကားမောင်းထွက်လာတာပဲ၊ လမ်းတစ်နေရာကျမှ



အဝတ်အစားတွေ သေတ္တာထဲ ပြောင်းထည့်လာတာ၊ အရေးထဲ မိုးက ရွာလာလိုက်သေးတယ်၊ အဲဒါလဲ ကောင်းကောင်းပဲ၊ သင်္ဘောဆင်းတော့ ရှုပ်ဖျက်လို့ လွယ်သွားတာပေါ့’

‘ကားရော ဘယ်ထားခဲ့လဲ’

မမဝေက ခစ်ခနဲရယ်ပြီး လက်ပွေ့အိတ်တွင်းမှ ကားသော့လေးကို ထုတ်ပြ၏။

‘ကားကတော့ ဘူတာရုံနားမှာ ထားခဲ့တယ်’

‘ဘူတာရုံနားမှာ’

‘ဟုတ်တယ်၊ ခြေရာပျောက်အောင် မမဝေ ဝင်လုပ်ခဲ့တာ’

‘ဘယ်လို မမဝေ’

‘မမဝေပျောက်သွားတာကို သူတို့ ချက်ချင်းမသိနိုင်သေးဘူး၊ သိလို့ လိုက်ရှာတဲ့ အခါကျတော့လဲ မီးရထားက ထွက်သွားပြီ၊ မမဝေ ကားကိုလဲ ဘူတာနားမှာ တွေ့တယ် ဆိုတော့ အဟဲ....သူတို့ ဘယ်လိုတွက်ကြမလဲ’

‘ကြည့်စမ်း မမဝေ သိပ်ဉာဏ်ကောင်းတာပဲ၊ ဒါထက် သင်္ဘောဆိပ်ကို ဘယ်လိုလုပ်လာခဲ့သလဲ’

‘ဒါကတော့ လွယ်ပါတယ်ကွယ်၊ ဆိုက်ကားနဲ့ လာခဲ့တာပေါ့၊ ပြောရဦးမယ်....မမဝေ တစ်သက်နဲ့တစ်ကိုယ် ဒါ ပထမဆုံး ဆိုက်ကားစီးဖူးတာပဲ’

မမဝေက ရယ်မောပြီးပြောသော်လည်း ကျွန်တော့်ရင်မှာ မကောင်း။ ရင်ထုမနာဖြင့် မမဝေ၏မျက်နှာလေးကို ကျွန်တော် စိုက်ကြည့်မိသည်။

‘ကြည့်....မင်းမျက်နှာက ဘာဖြစ်သွားရတာလဲ’

www.burmeseclassic.com

www.burmeseclassic.com



'ကြော်....မမဝေရယ်၊ ကျွန်တော့်ရင်မှာ နာလို့ပါ မမဝေ.... မမဝေ ဘာလုပ်ခဲ့တယ်ဆိုတာ မမဝေ စဉ်းစားမိရဲ့လား'

မမဝေလည်း တစ်ချက် ငိုင်ကျသွားသည်၊ ခဏအကြာမှ သက်ပြင်းလေးရှိုက်ပြီး ငွေ့ငွေ့ပြုံးလျက်ဆို၏။

'မမဝေ စဉ်းစားမိပါတယ်၊ စဉ်းစားမိတယ် မဟုတ်ပါဘူး လေ... စဉ်းစားပြီးမှ မမဝေ လုပ်ခဲ့တာပါ၊ ဒီမှာ မောင်.... ကြော်....မောင့်ကို မမဝေ မောင်လို့ပဲခေါ်ပါရစေတော့နော်'

ကျွန်တော်က မမဝေ၏လက်တလေးကို ညှစ်မိရုံပြန်ပါ၏။

'မမဝေရယ် ကျွန်တော်ဟာ မမဝေရဲ့မောင်ပါ၊ မောင်လို့ မမဝေရဲ့နှုတ်က ခေါ်မယ့်အသံကို အိပ်မက်တွေမက်ပြီး စောင့်ခဲ့ရသူပါ၊ အခုတောင်မှလေ ကျွန်တော်ဟာ အိပ်မက်မက်နေတာများလားလို့ ထင်နေမိရတယ်၊ကုံကြမ္မာကကျွန်တော့်ပေါ် ဒီလောက်တောင် သဘောမနေှာ ကောင်းလိုက်တာကို ကျွန်တော် မယုံရဲသလို ဖြစ်နေရတယ်'

မမဝေက ပြုံးလျက်က မျက်နှာလေးကို မစူဘစူလုပ်လိုက်ပြီး ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။

'ပြောဦး'

'ခင်ဗျာ....'

'ပိုဦးလို့၊ အပိုလေးတွေ ဆက်ပြောဦးလို့၊ မောင်....မောင့်ကိုလေ မမဝေ တစ်ခါတလေ သိပ်မုန်းတယ်သိလား ဟွန်း....'

မမဝေက သူ့လက်သီးလေးဖြင့် ကျွန်တော့်ကျောကိုထု၏။ မမဝေလက်ကလေးကိုဖမ်းယူပြီး ကျွန်တော်က ပြန်ဆုပ်ညှစ်ထား၏။



'ဆက်ပြောလေ မမဝေ'

'ဘာပြောရမှာလဲ'

'မမဝေ စကားပြတ်သွားတယ်လေ၊ စဉ်းစားပြီးမှ မမဝေ လုပ်ခဲ့တာတဲ့၊ ပြီးတော့ ဘာဖြစ်သေးလဲ'

မမဝေ၏မျက်နှာလေးက တည်သွားသည်၊ ဘာကြောင့်မသိ တည်ကြည်သောမျက်နှာလေးဖြင့် ကျွန်တော့်ကို အတန်ကြာစွာ စိုက်ကြည့်နေသည်။

'ပြောလေ....ဘာလို့ မောင့်ကိုစိုက်ကြည့်နေရပြန်တာလဲ'

'ကြည့်ရတယ် မောင်၊ မောင့်ရင်ကို မမဝေ စာဖတ်ရတယ်၊ မမဝေ မေးမယ်နော်၊ ခုလို မမဝေ လိုက်လာတော့ မမဝေကို မောင် ဟိုဒင်း.... အထင်များ သေးသွားလေလား၊ ရင်ထဲမှာ စိုးရိမ်လို့ မေးရတယ် မောင်'

'ဒုက္ခပါပဲ မမဝေ၊ မောင်က ဘာလို့ အထင်သေးရမှာလဲ၊ အထင်မသေးတဲ့အပြင် မောင် ပြောခဲ့ပါရောလား၊ မောင့်ရင်မှာ နာတယ်လို့'

'မောင့်ရင်က ဘာလို့နာရတာလဲ'

'နာရတာပေါ့ မမဝေ၊မမဝေကို ချစ်လွန်းလို့ နာရတယ်၊ ချစ်လာတော့ ပိုင်ဆိုင်ချင်တယ်တဲ့၊ ကျွန်တော် မငြင်းပါဘူး၊ မမဝေ ငွေလမင်းကြီးကို ကျွန်တော် ပိုင်ချင်တာပေါ့၊ ပိုင်ချင်ပေမယ့် မောင် မပိုင်ရက်ပါဘူး မမဝေ၊ ကိုယ့်ဘဝ အခြေအနေ၊ မမဝေရဲ့ ဘဝအခြေအနေတွေကို တွက်မိတိုင်း မမဝေကို မောင် မပိုင်ရက်ဘူး၊ မောင် ဟိုစဒလေးတစ်ပိုင်ကို သွားသတိရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်စာလေးလဲ မောင်၊ ပုဆိုးပိုက်ခါ....စောင်ပိုက်ခါနဲ့၊ လိုက်ပါရစေ....ရွှေနွယ်ရိုးကို....မိန်းမကနိုး ဆိုတာလား'

'ဘာလို့ ဒီစာကို ရွတ်ရတာလဲ မမဝေ၊ မောင်ကလဲ ပြန်မေးမယ်၊ မောင့် အချစ်ကို မမဝေကကော အထင်သေးသလား'

'မမဝေက ရယ်စရာ ပြောတာပါ၊ တကတဲ.... အထိမခံ ရှေပန်းကန် ဖြစ်သွားရပြန်ပြီ၊ ကဲပါ၊ မောင့်စာ မောင် ရွတ်ပြ'

'ကျွန်တော်တို့ခုနစ်တန်းတုန်းကဦးဩဘာသရဲ့ဝေဿန္တရာဇာတ်ကို သင်ရတယ်၊ အတန်းပိုင်ဆရာက ကျွန်တော်တို့ရင်မှာ ပိုခံစားနိုင်အောင်ဆိုပြီး ဝေဿန္တရာပျို့ထဲက စာလေးတွေကိုလဲ ကောက်နုတ်ပြီး သင်ပြပေးတယ်၊ မဒ္ဒီဒေဝီကို ဆင်းရဲရဲနဲ့ တောထဲမလိုက်ဖို့ ဦးရီးတော်မင်းကြီးက တားတဲ့ စာကို ကျွန်တော် ကြိုက်လွန်းလို့ အလွတ်ရအောင် မှတ်ထားတယ် အဲဒါကို ရွတ်ပြမယ်နော်'

'အင်း'

'တောလည်မြိုင်ချာ၊ ဝက်ပါသို့၊ ညက်ပြာနွဲ့ချော၊ မလိုက်လေနှင့်၊ သားရေနုနယ်၊ ရွှယ်လည်း ပျိုမျစ်၊ ပန်းပွင့်သစ်သို့၊ မညစ်မညှိုး၊ နန်းသူဖွယ်ရာ၊ နံ့သာပျံ့မွှေး၊ ကိုယ်နှင့်ဝေးလျက်၊ မြူကြေးတင်လေ့၊ မကြိုက်လေနှင့် တဲ့၊ မမဝေရယ်၊ ကျွန်တော် သွားရမယ့် ခရီးကြမ်းဆီ မမဝေကို ကျွန်တော် မခေါ်ရက်ဘူး၊ ကျွန်တော့်အသက်၊ မောင့်အသက်၊ ညက်ပြာနွဲ့ချော မမ



ဝေရေ၊ မလိုက်လေနဲ့၊ မောင့်နောက်ကို မလိုက်လေနဲ့၊ အဲဒီလို ပြောလိုက်ချင်တယ်၊ သိရဲ့လား'

ကျွန်တော် ပြောပြနေသည်ကို မျက်ဝန်းပြာတလဲ့လဲ့ဖြင့် မမဝေသည် ပြုံးပြုံးလေး နားထောင်နေသည်၊ ကျွန်တော့် စကားဆုံးမှ မေး၏။

'မဟာစည်သူရဲ့ စာလေး၊ မမဝေလဲ ရပါတယ်၊ မဒ္ဒီဒေဝီက ဘာပြန်ပြောတယ်လို့ စာက ဆိုသေးလဲ'

'ဟာ....အဲဒါတော့ ဆရာက သင်မပေးခဲ့ဘူး'

'ဟွန်း....လုပ်ပြီ၊ ထားပါတော့၊ အခု မမဝေက သင်ပေးမယ်၊ မဒ္ဒီဒေဝီက ဟောဒီလို ပြန်ပြောတယ်၊ ရစ်ခွေမတ္တာ၊ ဆင်းရဲခါက၊ မုက္ခာဖက်ထစ်၊ ချစ်ခြင်းချစ်လျက်၊ ပေါင်းဖြစ်သည်နှင့်၊ ရေဟည်းမြင့်မူ၊ ကြာမြင့်သောလား၊ လင်ကောင်းစားသော်၊ မယားအိမ်သူ၊ ကောင်းသောဟူရှင့်၊ ဆိုးတူကောင်းဖက်၊ ပေါင်းယှက်စားပွဲ၊ သစ္စာ ခွဲလျက်၊ ဆင်းရဲသော်ပစ်၊ ကောင်းသော်ချစ်ဟု၊ မပစ်ကောင်းလေ၊ သို့ဖြစ်ချေ၍၊ မနေလိုက်လိမ့် တောချောင်တည်း....တဲ့၊ မောင် မဒ္ဒီဒေဝီကို တားလို့ မရပါဘူး၊ တောလည်မြိုင်ချာ ဝက်ပါဆီ ညက်ပြာနွဲ့ချောက လိုက်ခဲ့ပါတယ်လေ၊ မောင့်ကို မေးမယ်၊ မဒ္ဒီဒေဝီက ဘာလို့ လိုက်တာလဲ ဟင်'

'ချစ်လို့ပေါ့ မမဝေရယ်၊ ချစ်လွန်းလှလို့ပေါ့'

'ချစ်လွန်းလှလို့ ဆိုတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီထက် မြင့်မြတ်တဲ့ ရည်ရွယ်ချက် သူ့မှာ ရှိခဲ့တယ်၊ ခုနင်က

www.burmeseclassic.com

www.burmeseclassic.com



ပျို့ထဲက စာပဲ မမဝေ ပြန်ရွတ်ပြမယ်၊မောင် သေသေချာချာ နားထောင်ခနော်၊ စဉ်းစားပြီး နားထောင်၊ ဟုတ်လား'

'နိဒါန်းပျို့လှချည်လား မမဝေရယ်၊ကောင်းပါပြီ၊မောင် စဉ်းစားပြီး သေသေချာချာ နားထောင်ပါ့မယ်'

မမဝေက သာယာသော သူ့အသံလေးဖြင့် စာကို ချောမွတ်စွာ ရွတ်ပြသည်။

'မဒ္ဒီရဲ့ ရည်ရွယ်ချက်က ဟောဒီလိုတဲ့ မောင်၊ ပေါက်ပြကျော်သဲ၊ သည်တစ်ပွဲတွင်၊ အံ့အဲထင်ရှား၊ ရှင်သိကြားကို၊ မှယားကောင်းလင်၊ ခံစေချင်၍၊ တောပြင်ခတောင်ကြည်း၊ ညဆည်းဆည်း၌၊ တိမ်းလည်းဖဝါး၊ ကျပ်ကြား မြောင်ချောက်၊ ညှိုးခြောက်ပိန်ပြော့၊သားတော့်ချည်းသာ၊ ဘယ်ပျော်ရာလိမ့်၊ မဟာသုဘဒ္ဒ၊ သက်မျှရွယ်ချင်း၊ ဆဒ္ဒန်မင်း၏၊ သွားနင်းရာရာ၊ နောက်တွင်ပါသို့၊ မကွာစဉ်စိုက်၊ အမြဲလိုက်၍၊ ပျော်ပိုက်စေဌာ၊ လုပ်ကျွေးပါလိမ့်....တဲ့၊ မဒ္ဒီ အဆုံးအဖြတ်ဟာ ချစ်တာတစ်ခုတည်း သက်သက်ကြောင့် မဟုတ်ပါဘူး၊ သိကြားမင်းနဲ့တစ်မျိုး၊ ဆဒ္ဒန်ဆင်မင်းနဲ့တစ်ဖုံ သူ့ အထင်တကြီး နှိုင်းခိုင်းတဲ့ သူ့ချစ်လင်ကို ပါရမီ ကူညီ ဖြည့်ပေးချင်လွန်းလို့....တဲ့၊ ကဲ.... မောင် ဘာပြောချင်သေးသလဲ'

ကျွန်တော် ဘာမှမပြောချင်တော့ပါ၊ ပြောလည်း မပြောနိုင်ပါ။ ဝါခင်းလှပသော မမဝေ၏ လက်ကလေး ကိုသာ ဆုပ်ကိုင်လျက် မ့ယူပြီး မြတ်နိုးစုံမက်စွာ ရင်မှာကပ်ထားမိသည်။

'မောင်'



'မမဝေ'

'မမဝေရဲ့ စေတနာကို မောင် တကယ်နားလည်ရဲ့လား'

'နားလည်ပါတယ် မမဝေ၊ နားလည်လို့ မျက်ရည်ဝဲအောင် မောင်ဝမ်းသာမိတယ်၊ ဒါပေမယ့် ဘာတွေကို စွန့်လွှတ်ခဲ့ရတယ် ဆိုတာကိုသိတော့ မောင့်ရင်ဟာ နာတော့ နာတာပဲ မမဝေ'

'မမဝေက ဘာများစွန့်လွှတ်ရလို့လဲ၊ ရတနာ့လှောင်အိမ်ကိုလား၊ ရင်မနာနဲ့ မောင်၊ မမဝေကတော့ မောင့်ကိုတောင် ကျေးဇူးတင်ရသေးတယ်'

'ဘယ်လို၊ မောင့်ကို ကျေးဇူးတင်တယ်'

'ဟုတ်တယ်၊ ရတနာလှောင်အိမ်ထဲက မမဝေ ပျံထွက်ပြေးချင်တာ ကြာပြီ၊ ဒါပေမယ့် သတ္တိကမရှိခဲ့ဘူး၊ အခုတော့ ရှိလာတယ်၊ မရှိမဖြစ်တော့ ရှိလာရတာပေါ့ မောင်ရယ်၊ ပြီးတော့ မောင့်ပါရမီကို ကူညီဖြည့်ရင်း လောကကို အလှဆင်နိုင်တဲ့ အခွင့်အရေးရယ်၊ အဲဒါတွေကို ဆုံးရှုံးရမှာ ကြောက်ရတော့ မမဝေမှာ သတ္တိတွေက ဝင်လာတယ်၊ ဘားနဒ်ရှောပြောတဲ့ ဟို အိမ်ထောင်ရေးမျိုးက မိန်းမဆင်ယောက်အဖြစ်ထက် မဟာစည်သူရဲ့ ပျို့ထဲက မဒ္ဒီဒေဝီ ဘဝမျိုးကို မမဝေ ရွေးချယ်ရဲလာတယ်၊ မောင့်ကြောင့် မမဝေကို ချစ်အောင်၊ လွမ်းအောင် အမျိုးမျိုးလုပ်နိုင်တဲ့ ဟောဒီ မောင့်ကြောင့်'

သည်တစ်ကြိမ်မှာတော့ ကျွန်တော်က မမဝေ၏ ခါးကိုယ်လုံးကို သိမ်းကျုံးပွေ့ပြီး ရင်ခွင်တွင်း၌ထားမိသည်။ အကြော

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလေးတွေ ယှက်သန်းဖြာနေသည်ကို မြင်ရသော မမဝေ၏ ပါးလေးကို ကျွန်တော်ပါးနှင့် အပ်ရင်း မေးရ၏။

'မမဝေ'

'မောင်'

'ဒီခလာကမှာ အပျော်ဆုံးလူဟာ ဘယ်သူလဲဟင်၊ သိလား'

'မောင် ပြောပြ'

'ဖြစ်တော့ဖြစ်ခဲ့ ကောင်းကင်က ငွေလမင်းကြီးက ကိုယ့်ရင်ထဲ ခုန်ဆင်းလာလို့ ပွေ့ပိုက်ထားရတဲ့ သူပေါ့၊ အဲဒီလူဟာ ဘယ်သူလဲ သိလား'

'သိပေါင်'

'အဲဒီလူကိုကော ငွေလမင်းကြီးက မချစ်ဘူးလား'

'ချစ်ပေါင်'

'ဘာဖြစ်လို့'

'သည်းလို့....ပိုလို့'

မမဝေက ကျွန်တော့်ရင်ခွင်မှ ရုန်းထွက်ပြီး နေရာမှထလိုက်၏။

'မကဲနဲ့ဦး၊ လ…ဟိုမှာစင်ရော်လေးတွေ ကြည့်ရအောင်'

ပြတင်း၌ နှစ်ကိုယ်ယှဉ်တွဲပြီး မမဝေနှင့် ကျွန်တော်တို့က စင်ရော်လေးများကို ကြည့်ကြသည်။

စုံချည်၊ ဆန်ချည် ဝဲကာပတ်ကာနှင့် စင်ရော်လေးများက သဘော်၏နောက် လိုက်လာကြသည်။ ညည်းညူစွာ သံသာဆာနှင့် ပျော်လည်း ပျော်ကြရှာပုံ ရသည်။



ဪ…. အဖော်စုံတော့ ပျော်ကြရှာမည်။ မမဝေ နှင့် ကျွန်တော့်လိုပင် အဖော်စုံတော့ ပျော်ကြမည်။

ကျွန်တော့်ရင်မှာလည်း ပျော်သည်။ မသည်းရပါ၊ မပိုရပါ၊

မမဝေက ငွေလမင်း။ ကျွန်တော့်ငွေလမင်း။

ယခုတော့ ငွေလမင်းကြီးကို ကျွန်တော်က ပိုင်ရပြီ။

ယခင်ကတော့ မထိပိုင် မကိုင်ရ။ ယခုတော့ ပိုင်ပြီဆိုင်ပြီမို့ ငွေဝန်းဖြူလည်တိုင်စရာ ပခုံးအလှ ဝင်းပပကို ယုယစွာ ဆုပ်ကိုင်ပွေ့ထားမိပါသတည်း။

✸

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ရန်ကုန်မြို့က ကြီးတည်း၊ ရပ်ကွက်တွေကလည်း များသည်။ တကယ်တမ်း ပုန်းရှောင်တတ်က လူမိရန် မလွယ်။ လူသိမခံချင်ကလည်း အလွန်လျှင် တစိမ်းဆန်သော မြို့ကြီးသည်း။

ရန်ကုန်မြို့ကြီးဆီကို မမဝေနှင့် ကျွန်တော်တို့က ကွေ့ပတ်ရောက်လာကြသည်။

ညတွင် သင်္ဘော မခုတ်ရသေးသောခေတ် ဖြစ်သောကြောင့် ကျွန်တော်တို့စီးလာကြသော 'ဝေဘာဂီ' သင်္ဘောက ပါးခယ်မတွင် တစ်ညဝင်အိပ်သည်။



နောက်တစ်နေ့မှ ဆက်ထွက်ပြီး မအူပင်တွင် ခေတ္တဆိုက်သည်။

မအူပင်၌ အညာဆန် သင်္ဘောကြီးနှင့် ဆုံသောကြောင့် ကျွန်တော်တို့ သင်္ဘောပြောင်းစီးကြသည်။

မအူပင်မှ ဟသ်ာတအထိလိုက်ကြပြီး ဟသ်ာတတွင်ဆင်း၍ သာရဝေါ်ဆက်ကမ်း ကူးကြသည်။ သာရဝေါမှ ရန်ကုန်အထိ မီးရထားဖြင့်လာပြီး ကမာရွတ်ဘူတာ၌ ဆင်းကြ၏။

ကျွန်တော်က ရန်ကုန်ကို နှစ်ခေါက်ခန့်သာ ရောက်ဖူးသည်။ရန်ကုန်မှာကျွန်တော့်အသိအကျွမ်းဟူ၍ တစ်ယောက်မျှ ဟုတ်တိပတ်တိ မရှိ။ မမဝေကသာ ခေါင်းဆောင်ရသည်။

မမဝေမှာတော့ အသိမိတ်ဆွေ သူငယ်ချင်းမတွေ ရှိပါ၏၊ သို့ရာတွင် မောင်နှံစုံ တွဲ၍ သွားတည်းခိုရမည်က အခက်ကြီး၊ ပြီးတော့ အခိုက်အတန့်တွင် တတ်နိုင်သမျှ မမဝေက ဇာတ်မြုပ် နေလိုသည်။

မမဝေ၏ အစီအစဉ်အတိုင်း ကျွန်တော်တို့သည် ကမာရွတ်ဘူတာ၌ တက္ကစီတစ်စီး ငှားပြီး ကမ်းနားလမ်းရှိ စထရင်းဟိုတယ်သို့ သွားခဲ့ကြသည်။

ဟိုတယ်၏ ဧည့်စာရင်းလက်ခံရာဌာန၌ ဂါဝန်ဝတ် အမျိုးသမီးနှစ်ဦး ရှိနေသည်။ အင်္ဂလိပ်နှင့်မြန်မာသွေး ရောထားဟန် အတန်ချောသော အမျိုးသမီးက မမဝေကို ခေတ္တစူးစိုက်ကြည့်သည်။ပြီးမှ နီရဲသော နှုတ်ခမ်းများကို လှပစွာ ဖွင့်ပြုံးပြီး မေး၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဖဟား….ယူ အက်ဗလင်း၊ မြန်မာနာမည်….နေဦး၊ ဝေဝေ….မဝေဝေ မဟုတ်လား'

'ဟင်….ဒက်ဗရာ၊ မင်း ဒီမှာလုပ်နေတယ် ဟုတ်လား'

'ဒါပေါ့၊ ကိုယ်က မင်းတို့လို တက္ကသိုလ်မှ ဆက်မသွားနိုင်ဘဲ၊ မင်း ဘွဲ့ရပြီးပြီနော်၊ ရော ဘာလုပ်နေလဲ'

'ကိုယ်လား၊ ဘာမှ မလုပ်သေးပါဘူး'

'ဒါပေါ့လေ၊ မင်းက သူဌေးသမီးကိုး၊ အောလ်ရိုက်တ် အီဗာ၊ ကိုယ် ဧည့်ခံဆောင်ရွက်ပေးနိုင်ပါသလဲ'

'ကိုယ်တို့ ဟန်းနီးမွန်းထွက်လာတာ၊ ဒီမှာတည်းမလို့'

ဒက်ဗရာခေါ် အမျိုးသမီးသည် လေဘိုးတိုးတစ်ချက် ချွန်လိုက်ပြီး ကျွန်တော့်ကို ပြုံးလဲ့လဲ့ လှမ်းကြည့်၏။

'အီဗာ….ယူ့လူက ဇာတ်လိုက်မဲ၊ ယူ့ လူရွေးသိပ်တော်ပါလား'

'သင့်ခရူ ဒက်ဗီ၊ ကိုယ်တို့ အခန်းရမလား'

'ဂိုင်းနေ့ဘတ်၊ ဟောဒီမှာတော့ ဖြည့်ဦး'

ဒက်ဗရာက စာအုပ်တူကြီးတစ်ခုကို လှမ်းပေး၏၊ အမည်၊ နေရပ်၊ လာရာအရပ်၊ တိုင်းပြည်၊ လူမျိုး၊ ဟိုတယ်တွင် တည်းခိုမည့် ရက်ပေါင်း၊ ပြန်လည် ထွက်ခွာမည့်ရက် စသည်တို့ကို ဖြည့်သွင်းပြီး လက်မှတ်ထိုးကြရသည်၊

ကိစ္စပြီးပြီထင်ခိုက်၌ ဒက်ဗရာက ကောက်မေး၏၊

'ဒါထက်၊ အထောက်အထား တစ်ခုခု ပါလား'

'ဘာအထောက်အထားလဲ'



'ဟိုဒင်းလေ၊ ဟို ယူတို့နှစ်ယောက်ဟာ အကြောင်လင်မယားဆိုတာ'

မမဝေနှင့် ကျွန်တော်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်၊ ကျွန်တော်တို့မှာ ဘာအထောက်အထားမျှ မပါ၊

'အဲဒါ လိုသလား၊ ဟုတ်လား ဒက်ဗရာ'

'လိုတယ်ကွယ်၊ အဲဒါက စည်းကမ်းပဲ'

မမဝေက သက်ပြင်းလေးချ၏။

'အဲဒီလိုဆိုရင်တော့ ဒုက္ခပဲ၊ တို့မှာ ဘာမှမပါဘူး'

ဒက်ဗရာတယ်ည်း စိတ်ရှုပ်ဟန် ခေါင်းကုတ်၏။

'ကိုယ် သိပ်တော့အားနာတာပဲ၊ ဒီလိုလုပ်လေ၊ ကိုယ် မန်နေဂျာကို သွားပြောပေးမယ်၊ ခဏနေဦး'

ဒက်ဗရာက ခုံမြင့်ဖိနပ်သံ တခွပ်ခွပ်ဖြင့် မန်နေဂျာ၏ အခန်းဆီ ထွက်သွားသည်။

မမဝေနှင့် ကျွန်တော်တို့က တစ်ယောက်မျက်နှာကို တစ်ယောက် စိတ်ပျက် အားလျော့စွာ ကြည့်နေမိကြ၏၊

ခဏအကြာ၌ ဖိနပ်ခွာသံမြည်လျက် ဒက်ဗရာပြန်လာသည်ကို တွေ့ရ၏၊ မျက်နှာလေးက ရွှင်ပျနေ၏၊

'အိုကေ၊ မန်နေဂျာက ယူတို့ကို ခဏတွေ့ချင်တယ်တဲ့၊ လာလိုက်ခဲ့ကြ'

ဟိုတယ်ကြီး၏ အနောက်ဘက်ခြမ်းရှိ မန်နေဂျာအခန်းသို့ ကျွန်တော်တို့ လိုက်သွားကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက အသက် ငါးဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသော ကပြားတစ်ဦးပင် ဖြစ်၏။

'ထိုင်ကြပါ၊ ထိုင်ကြပါ'

သူက ယဉ်ကျေးပျူငှာစွာ ပြောသဖြင့် စိတ်အနည်းငယ် သက်သာသွားပြီး ကျွန်တော်တို့ သူ့စားပွဲရှေ့ရှိ ကုလားထိုင်များ၌ ထိုင်ကြ၏။

မန်နေဂျာ၏ မျက်နှာက ပြုံးပြုံးပင်၊ သို့ရာတွင် ရေလည်ပါးနပ်ဟန်ကိုပြသော သူ့မျက်လုံးများက ကျွန်တော်တို့စုံတွဲကို အကဲခတ် လေ့လာစူးစမ်းနေကြောင်း ကျွန်တော် ရိပ်မိသည်။

'ဧည့်သည်တွေကို ခုလိုခေါ် ယူတွေ့ဆုံရတာ စိတ်မကောင်းပါဘူး၊ ဝတ္တရားမို့ပါ၊ ခွင့်လွှတ်ကြပါ'

သူက ချောမွတ်သော အင်္ဂလိပ်စကားဖြင့် ပြောနေခြင်းဖြစ်၏။

'ကိစ္စမရှိပါဘူး၊ကျွန်မတို့ကလဲ လွတ်လွတ်လပ်လပ် သီးသီးသန့်သန့် နေချင်လို့ ဒီကိုလာခဲ့ကြတာပါ၊ အမှန်ဝန်ခံရရင် လူကြီးမင်းလဲ သိပါလိမ့်မယ်၊ ကျွန်မတို့ဓလေ့က ဒီလိုဟိုတယ်မှာ တည်းခိုရိုးမှမရှိတာ၊ ဒီတော့ လိုအပ်ချက်တွေကို နားမလည်ရိုး အမှန်ပါပဲ'

မမဝေကလည်း အင်္ဂလိပ်စကားနှင့် ပြန်ပြောခြင်း ဖြစ်သည်၊ မမဝေ အင်္ဂလိပ်စကားပြောသည်ကို ယခင်ကကျွန်တော် မတွေ့ဖူး။ မမဝေ ပြောဟန်က ကပြားမလေး ဒက်ဗရာကဲ့သို့ပင် လေယူလေသိမ်းကအစ လှပသပ်ရပ်သည်။



'ဟုတ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာက အမျိုးသားမှတ်ပုံတင် စနစ်ကလဲ မရှိသေးတော့ စည်းကမ်းနဲ့ လုပ်ရတဲ့ ကျွန်တော်တို့မှာ အခက်အခဲ မကြာခဏ ရင်ဆိုင်ရပါတယ်'

'ကျွန်မမှာ တက္ကသိုလ်မှတ်ပုံတင်ကတ်တော့ ပါ,ပါတယ်၊ လူကြီးမင်း ကြည့်ချင်ပါသလား'

မန်နေဂျာက လက်ဝါးကာပြသည်။

'မလိုပါဘူး၊ မြန်မာစကားပုံ ရှိတယ် မဟုတ်လား၊ အမွေးမြင် အမောင်သိ ဆိုတာလေ၊ ကျွန်တော် ခန့်မှန်းတတ်ပါတယ်၊ ပြီးတော့ မစ်(စ်) အက်ဗလင်း၊ အဲ....အခုတော့ မစ္စစ် ဘယ်သူ'

'မစ္စစ်လေးသွိုင်ပါ'

မန်နေဂျာသည် တစ်စုံတစ်ရာကို သဘောကျဟန် ရယ်၏။

'ပြောရဦးမယ်၊ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ သူတို့ ယဉ်ကျေးမှု ကွာခြားလို့ ဒုက္ခတွေ့ရပုံလေးတွေ၊ ကျွန်တော်တို့နိုင်ငံက ဇနီးမောင်နှံတွေဟာ ခုခေတ်မှာ အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံခြားကို ခရီးသွားကုန်ကြပါပြီ၊ အထက်တန်းကျတဲ့ နိုင်ငံခြား ဟိုတယ်ကြီးတွေမှာ သွားတည်းရင် အခု မစ္စစ်လေးလိုင်တို့ တွေ့ရတဲ့ အခက်အခဲမျိုး ကြုံရတော့တာပဲ၊ ကျွန်တော်တို့ မြန်မာက လက်ထပ်ပြီးပေမယ့် လင်ကတစ်နာမည်၊ မယားက တစ်နာမည်ပဲ မဟုတ်လား၊ နိုင်ငံကူးလက်မှတ်မှာကလဲ ဒီအတိုင်းပဲ၊ ဥပမာ....ယောကျ်ားက ဦးလှ၊ မိန်းမက ဒေါ်နု ဆိုပါတော့၊ နိုင်ငံကူးလက်မှတ်မှာ နာမည်တွေက ဒီအတိုင်းပဲ၊ ဟိုတယ်မှာ နှစ်ယောက်ခန်းတောင်းတော့ စကားများကြရ

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ဒေါ်နုဟာ မစွစ်လှလို့ နိုင်ငံကူးလက်မှတ်ကမှ ဆိုမထား ဘဲ၊ သူတို့ထုံးစံအရ ရွှေဏ မစွစ်၊ နောက်က ယောက်ျားနာမည် မပါဘဲနဲ့ ဒေါ်နုဟာ ဦးလှ ဇနီးမှ မဖြစ်နိုင်တဲ့ကိုး၊ ဟား.... ဟား'

မန်နေဂျာက သူ့စကားသူ သဘောကျဟန်ဖြင့် ရယ်သော ကြောင့် ကျွန်တော်တို့ပါ လိုက်ရယ်ကြသည်၊

'ဒါကြောင့် နိုင်ငံခြား ထွက်မယ့် အသိ မိတ်ဆွေ ဇနီး မောင်နှံတွေကို ကျွန်တော် မှာရတယ်၊ နိုင်ငံကူးလက်မှတ်လုပ် ရင် အမျိုးသမီးက နာမည်နှစ်ခုနဲ့ လုပ်သွားပါလို့၊ မစွစ်လှ အေလိုင်းယက်စ် ဒေါ်နုလို့၊ အဲဒါမှ ပြဿနာ ငြိမ်းတယ်'

'ကျွန်မတို့လဲ ခုတော့ ဒီဆန်ဆန်ဖြစ်နေရပါပြီ၊ လူကြီးမင်း ရဲ့ အဆုံးအဖြတ်ပါပဲလေ'

'ကျွန်တော် ဒါကိုပြောမလို့ပါ၊ စကားပြတ်သွားလို့၊ ကျွန် တော့်မှာ အတွေ့အကြုံရှိလို့ စာနာ ထောက်ထားတတ်ပါ တယ်၊ ခုနင်ကပြောခဲ့သလိုပါပဲ၊ အပွေးမြစ်ရင် ကျွန်တော် အပင်သိပါတယ်၊ ပြီးတော့ မစွစ်လေးလှိုင်ကို သိကြောင်း ဒက်ဗရာက ထောက်ခံထားပါတယ်၊ ဒီတော့ ကျွန်တော် လက်ခံလိုက်ပါမယ်၊ ကျွန်တော်တို့ ဟိုတယ်မှာ မောင်နှံ နှစ်ဖော် စိတ်ချမ်းသာကိုယ်ချမ်းသာ တည်းခိုပျော်ရွှင်နိုင်ပါ စေလို့ ဆုတောင်းပါတယ်'

ကျွန်တော့်ရင်မှ အလုံးကြီးကျသွားသည်၊



မမဝေနှင့် ကျွန်တော်တို့က မန်နေဂျာကို ကျေးဇူးတင် စကား ပြောကြားကြပြီး ဒက်ဗရာ့နောက် ပြန်လိုက်လာ ကြ၏။

ငါးရက်တွက် ကျသင့်ငွေကို ကြိုတင် ရှင်းလင်းပေးပြီး သောအခါ ဒက်ဗရာက သော့တစ်ချောင်း ထုတ်ပေး၏။

'အီဗာရေ....နေ့ပိုင်းဆို ကိုယ် ဒီမှာ အမြဲရှိမယ်၊ လိုတဲ့အကူ အညီ တောင်းနော်၊ အခု အခန်းကို ပေါ်တာက လိုက်ပို့လိမ့် မယ်၊ လိုတာခိုင်းဖို့ ဘဲလ်ဗိုင်တွေလဲရှိပါတယ်၊ ကဲ....သွားတော့ နော်၊ ဆီးယူ'

'အခုအဆင်ပြေအောင် ကူညီလို့ ကျေးဇူးတင်တယ် ဒက်ဗီ၊ အိုကေ၊ ဆီးယူ'

မများလှသော ကျွန်တော်တို့၏ ပစ္စည်းလေးများကို ကုလားကပြား ပေါ်တာကယူပြီးရှေ့မှသွားသဖြင့် ကျွန်တော် တို့က နောက်မှလိုက်ခဲ့ကြသည်၊

ကျွန်တော်တို့အတွက် အခန်းက အပေါ်ထပ်၏ အရှေ့ ဘက် အဆောင်တွင်ဖြစ်သည်။

ခုတင်နိမ့်နှစ်လုံး၊ ကိုယ်လုံးပေါ် မှန်ဗီရို၊ စာရေးစားပွဲ၊ စာကြည့်မီးတိုင်၊ ကုလားထိုင်ပုတို့ဖြင့် အခန်းက ပြည့်စုံသည်၊ နံရံဆေးရောင်ရော အခန်းဆီးနှင့် ကော်ဇောများကပါ ရှားစေးနုရောင် ဖျော့ဖျော့ဖြစ်၍ အခန်းသည် ဣန္ဒြေရရ ခံ့ညားပြီး နွေးနွေးထွေးထွေးနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တာ ထွက်သွားသောအခါ တံခါးကို ပိတ်လိုက်ပြီး နောက် ခုတင်တစ်လုံးပေါ်တွင် မမဝေက စောပန်းဟန်ဖြင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ကျွန်တော်က မမဝေအနီး၌ ထိုင်လိုက်ပြီး ခါးလေးကို ဖက်ရင်း မေး၏။

'သိပ်မောသွားသလား မမဝေ'

'ဟင့်အင်း....မမဝေ မဟုတ်ဘူး'

'ဘာပြောတယ်'

'မမဝေ မဟုတ်ဘူး၊ မစ္စစ်လေးလှိုင်တဲ့ ကိုယ်တော်ရဲ့ သိရဲ့လား'

မမဝေသည် သဘောကျဟန်ရယ်မောလိုက်ပြီး သူ့လက်လေး နှစ်ဖက်ဖြင့် ကျွန်တော့် လည်ပင်းကို သိုင်းဖက်၍ ဆို၏။

'မောင်....၊ ပုဆိုးပိုက်ကာ စောင်ပိုက်ကာနဲ့ မောင့်နောက် လိုက်ခဲ့ရတာ မလွယ်ပါလားကွယ်ရယ် နော်'

'ကြည့်....သုံးပြန်ပြီ ဒီစကား'

'နို့....မဟုတ်လို့လား'

'ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီစကားကြားရရင် မောင့်ရင် နာပါတယ်လို့ မောင် ဘယ်နှစ်ခါ ပြောရမှာလဲ'

မမဝေ၏မျက်နှာလေးက ကျွန်တော့် မျက်နှာအနီးမှာ ကပ်နေသည်။ လှပသော မျက်လုံးပြူးကြီးများ ဝန်းလည်နေ သည်ကို အနီးကပ် ကျွန်တော် တွေ့ရ၏။



မမဝေသည် ရွှန်းမြလဲ့ကြည်သော မျက်လုံးပြူးကြီးများ ဖြင့် အတန်ကြာ ကျွန်တော့်ကို စိုက်ကြည့်နေ၏။

'ခမောင့်ကိုဘာလို့ အဲဒီလို ကြည့်ရပြန်တာလဲ'

'မောင် စိတ်ဆိုးသွားသလားလို့'

'အမလေး မမဝေရယ်၊ ကိုယ့်မယားအလှကို ကိုယ်က စိတ်ဆိုးရက်မလားလို့'

သည်လိုဆိုပြန်တော့ မမဝေက သူ့လက်ဝါးနုနုလေးဖြင့် ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်သည်။ မျက်နှာသေလေးကလည်း ရှက်သွေးဖြင့် ရဲတိုသည်။

'အဲဒီ ....အဲဒီ စကားကြီးတော့ မသုံးနဲ့ဦး၊ နော် မောင်'

'ဘယ်စကားလဲ'

'ကြည့်....သိလျက်နဲ့ သူ မေးပြန်ပြီ'

'မသိပါဘူး၊ ဘယ်စကားလဲ'

'ဝိပေးနော် သိလား၊ ဘယ်စကားရမလဲ၊ ကိုယ့်....ကိုယ့်'

မမဝေနှုတ်မှ စကားလုံးက မထွက်၊ မျက်နှာလေးသာ ပိုရဲ လာသည်။

'နို့....မောင် မှန်တာပြောတာပဲ၊ မဟုတ်ဘူးလား'

'ပြောလေ ကဲလေ၊ သူ အသားယူပြန်ပြီ ဟွန်း....၊ ကဲ.... ယူဦး....ယူဦး'

မမဝေက မျက်နှာလေး တကယ်စူကာ ကျွန်တော့် ကျော ကို တအုံးအုံးထုသည်။ ထု၍ အားရမှ ရှက်သွေးမပြေသေးဘဲ ပြုံးလျက်က ကျွန်တော့်ကို မျက်စောင်းထိုးကြည့်နေသည်။

'မမဝေ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ'

'မောင် အကောင်းပြောမလို့ပါ'

'ဘာအကောင်းပြောမလို့လဲ'

'အြော်....တကယ်ပါ၊ မောင်တို့ ဘာဆက်လုပ်ကြမလဲ'

မမဝေမျက်နှာလေးသည် ပြန်လည် တည်ငြိမ် လေးနက်သွား၏။

'မောင် သိပ်စိတ်ပူနေသလား'

'ပူတာပေါ့ မမဝေရယ်၊ မောင့်တစ်ယောက်တည်းအတွက်ဆို မောင် မပူပါဘူး၊ မောင် တစ်ခါက ပြောခဲ့သလိုပဲ၊ မောင်က ဘာကောင်မှမဟုတ်ဘူး၊ စကတည်းက ဒုက္ခကြားမှာကြီးလာရတော့ မောင် ဘာကိုမှမကြောက်ဘူး၊ ခုတော့ မမဝေအတွက် ထည့်တွက်ပြီး မောင် ပူရတယ်'

'ပျော်ရမယ့်အချိန် ပူမနေနဲ့ဦး မောင်၊ မမဝေမှာ ငွေတွေရှိသေးတယ်၊ မောင် စာဆက်ရေး၊ တစ်ရက် နှစ်ရက်လောက်နားပြီး မမဝေ ထွက်အလုပ်ရှာမယ်၊ ဪ....အိမ်တစ်လုံးလဲရှာရမယ် မောင်'

'အိမ်တော့ ရှာရမယ်၊ ဒါပေမယ့် ဘာလို့ မမဝေက အလုပ်ထွက်ရှာရမလဲ၊ ရှာခြင်းရှာ မောင်ကထွက်ရှာမှာပေါ့'

'လက်တွေ့ဆန်စမ်းပါ မောင်ရယ်၊ မမဝေက ဘွဲ့ရပြီးသားဆိုတော့ အလုပ်ရဖို့က လွယ်တယ်၊ မောင့်ပညာက တစ်ပိုင်းတစ်စနဲ့၊ မောင် စာပဲဆက်ရေးရမယ်၊ အဲဒါဟာ မောင့်အလုပ်၊ မောင့်ကို အစ်သက်လုံး မမဝေလုပ်စေချင်တဲ့အလုပ် သိရဲ့လား'



မမဝေပြောသည်က မှန်နေသောကြောင့် ကျွန်တော် ဆင်ခြေ မပေးသာ။ ရင်ထဲမှာတော့ မကောင်းလှ။

'ကြည့်....မောင့်မျက်နှာ ညိုသွားပြန်ပြီ၊ မောင် မမဝေကို မောင် တကယ်ချစ်ရဲ့လားဟင်'

သည်မေးခွန်းဒဏ်ကိုတော့ ကျွန်တော် မခံနိုင်ပါ။

ကျွန်တော်က မမဝေကို ရင်ခွင်တွင်း ပိုက်ပွေ့သွင်းယူလိုက်သည်။

'နောက်ကို ဒီအမေးမျိုး မောင့်ကိုထပ်မမေးပါနဲ့ မမဝေ၊ မောင် ဖြေမယ်၊ မမဝေကိုလေ မောင်ချစ်တယ်၊ ချစ်တာမှလေ သာမန်ယောကျ်ားတစ်ယောက်က လှလှန်းတဲ့သူချစ်သူကို ချစ်သူ အဖြစ် ချစ်တာထက် မောင့်အချစ်က ပိုတယ်၊ မမဝေက မောင့်ချစ်ဦးသူ၊ မောင် ဆိုတဲ့ ကောင်လေး တစ်ကောင်ကို မမဝေက ဘယ်လိုမှ သံယောဇဉ်မရှိခင်ကတည်းက မောင်က မဝံ့ရဲရဲနဲ့ မျက်ရည်ဝဲပြီး တိတ်တခိုး မြတ်နိုးချစ်ရသူ၊ မောင် ဒီစကားကို ထပ်ပြောမယ်၊ မြတ်နိုးချစ်ရသူ၊ မြတ်မြတ်နိုးနိုးနဲ့ ချစ်ရသူ၊ မြတ်နိုးပြီး ချစ်ရပြီကော မမဝေ၊ မမဝေက မောင့် လမင်းကြီးကိုး၊ မောင့်ရင်မှာသာတဲ့ လမင်းကြီး၊ မောင့်ဘဝကို လင်းစေတဲ့ လမင်းကြီး၊ မမဝေရယ်....လမင်းကြီးကို မြတ်နိုးပြီး ချစ်တာထက်ပိုပြီး မောင် ဘယ်လိုချစ်ပြရဦးမှာလဲ၊ ပိုတယ်လို့ မပြောလိုက်ပါနဲ့၊ ရင်ကိုခွဲပြလို့ ရစတမ်းဆို မောင် ခွဲပြလိုက်စမ်းချင်လှတယ်'

ကျွန်တော့်ကောအဆုံးတွင် မမဝေက သူ့ပါးလေးနှင့် ကျွန်တော့်ပါးကို ကပ်ထားသည်။ ဖျင်းနွေးအောင် ကပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ မမဝေ၏ပါးပြင်မှမျက်ရည်တို့ ကျွန်တော့်ပါးဆီ ကူးလာသည်။

'ဟင်....ကြည့်စမ်း....မမဝေ ငိုနေတယ်၊ ဘာပြုလို့လဲဟင်'

'မောင်က လွမ်းအောင်ပြောတာကိုး၊ မမဝေရင်ထဲ နင့်လာအောင် ပြောတာကိုး၊ ယုံပါတယ်တဲ့ မောင်ရယ် မမဝေယုံပါတယ်၊ မမဝေလဲ မောင့်ကိုချစ်လိုက်တာ၊မောင့်လိုတော့ မပြောတတ်ဘူး၊ မမဝေပြောတတ်တာ တစ်ခုပဲရှိတယ်၊ အဲဒါတောင် မောင် နားလည်အောင် မမဝေ ဘယ်လိုပြောရမှန်း မသိဘူး'

'ပြောလေ၊ မောင် နားထောင်ချင်တယ်'

'မမဝေရင်ထဲမှာ အချစ်ဆိုတာ တစ်ခါမှ မပေါ်ဖူးဘူး၊ မောင်နဲ့တွေ့မှ အချစ်ကို မမဝေ ခံစားရတယ်၊ ဒီတော့ အချစ်ဟာ မောင်...မောင်ဟာ အချစ်၊ မမဝေ ရင်ထဲမှာ အချစ်ရယ် မောင်ရယ်.... မောင်ရယ် အချစ်ရယ်၊ ပြီးတော့.... မောင်ရယ် အချစ်ရယ်၊ အဲဒါပဲရှိတယ်၊ တခြား ဘာမှမရှိဘူး၊ ချစ်လိုက်ရတာ အဲဒီလောက်တောင်ပဲ မောင်ရဲ့....နားလည်ရဲ့လား'

ကျွန်တော်က နှုတ်ဖြင့် မဖြေ။ မမဝေ၏ ပါးလေးကိုသာ မနာအောင် သွားဖြင့် မချင့်မရဲ ခဲလိုက်မိသည်။

ချစ်ခြင်းမေတ္တာဟူသည် အသည်းနှလုံးချင်းပေါင်းဆုံရခြင်းပါ။ အကြားမရှိ၊ အစပ်မရှိ ရောယှက်စိမ့်ဝင် ပေါင်းဆုံရခြင်းပါ။ သည်လို ပေါင်းဆုံမိတော့ လွမ်းဖွယ် ဆန်းကြယ်သော ဘုံလောကလေးတစ်ခုက ပေါ်သစ်လာသည်၊ သည်လောကလေးမှာ တစ်ခဏအဖြစ် မိန်းမောရခြင်းသည်ပင် တစ်ဘဝပေလော....ထင်ယိုးမှားဖွယ် ဖြစ်ရသည်။



ငြိမ်နေကြရာမှ မမဝေက လှုပ်ရှားလာပြီး ကျွန်တော့်နဖူးကို တစ်ချက်မွှေးလိုက်ကာ ထိုင်ရာမှထ၏။

'မမဝေ ရေအရင်ချိုးလိုက်မယ်၊ နောက်တော့ မောင် ချိုး၊ ပြီးတော့ လျှောက်လည်ရအောင် နော် မောင်'

'ဘယ်လျှောက်လည်ကြမလဲ မမဝေ'

'ရန်ကုန်မြို့ကြီးဟာ အကျယ်ကြီးမောင်၊ လည်စရာတွေလဲ အများကြီး၊ ညဉ့်နက်ပေမယ့်လဲ လူမပြတ်ပါဘူး၊ ဪ.... မမဝေတို့ ဘုရားကို အရင်သွားဖူးကြရအောင်နော်'

'ဟုတ်ပါရဲ့....မောင်တို့ ဘုရားကို အရင် သွားဖူးကြမယ်၊ ကဲ....မမဝေ ရေချိုးနှင့်'

* * *

ထိုညဦးက မမဝေနှင့်ကျွန်တော်တို့သည် ရွှေတိဂုံဘုရားဆီ အရင် သွားဖူးမြော်ကြသည်။

ဘုရားသွားအတူ၊ ကျောင်းသွား အတူ။ သည်စကားကို သုံးကြသည်ကို ယခင်က ကြားဖူးသည်။ မည်မျှ ကြည်နူးဖွယ် ရှိသည်ကို မခန့်မှန်းတတ်ခဲ့၊ ယခုတော့ ကြည်နူးဖွယ်ရာကို ကိုယ်တွေ့ကြုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



မမဝေက ဘုရားပန်းတွေကို ဝယ်သည်၊ ပြီးတော့ ကျွန်တော့်ကို တစ်ဝက်ခွဲပေးသည်၊ ပန်းစည်းကိုယ်စီကိုင်ကာ နှစ်ကိုယ် ယှဉ်တွဲ၍လျှောက်လာကြစဉ် မမဝေ၏ မျက်နှာလေးသည် ကြည်လင်ဝင်းပနေသည်ကို ကျွန်တော် သတိပြုမိ၏။

မမဝေနှင့် ကျွန်တော်တို့သည် နေ့တူ နံတူ ဖြစ်ကြသောကြောင့် ဗုဒ္ဓဟူးထောင့်မှ အာရုံခံ တန်ဆောင်းတွင်း ဝင်၍ ဘုရားကို ပန်းလှူ ပူဇော်ကန်တော့ကြသည်။

ကျွန်တော် ဘုရားရှိခိုးပြီးသည်အထိ မမဝေက မပြီးသေး။ ကျွန်တော်က စိတ်ရှည်စွာ ထိုင်စောင့်နေသည်၊ စောင့်ရင်းကလည်း ရှုမငြီးသော မမဝေ၏သဏ္ဌာန်လေးကို ကြည်နူးစွာ စိုက်ကြည့်နေမိသည်။

မမဝေက မမဝေနှင့်အလိုက်ဆုံးဟု ကျွန်တော် နှစ်သက်ထင်မှတ်ထားသော အဝါရောင်ကို ဆင်မြန်းထား၏။ တန်ဆောင်းတွင်း၌ မီးရောင်တို့က ဝင်းလက်နေသည်၊ ရွှေရောင်တို့လည်း ဝင်းလျှံနေ၏၊ ပန်းစည်းကိုကိုင်ကာ မျက်လုံး မှိတ်ပြီး ကျုံ့ကျုံ့ ထိုင်လျက် ဘုရားဝတ်ပြုနေသော မမဝေ၏သဏ္ဌာန်ကလည်း ရွှေသားနှင့်သွန်းထုထားသကဲ့သို့ တင့်တယ်လှ၏။

ဘုရားရှိခိုးပြီးသောအခါ မမဝေက ပြုံးပြုံးလေးနှင့် ကျွန်တော့်ဆီကို ပန်းစည်းလှမ်းပေး၏။

မမဝေ့ပန်းစည်းနှင့်ကျွန်တော့် ပန်စည်းကိုပေါင်း၍ ညောင်ရေအိုးတွင် ကျွန်တော်က ထိုးစိုက်သည်။



မမဝေနှင့်ကျွန်တော်တို့က လက်ချင်းတွဲပြီး ဘုရားကို လက်ယာရစ် လှည့်လျှောက်ကြသည်။

မီးပူဇော်ထားသော ရွှေတိဂုံစေတီတော်ကြီးက ရွှေတောင်ကြီးပမာ ထွန်းလျှံတောက်ပနေ၏၊ ခေါင်းလောင်းသံ ဆည်းလည် သံများကလည်း သာယာစွာ ထွက်ပေါ်နေ၏။

'မောင်'

'မမဝေ'

'မောင်ရယ်....မမဝေ စိတ်ချမ်းသာလိုက်တာ၊ မောင်ရော'

'မောင်လဲ စိတ်ချမ်းသာတာပေါ့ မမဝေရယ်'

ကျွန်တော်တို့သည် စကားတပြောပြောနှင့် ဆက်လျှောက်ကြ၏။

အင်္ဂါထောင့်ရောက်သောအခါ ညောင်ပင်ကြီးရှိရာ သွားပြီး အပေါ်စီးမှ မြင်ရသော ရန်ကုန်မြို့ကြီးကို ကြည့်ကြ၏။

နောက်ကျမှထွက်လာသော လမင်းကြီးကလည်း ထိန်ထိန်သာနေ၏။

မမဝေက သူ့လက်ပတ်နာရီလေးကို ငုံ့ကြည့်ပြီး ဆို၏။

'ဟော....ရှစ်နာရီတောင် ထိုးပြီ၊ မောင် ဆာပြီလား'

'ဟုတ်ပါရဲ့၊ နည်းနည်းတောင် ဆာလာပြီ'

'ဒါဖြင့် ပြန်ကြစို့၊ ဖရေဇာလမ်းဝင်ပြီး တစ်ခုခု စားပြီးမှ ဟိုတယ် ပြန်ကြမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသားပဲ မမဝေ'

'ဪ....မောင် ရုပ်ရှင်ကော ကြည့်ချင်သေးလား'

'ကြည့်ချင်မှါဘူး၊ အချိန်တွေ နှမြောပါတယ်'

'ကြည့်...ပိုလိုက်ရသေးဘယ်'

မမဝေနှင့် ကျွန်တော်တို့က ရင်ပြင်တော်ဆီ ပြန်အတွက်၌ တန်ဆောင်းကြီးတစ်ခု၏ထောင့်တွင် မိန်းမပျိုတစ်ဦးနှင့် ပက်ပင်း သွားတိုးသည်။

မိန်းမပျိုက ဝမ်းသာသော အမူအရာသို့ ပြောင်းသွားပြီး နှုတ်ဆက်၏။

'ဟင်....မမဝေ၊ မမဝေ မဟုတ်လား'

'ဟော....အရီမါလား၊ ကြည့်စမ်း အရီ့မင်းက လှတုန်းပဲ'

'မမဝေကကော၊ မမဝေနားကပ်လိုက်လို့ အရီလှတာတွေ ပျောက်ကုန်ပါပြီ'

အရီသည် ချင်းနှီးစွာဖြင့် မမဝေ၏ လက်မောင်းလေးကို ကိုင်ဆွဲထားသည်။

'မမဝေ ပုသိမ်က လာတာလား'

'ပုသိမ်ကမသာလို့ ဘယ်ကလာရမှာလဲ အရီရယ်'

'သိဘူးလေ၊ မမဝေက တက္ကသိုလ် တက်နေတာ မဟုတ်လား၊ ဪ.... မေ့လို့၊ ကြာပြီပဲ၊ မမဝေ ဘွဲ့ရပြီးပြီပေါ့နော်'

'ပြီးပါပြီ၊ ဒါထက် အရီ ဘုရားလာဖူးတာလား'



အရီက ဟက်ခနဲ တစ်ချက် ရယ်၏။

'အပဲ....အရီက လာ ကြမ်းပိုးကျနေတာ'

'အာရယ်၊ လာကြမ်းပိုးကျနေတာ'

'အရီက ရယ်စရာပြောတာပါ၊ မောင်က ဘုရားပုံ ပန်းချီ လာဆွဲနေတော့ မောင်နဲ့ လိုက်လာရင်း အရီက ဟိုလျှောက် လည် ဒီလျှောက်လည်ပေါ့၊ အဲဒါ ပြောတာ'

'ဪ....မောင်သန်းအောင်ကော ပါသလား၊ ဘယ်မှာလဲ သူ'

'မောင်လား၊ သူ့ကားတွေ သိမ်းနေတယ်၊ ဟော....ပြောရင်းဆိုရင်း လာနေပြီ'

ပိန်ပိန်သွယ်သွယ် အသားဖြူဖြူနှင့် လူရွယ်တစ်ဦးက ပန်းချီကိရိယာများကို သယ်ဆောင်လျက် ရောက်လာသည်။

အရီက လှမ်းပြော၏။

'မောင်ရေ.... ဟောဒီမှာ ဘယ်သူလဲ'

'ဟော့ဗျ၊ မမဝေပါလား'

လူရွယ်က မမဝေကို နှုတ်ဆက်ပြီးမှ ကျွန်တော့်ကို လှမ်းပြုံးကြည့်သည်။

မနေသာတော့သောဟန်ဖြင့် မမဝေက မိတ်ဆက်ပေး၏။

'မောင်...အဲဒါ အရီ့ယောက်ျား ပန်းချီကိုသန်းအောင်၊ မောင်သန်းအောင်...သူက မမဝေရဲ့ ဟိုဒင်း၊ အဲ...မောင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းအောင်က ပါးစပ်ဖြဲ ရယ်ပြပြီး 'တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် လက်က ဆေးတွေ ပေနေလို့ဗျ' ဟု လက်ဆွဲ နှုတ်မဆက်နိုင်သည်ကို တစ်ဆက်တည်း ရှင်းပြောသည်။

အရီကသာ ပြုံးလျက်က မျက်မှောင်လေး တွန့်ပြီးပြော၏။

'မမဝေ ပြောတာကလဲ မရှင်းဘူး'

'ဘာမရှင်းလို့လဲ'

'မမဝေရဲ့ မောင်တဲ့၊ အဲ...မမဝေရဲ့ မောင် နော်၊ အဟဲ'

'ကဲ့ယ်...အရီကလဲ မောင်ဆို ပြီးရောပေါ့၊ အရီ့မောင် ကိုသန်းအောင်လို့ပေါ့'

'ဟာ...ရှင်းပြီ၊ ရှင်းပြီ၊ အဲဒီလို တည့်တည့်မပြောတော့ အရီ ရှင်းသွားပြီ မမဝေ၊ မမဝေက နာမည်လဲ မပြောမပြသေးဘူး၊ နာမည်ကလွဲ မောင်ပဲတဲ့လား'

'အရီကလဲ နောက်ပြီ၊ ကိုလေးလှိုင်တဲ့၊ ဩော်...မောင်သန်းအောင်ရေ၊ မောင်ကလဲ မင်းလိုပဲ အနုပညာသမားပဲ၊ သူက ကဗျာရေးတယ်'

ကိုသန်းအောင်၏ မျက်နှာသည် အထူး ဝမ်းသာဟန်သို့ ပြောင်းသွား၏။

'ဟော...ဗျ...ဆုံမှ ဆုံတတ်ပလေ၊ ဆရာ့ ဟိုကဗျာလေးဟာလေ၊ အရီရေ...မင်းသိပ်ကြိုက်တယ်ဆိုတဲ့ ဟိုကဗျာလေးလေ'



'ဘာလဲ၊ ငွေလမင်း၏ သစ္စာရှင်၊ အဲဒါလား'

'ဟုတ်တယ်၊ ကိုလေးလှိုင် အရီက အဲဒီကဗျာကို ကျွန်တော့် အတင်း ပန်းချီ ဆွဲခိုင်းနေတယ်'

'ဟုတ်တယ် ဆရာ၊ အရီက တကယ်ဆွဲခိုင်းနေတာ၊ အရီ့ ရင်ထဲမှာလေ တစ်မျိုးပဲ၊ လမင်းကြီးက မရှိဘူး၊ ဒါမှမဟုတ် ဟိုး အဝေးကြီးမှာ၊ ကြယ်လေးတွေကတော့ လက်လက် လက် လက်နဲ့၊ အလင်းရောင်က လဲ့လဲ့လေးပေါ့ ဆရာ၊ ကန်ရေပြင် မှာတော့ ကြာဖြူလေး တစ်ငုံတည်း၊ တစ်ငုံဆိုမှ တစ်ငုံတည်း၊ သနားစရာလေး ဆရာ၊ အရီ ပြောတာ ဟုတ်တယ် မဟုတ်ဘူး လား'

ကျွန်တော်က အရီစိတ်ကူးယဉ်ပုံကို သဘောကျပြီး ရယ်နေမိ၏။ ကိုသန်းအောင်ကသာ သဘောကျသယောင် ညည်းသယောင် ပြောသည်။

'အဲဒါပဲကြည့်တော့၊ ကျွန်တော့်မှာ အလုပ်အကွက်လဲ ဆွဲရတယ်၊ မရှေ့ရှိခိုင်းတာလဲ ဆွဲရတယ်'

'အံ့မယ်...အရီ ခိုင်းလို့ ဆွဲတာတွေ ပိုက်ဆံ အများကြီးနဲ့ မောင် မရောင်းရဘူးလား'

ကိုသန်းအောင်က မဖြေဘဲ တဟဲဟဲသာ ရယ်နေ၏။

မမဝေက စကားပြတ်ရန် နှုတ်ဆက်၏။

'ကဲ...အရီရေ၊ မမဝေတို့က ဆက်သွားစရာရှိသေးလို့ ခွင့်ပြုဦးနော်၊ နောက်တော့မှ တွေ့ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဖြော်....ဟုတ်ကဲ့၊ ဒါထက် မမဝေတို့ ပုသိမ်ကို ဘယ်ရောက် ပြန်ကြမလဲ'

မမဝေထ ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်ကာ သူ့အဲဒီပွဲကာယ်နှင့်သူ ပြုံးပြီးဖြေ၏။

'မသိသေးဘူးကွယ်၊ မမဝေတို့က ပျော်သလောက် ဒီမှာနေကြဦးမယ်'

'အဲဒီလိုဆိုရင် အစ်ရီတို့အိမ် လာလည်ဦးလေ၊ အစ်ရီတို့ ပုဇွန်တောင် ရွှေဘုန်းပွင့်လမ်းမှာ နေပါတယ်၊ အိမ်နံပါတ် (....)ပါ'

အစ်ရီတို့မောင်နှံကို နှုတ်ဆက်ပြီး မမဝေနှင့် ကျွန်တော်တို့က ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။

'အစ်ရီတို့ ကိုသန်းအောင်တို့နဲ့ မမဝေက တော်တော် ခင်သလား'

'ခင်တယ်၊ ရပ်ဆွေ ရပ်မျိုးတွေပေါ့၊ အစ်ရီက ဟသ်ာတသူ၊ ပုသိမ်မှာကြီးတယ်၊ မောင်သန်းအောင်ကတော့ ပုသိမ်ဇာတိပဲ၊ ဖြော်....မောင်ရေ၊ သူတို့လဲ မမဝေတို့လိုပဲ'

'ဘာကိုပြောတာလဲ မမဝေ'

'ဟိုဒင်းလေ၊အဲ....အဟဲ....မုဆိုးပိုက်ခါနဲ့ ခေါင်ပိုက်ခါနဲ့'

မမဝေထ သူ့စကားကိုသူ သဘောကျပြီး ရယ်သည်။



'မမဝေက ဒီစကားပဲ ခဏခဏ ပြောတယ်၊ သိပ်သဘောကျနေတယ် ဟုတ်လား'

'မောင်က သဘောမကျဘူးလား၊ အင်းလေ... မောင်သဘောမကျရင် မမဝေ မပြောတော့ပါဘူး နော်'

'ကြည့်....လုပ်ပြန်ပြီ'

'ဘာပြောတာလဲ လို့'

'ပိုတာကို၊ မမဝေ ပိုတာကို၊ ဟွန်း....မောင် မုန်းလိုက်တာ'

ကျွန်တော်က မမဝေ၏လေကို တုပြီးပြောလိုက်ရာ အလှူတဲ၌ စောင်းတန်းလှေကားများမှ ဆင်းနေသည်ကို သတိလစ်သွားဟန်ဖြင့် မမဝေက ကျွန်တော့် ကျောကို ထုသည်။ ပြီးမှ သတိရဟန် ရှက်ဆိုးရှက်ကန်းလေးဖြင့် ပါးစပ်ကို လက်ကိုင်ပဝါလေးနှင့် ပိတ်ပြီး ခေါင်းငုံ့လျက် ရယ်ကာ လိုက်ပါလာပါသတည်း။

✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

စထရင်းဟိုတယ်တွင် ကျွန်တော်တို့ ခုနစ်ရက်ခန့် နေခဲ့ကြသည်၊

သည်ရက်များအတွင်း မမဝေက အပြင်ထွက်၍ အလုပ်မျှာသည်။

မမှဝေ၏ သူငယ်ချင်းအချို့က ရန်ကုန်မြို့ရုံးကြီးများတွင် ဝင်ရောက် အလုပ် လုပ်နေကြသည်၊ ထိုသူငယ်ချင်းများမှတစ်ဆင့် မမဝေက အလုပ်ရှာခြင်း ဖြစ်သည်။



မမဝေနောက်ကို ကျွန်တော် မလိုက်ရပါ၊ သူငယ်ချင်းများကိုပင် မမဝေက အဖြစ်မှန် ဖွင့်မပြောသေးဘဲ ဖုံးဖိထားသည်ဆို၏၊

'မောင်ရေ...ဇာတ်ကို မြှုပ်ထားကြဦးမှ၊ တစ်ယောက်က တစ်ရာ သိသွားကြရင် မကောင်းဘူး၊ အန္တရာယ်က ရှိနေသေးတယ် ထင်တယ်'

မမဝေ ပြောသည်မှာ မှန်ပါ၏၊

မမဝေရော ကျွန်တော်ပါ နေ့စဉ် သတင်းစာများကို ဂရုစိုက် ကြည့်ကြသည်၊ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊ အမွေဖြတ်ခြင်း ဟူသော ကြော်ငြာမျိုးကို မမဝေက မျှော်လင့်ထားသည်။ သို့ရာတွင် ယင်းကြော်ငြာမျိုး ပါမလာ၊

'သူတို့ ငြိမ်နေကြတယ်၊ ဒါ ဘာသဘောလဲ မောင်၊မမဝေ မကြိုက်ဘူး'

ကျွန်တော်လည်း မကြိုက်ပါ၊ ငြိမ်နေသည်ဆိုတော့ လူကြီးတွေ ဘက်က အုပ်ဆိုင်းထားပုံရသည်။ တစ်စုံတစ်ရာများ ကြိတ်ကြံနေကြသလော။

ကျွန်တော်က တွေးမိသည်ကို မမဝေအား ပြောပြမိ၏၊

'တစ်ခုအောင့်ရှိတယ် မမဝေ၊ မောင်နဲ့ မမဝေ လိုက်လာခဲ့တယ်ဆိုတာ သူတို့ တစ်ထစ်ချ ယူဆနိုင်မှာ မဟုတ်ဘူး'

www.burmeseclassic.com



'ဘာပြုလို့'

'မမဝေက မော်တော်ကားကို ဘူတာရုံမှာ ထားခဲ့တော့ ရထားနဲ့ပဲ သွားတယ်လို့ သူတို့ ထင်ဖို့များတယ်၊ မမဝေ သင်္ဘောပေါ် တက်လာတာလဲ ဘယ်သူမှ မှတ်မိမယ်မဟုတ်ဘူး၊ ကျွန်တော့်ကိုတော့ တွေ့သူက တွေ့ချင် တွေ့လိုက်မယ်လေ၊ ဒါပေမယ့် ကျွန်တော်ကသတ်သတ် သင်္ဘောပေါ် အရင်ရောက်နေတာပဲ၊ ဆက်စပ်မိကြမယ်မထင်ဘူး'

'ဒါပေမယ့် နှစ်ယောက်လုံး ပြိုင်တူပျောက်ခဲ့တာ မဟုတ်လား'

'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ ယူဆချင်ယူဆကြမယ်၊ ဘာပြုလို့လဲဆိုတော့ ဒေါ်ဒေါ် ဘက်က စဉ်းစားရင် အိမ်က မောင် ထွက်ပြေးသွားစရာ တခြား အကြောင်းက ရှိနေတာကိုး'

'ဘာအကြောင်းလဲ မောင်'

'ဒေါ်ဒေါ်က ကျွန်တော့်ကို တက္ကသိုလ်ဆက်မလွှတ်ဘဲ မမဝေတို့ စက်ထဲမှာ အလုပ်တစ်ခုခုဝင်လုပ်ရမယ်လို့ အပြတ်ပြောထားတာရှိတယ်၊ အဲဒါကို ကျွန်တော်က လက်မခံချင်မှန်းလဲ ဒေါ်ဒေါ် ရိပ်မိတယ်'

နားထောင်နေရာမှ မမဝေသည် တစ်စုံတစ်ရာကိုမကျေနပ်ဟန်ဖြင့် ကျွန်တော့်ကို ပြုံးစူစူဖြင့် မျက်စောင်းလှဲ့လှဲ့ထိုး၏၊



'ဘာဖြစ်လို့ မောင့်ကို မျက်စောင်းထိုးတာလဲ'

'ထိုးတာပေါ့၊ မောင် ပြောနေတာက ဟင်း....ကျွန်တော် ကျွန်တော်နဲ့'

'ဪ....ဒါကတော့ နှုတ်ကျိုးနေတာကိုး မမဝေရ'

'ဟင်း....မကျိုးရဘူး၊ မမဝေ မကြိုက်ပါဘူး'

ကျွန်တော်က မမဝေ ကျေနပ်ရန် ပိုက်ပွေ့ပြီး ချော့ရ၏၊
'မောင်'

'မမဝေ'

'မောင်ပြောတာ ဟုတ်တယ်၊ သူတို့ တစ်ထစ်ချ ယူဆနိုင်မှာ မဟုတ်သေးဘူး၊ အဲဒီလိုဆိုလေ မောင်နဲ့ မမဝေအတွက်က ကောင်းလေပဲ မဟုတ်လား'

'အင်း....မောင်လဲ အဲဒီလိုထင်တယ်'

'အရီနဲ့ မောင်သန်းအောင်တို့တော့ သိသွားပြီ၊ ဒါပေမယ့် သူတို့လေးတွေက ရှုပ်ရှုပ်ရှက်ရှက်မလုပ်တတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ တခြားလူတွေ သိပ်မသိအောင် မမဝေတို့ အုပ်ထားကြမယ်'

ဤသဘောတူညီချက်ကြောင့် သူ့သူငယ်ချင်းများထံ မမဝေ သွားလျှင် ကျွန်တော် လိုက်မသွား၊ ဟိုတယ်မှာပင် စာရေးရင်း နေရစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့၌ မမဝေ ပြန်လာ၍ အခန်းတံခါးကို ကျွန်တော် ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မမဝေက ကျွန်တော့် လည်ပင်းကို ယီးလေးခိုစီးလိုက်ပြီး ဝမ်းသာအားရ ဆို၏။

'မောင်ရေ အလုပ်ရခဲ့ပြီ၊ အလုပ်ရခဲ့ပြီ၊ သိလား မောင်'

'ဟင်....တကယ်'

'အိုး....တကယ်ပေါ့'

မမဝေက ကျွန်တော့်ကို ခုတင်ဆီ ဆွဲခေါ်သွားပြီး ထိုင် လျက် အားရပါးရ ပြောသည်။

'မမပေ့ သူငယ်ချင်း မြင့်မြင့်ဆိုတာရှိတယ်၊ သူက ဘီကွမ်း၊ ပြည်ထောင်စု ဘဏ်မှာ ဝင်လုပ်နေတယ်၊ သူ ညွှန်တာနဲ့ သန်းခေါင်စာရင်း မင်းကြီးရုံးကို မမဝေ သွားတာပေါ့၊ ရှီး ကုမ္ပဏီအပေါ်ထပ်မှာ သန်းခေါင်စာရင်းရုံးက ၄ာနသစ်၊ လုပ်ငန်းတွေကလဲ အချိန်မီ ပြီးရမယ်၊ ဒီတော့ အလုပ်တွေ အများကြီးပေါ်နေတာပေါ့၊ကိုးတန်းအောင်သူ အောက်တန်း စာရေး၊ ဆယ်တန်းအောင်သူ အထက်တန်းစာရေး၊ အင်တာ အောင်သူ ဘီစီ၊ တစ်ခါတည်း တန်းခန့်နေတယ်၊ မမဝေ ကံကောင်းတယ်ပြောရမလား မသိဘူး၊အဲဒီက ဒုတိယမင်းကြီး တစ်ယောက်က မမဝေတို့အသိ ဖြစ်နေတယ်၊ အဲ....သူ့တော့ မမဝေ လိမ်ခဲ့ရတယ်'

'ဘာလိမ်ခဲ့ရတာလဲ'



'သူက ပုသိမ်မှာ အရေးပိုင်အဖြစ် နေသွားဖူးတယ်၊ သိပ် မခင်လှပေမယ့် မမဝေတို့ချမ်းသာတာ သူသိတယ်၊ သူက မမ ဝေ လာအလုပ်လျှောက်တော့ အံ့ဩနေတယ်၊ မမဝေလဲ ဘဝ အတွေ့အကြုံရချင်လို့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်လို့ ဘာလို့နဲ့ အဟဲ...ဖြီးရတာပေါ့၊ ဒါတောင် သူက မေးသေး တယ်၊ အိမ်က သဘောတူရဲ့လားတဲ့၊ တူပါတယ်လို့ မမဝေလဲ ဆက်လိမ်တာပဲ၊ အဲဒါ အခု မမဝေ ဘီစီအရင်ရမယ်၊ အလုပ် သင်ပြီးရင် ခြောက်လအတွင်းလောက်မှာ အော့ဖစ်ဆာ ဖြစ် မယ်၊ မောင် ဟန်မကျဘူးလား'

'ဘီစီဆိုတော့ လခ ဘယ်လောက်ရမလဲ မမဝေ'

'ရှားပါးစရိတ်နဲ့ ဆိုရင် နှစ်ရာ့ကိုးဆယ် ကျော် မောင်၊ မမဝေတို့ ကောင်းကောင်းလောက်ပါတယ်'

'မောင်ကော အဲဒီမှာ အလုပ်မရနိုင်ဘူးလား'

မမဝေ၏မျက်နှာလေးမှာ ချက်ချင်းညိုသွား၏။

'မမဝေမကြိုက်တဲ့စကားကို မောင်ပြောပြန်ပြီ၊ ကဲ....မောင် ကြိုက်တဲ့မေးခွန်းပဲ မမဝေလဲ ပြန်မေးမယ်၊ ဒီမှာ မောင်.... မောင့်ကို မမဝေချစ်သလောက် မောင်က မမဝေကို ချစ်ရဲ့လား ဟင်....'

မမဝေ တတ်နိုင်သည်။ နိုင်ချက်ကိုကိုင်တော့ ကျွန်တော် ငွေ့မဆက်သာ။

www.burmeseclassic.com

www.burmeseclassic.com



'အင်းပါလေ မမဝေ မကြိုက်ရင် မောင် မပြောတော့ပါ ဘူး၊ ဒါထက် မောင်တို့ အိမ်တစ်လုံးတော့ မြန်မြန်ရှာရမှာပဲ၊ ဒီမှာက သိပ်စရိတ်ကြီးတယ်'

'ဟုတ်တယ် မမဝေ အကြံရပြီ၊ မောင်.... မောင့်မဂ္ဂဇင်း တိုက် သွားပါလား၊ အဲဒီမှာက စာရေးဆရာတွေ ဘာတွေနဲ့ တွေ့ပြီး အိမ်လေးဘာလေး စုံစမ်းနိုင်တာပေါ့၊ သူတို့က ဘယ် လဲစုံ...သတင်းလဲစုံသူတွေလို့ မမဝေ ကြားဖူးတာပဲ'

'ဟယ်.... ဟုတ်ပါရဲ့၊ မမဝေ အကြံ သိပ်ကောင်းတာပဲ မောင် မေ့နေလိုက်တာ'

နောက်တစ်နေ့တွင် မမဒဝက အလုပ်စဝင်သည်၊ ကျွန် တော်က ဦးကြီးမောင်တို့၏ မဂ္ဂဇင်းတိုက်သို့သွားသည်၊

ကျွန်တော်အတွက်စိတ်ပျက်အားငယ်ဖွယ်တစ်ခု ကြုံရသည် ကား ဦးကြီးမောင်သည် မဂ္ဂဇင်းတိုက်၌ မရှိတော့။ စာပေ ဗိမာန် စာအုပ်ထုတ်လုပ်ရေးဘက်သို့ ကူးပြောင်းသွားပြီဆို၏

တိုက်၌ရှိသူများက ကျွန်တော့်ကို ဝိုင်းတော်သား တစ်ဦး အဖြစ် ကောင်းစွာ လက်ခံကြိုဆိုကြပါသည်၊

ကျွန်တော်က အိမ်အကြောင်းစုံစမ်းသောအခါ ပက်လက် ကုလားထိုင်တစ်လုံးပေါ်တွင် ဇိမ်နှင့် စီးကရက် မှိန်းနေသော အစ်ကိုဆွေဟု အခေါ်ခံရသူ ဟာသ စာရေးဆရာကြီးက ဦ စံရှားဟန်ဖြင့် စပ်စုသည်၊



'အိမ်တွေဘာတွေ စုံစမ်းပုံထောက်တော့ မိန်းမခိုးတော့ မလို့နဲ့ တူတယ်၊ ဒါမှမဟုတ် ခိုးလာခဲ့ပြီလား ဟုတ်စ'

'ဟာ....မဟုတ်ပါဘူး၊ အင်းလေ ဟုတ်ချင်လဲ ဟုတ်လာ မှာပေါ့....အဟင်း'

'အဲဒီလို ဝန်ခံစမ်းပါ၊ ကိုယ်က ဟာသ ရေးနေပေမယ့် စုံထောက်ဉာဏ် အပြည့်ရှိတယ်၊ မကြည်အေး မျက်မှန်ပျောက် မှုကြီးတုန်းက ဤဖေကိုယ် စုံထောက်တာ၊ ထားပါတော့.... ရန်ကုန်မှာ အိမ်ငှားချင်တယ် ဆိုတော့ မောင်ရင်က ပိုက်ဆံ ဘယ်လောက်တတ်နိုင်လို့လဲ'

'အသင့်အတင့်ပေါ့ အစ်ကိုရာ'

'အပျော့် တစ်သောင်းလောက် တတ်နိုင်ရင် မြို့လယ်မှာ တစ်ခန်းစာလောက်ရမယ်၊ တစ်ထောင်ကနေ ငါးရာလောက် တတ်နိုင်ရင် စမ်းချောင်းတို့ မြေနီကုန်းတို့မှာ လင်ကိုယ်မယား နေလောက်တဲ့ အိမ် တစ်ဝက်ဖြစ်ဖြစ်၊ တစ်ထပ်ဖြစ်ဖြစ် ရမယ်၊ သုံးဆယ်၊ ငါးဆယ်လောက် တတ်နိုင်ရင် ဗားကရာ ကရင် သင်္ချိုင်းကုန်းပတ်လည်က ပလက်ဖောင်း မြို့တော်ပေါ်မှာ ရ မယ်၊ မောင်ရင် ဘယ်အဘန်းအစားလောက် လိုချင်သလဲ'

'အလယ်အလတ်လောက်ပေါ့ဗျာ'

'ဒီလိုဆို တစ်ထောင်နဲ့ ငါးရာတစ်ဝိုက်ပေါ့ ဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ညွှန်လိုက်မယ်၊ ကိုယ့်ကို ပြောထားတာရှိတယ်၊ တိုးရှေးတုန်းက မြန်မာ့အလင်းသတင်းစာ အယ်ဒီတာကြီးတစ်ဦးရဲ့ မိန်းမ၊ အဘွားကြီး၊ မျက်စိကောင်းကောင်း မမြင်ရှာတော့ဘူး၊ မြေးလေးနှစ်ယောက်နဲ့နေတယ်၊ အိမ်တစ်ခြမ်း ငှားစားချင်တယ်၊ စပေါ်က ခုနစ်ရာ၊ လခက တစ်လ ခုနစ်ဆယ်၊ မနေချင်လို့ပြောင်းရင် လူစားရရချင်း စပေါ်ခုနစ်ရာ ပြန်ပေးမယ်၊ ရေပါတယ်၊ မီးပါတယ်၊ စမ်းချောင်း ကျွန်းတောလမ်းပေါ်မှာ၊ မောင်ရင် သွားကြည့်၊ ကြိုက်ရင် ကိုယ်က လွှတ်လိုက်တယ်လို့ ပြော...'

ဟိုတယ်သို့ ပြန်ရောက်ပြီး ညနေ၌ မမခေဝ ရုံးဆင်းလာသောအခါ ဂျစ်ကားတစ်စီးငှား၍ ကျွန်တော်တို့သည် ကျွန်းတောလမ်းသို့ သွားကြသည်။

အိမ်ကိုလည်း တွေ့ပါ၏၊ မျက်စိ ကောင်းစွာ မမြင်သော အဘွားကြီးကိုလည်း တွေ့ပါ၏။

သို့ရာတွင် အခန်းက မအားပြီ။

'မောင်ဆွေက လွှတ်လိုက်တယ် ဆိုတော့ အားနာစရာပဲကွယ်၊ အခုတ မနေ့ကပဲ သရာဝန် လင်မယားနှစ်ယောက်ကို ငှားလိုက်တယ်'

ကျွန်တော်တို့မှာ မောသွားကြသည်၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်း မသိတော့။



ခေတ္တငိုင်နေရာမှ မမဒေဝက စိတ်မလျှော့သေးဟန်ဖြင့် စုံစမ်း၏။

'ဒါဖြင့် အမေရယ်.... ဒီနားတစ်ဝိုက်မှာ တခြားအိမ်လွတ်လေးများ မရှိဘူးလား'

'ဒီနားတစ်ဝိုက်တော့ မရှိဘူး၊ ဟိုဘက် ဘုရက်ဂျောလမ်းမှာ အိမ်တစ်လုံးတော့ ရှိတယ်၊ အမေ့အိမ်လို မဟုတ်ဘူး၊ ဈေးတော့ နည်းနည်းကြီးမယ်၊ သူက တစ်အိမ်လုံးမှ ငှားချင်တာ'

မမဒေဝ၏မျက်နှာလေးမှာ ဝင်းပသွားပြန်၏။

'အိမ်က ဘယ်လောက် ကြီးလဲ အမေ'

'အမေတော့ မမြင်ဖူးဘူး၊ သိပ်ကြီးခဲ့တော့ မထင်ဘူး၊ ဆောက်ပြီးတာလဲ သိပ်မကြာလှသေးဘူး'

'ကျွန်မတို့ သွားကြည့်ချင်တယ် အမေ၊ အိမ်နံပါတ် မသိရဘူးလား'

'အဲ...အိမ်နံပါတ်တော့ မမှတ်မိဘူး၊ မေးရင် ရပါတယ်၊ ဒေါ်မမလေးအိမ် ဆိုရင်၊ သူက ရွှေပေါင် ဒင့်ပေါင်လေးလဲ ခံတော့ လူသိကြပါတယ်၊ အစက ညီအစ်မ နေကြတာ၊ ညီမနဲ့ သမီးတွေက စိတ်ဆိုးဆင်းသွားလို့ အခု သူတစ်ယောက်တည်း မနေရဲဘူး၊ စိတ်ချရတဲ့ အိမ်ငှားရရင် သူက မြို့ထဲက သူ့တူတွေနဲ့ သွားနေမယ်ပြောတယ်'

မေးပါများတော့ စကားရသည်။ သွားပါများတော့ ခရီးရောက်၏။

www.burmeseclassic.com

www.burmeseclassic.com

မမဝေနှင့် ကျွန်တော်တို့သည် သရက်တောလမ်းဘက် လာခဲ့ကြရပြန်သည်။

သရက်တောလမ်းကား ရှမ်းလမ်းကြီး၏ အနောက်ဘက်၌ အစီအရီရှိသော လမ်းများအနက် တစ်လမ်းဖြစ်သည်။

လမ်း၏ အသယ်လောက်တွင် ဒေါ်မမလေး၏အိမ်ကို တွေ့ကြရသည်။

အိမ်လေးက မကြီးလှ၊ ပေအစိတ် ပေလေးဆယ် မြေတွင် ကျကျနန ဝင်းခတ်ထားပြီးမှ အလယ်တွင် ဆောက်ထားသော ကျွန်းအိမ်အသစ်လေးဖြစ်၏။ အိမ်ရှေ့ပိုင်း ဗတ်ပတ်လည်ကို သံဇကာ ကာထား၏။

အိမ်လှေကားထိပ်၌ ကျွန်တော်တို့ရပ်မိသောအခါ အသားညိုညို၊ အရပ်ရှည်ရှည်နှင့် ပိန်လှသော မိန်းမကြီးတစ်ဦးသည် သံဇကာ တံခါးဝ၌ ပေါ်လာသည်။ တံခါးချက်ချင်းဖွင့်မပေးသေးဘဲ မေးမြန်း၏။

'ဘာကိစ္စရှိလို့လဲ'

မမဝေက မျက်နှာကို အချိုဆုံးထားကာ စကားပြန်၏။

'အဒေါ်က ဒေါ်မမလေးလား'

'ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ'

'ကျွန်မတို့ အိမ်ငှားချင်လို့ပါ၊ ဝင်ခွင့်ပြုပါ ဒေါ်ဒေါ်'

ဒေါ်မမလေးက မမဝေနှင့် ကျွန်တော့်ကို အကဲခတ်ဟန်ဖြင့် ခြေဆုံးခေါင်းဆုံးကြည့်သည်၊ ပြီးတော့မှ ကျွန်တော်တို့ စီး



လာသော ဂျစ်ကားကို လှမ်းကြည့်၏။ ဂျစ်ကားပေါ်၌ ဒရိုင်ဘာက အေးအေးဆေးဆေး ဆေးလိပ်ထိုင်သောက်နေ၏။

လှုံ့ကြား‌ရသော ကြောင့်လားမသိ၊ အသက် ဆယ့်ခြောက်နှစ်ခန့် လူငယ်တစ်ဦးက အိမ်တွင်းမှ ထွက်လာ၏။

ထိုအခါကျမှ ဒေါ်မမလေးက တံခါးကိုဖွင့်ပေး၏။ ကျွန်တော်တို့ ဝင်မိလျှင် တံခါးကို ချက်ချပြန်ပိတ်သည်၊

ဖျာပေါ်ထိုင်ပြီးကြသောအခါ ဒေါ်မမလေးသည် မမဝေကို စေ့စေ့စပ်စပ်ကြည့်၏။ အထူးသဖြင့် မမဝေ၏ လည်ပင်းမှ ဆွဲကြိုးကို သေသေချာချာကြည့်၏။

မမဝေကိုကြည့်၍ အားရမှ ကျွန်တော့်ကိုတစ်ဖန် ကြည့်ပြီး မေးသည်၊

'မောင်နှမလား'

'ရှင်....အင်....အဟင်....မ... မဟုတ်ပါဘူး'

'ဘာတော်လဲ'

'ဟို....ဟိုဒင်း'

မမဝေ၏ အခက်အခဲကို ရိပ်မိသောကြောင့် ကျွန်တော်က ဝင်ဖြေသည်၊

'ကျွန်တော်တို့ ဇနီးမောင်နှံပါ'

ဒေါ်မမလေး၏ မျက်နှာသည် ပြုံးစေ့စေ့ဖြစ်လာ၏။

'ဇနီးမောင်နှံ၊ ညားကြတာ မကြာသေးဘူးပေါ့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မမဝေက ရှက်ပြုံးပြုံးပြီး ခေါင်းညိတ်ပြ၏။

'မောင်နှမဆိုလဲ ယုံမှာ၊ အလှချင်းက ညီတာကိုး၊ ဝါ့တူမကြီးက နည်းနည်းတော့ကြီးတယ် မဟုတ်လား'

အတော်ဆိုးသော အဘွားကြီးပင်။ လာရင်းကိစ္စကိုမမေး၊ သူထင်ရာတွေကို လျှောက်မေးနေ၏။

ဒေါ်မမလေးက သူ့ဘာသာသူ ဘာသဘောကျသည်မသိ၊ ရယ်၏။

'ရှက်ကိုးရှက်ကန်းလေးတွေမြင်တော့ အင်း....ညားစမှုနီးဓိက ရှိမိသွားပေါ့၊ နေပါဦး၊ အိမ်ထောင်ချင်လို့လား'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

'ဘာအလုပ် လုပ်ကိုင်ကြသလဲ'

'ကျွန်မဟာ သန်းခေါင်စာရင်းမင်းကြီးရုံးမှာ လုပ်ပါတယ်၊ ဌာနခွဲစာရေးကြီးပါ'

'လခက ဘယ်လောက်ရလဲ'

'သုံးရာလောက်ပါ ဒေါ်ဒေါ်'

'လခက မနည်းပါလား၊ ဘွယ်ကကော ဘာလုပ်လဲ'

'မောင့်ကိုပြောတာလား၊ မောင်က စာရေးဆရာပါ'

ဒေါ်မမလေးသည် ကျွန်တော့်ကို ပြုံးပြီး လှမ်းကြည့်၏။

'စာရေးဆရာဆိုတော့ စာရေးကောင်းမှာပေါ့၊ ငါ့တူမကြီးက အဲဒါကြောင့် ကြိုက်တာမဟုတ်လား'



ကျွန်တော့် ရင်တွင်း၌ စိတ်လည်း ပျက်သည်၊ ရယ်လည်း ရယ်ချင်သည်။ ဘယ်လို အဘွားကြီးနှင့် လာတွေ့နေရပါလိမ့်၊

ဒေါ်မမလေးသည် ရယ်ပြန်ပါ၏။

'စိတ်မဆိုးနဲ့နော်၊ ဒီက အဲဒီလို စပ်စုရတာ ဝါသနာပါတယ်၊ အခုက ဘယ်နေကြလဲ'

'စထရင်းဟိုတယ်မှာပါ'

'နေဦး၊ ဒီဟိုတယ်ဟာ ဟို မင်္ဂလာဆောင်တွေ ဘာတွေ လုပ်တဲ့ဟာကြီး မဟုတ်လား'

'ဟုတ်ပါတယ် ဒေါ်ဒေါ်'

'အဲဒါကြီးက သိပ်ဈေးကြီးတယ်ဆို'

'ကြီးပါတယ်၊ ဒါကြောင့် ကျွန်မတို့ ခု အိမ်လိုက်ရှာနေတာ'

'ဇာတိက ဘယ်ကလဲ'

'မြစ်ဝကျွန်းပေါ် ဘက်ကပါ'

'မိဘတွေက ဘာလုပ်လဲ'

'စက်ပိုင်ပါ ဒေါ်ဒေါ်'

ဒေါ်မမလေးသည် မမဝေကို ကြည့်ပြန်သည်။ သူ့လက်များက မမဝေ၏ ဆွဲကြိုး ဆီရောက်သွားသည်။

မမဝေက ထဘီအနီနှင့် အင်္ကျီပန်းရောင်လေးကို ဝတ်ထားသည်။ ထုံးစံအတိုင်း ဆွဲကြိုးမှကျောက်က အနီပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမလေးက ဆွဲကြိုးမှ ကျောက်ကို သေသေချာချာ ကိုင်ကြည့်နေ၏။

'ပတ္တမြားအစစ်ပါလား၊ အရည်ကောင်းလို့ ဒီက ရောက်စ ကတည်းက ကြည့်နေတာ၊ ရွှေကလဲ ရွှေကောင်း၊ ပုရပိုက် ခေါက် အစစ်၊ ဒီက ဒါတွေ နားလည်တယ်'

မမဝေက ကျွန်တော့်ကို လှမ်းကြည့်သည်၊ မမဝေ၏ အကြည့်မှာက စိတ်ရှုပ်ဟန်လေး ပါသည်။

ကျွန်တော်က ချောင်းဟန့် လည်ချောင်းရှင်းပြီး ဝင်ပြော သည်။

'ဒေါ်ဒေါ် ခင်ဗျား၊ ကျွန်တော်တို့ အိမ်ကိစ္စကို ဆွေးနွေး ချင်ပါတယ်၊ ဒေါ်ဒေါ် ဒီအိမ်ကို ငှားမယ်ဆိုတာ ဟုတ်ပါ သလား'

'ဪ....အင်း....ဟုတ်ပါရဲ့၊ ဒီမှာ ဘယ်နှစ်ယောက်နေကြ မှာလဲ'

'ကျွန်တော်တို့နှစ်ယောက်တည်းပါပဲ ဒေါ်ဒေါ်'

'နှစ်ယောက်တည်း၊ ဒီကလဲ လူရည်သန့်သန့် နှစ်ယောက် တည်းကိုပဲ ငှားချင်ပါတယ်၊ အမှန်က ဒီအိမ်ကို နေဖို့ဆောက် ထားတာ၊ ညီမလုပ်တဲ့လူက စိတ်ဆိုး ဆင်းသွားတော့ ဒီက တစ်ယောက်တည်းလဲ မနေရဲဘူး၊ တွေ့ရာလူလဲ မငှားချင်ဘူး၊ ကိုယ်နေတဲ့အိမ်ကို ကိုယ့်အိမ်လိုမှတ်တဲ့လူမှ၊ လာစပ်ကြပါတယ်၊



စိတ်တိုင်းကျကို မတွေ့လို့ မငှားလိုက်ဘူး၊ တချို့ဆို အာမခံ တဲ့လူတွေ ဘာတွေနဲ့လာတာ၊ ဒါထက် တူမကြီးတို့ကိုကော ဘယ်သူက အာမခံပေးမလဲ'

မမဝေက ကျွန်တော့်ကို ကြည့်သည်၊ ကျွန်တော်ကလည်း မမဝေကို ကြည့်သည်၊ ဒေါ်မမလေးက ကျွန်တော်တို့နှစ်ဦးကို တစ်လှည့်စီ ကြည့်နေသည်။

မထူးတော့ပြီဟု သဘောပိုက်ကာ ကျွန်တော်က အမှန်ကို ဝန်ခံ၏။

'ကျွန်တော်တို့တော့ ဘယ်သူ့ကိုမှ အာမခံ မပြနိုင်ပါဘူး ဒေါ်ဒေါ်၊ ဒေါ်ဒေါ် စောစောက ခန့်မှန်းခဲ့သလိုပဲ ကျွန် တော်တို့ဟာ ရစ မောင်နှံပါ၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘဝကို နှစ်ယောက်တည်း လျှောက်ကြရမယ့် အခြေအနေပါ၊ ဒီလောက်ဆိုရင် ကျွန်တော် ဘာပြောတယ်ဆိုတာ ဒေါ်ဒေါ် နားလည်လိမ့်မယ်ထင်ပါတယ်၊ ကျွန်တော်တို့ ပေးနိုင်တာက တော့ ကတိပဲ၊ ဒေါ်ဒေါ် လိုချင်တဲ့ ကတိကို ကျွန်တော်တို့ ပေးပါမယ်၊ ပေးပြီးတဲ့ ကတိကို ကျွန်တော်တို့ မြဲပါမယ်၊ ဒီ့အပြင် တခြား အာမခံတော့ ဘာမှ ကျွန်တော်တို့ မတတ် နိုင်ပါဘူး ဒေါ်ဒေါ်'

ကျွန်တော့် စကားအဆုံးတွင် ဒေါ်မမလေးသည် အလွန် သဘောကျဟန်ဖြင့် ရယ်၏။

'ငါ့တူက စာရေးဆရာဆိုတော့ အပြောကောင်းတယ်၊ ငါ့တူမကြီးကလဲ ဒါကြောင့် ကြိုက်တာထင်ပါရဲ့၊ အဲဟဲ.... ဟဲ၊ ဒီမှာ ငါ့တူ၊ ဒီကလဲ ကြိုက်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ'

'ငါ့တူပြောတာလို ဒီကလဲ ကြိုက်သွားပြီလို့၊ အဲဒီလို ပြောင်ပြောရင် ဒီက သိပ်ကြိုက်တယ်၊ ဒီက တစ်သက်လုံး ရှေ့ကဲ စိန်ကဲနဲ့ လူကဲခတ်ပြီး ထမင်းစားလာတဲ့ မိန်းမ၊ မြင်ကတည်းက လူရည်သန့်တွေမှန်း ဒီက သိပြီးပြီ၊ ကဲ....အလုပ်စကားပဲ ပြောတော့မယ်၊ အိမ်လခက တစ်ရာ၊ စပေါ်က တစ်ထောင်၊ ဘယ့်နှယ်လဲ....ပေးနိုင်ကြရဲ့လား'

'စပေါ် တစ်ထောင်ရဲ့ သဘောက ဘယ်လိုပါလဲ ဒေါ်ဒေါ်'

'ငါ့တူတို့ ဒီအိမ်မှာမနေဘဲ ပြောင်းတဲ့နေ့၊ အိမ်ကလဲ ငါ့တူတို့ကြောင့် ဘာမှမဖြစ်ဘူးဆိုရင် အဲဒီ တစ်ထောင်ကို ဒီက ပြန်ပေးမယ်'

'တစ်ထောင်ထောင်ဆိုတော့ မများလွန်းဘူးလား ဒေါ်ဒေါ်ရယ်'

'များပါတယ်၊ ဒီက တမင် များများတောင်းထားတာ၊ ဒါမှလဲ လူရည်သန့်တာ ဒီကရနိုင်မယ်လေ'

ကျွန်တော်က စျေးဆစ်မည်အလုပ်၌ မမဝေက ဝင်ပြောသည်၊

'ကောင်းပါပြီ၊ ကျွန်မတို့ စျေးမဆစ်တော့ပါဘူး၊ တစ်ခုတည်း မေးချင်တယ်၊ တစ်ထောင်ကို ဒေါ်ဒေါ်က ငွေသားပဲလိုချင်တာလား'



'ငါ့တူမကြီးက ဘာပြောတာလဲ'

'ကျွန်မတို့မှာ အခု ငွေသားမလွယ်ဘူး၊ ပစ္စည်းဆိုရင်ကော'

'တူမကြီးက ဘာပစ္စည်းရှိလဲ'

မမဝေသည် လက်ပွေ့အိတ်လေးကိုဖွင့်ပြီး ဆွဲကြိုးတစ်ကုံး ထုတ်ပြ၏၊ နီလာမျက်ရွဲနှင့် ဆွဲကြိုးတည်း။

ဒေါ်မမလေးက ဆွဲကြိုးကို ခပ်သေချာစွာ ကြည့်၏။

'တူမကြီးက ဒါကို စပေါ်အဖြစ် တင်မယ်ပေါ့'

'စပေါ်လို့ မပြောကြပါနဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်က စိတ်ချလို့ ကျွန်မတို့ကို ဒေါ်ဒေါ် အိမ်ငှားတယ်၊ ကျွန်မတို့က ဒေါ်ဒေါ်ကို စိတ်ချလို့ ဒီပစ္စည်းကို အပ်ထားမယ်၊ ကျွန်မ ဆွဲကြိုးက တစ်ထောင်မက တန်ပါတယ်'

ဒေါ်မမလေးသည် ခေတ္တငြိမ်ပြီး စဉ်းစားနေ၏၊ အတန်ကြာမှ ခေါင်းညိတ်သည်၊

'တူမကြီးပြောတာ လမ်းကျတယ်၊ ဟုတ်ပြီ၊ ဒီက သဘောတူတယ်'

'ဒါဖြင့် ကျွန်မတို့ ဘယ်တော့ပြောင်းလာရမလဲ'

'နက်ဖြန်လာလာ သန်ဘက်ခါလာလာ၊ ရော့....ရော့....ပစ္စည်းလေး ပြန်ယူသွား၊ ဒပြောင်းတဲ့နေ့ကျမှပေး'

www.burmeseclassic.com

www.burmeseclassic.com



မမဝေက ဆံပြုတ်ကြိုးလေးကိုပြန်ယူရင်း ‘ကျွန်မတို့ မနက်ဖြန်ပဲ ပြောင်းလာချင်တယ် ဒေါ်ဒေါ်’ဟု ဆို၏။

‘လာပါ၊ ဒီကလဲ ဒီမှာတစ်ယောက်တည်း ကြာကြာမနေရဲဘူး၊ ဟောဒီ တူလေးကို ခဏ အဖော်ခေါ်ထားရတာ’

ဒေါ်မမယေးကို နှုတ်ဆက်ပြီး ပြန်လာကြသောအခါကားပေါ်တွင် မမဝေက မျက်နှာလေးတရွှင်ရွှင်ဖြင့် နှုတ်လေးကသွက်နေသည်။

မမဝေ အကြိုက်လိုက်ပြီး ပြုံးရွှင်ရယ်မောနေရသော်လည်း တစ်ဆမ်းလုံး ကျွန်တော် စိတ်မကောင်း။

ဟိုဘယ်ပြန်ရောက်ကြသောအခါတွင်ကား ကျွန်တော့်ရင်တွင်း၌ အောင့်မထားနိုင်တော့။

‘မမဝေ မကြိုက်တဲ့စကားကိုပဲ မောင် ပြောရဦးမယ်’

‘ဘာလဲ မောင်’

‘မောင့်ရင်ထဲ မကောင်းဘူး’

‘ဘာမကောင်းတာလဲ မောင်’

‘မမဝေ ဆံပြုတ်ကြိုးလေး ပေါင်ထားရမှာ’

‘ဪ....ဒါလား မောင်၊ ဒါတော့ မောင်ရယ်.... မရှိဝမ်းစာ၊ ရှိရတနာ တဲ့’

‘ဒါကို မောင် သိပါတယ်၊ ဒါပေမယ့်....’



‘ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့ မောင်၊ မမဝေ ပျော်နေတာ စိတ်မဆင်းရဲပါရစေနဲ့၊ ဒီ ထက်မကတဲ့ဟာတွေကို စွန့်ပြီး မောင့်နောက် လိုက်ခဲ့ရတဲ့ မယားပါ မောင်ရယ်’

ကျွန်တော် ဘာမျှ ထပ်မပြောနိုင်တော့ပါ။

ပါးချင်းအပ်ပြီး မမဝေ၏ ကျောလေးကိုသာ ယုယစွာ ပွတ်သပ်နေမိသည်။

မမဝေထံမှ ရယ်သံလေး ပေါ်လာ၏။

‘မောင်ရေ’

‘မမဝေ’

‘မောင် စာရေးလို့ ပိုက်ဆံတွေရရင်သေ....’

‘အင်း....’

‘အဲဒီဆံပြုတ်ကြိုးလေး ပြန်ရွေးတာပေါ့၊ ဟုတ်ဘူးလား’

‘စိတ်ချ၊ မောင် ကြိုးစားမယ်’

‘မမဝေ ပြန်လိုချင်လို့ တော့မဟုတ်ဘူးနော်’

‘ဪ.... မမဝေရယ်.... မောင် သိပါတယ်၊ မမဝေ စေတနာကို မောင် ကောင်းကောင်း သိပါတယ်၊ သိလွန်းလို့ မမဝေကို မောင် ပိုပို ချစ်ရတယ်၊ ချစ်ရတာ ရင်မှာမဆံ့လို့ မောင့်ရင်များ ပွင့်ထွက်မလား အောက်မေ့ရတယ်’

‘အမလေး....ရင်ကြီးတော့ပွင့်ထွက်မသွားပါနဲ့၊ ဒီရင်တစ်ခုပဲ မမဝေမှာ ခိုလှုံစရာရှိပါတယ် မောင်ရယ်၊ ကိုသည်းကြီးရယ်၊ မမဝေ မောင် ကိုဖိုးသည်းကြီးရယ်’

www.burmeseclassic.com

www.burmeseclassic.com



မမဝေ့မောင် ကိုဖိုးသည်းကြီး ကျွန်တော်က မမဝေ့ ပါးနုနုကို သည်းသည်းကြီးပင် မွှေးကြူမိရပါ၏။

✹

အခန်း (၁၉)

ရှမ်းလမ်းကြီး၏ အနောက်ဘက်ရှိ လမ်းသွယ်တို့အနက် ဧယျဝတီလမ်း၊ဟာရှတ်ကျောင်းလမ်း၊ သံတံတားလမ်း စသည်ဖြင့် ထင်ရှား၍ ကျယ်ဝန်းသော လမ်းသွယ်ကြီးများ ရှိကြသည်။ ယင်းလမ်းကြီးများနှင့်ယှဉ်လျှင် သရက်တောလမ်းသည် သေးငယ်၍ အနည်းငယ် ချောင်ကျသည်။

သေးငယ်ချောင်ကျသော သည့်လမ်းကလေးကိုပင် မမဝေနှင့် ကျွန်တော်တို့က နှစ်သက်သည်။ ဇာတ်မြုပ်၍ အေးအေးတုပ်ကုပ် နေလိုသော ကျွန်တော်တို့ လိုအင်နှင့် ကိုက်ညီသည်။

www.burmeseclassic.com

www.burmeseclassic.com

စားပွဲကုလားထိုင်လေးတစ်လုံးနှစ်လုံးနှင့် အိုးခွက်ပန်းကန်လေး အနည်းငယ် ဝယ်ယူပြီးစီးသောအခါ လင်ကိုယ်မယားနေသာရုံ အိမ်လေးက ပြည့်စုံလာသည်။

အိမ်လေးကို ပြင်ဆင်ပြီးသော ညနေတွင် ကျွန်တော်က ပြော၏။

'မမဝေရေ...မောင်တို့ အားလုံးတော့ ပြီးပြီ အရေးကြီးတာ တစ်ခုပဲ မလုပ်ရသေးတယ်'

'ဘာလဲ မောင်'

'မောင်တို့ လက်မထပ်ကြရသေးဘူး'

'ဟွန်း.... အကောင်းပြောသလား အောက်မေ့တယ်'

'မောင်က အကောင်းပြောတာပဲ'

'အခုမှ သတိရ,ရသလား၊ ပွတူးတူးလေးတွေရမှ သတိရပါလား၊ ဟင်း'

'မဟုတ်ဘူးလေ၊ မောင်တို့ ရုံးမှာဖြစ်ဖြစ် တက်လက်ထပ်ထားကြရင် ကောင်းမလားလို့'

'ဘာဖြစ်လို့'

'ဘာရယ်လို့တော့ ဟုတ်ပါဘူးလေ၊ မောင်က လိုမလားလို့'

'မောင့်ကို မမဝေက ထားပြီး ပစ်ပြေးမှာ စိုးလို့၊ ဟုတ်လား'



'မမဝေကလဲ ကြံကြီးစည်ရာ၊ မောင်က ဘာလို့ အဲဒီလို စိုးရိမ်ရမှာလဲ'

'မစိုးရိမ်လဲ ပြီးတာပဲ၊ ရုံးတက် လက်ထပ်ရမှာကြီးတော့၊ ဟင်း...မမဝေ ရှက်ပါတယ်'

'မမဝေ သဘောပါပဲလေ၊ မောင်က စဉ်းစားမိတာပြောတာ'

မမဝေသည် မေတ္တာ ငြိမ်၍နေသည်။ အတန်ကြာမှ သက်ပြင်းလေး ချပြီး ပြော၏။

'မေါင်းသင်းကြတယ်ဆိုတာ နှလုံးသားချင်းပါမောင်ရယ်၊ မေတ္တာနဲ့ သစ္စာထက် ဘာတွေကများ ပိုအာမခံနိုင်လို့လဲ၊ ထုံးစံမို့ တစ်ခုခု လုပ်ချင်တယ်ဆိုရင်တော့ မမဝေ စဉ်းစားမိတာ ရှိတယ်'

'ဘယ်လိုလဲ မမဝေ'

'ခုနေတော့ မမဝေတို့ လက်ထဲမှာ ငွေလေး နည်းနည်းပဲ ရှိတော့တယ်၊ အခြေအနေကလဲ ငြိမ်နေတာ အကောင်းဆုံးပဲလို့ မမဝေ ထင်နေတုန်းပဲ၊ မောင့်ဝတ္ထုကြီးလဲ ပြီးခါနီးပြီပဲ အဲဒီဝတ္ထုထွက်လာတော့ မောင်လဲ စာရေးဆရာတစ်ဦး မိဗိသသ ဖြစ်လာပြီ၊ မမဝေလဲခကလဲ အပြည့်ရတော့မယ်၊ အဲဒီတော့မှ မမဝေဘက်က သူငယ်ချင်းတွေ၊ မောင့်ဘက်က စာရေးဆရာတွေ ဖိတ်ပြီး တစ်ခုခု ကျွေးလိုက်ကြရရင် မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

'ဟာ....ဟုတ်တယ်၊ မမဝေအကြံ သိပ်ကောင်းတယ်၊ အဲဒီလိုပဲ လုပ်ကြတာပေါ့'

ကျွန်တော်တို့သည် သိုသိုသိပ်သိပ်လေးပင် ဆက်နေကြ၏။

နံနက်ရှစ်နာရီဆိုလျှင် ရုံးသွားရန် မမခဝက အိမ်မှ ထွက်သည်။ မီးရထားလမ်း သံတံတားကြီးကိုကျော်ပြီး ကားမှတ်တိုင်အရောက် ကျွန်တော်က လိုက်ပို့ပေးသည်။

တစ်နေ့လုံး ကျွန်တော်က အိမ်တွင် စာထိုင်ရေးသည်။

ကျွန်တော်က ဝတ္ထုကြီးကို သုံးပိုင်း ပိုင်းရေးသည်။

ပထမပိုင်းကား အေးချမ်းသောကာလက ချောင်းသာဒေသ၏ ဘဝနှင့် သဘာဝဖြစ်သည်။ ကျွန်တော့်ဇာတ်လိုက်၏ ဖခင်က ပင်လယ်ထွက်၍ ငါးဖမ်းသူဖြစ်သည်။ ငါးဖမ်းထွက်သည်ကို 'ချိုင့်ဆွင်း'သည်ဟု ခေါ်သည်။ ကျွန်တော့် ဇာတ်လိုက် ဖခင်သည် အဓိကအားဖြင့် 'ငါးကြမ်းပိုက်'သမားဖြစ်၏။ ငါးကြမ်းနှင့် ငါးမန်းများကို ဖမ်းသည်။ စွယ်သေငါးမန်း၊ ရင်သေငါးမန်း၊ ကြယ်ငါးမန်းများအကြောင်းကို ကျွန်တော်က အသေးစိတ် မှန်းပြသည်။ ပင်လယ်၏ ကြည်နူးဖွယ်ရာနှင့် အန္တရာယ် အသွယ်သွယ်ကိုလည်း ဖော်ပြသည်။ ကျွန်တော့် ဇာတ်လိုက်မင်းသမီး၏ မိဘတွေကား အုန်းခြံပိုင်ရှင်ဖြစ်သည်။ မင်းသားနှင့်မင်းသမီးတို့၏ ကလေးဘဝသံယောဇဉ်နှင့် အပြစ်ကင်းသော မေတ္တာကို အသားပေးကာ ဇာတ်အိမ် ပန္နက်ရိုက်ထား၏။

ဝတ္ထု၏ ဒုတိယပိုင်းကား ချောင်းသာနှင့်တကွ ဆင်မ၊ ရှေ့ခက်ချောင်း၊ ငဆော်၊ သဇင်၊ အုန်းချောင်း၊ သဘော့အန်၊



မန်ကျည်း စသော ကျွန်တော်တို့ ဒေသမှ ပြည်သူများ ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြပုံအကြောင်းဖြစ်သည်။ ကျွန်တော့်ဇာတ်လိုက်၏ ဖခင်သည် ထိုသို့ ကြိုးပမ်းရင်း ကျဆုံးကွယ်လွန်သည်။

ဝတ္ထု၏တတိယပိုင်းကား ပြန်လည်အေးချမ်းစချောင်းသာ တစ်ဝိုက်၏ ဇာတ်လမ်း ဖြစ်သည်။ ကျွန်တော့် ဇာတ်လိုက်က မုဆိုးမသားအဖြစ် ပင်လယ်မှာ ပြန်ရုန်းကန်ရသည်။ မင်းသမီးက ပုသိမ်မြို့တက်ပြီး ကျောင်းနေ၍ တက္ကသိုလ်ကျောင်းသူကြီးဖြစ်လာသည်။ ပြာပုံမှ ပြန်လည်ထူထောင်ရသော ချောင်းသာ တစ်ဝိုက်ဆီ၌ လူမှုရေးနှင့် စီးပွားရေးပြဿနာတွေက အနန္တ ကျန်နေသေးသည်။ ပညာတတ်မြို့ကြီးသူဖြစ်နေသူ မင်းသမီးက ချောင်းသာ သောင်ငွေဦးဆီ ပြန်လာမည်လော။ ဘယ်အမြင် ဘယ်ရည်ရွယ်ချက်နှင့် ပြန်လာမည်နည်း။ ဇာတ်လိုက်၏ အဝသည်လည်း လှိုင်းလေထူပြောသော ပင်လယ်ပြင်တွင် ထာဝရ ရုန်းကန်နေရမည်လော။ လှပသော ချောင်းသာ တစ်ဝိုက်မှ ပြည်သူတွေမှာလည်း အနာဂတ်အတွက် ဘာမျှော်လင့်ချက် များ ရှိနေပါသနည်း။

အမှောင်ဆုံးကာလ ညများမှာပင် ချောင်းသာ၌ ကြယ်မကြွေခဲ့။ သဘာဝဒဏ်နှင့် သောင်းကျန်းမှုဒဏ်ကို ပင်လယ်ကျောက်ဆောင်ပမာ ကြံ့ကြံ့ခံနိုင်သော သူတို့၏ ရင်တွေမှာ မျှော်လင့်ချက် ကြယ်မင်းက မကြွေ၊ ဘယ်တော့မှ မကြွေ။

ဝတ္ထုက ဇာတ်သိမ်းပိုင်း ရောက်လာပြီ ဖြစ်သောကြောင့် ပိုခက်လာသည်။ ပိုခက်လာလင့်ကစား ရေးရသည်မှာ ပိုအားရှိ

www.burmeseclassic.com

www.burmeseclassic.com



လာသည်၊ ဪ...မမဝေကလည်း အနီးတွင် အစဉ်လိုလို ရှိနေပြီ မဟုတ်လော။

တစ်နေ့ခင်းလုံး ကျွန်တော်က စာရေးသည်၊ ညနေကျလျှင် ဈေးသွားဝယ်သည်။

မမဝေက ဟင်းမချက်တတ်၊ ထမင်းပင် ဟုတ်တိပတ်တိ မချက်တတ်၊ ကျွန်တော်က သင်ပြပေးရသူပါ။

မမဝေ ရုံးက ပြန်ရောက်သောအခါတွင် ကျွန်တော်က ဟင်းလျာကို ကိုင်ပြီးပြီ။

'ကြည့်စမ်း၊ မောင်က ငါးတွေ ကိုင်ထားတယ်၊ မမဝေ လုပ်မှာပေါ့၊ အဲဒါက မမဝေအလုပ်'

'မမဝေက ငါးကိုင်တတ်လို့လား'

'လွယ်လွယ်လေးပဲ မောင်ရာ၊ အကြီးလေးထိုးပြီး ငါးဗိုက်ခွဲရတာ'

'ကဲ...ဟောဒီမှာ ငါးခူတွေ၊ အကြီးထိုးဖို့ မလိုဘူး၊ မနက်စာအတွက် မောင် ဝယ်လာတာ၊ မမဝေ ဘာလုပ်မလဲ'

မမဝေသည် ငါးခူတွေကို ထိုင်ကြည့်၏။ ဝင်းဝါသော သူ့ လက်ကလေးဖြင့် မရဲတရဲ တို့ကြည့်၏။

'ချွဲတယ်နော် မောင်'

'အင်း'



'အဲဒါကို ဘာလုပ်ရမလဲ၊ ရေဆေးလိုက်ရင် ချွဲတာပျောက်ရောလား'

ကျွန်တော်က ရယ်မိ၏။

'ရေဆေးရုံနဲ့ ချွဲတာ ဘယ်ပျောက်ပါ့မလဲ မမဝေရဲ့'

'ဒါဖြင့် ဘာလုပ်ရလဲ'

'နို့...ငါးကိုင်တာ လွယ်လွယ်လေးဆို၊ အခုက အကြီးတောင် မပါဘူး'

'မမဝေသာ အကြီးရှိတဲ့ ငါးကို ပြောတာ'

'ဆင်ခြေချည်းပဲ၊ နက်ဖြန်မှ မောင် ငါးပြေမ ဝယ်လာခဲ့ဦးမယ်'

'ဟင်း...အရိုးများတယ်၊ မမဝေ မစားတတ်ဘူး'

'ကဲပါ၊ ငါးကို မောင် ဆက်ကိုင်ပါ့မယ်၊ မမဝေက ဆန်ဆေး၊ ထမင်းအိုးတည်'

မမဝေသည် သွက်လက်စွာဖြင့် အိုးတွင်း ဆန်ထည့်ပြီး ဧဖြ သုံးထပ်ဆေး၏။ ရေနောက်ဆုံး ထပ်ထည့်ပြီး ကျွန်တော့်ကို ပြ၏။

'ရေ အဲဒီလောက်ဆို တော်ပြီလား'

'အမယ်လေး မမဝေ၊ အဲဒီလောက်ဆို ဆန်ပြုတ်ဖြစ်သွားမယ်၊ ရေတွေများတယ်၊ သွန့်ပစ်ဦး၊ ဆန်ပေါ်မှာ ရေကို လက်နှစ်ဆစ်လောက်ပဲ ထား'

www.burmeseclassic.com

www.burmeseclassic.com



မမဝေက ရေသွန်ပစ်လိုက်ပြီးနောက် ကျွန်တော့်ကိုပြုံးပြသည်။

'အဲဒီလောက်လား'

'အင်း....ဟုတ်ပြီ၊ ထည့်လိုက်တော့'

မမဝေက ထမင်းအိုးကို မီးဖိုပေါ်တင်လိုက်ပြီး ကျွန်တော့်အနီး လာထိုင်သည်။

'မမဝေ ဘာလုပ်ရဦးမလဲ မောင်'

'ငရုတ်သီးထောင်းဖို့ပဲ ရှိတော့တယ်၊ နေပါစေ၊ မောင်လုပ်မယ်၊ မနေ့ကလို မျက်စိထဲ ဝင်နေဦးမယ်'

'မဝင်စေရပါဘူး မောင်ရယ်၊ မမဝေ ငရုတ်သီး ထောင်းတတ်ပါပြီ'

'ဒါဖြင့် ဟောဟိုဇလုံထဲမှာ မောင် ငရုတ်သီးခြောက်တွေ စိမ်ထားတယ်၊ အညှာဖြုတ် ရေညှစ်ပြီး ထောင်း၊ လက်လဲ ပူဦးမယ်နော်'

မမဝေက ကျွန်တော် ခိုင်းသည့်အတိုင်း လုပ်ရှာသည်။

မျက်စိထဲဝင်မှာတော့ ကြောက်ရှာသည်ထင်၏၊ ငရုတ်ဆုံကို ဘေးတိုက် ပေးထိုင်ပြီး မျက်နှာလေးကို မလွှဲတလွှဲ လုပ်ထား၏။

အတန်ကြာသောအခါ ကျည်ပွေ့ဖြင့် ငရုတ်သီးတို့ကို မွှေပြီး ငုံ့ကြည့်၏၊ သူ့ဘာသာသူ မဆုံးဖြတ်ရဲသေးဘဲ ကျွန်တော့်ကို လာပြ၏။



'မောင်....အဲဒီလောက်ဆို ညက်ပါပြီနော်'

'အံ့မယ်....မောင့်မယားက တယ်ဟုတ်ပါလား၊ ငရုတ်သီးတောင် ညက်အောင် ထောင်းတတ်သွားပြီ'

'မောင်က မမဝေကို နှိမ်တာ'

'မနှိမ်ရပါဘူးဗျာ၊ တကယ် ချီးမွမ်းတာ၊ ကဲ....ကြက်သွန်တွေ ဘာတွေ ထည့်တော့၊ ချင်းကို အရင်ထည့်၊ ပြီးမှ ကျန်တာတွေ ထည့်၊ သတိလဲ ထားထောင်းဦးနော်၊ မနေ့က ကြက်သွန် ထည့်အထောင်းမှာ မျက်စိထဲ ဝင်တာ'

မမဝေသည် သတိထားထောင်း၏၊ လက်ဝါးလေးတစ်ဖက်ဖြင့် မျက်လုံးများကို ကာထား၏။

'မောင်'

'ဟင်'

'လုံးချက်တယ်ဆိုတာ ဘာကိုပြောတာလဲ'

'ငါးရော၊ ထောင်းထားတဲ့ ငရုတ်သီးကြက်သွန်တွေရော ဆီရော တစ်ခါတည်း ပေါင်းမွှေပြီး ချက်တာကို ပြောတာ'

'ငါးဆုပ်လို အလုံးလေးတွေလုပ်ပြီး ချက်တာ မဟုတ်ဘူး ပေါ့'

'မဟုတ်ဘူး၊ ဆီသတ်ချက်တာနဲ့ ခွဲပြီး ပြောတာ'

'မနေ့က မောင် ချက်ပြတာက ဆီသတ်ချက်တာ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'ဆီကို ဘာလို့ သတ်တာလဲ'

'ပိုပြီးမွှေးအောင်ပေါ့ မမဝေ၊ ဆီစိမ်းစော်လဲ မနံဘူးပေါ့'

'မောင် အဲဒါတွေ ဘယ်လိုတတ်သလဲ'

'ချောင်းသာတုန်းက အမေ့ ကူလုပ်ပေးရင်း တတ်တာပေါ့'

'မမဝေလဲ တတ်ချင်တာပဲ၊ ဒါပေမယ့် ဖေဖေက မမဝေ မီးဖိုချောင်ထဲဝင်တာ မကြိုက်ဘူး၊ ကဲ...အခု လင့်ရတော့ မမဝေ ဘာအသုံးကျသေးလဲ'

မမဝေက ပြုံးပြုံးလေးနှင့်ပြောနေသော်လည်း ကျွန်တော့်ရင်မှာ ထိခိုက်မိသည်၊ မကျွမ်းမကျင်ဖြင့် ရှောက်သီးထောင်းနေဟန်လေးကို ကြည့်ကာ ကရုဏာသက်မိ၏။

ဩော်...ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် ဘဝကို စွန့်ခဲ့သူ၊ ကျွန်တော့်အတွက် စွန့်လေခဲ့သူ၊

ကျွန်တော်သည် စိတ်ကူးကိုဖြတ်ပြီး လုပ်စရာရှိသည် ဆက်လုပ်၏။

အကွင်းလိုက်လှီးထားသော ငါးရံ့သားကို ကျွန်တော်က ဆားနှင့်နယ်ပြီးပြီ၊ ခရမ်းချဉ်သီးကို အစိတ်လေးတွေ ဆက်စိတ်နေ၏။



'မောင်ရေ ပြီးပြီ'

'ဒါဖြင့် ချက်ရုံပဲ၊ မမဝေရေ ဒီညစာ ငါးရံ့ရေချိုဟင်း၊ သရက်သီးလေး တွေလဲ တို့ဖို့ ဝယ်လာခဲ့တယ်'

'ငါးရံ့ရေချိုနဲ့ သရက်သီးတို့စရာ၊ မောင် အစပ်တယ်ဟုတ်ပါလား၊ မမဝေ ဆာတောင်လာပြီ'

'မမဝေလဲ မောင်နဲ့ပေါင်းလို့ထင်တယ်၊ ပိုဘာတ်လာပြီ'

'မပိုရပါဘူး ရှင့်ယ်၊ ကိုယ့်လင်ကို ကိုယ် အဟုတ်ချီးမွမ်းတာပါ၊ ကဲ...မမဝေ ဘာကူရဦးမလဲ'

'မောင်လုပ်တာ ဘေးကကြည့်နေပေါ့၊ ပြီးတော့ မှတ်ထားနော်'

'ဟုတ်ကဲ့ ရှင့်'

ကျွန်တော်က ထမင်းအိုးတည်ထားသော မီးဖို၏ ဘေးမှ အခြား မီးဖိုတစ်ခုပေါ်တွင် ဒန်အိုးအသစ်လေးတစ်လုံးကို ရေဆေးပြီး တင်သည်။

လုပ်ချင်ကိုင်ချင်နေသော မမဝေက ဆီပုလင်းကိုယူပြီး ဆို၏။

'မမဝေ ဆီလောင်းထည့်လိုက်မယ်နော်'

'ခဏနေဦး၊ ရေမခြောက်သေးလို့၊ ဆီထပေါက်ပြီး မမဝေ အပူလောင်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မမဝေသည် လျှာလေးတစ်လစ်လုပ်ပြီး ဇက်ပုပြ၏။

'ကဲ....ထည့်တော့'

မမဝေသည် အိုးတွင်းသို့ ဆီအနည်းငယ်ထည့်ပြီး 'ခတော်ပလား မောင်'ဟု မေးသည်။

'ထည့်ဦး၊ အဲ....ဟုတ်ပြီ၊ တော်ပြီ'

ဆီဆူလာသောအခါ ကျွန်တော်က နနွင်းမှုန့်အနည်းငယ်ထည့်သည်။ ပြီးမှ မမဝေ ထောင်းပေးထားသော ငရုတ်ကြက်သွန်တို့ကို ထည့်ပြီး မွှေပေးသည်။

မမဝေက ငါးပန်းကန်ကို ကိုင်၍ စောင့်နေသည်။

'ကဲ....ငါးထည့်၊ ခရမ်းချဉ်သီးလဲ ထည့်'

မမဝေက ကျွန်တော်ခိုင်းသည့်အတိုင်း တပြုံးပြုံးနှင့် လုပ်သည်။

ဟင်းအိုးကို သမအောင်မွှေပြီးနောက် ယောက်မကို ကျွန်တော်က ချထားလိုက်သည်။

'အဲဒါ ပြီးရောလား မောင်'

'ခဏအုပ်ထားရမယ်၊ ပြီးတော့မှ ရေကို အလျောတော်ထည့်ရမယ်'

'အဲဒီလိုဆို ရေချိုဟင်းဖြစ်သွားကောလား'

'ဒါပေါ့'



ဟင်းအိုးကိုအုပ်ထားပြီး ကျွန်တော်က မနက်စာအတွက် ငါးခူကို ဆက်ကိုင်၏။

ပထမ ဆူးတောင်များကို ဖြတ်သည်။ ထို့နောက် ပြာနှင့်လူးပြီး အချွဲချွတ်၏။

'ပြာနဲ့ ဘာလို့ လူးတာလဲ မောင်'

'အချွဲကုန်အောင်လေ၊ တချို့က သံမံတလင်းမှာ ပွတ်ပစ်တယ်၊ ပွတ်ပစ်တော့ အရေခွံမလှတော့ဘူး၊ ခူလိုဟာက ရေဆေးလိုက်ရင် ဖွေးသွားတယ်'

'မောင် လက်ဆေးလေ၊ မမဝေ ဆက်လုပ်လိုက်မယ်'

'မောင် အားနေလျက်နဲ့ မမဝေ မလုပ်ရဘူး၊ မမဝေ့ လက်လှလှလေးတွေ မောင် အလှမပျက်စေချင်ဘူး'

'မောင်ကချည်းပဲ တစ်သက်လုံး လုပ်သွားမလို့လား၊ အို.... တယ်ဖြစ်မလဲ'

'နောက်တော့ လုပ်ချင်လုပ်ပေါ့၊ အခု မလုပ်ရသေးဘူး၊ ဟောဟိုမှာ ထမင်းအိုးဆူပြီလားမသိဘူး၊ သွားကြည့်ဦး'

မမဝေသည် မီးဖိုဆီပြေးကာ ထမင်းအိုးဖုံးဖွင့်၍ မွှေပေးသည်။

'မောင်ကလဲ အလန့်တကြား၊ မဆူသေးပါဘူး'

'ဟင်းအိုးလဲ ကြည့်လိုက်ဦး၊ ကပ်များကျန်ပြီလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မကပ်သေးပါဘူး မောင်၊ ဟယ်....မွှေးလိုက်တာ'

'အိုးကို နည်းနည်း လှုပ်ပေးပြီး ရေထည့်လိုက်တော့ မမဝေ'

'အင်းလေ၊ ဘယ်လောက်ထည့်ရမှာလဲ'

'ငါးမြှုပ်ရုံထည့် မမဝေ'

'ကဲ...ထည့်ပြီ၊ ဟင်းမှချိုရင်တော့ မမဝေ အပြစ်ပဲနော်'

'ချိုရမှာပေါ့ မမဝေရယ်၊ ပိုချိုရစေ့မယ်'

'ဘာပြုလို့'

'မမဝေ လက်ကလေးနဲ့ လောင်းထည့်လိုက်တာ မဟုတ်လား'

'ပိုပြီ၊ ဒီတစ်ခါ မောင် ပိုတဲ့အလှည့်'

ချစ်စ ခင်စ ကြင်နာစမို့ သည်လိုပင် ဘာလုပ်လုပ် ကျွန်တော်တို့ ပျော်ကြရသည်။ အချိန်လေးတွေသည် ဘယ်ပုံ ကုန်သွားလိုက်မှန်း မသိ၊

ညနေ မီးဖိုချောင်တွင် ကျွန်တော် ဆရာလုပ်သမျှ ညစာရေးစားပွဲတွင်ကား မမဝေက ကျွန်တော့် အယ်ဒီတာ ဖြစ်နေ၏။

ကျွန်တော်က စာဆက်ရေးနေစဉ် ဘေးရှိ ပက်လက်ကုလားထိုင်လေးပေါ် ထိုင်ရင်း မမဝေက ကျွန်တော် ရေးပြီးသမျှ စာမူများကို ဖတ်သည်။



'မဟာ....မောင် လုပ်ပြန်ပြီ'

'ဘာလဲ မမဝေ'

'ဒီမှာ ရေးထားတာလေ၊ ကျွန်တော်က ရုတ်တရက် ဘာမျှ မပြောနိုင်၊ အညိုထွေးကသာ ကြေကွဲစွာ တစ်လုံးချင်း ဆက်ပြောနေ၏တဲ့'

'အဲဒါ ဘာပြုလို့လဲ မမဝေ'

'မောင်က ဒတ္တုကို ကျွန်တော်က ပြန်ပြောနေဟန် ရေးထားတယ်၊ ကျွန်တော်က အညိုထွေး ရင်ထဲက ခံစားမှုကို ဘာကြောင့် သိနိုင်သလဲ'

'မသိနိုင်ဘူးလား မမဝေရဲ့၊ သိနိုင်တာပေါ့'

'သိတော့သိနိုင်တယ်လေ၊ ဒါပေမယ့် အပိုင်မပြောနိုင်ဘူး၊ ကိုယ့်ခံစားမှုကိုသာ ကိုယ်က နာမည်အတိကျ တပ်ခွင့်ရှိထား၊ သူတစ်ပါးခံစားမှုကို ကိုယ်က အဲဒီလို သွားလုပ်ခွင့်မရှိဘူး၊ ဥပမာ အညိုထွေးက ရုတ်တရက် ဘာမျှပြန်မပြော၊ ကျွန်တော်ကသာ ကြေကွဲစွာ တစ်လုံးချင်း ဆက်ပြော၏၊ အဲဒီလို ရေးလို့ရတယ်၊ ခံစားသူက ကျွန်တော်ကိုး၊ အညိုထွေးကျတော့ ဘာမျှပြန်မပြောနိုင် လို့တော့ ရေးခွင့်မရှိဘူး၊ ဘာမျှ ပြန်မပြော၊ ဒီလိုသာ ဆိုနိုင်တယ်၊ မပြောနိုင်လို့ ဆိုလိုက်တာနဲ့ အညိုထွေး စိတ်နေရာ ကျွန်တော်က ဝင်ယူသလိုဖြစ်သွားတယ်၊ မမဝေ ဝေဖန်တာ သဘောပေါက်ရဲ့လား'

'ဟုတ်ပါတယ်၊ ကျွန်တော် အဲဒါ သတိမထားမိဘူး'

'မောင်တွင်မဟုတ်ပါဘူး၊ စာရေးဆရာ တော်တော်များများ သတိလစ်ကြတယ်၊ ကျွန်တော်က ပြန်ပြောဟန်ကို ရေး

www.burmeseclassic.com

www.burmeseclassic.com



နည်းမှာ လှုတ်လပ်မှာတွေရှိတယ်၊ စာရေးဆရာပြောချင်တာကို ဇာတ်လိုက် ကျွန်တော်က တော်တော်သယ်ပေးနိုင်တယ်၊ ဒါပေမယ့် တခြား ဇာတ်ကောင်တွေကို ဖော်ရမှာတော့ လွတ်လပ်မှု နည်းသွားတယ်၊ ကျွန်တော်မြင်တာ၊ ကျွန်တော်ကြားတာ၊ ကျွန်တော်ထင်တာကို ရေးနိုင်တော့တာကိုး၊ အဲဒါကို သတိ လစ်လိုက်ရင် အခု မောင်ရေးသလို ရေးမိကုန်ရော'

'ဒီလိုဆို ရေးထားတာကို မောင် ဘယ်လိုလုပ်ပြင်ရမလဲ'

'အမြင့်အထင် ဖော်တဲ့ စကားတွေနဲ့သာပြင်ရေးရမှာပေါ့၊ မမဝေ မြင်လိုက်မယ်၊ ကျွန်တော်က ရုတ်တရက် ဘာမျှမပြောနိုင်၊ အညိုထွေးကသာ ကြေကွဲဟန်ဖြင့် တစ်လုံးချင်းဆက်ပြောနေ၏၊ ဟုတ်လား၊ ဒါမှမဟုတ် အညိုထွေးကသာ ကြေကွဲမှုကို မဖုံးနိုင်သော လေသံအလေးဖြင့် တစ်လုံးချင်း ဆက်ပြောနေ၏'

'ဟာ....ကောင်းတယ် မမဝေ၊ ဒုတိယအသုံးက မောင်ဆိုလိုတာနဲ့ ပိုနီးတယ်'

'စကားစပ်လို့မမဝေ တစ်ခါတည်းပြောထားမယ်၊တစ်ခါတလေ ကျွန်တော်က ပြန်ပြောဟန်တော့ မရေးဘူး၊ ဒါပေမယ့် အဓိကဇာတ်ကောင်တစ်ယောက်ကို စိုးမိုးမှုပေးရေးထားတယ်၊ ဝတ္ထုတစ်ခုလုံးမှာ အဲဒီဇာတ်ကောင်ရဲ့ အမြင်၊အထင်၊အကြား၊ ခံစားမှု၊ အတွေ့အကြုံ စသည်ကို ကြောရိုး လုပ်ထားတယ်၊ အဲ....အခန်းတစ်ခန်းမှာကျတော့ တခြားဇာတ်ကောင်တစ်ဦးရဲ့ အမြင်အထင် စသည်ကို သွားဖော်မိရင် အနုပညာချိန်ခွင်



ရုတ်တရက် တစ်ဖက်စောင်းသွားတာမျိုး ဖြစ်တတ်သေးတယ်၊ မောင် သတိထားပေါ့'

ကျွန်တော်သ သဘောကျစွာ ရယ်ပြီး ပြောမိ၏၊

'မမဝေ သိပ်နားလည်တာပဲ၊ မမဝေ ကိုယ်တိုင် ဝတ္ထု တစ်ပုဒ် ရေးပါလား'

'မမဝေ တစ်ခါ ပြောဖူးသားပဲ၊ စနစ်တွေ နားလည်တိုင်း စာရေးဆရာ မဖြစ်နိုင်ဘူးလို့၊ ပါရမီသာ အဓိကပါ မောင်ရယ်၊ မမဝေကတော့ မောင့်ပါရမီ ကူညီဖြည့်ပေးရတဲ့ ဘဝကို ရွေးထားတာ၊ အဲဒီဘဝကို ကျေနပ်ပါပြီ'

ကျွန်တော် ဘာမျှမပြောနိုင်ပါ။ ကျွန်မတော့် ရင်တွင်း၌ ကြည်နူးမိပါသည်။ သို့ရာတွင် ဇနအဇာတ်၌ ဦးဩဘာသ ရေးသကဲ့သို့ 'နှလုံးကြည်နူး၍ ငါငိုသတည်း'ဟု မငိုမိတိုင်စေ၊ မျက်ရည်တော့ ဝဲမိသည်။

မမဝေသည် ဖတ်ရှုဝေဖန်ရန် စာမူမရှိသည့်အခါ၌ စာလိုက်ရေးပေးသည်။ ရုံးမှာ တစ်နေကုန် အလုပ် လုပ်လာပြီးမှ ညတွင် စာလိုက်ရေးပေးသည်ကို ကျွန်တော်က သဘောမတူနိုင်ပါ၊ ကန့်ကွက်သော်လည်း မရ။

'ရုံးမှာက ကြီးကြပ်စီမံရုံပါ မောင်ရယ်၊ မမဝေ မပင်ပန်းပါဘူး'

'မပင်ပန်းပေမယ့် သက်သာတယ်တော့ ဘယ်ရှိနိုင်ပါ့မလဲ မမဝေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မောင် စာရေးနေတုန်း မမဝေက ဘာလုပ်နေရမလဲ'

'နားနေပေါ့၊ အိပ်ချင်လဲ အိပ်လေ'

'အို....မောင် မအိပ်ခင် မမဝေ မအိပ်နိုင်ပါဘူး'

'ဒါဖြင့် ဘေးမှာထိုင်နေ'

'အဲဒီတော့လဲ ပျင်းတယ် မောင်ရဲ့'

ကျွန်တော် အဖြေပေးရသည်ပင်။

ကျွန်တော်က လမ်းလျှောက်ရင်း စိတ်ကူး၍ တစ်လုံးချင်း ပြောပေးသည်။ မမဝေက လိုက်ရေး၏။

တစ်ခါတစ်ရံတော့ မမဝေ နောက်ပါးမှရပ်ရင်း မမဝေ၏ ပခုံးလေးကို ကိုင်လျက် ကျွန်တော်က ပြောသည်။ ကျွန်တော် အတွေးပြတ်၍ ငြိမ်စဉ်းစားနေသောအခါ မမဝေက ခေါင်းလေးကို နောက်လှန်ကာ ကျွန်တော့် ရင်ဘတ်ဆီ မှီရင်း မျက်ဝန်းပြာကြီးများ တရွှန်းရွှန်းနှင့် ကျွန်တော့် မျက်နှာကို ကြည့်လျက် စောင့်နားသည်။

လူလည်း ညောင်း၊ ဦးနှောက်လည်း ညောင်းသည့်အခါတွင် မအိပ်ချင်သေးက ကျွန်တော် တယောထိုးသည်။ ထိုအခါတွင် ကျွန်တော်တို့က အိမ်ရှေ့ခန်း မီးကို ပိတ်ထားလိုက်သည်။ အိမ်ရှေ့နှင့် ပြတင်းမှ ဝင်လာသော ကြယ်ရောင် လရောင်နှင့် လုံလောက်သည်။

ဖိနပ်ချွတ် ကြမ်းပြင်ဆီ ခြေချပြီး တံခါးပေါင်ကိုမှီ၍ ကျွန်တော်က တယောထိုးသည်။ ကျွန်တော့် ကျောတစ်ခြမ်းကိုမှီပြီး မမဝေက တိုးတိုးသာသာ သီချင်းဆို၏။



ကြယ်ရောင် လရောင်မှာ မမဝေကပိုလှသည်ဟု ကျွန်တော်ထင်သည်။ အလင်းရောင်လဲ့မှုန်မှုန်တွင် မမဝေ၏ အသားလေးများက ရေးရေးနှင့် ဖွေးဖွေးစင်သည်။ မျက်လုံးများက တဖျပ်ဖျပ် ပြာမြရွှန်းလက်သည်။

မေတ္တာဘုံ၊ သို့မဟုတ် မေတ္တာရိပ်မြုံ၊ စာတွေထဲ၌ ဤသို့ သုံးကြသည်ကို ယခင်က ကျွန်တော် ဖတ်ဖူးသည်။ ယခုတော့ ကိုယ်တိုင်ကြုံရသည်၊ ကိုယ်တိုင် ပိုင်ရသည်။

မမဝေနှင့်အတူ ကိုယ်တိုင် ပိုင်ရပါသည်။

✱

www.burmeseclassic.com

## အခန်း (၂၀)

မေလကုန်တွင် ကျွန်တော့် ဝတ္ထုကြီးက ပြီးသွားသည်။

'မောင် ဘယ်တိုက်ကို ပို့မလဲ'

မမဝေက မေးသောအခါ ကျွန်တော် ရုတ်တရက်မဖြေနိုင်၊

'ဆက်သွယ်နေကျ မဂ္ဂဇင်းတိုက်ပဲ ပို့ရမှာပဲထင်တယ်၊ ဒါမှ မဟုတ် လုံးချင်းထုတ်တဲ့ တိုက်တစ်ခုခုနဲ့ စမ်းကြည့်ရမှာပဲ'

မမဝေက ခေါင်းခါ၏။

'နာမည်မရသေးတဲ့လူကို လုံးချင်းတိုက်တွေက နှိမ်တတ်တယ်လို့ မမဝေ ကြားဖူးတယ်၊ ပြီးတော့ တိုက်မကောင်းလို့ ကိုယ့်ပထမဦးဆုံးဝတ္ထုဟာ ပလက်ဖောင်းပေါ်က အဟောင်းဈေး ရောက်သွားရင် အညွန့်ကျိုးတာပဲ မောင်'



'ဒါဖြင့် မဂ္ဂဇင်းကိုပဲ ပို့ရမလား'

'မမဝေကတော့ မဂ္ဂဇင်းကိုပဲ ပို့ချင်တယ်၊ အခုခေတ်ကာလဲ မဂ္ဂဇင်းကြီးတွေ ဩဇာရှိတဲ့ခေတ်၊ အခု စာပေလောကမှာ အောင်မြင်နေတဲ့ စာရေးဆရာတွေထဲလဲ မဂ္ဂဇင်းကြီးတွေက မွေးထုတ်လိုက်တဲ့ လူတွေချည်းလိုလိုပဲ၊ ဒါပေမယ့် မောင့် မူလ မဂ္ဂဇင်းတိုက်တော့ မပို့နဲ့'

'ဘာဖြစ်လို့'

'သူတို့က မောင့်ဝတ္ထုတွေကို ပယ်ထားဖူးတယ် မဟုတ်လား၊ အဲဒီဝတ္ထုတွေတုန်းက ပယ်လဲ ပယ်ထိုက်ပါတယ်၊ ဒါပေမယ့် လူဆိုတာ ပုံသေမှတ်ထားတတ်တယ်၊ အခု မောင့်ဝတ္ထုကို ပုံသေမှတ်ထားတဲ့အစွဲနဲ့ ထပ်ပယ်မိမှာ မမဝေ စိုးတယ်'

'ဒါဖြင့် ဘယ်တိုက်ပို့မလဲ'

'စာဆိုတော်မဂ္ဂဇင်းကို ပို့ကြည့်ပါလား၊ မမဝေ ကြားဖူးတာက သူတို့က နာမည် မကြည့်ဘူး၊ စာကြည့်တာတဲ့၊ တိုက်ထိုင် အမြဲတမ်းစာရေးဆရာလဲ မွေးမထားဘူးတဲ့၊ ငွေကြေးလဲ ပြည့်စုံတယ်ကြားတယ်၊ မောင့်ဝတ္ထုကို ပထမဆုံး ဖတ်ရတာ ဆိုတော့ ဘာအစွဲမှလဲ ရှိဦးမှာ မဟုတ်ဘူး၊ ကဗျာနဲ့ မောင့် နာမည်လေးကလဲ ရှိထားတော့ သူတို့ လေးလေးစားစား ဖတ်ကြမှာပဲ'

မမဝေ၏အကြံထ ကောင်းသဖြင့် ကျွန်တော်သည် စာဆိုတော် မဂ္ဂဇင်းတိုက်သို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်သို့ ကျွန်တော်က မရဲတရဲနှင့် တက်သွားသည်။ အပေါ်ထပ်ခန်းမကြီးက သင်္ဘောကြီးတစ်စင်းကဲ့သို့ ရှည်လျားသည်၊ အခန်းလေးတွေကလည်း အခန်းအရှိနှင့်၊

အယ်ဒီတာချုပ်ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းကိုတွေ့သော်လည်း ကျွန်တော် မဝင်ဝံ့၊

နောက်ဆုံးတော့ နီးရာအခန်းတစ်ခုတွင်း ဝင်လိုက်သည်။

အခန်းတွင်းမှာက စားပွဲသုံးလုံးနှင့် လူသုံးယောက် ရှိနေသည်၊

အခန်းဝအနီးရှိစားပွဲသို့ ကျွန်တော် ချဉ်းကပ်သွားသည်၊ မျက်မှန်လေး တဝင်းဝင်းနှင့် တရှော်ကပြားအသွင် ရှိသောလူရွယ်က မော့ကြည့်ပြီး မေး၏၊

'ဘာကိစ္စလဲ ခင်ဗျ'

'ဟိုဗင်း....ကျွန်တော် အယ်ဒီတာနဲ့ တွေ့ချင်လို့'

'ဩော်....စာမူ ပေးချင်လို့လား'

'ဟုတ်....ဟုတ်ကဲ့'

'ဟောဟိုစားပွဲက ဦးအုန်းသော်ဆီ သွားပါ၊ သူက အယ်ဒီတာ အဖွဲ့ဝင်၊ ကျွန်တော်က ဓာတ်ပုံဆရာ ခင်ဗျ'

အခန်းထိပ်ရှိစားပွဲ၌ ဦးအုန်းသော်က ထိုင်၍ တစ်စုံတစ်ခု ဖတ်နေသည်။ သူ့ရှေ့ ကျွန်တော် သွားရပ်သောအခါမှ မော့ကြည့်၏၊



'ဩော်....ထိုင်ပါ၊ ထိုင်ပါ'

ဦးအုန်းသော်ဟု ခေါ်သော်လည်း မကြီးလှသေး၊အသက် နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိဦးမည်၊အသားညိုပြီး သွယ်၍ ခိုင်ခံ့သော မေးရိုးရှိသည်၊မျက်လုံးများက ကြည်၍တောက်ပသည်၊ တမင် မပြုံးပြခင်ကတည်းက သူ့နှုတ်ခမ်းမှာ ပကတိ ပြုံးယောင် ရှိသည်။

'ကျွန်တော်က ဟောဒီသမထစာအုပ်ထဲ စိတ်ရောက်နေလို့ လာရပ်မှ သတိပြုမိတာ ခွင့်လွှတ်ပါ၊ ဖာန်ကြီးပန်ကြီး လုပ်တယ် မထင်နဲ့နော်'

သူ့အသံနှင့် သူ့အပြုံး နှစ်ရပ်လုံးက အေးချမ်းသည်။

'ကိစ္စမရှိပါဘူး၊စာဖတ်တာကျွန်တော်က အနှောင့်အယှက် များ ပြုမိသလား မသိဘူး'

'အို....မဖြစ်ပါဘူး၊ ကျွန်တော် အုန်းသော်ပါ၊ ဘာများ ဆောင်ရွက်ပေးနိုင်ပါသလဲ'

ကျွန်တော်က လွယ်အိတ်တွင်းမှ စာမူကို ထုတ်ယူပြသည်။

ဦးအုန်းသော်က စာမူကို လှမ်းယူရင်း....

'ဝတ္ထုလား၊ အတော်တော့ ထူတယ်'ဟု ဆို၏။

ဦးအုန်းသော်သည် စာမူကို ခေတ္တကြည့်ရာမှ မော့လာပြီး မေးသည်၊

'ဩော်....ကိုလေးလှိုင်ကိုး၊ ကျွန်တော် ခင်ဗျားကဗျာတွေ ဖတ်ဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာက ကိုယ့်ကဗျာကို ဖတ်ဖူးသည်ဆိုသောကြောင့် ကျွန်တော် အနည်းငယ် အားတက်သွားသည်။

ဦးအုန်းသော်၏ နောက်မေးခွန်းကတော့ ကျွန်တော့်ကို အံ့အားသင့်သွားစေသည်။

'ကိုလေးလှိုင်က သံသရာဆိုတာကို ယုံတဲ့လူပေါ့နော်'

'ခင်ဗျာ'

'ခင်ဗျားကဗျာ တစ်ပိုဒ်မှာလေ၊ ဟို...အချစ်နဲ့ ပိတောက် အကြောင်းဟာ'

'ရင်တွင်းမှ ပိတောက်ပန်း'

'ဟုတ်ကဲ့၊ ရင်တွင်းမှ ပိတောက်ပန်း၊ အဲဒီထဲမှာ သံသရာ ဟိုတစ်ခေတ်ဆိုတဲ့ အသုံးလေး ကျွန်တော် မှတ်မိတယ်၊ ဒါ ကြောင့် ကျွန်တော် မေးမိတာပါ'

'ဟုတ်ကဲ့၊ သံသရာကို ကျွန်တော် ယုံပါတယ်၊ အဝိဇ္ဇာ၊ တဏှာစက် အကြောင်းကို ယထာဘူတကျကျ နားလည်သူတိုင်း ဟာ သံသရာကို အထူး မေးခွန်း မထုတ်ကြပါဘူး'

ဦးအုန်းသော်၏ အပြုံးက ပို၍ဝင်းလက်လာ၏။

'ရုပ်ကမ္ဘာကြီး၏သတ္တာကား ဓာတည်း ဘာသည်းနဲ့ လုပ် နေကြတဲ့လူတွေထဲမှာ ကိုလေးလှိုင်က လူဆန်းပေါ့၊ အဲ...သတ္တိ လဲ ကောင်းတယ်'



ကျွန်တော်က ဘာပြန်ဖြေရမှန်းမသိ၊ ဦးအုန်းသော်ကသာ ကျွန်တော့်စာမူဆီ သူ့မျက်လုံးများ ပြန်ပို့၏။

ကျွန်တော်က ဦးအုန်းသော်ကို ပြန်အကဲခတ်သည်။

ရှားရှားပါးပါး တွေ့ရခဲသော ပင်ဖြူတိုက်ပုံအင်္ကျီကို ဝတ် ထားသည်၊ ပုဆိုးကလည်း အဖြူများသော ကွက်ကျဲတည်း။

ကျွန်တော့်မျက်လုံးက သူ ခေါခေါက ဖတ်နေသော စာ အုပ်ဆီ မျက်လုံးရောက်သွားသည်၊ အင်္ဂလိပ်ဘာသာနှင့် ရေး ထားသော စာအုပ်ဖြစ်သည်။ ဦးအုန်းသော်က သမထဟု ဆို သော်လည်း စာအုပ်ပေါ်မှ စာလုံးက ယောဂဟု ဖော်ပြ နေသည်။

ယောဂ၊ ယောဂီ၊ ယောဝ ဟူသည်က အားထုတ်ခြင်း၊ ယောဂီ ဟူသည်က အားထုတ်သူ၊ ကမ္မဋ္ဌာန်း၊ သမထ၊ ဘာ ဝနာ စသည်ကို ယောဂဟု ခေါ်လျှင် မမှား ထင်သည်၊ ဝိပဿနာမှ လွဲသော ယောဂမှန်သမျှကို သမထဟု ခေါ်နိုင် မည်။

ကျွန်တော် တွေးနေခိုက် ဦးအုန်းသော်က လှမ်းပြော သည်။

'ကိုလေးလှိုင်တို့က စာ့စချင်း ရခိုင်ရိုးမနဲ့ ပင်လယ်နဲ့ ကင်းလာတယ်၊ ကျွန်တော်တောင် ပြန်လှမ်းလာတယ်'

'ဦးအုန်းသော် ရခိုင်ရောက်ဖူးလို့လား'

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသော်က တစ်မျိုးသော အပြုံးကို ပြုံး၏။

'ကျွန်တော် ဘဝက စုံခဲ့ပါတယ်၊ ပညာ တစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်ပြီး ကုန်ကားစပယ်ယာတောင် လုပ်ဖူးတယ်၊ တောင်ကုပ်လမ်းကနေပြီး ရခိုင်ကို ရောက်ဖူးပါတယ်၊ ဒုက္ခတော့ အများကြီး တွေ့ခဲ့တာပေါ့ဗျာ'

ဦးအုန်းသော်က ကျွန်တော့်စာမူကို စားပွဲပေါ်၌ ချထားလိုက်၏။

'ကျွန်တော် ဖတ်ကြည့်ပါမယ်၊ သင့်ရင် အယ်ဒီတာချုပ်ဆီ တင်ပြပေးပါမယ်၊မြည်းကြည့်သလောက်တော့ အစပျိုးတော့ကျွန်တော် ကြိုက်နေပြီ'

'ဝတ္ထုက နည်းနည်း ရှည်သွားတယ် ဆရာ'

'ဟုတ်တယ်၊ နည်းနည်းတော့ ရှည်တယ်၊ ကိစ္စမရှိပါဘူး လေ၊ကောင်းရင် အခန်းဆက်ဖြစ်ဖြစ် ထည့်ရတာပေါ့'

'ကျွန်တော်က နာမည်မရသေးတော့ အခန်းဆက် ပေးနိုင်ပါ့မလား ဦးအုန်းသော်'

'ဒီအတွက်တော့ မပူပါနဲ့၊ ကောင်းရင် ထည့်ပေးပါမယ်၊ နာမည် ဆိုတာကလဲ ထည့်ပေးမှ ရတာပဲ၊ ကျွန်တော်တို့က နာမည်ကို သိပ်မကြည့်ပါဘူး'

'အခုလို ကြားရလို့ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော် ဘယ်တော့လောက် ထပ်လာရမလဲ'



'နောက် ငါးရက်လောက်ဆို ပြန်လာခဲ့ပါလား'

'ဟုတ်ကဲ့ ဆရာ'

ကိစ္စက ဤတွင်ပြတ်သကဲ့သို့ ဖြစ်နေသော်လည်း ဦးအုန်းသော်က မေးသည်။

'ဒါထက် စောစောက ကိုလေးလှိုင်က အဝိဇ္ဇာ၊ တဏှာ၊ တံ ဆိုတဲ့စကား သုံးခဲ့တယ်၊ ကိုလေးလှိုင် အလုပ်လေး ဘာလေး လုပ်သလား'

'ဟုတ်ကဲ့....အစက လုပ်ပါတယ်၊ အခုတော့ အဲ....နည်းနည်း ပြတ်နေတယ်'

'ဘယ်နည်း လုပ်ပါသလဲ'

'မဟာသတိပဋ္ဌာန်နည်း အာနာပါနပါ'

ဦးအုန်းသော်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'မဟာသတိပဋ္ဌာန် တရားတော်ကြီးကို မြတ်စွာဘုရားဟာ သာဝက အများပါရမီပြည့်စုံပြီး မဂ္ဂင်ရှစ်ပါးအင်္ဂါနဲ့ ညီညွတ်ချိန်၊ ကိုယ်တော်မြတ်ရဲ့ ဝါတော် နှစ်ဆယ်ပြည့်မှ ဟောတော်မူတယ်လို့ ကြားဖူးတယ်၊ မဟာသတိပဋ္ဌာန်နည်းက တော်တော် ခက်တယ်ဆို'

'ခက်သလားတော့ ကျွန်တော် မပြောတတ်ပါဘူး၊ ကျွန်တော် ဆရာတော်က ရုပ်နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ်ပိုင်းဆို သုံးပိုင်းပိုင်း သင်ကြားပါတယ်၊ အလုပ်တရားနဲ့အသိ

www.burmeseclassic.com



တရား နှစ်ပါးစုံ ကိုင်ရပါတယ်၊ ပရိယတ်တော့ ထိုက်သင့်သလောက် နားလည်မှ ဆရာ'

'ကိုလေးလှိုင် ပရိယတ် သင်ဖူးလား'

'အလုပ် လုပ်တတ်ရုံ အခြေခံတော့ ကျွန်တော် သင်ဖူးပါတယ်'

'ဒီလောက်ဆိုလဲ ဘယ်နည်းမလဲ၊ ကျွန်တော်တော့ ခုမှ လိုက်စားစ ရှိသေးတယ်'

ဦးအုန်းသော်နှင့် စကားအနည်းငယ်ဆက်ပြောပြီးနောက် ကျွန်တော်သည် စိတ်ရွှင်လန်းတက်ကြွစွာဖြင့် အိမ်သို့ ပြန်လာခဲ့၏။

ထိုညနေက မမဝေ ရုံးမှပြန်လာသောအခါ ကျွန်တော့် မျက်နှာကို ကြည့်ပြီး ပြော၏။

'မောင့် မျက်နှာ ရွှင်လှချည်လား၊ ဟန်ကျခဲ့သလားဟင်'

'ဟန်ကျမယ်ထင်တာပဲ မမဝေ၊ မောင့်မျက်နှာ ရွှင်ရတာကတော့ အဲ...တစ်ကြောင်းပေါ့လေ'

'ဘာအကြောင်းလဲ မောင်'

'သုဂတ ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို မမဝေ သိတယ် မဟုတ်လား'

'သိတာပေါ့၊ ကောင်းသောလာခြင်းရှိတော်မူသော မြတ်စွာဘုရား၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော



မြတ်စွာဘုရား၊ သဗ္ဗညုတဉာဏ်အကျိုးကို ပြိုင်ဘက်မရှိ ဆောင်ရွက်တော်မူသော မြတ်စွာဘုရား၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်၊ မောင် ဒီနေ့ သုဂတတော်ဝါဒဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့ စပ်လျဉ်းတဲ့ စကားတွေကို အယ်ဒီတာအဖွဲ့ဝင်တစ်ဦးနဲ့ ပြောခဲ့ရတယ်၊ ဒီတော့ မောင်လဲ ကောင်းသော စကားကို ဆိုခဲ့တယ်၊ ကောင်းသောသွားခြင်းနဲ့လဲ ပြည့်စုံခဲ့ရတယ်ပေါ့၊ ဒါကြောင့် မောင့်မျက်နှာ ရွှင်တာ'

'သာဓု မောင်...သာဓု၊ ဒါထက် အစက မောင် ကမ္မဋ္ဌာန်း ထိုင်တယ်နော်'

'အင်း'

'အခု ဘာလို့ မထိုင်တော့လဲ'

'ဪ...မမဝေကလဲ ဒုက္ခပါပဲ'

'ဘာဒုက္ခလဲ ပြော'

အဝတ်အစား လဲပြီးစမို့ အင်္ကျီကြယ်သီးလေးတွေ တပ်ရင်း မမဝေက ကျွန်တော့် အနီးလာထိုင်၍ တိုက်တွန်းသည်။

'ပြောလေ မောင်'

ကျွန်တော်သည် စိုပြည် ဝင်းဖန့်သော မမဝေ၏ အလှသဏ္ဌာန်ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

ဘယ်အခါ ကြည့်ကြည့် မမဝေက လှသည်၊ ဝဝဝေဝေ ဖွံ့သော အမည်နှင့်လိုက်အောင် အစဉ်ပင် အလှမျိုးဝေဆိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဪ....လှလိုပင် ကျွန်တော် ချစ်ရသည်။ အူအသည်းမှ တုန်ပြီး အသက်လိုပုံ ကုန်ကုန်ချစ်ရသည်။

ချစ်ရသည်၊ ဪ....ဘဝများစွာလှသူကို ချစ်ခဲ့ရပေမည်။ ဆက်၍လည်း ချစ်နေရဦးမည်၊ ချစ်သူနှင့် ခုလိုပေါင်းရတော့ ပျော်ရသည်။ ကိုယ်လည်း ရှိသည်၊ ကိုယ့်ချစ်သူလည်း ရှိသည်။ ကိုယ့်ချစ်သူက လှတော့ ကိုယ်က ကျေနပ် ဝမ်းသာ ဂုဏ်ယူရသေးသည်၊ ကိုယ့်ချစ်သူသည် ကိုယ်ပိုင်ပဲရယ်ဟု မခွဲတမ်း ကြွင့်လိုက်သည်၊ဖွှဟဲ့ ....လွဲစေ....ဖယ်စေ၊သည်ချစ်သူနှင့်များ ကွေကွင်းခဲ့ရသော်၊ သည်ချစ်သူကို လက်လွှတ် ဆုံးရှုံးခဲ့ရသော်၊

ဒိဋ္ဌိ....ငါ၊ တဏှာ....ငါ၊ မာန....ငါ၊ ကျွန်တော့်သန္တာန်မှ....ငါသုံးငါ၊ ချစ်ခြင်း-မုန်းခြင်း လောကမှာ ပျော်ပျော်ကြီး ကျင်လည်မိနေပါသော ကျွန်တော့် သန္တာန်မှ....ငါသုံးငါ....၊

ကြာမြင့်စွာကာလပတ်လုံး မေ့လျော့ဖုံးကွယ်ခြင်း လွှမ်းနေရာမှ ခမ္ပ သတိသည် လှစ်ခနဲ ထွင်လာဘိသည်။

'ကြည့်စမ်း မောင်၊ မမဝေကို ဘာလို့အကြာကြီးစိုက်ကြည့်နေတာလဲ'

'ဪ....အင်း....အဟင်း....မောင်က....ဟိုဒင်း၊'

ကျွန်တော် ရုတ်တရက် စကားရှာမရပါ၊ အဓိပ္ပာယ်မရှိသာ ရယ်လိုက်ရ၏။



'မောင်'

'ဗျာ....မမဝေ'

'ကြည့်....အဲဒါ ဘာဖြစ်နေတာလဲ'

'ဪ....မမဝေကလဲ၊ မောင် ဘာမှမဖြစ်ပါဘူး'

'ဖြစ်ပါတယ်၊ မောင် ညာတာ၊ မမဝေကို မောင် ညာတာ'

'မညာပါဘူး မမဝေရယ်၊ မောင် ပြောပြပါမယ်၊ မောင်ဟာ တစ်ကြိမ်တုန်းက ဟောဒီသံသရာကြီးကို သိပ်ကြောက်တယ်၊ ကြောက်လို့ပဲ ကမ္မဋ္ဌာန်းထိုင်ခဲ့တယ်၊ အခုတော့ကော မကြောက်ဘူးလားဆိုတော့ ကြောက်သေးတာပဲ၊ ဒါပေမယ့် ကြောက်တာထက် ချစ်မိတာက အားကြီးနေသေးတော့ ဒီသံသရာမှာပဲ ပျော်မိရပြန်တယ်၊ မမဝေနဲ့အတူ သံသာလေကမ်းတိုင်... တူပြိုင်လေကူးမယ်၊ အဲဒီလို မျှော်လင့်နေရတယ်၊ ဒါကြောင့်လဲ မြတ်စွာဘုရားက သမုဒယသစ္စာကိုဟောပြတော်မူတာပဲ၊သမုဒယဆိုတာက ဖြစ်ကြောင်း၊ဖြစ်ခြင်းရဲ့ အကြောင်း၊ ဒုက္ခရဲ့ ဖြစ်ရခြင်းအကြောင်း၊ အဲဒီအကြောင်းက ဘာတွေလဲဆိုတော့ ချစ်ခြင်း၊ မုန်းခြင်း အကြောင်းတွေကြောင့် ဒုက္ခတွေ ဖြစ်ရသတဲ့ မမဝေ'

ငြိမ်နားထောင်နေရာမှ မမဝေက ရယ်၏။

'လက်စသတ်တော့ မောင်က နိဗ္ဗာန်ဉာဏ်တွေ ဝင်နေတာပါလေ'

www.burmeseclassic.com

www.burmeseclassic.com



'နိဗ္ဗာန်ဥာဏ်မဝင်ရပါဘူး မမဝေရယ်၊ မဝင်လို့ဘဲ မမဝေ အနားမှာ မောင် ရှိနေတာပေါ့၊ မဟုတ်ဘူးလား'

'စောင်းသေးတာပေါ့ မောင်ရယ်၊ မမဝေ အနားမှာပဲ နေပါ၊ မမဝေအနားက မောင် ပျောက်သွားရင် မမဝေ ကမ္ဘာပျက်ရချည်ရဲ့ မောင်'

မမဝေက ကျွန်တော့်ဆည်ပင်းကို ခိုဖက်လိုက်၏၊ ပြုံးရယ်ကျီစယ်ရင်းလည်း ဆိုသည်၊

'ကိုလေးလှိုင် လွန်လွန်းပြီ၊ ကျွန်မက ပြောချင်သည်။ ရှင် ဓာတ်ဆရာ ရှင်တစ်ခုသာ ရှင်ပြုရာ ခံရမှာပါ၊ မောင် လက်ခုပ်တွင်းက ရေလိုဟာပါ၊ အဘိဓမ္မာတတ်သူ ဝေ ချစ်ဦးရဲ့ ရှာနံ လျှော့တာတွေ ပြောတာပြီးမှာ၊ ဟွန်း...ကိုပိုကြီး၊ မမဝေကို တစ်မျိုးမဟုတ် တစ်မျိုး သူပိုရမှ လာ...၊ထ၊ ထမင်းဟင်းချက်ကြမယ်၊ ဪ...ဒီနေ့ ဟင်းကို အစအဆုံး မမဝေ ချက်မယ် နော်'

'သဘောပါဗျာ...သဘောပါ'

ခါတိုင်းကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင် ချက်ပြုတ်ကြရင်း ကျွန်တော်က အယ်ဒီတာ ဦးအုန်းသော်နှင့် တွေ့ခဲ့ပုံကို အသေးစိတ် ပြောပြ၏၊

မမဝေက မှတ်ချက်ပေးသည်။



'သူတို့ မောင့်ဝတ္ထုကို လက်ခံမှာပါ'

'မောင်လဲ အဲဒီလိုပဲ ထင်တယ်'

'မမဝေက ထင်တာမဟုတ်ဘူး၊ ယုံတာ'

'ဘာပြုလို့'

'အိုး...ကိုယ့်လင်အစွမ်း ကိုယ်အသိဆုံးပေါ့၊ ဟုတ်ဘူးလား'

စောင့်စားနေသော ငါးရက်အတွင်း၌ တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ထွက်လာသည်၊ ကျွန်တော် အောင်၏၊ ဓာတာ စန်းလင်မျာတက်လာချိန်ဟု ကျွန်တော် ယူဆသည်၊

ငါးရက်မြောက်သောနေ့၌ စာဆိုတော် မဂ္ဂဇင်းတိုက်သို့ ကျွန်တော်သွားသောအခါ ဦးအုန်းသော်က ရှင်ပျူစွာနှင့် ဆီးကြိုသည်၊ သူ့လက်တစ်ဖက်ကိုလည်း ထမ်းပေးဘိသည်၊

'ကွန်ဂရက်ကျူလေးရှင်း ကိုလေးလှိုင်၊ ခင်ဗျား ဝတ္ထုကို အယ်ဒီတာချုပ်နဲ့ အယ်ဒီတာ အဖွဲ့ဝင်အားလုံးက လက်ခံလိုက်ပြီ ပန်းချီတောင် အပ်လိုက်ပြီ'

'ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလဲတင်လိုက်တာ'

'ကျွန်တော့်ကို ကျေးဇူးမတင်နဲ့၊ ကျွန်တော်တို့ အယ်ဒီတာချုပ်ကို ကျေးဇူးတင်၊ ခင်ဗျား ဝတ္ထုကြောင့် သူ ငွေငါးရာ သာတ် နှစ်နာသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို....ဘယ်လို'

'ကျွန်တော်တို့ အယ်ဒီတာချုပ်ဟာ ယာသဝိဇ္ဇာဘွဲ့ရတဲ့ စာရေးဆရာကြီးမှန်း ခင်ဗျား သိပါတယ် နော်'

'သိပါတယ်၊ ဒါပေမယ့် ဆရာက အခု ဟာသတွေ မရေးတော့ပါလား'

'အသက်ကြောင့်ထင်တာပဲ၊ ဆရာက အခု ဘဝနဲ့ အလွမ်းလေးတွေ တစ်ချီတစ်ချီ ထလုပ်နေတယ်'

'ကျွန်တော်လဲ သတိထားမိတယ်၊ ဆရာက အလွမ်းလဲ ပိုင်တယ် နော်'

'ပိုင်တာပေါ့ဗျာ၊ စွယ်စုံပုဂ္ဂိုလ်ကြီးပဲဟာ၊ မရေးချင်လို့ရှိမယ်၊ ရေးရင် ရတာချည်းပဲ၊ ဒီလအတွက် ကျွန်တော်တို့ စိတ်ကျေနပ်တဲ့ ဝတ္ထုရှည်မရသေးဘူး၊ ဒီလဆိုတာက နောက်လထုတ် အတွက်ပြောတာ၊ စာစီဖို့၊ ပန်းချီဘလောက် လုပ်ဖို့ ကျွန်တော်တို့က လဆန်းပြီး ဆယ်ရက်လောက်အထိဆိုင်းထားနိုင်တယ်၊ အဲဒါ စိတ်ကျေနပ်လောက်တဲ့ ဝတ္ထုရှည် မရလို့ အယ်ဒီတာချုပ်က သူကိုယ်တိုင် ဝတ္ထုရှည်တစ်ပုဒ်ရေးနေတာ၊ သူ့လဲ ကလေးတွေ ကျောင်းစရိတ် ငွေလိုနေလို့'

ကျွန်တော်က ခေါင်းညိတ်ပြ၏၊ အချိန်ကလည်း ကျောင်းများ ပြန်ဖွင့်ချိန်ဖြစ်သောကြောင့် ငွေအမှန်လိုချိန်တည်း။

'သူ့ဝတ္ထုက မပြီးသေးဘူး၊ ခင်ဗျား ဝတ္ထုကို ကျွန်တော် အဲဒီညကပဲ ဖတ်ကြည့်တယ်၊ တော်မြည်းရင်းပေါ့၊ ဒါပေမယ့်



ကျွန်တော် မိုးလင်းသွားတယ်၊ ဝတ္ထုက သိပ်ဆွဲတာကိုး၊ ဒါနဲ့ ကျွန်တော်လဲ အယ်ဒီတာချုပ်ဆီ တင်ပြလိုက်တယ်၊ သူလဲ နှစ်သက်တာမို့ သူ့ဝတ္ထု သူ ဆက်မရေးတော့ဘဲ ခင်ဗျား ဝတ္ထုကို ဒုထောက်ခံပြီး အယ်ဒီတာအဖွဲ့ တင်ပြပေးတယ်၊ အယ်ဒီတာအဖွဲ့က သဘောတူလို့ ပန်းချီတောင် အပ်လိုက်ပြီ၊ နောက်လကို အခန်းဆက်အဖြစ်နဲ့ ပါလာမှာပါ'

ကျွန်တော့် ဝမ်းသာခြင်းကား ဖော်မပြနိုင်အောင်ပင် ဖြစ်ရပါသည်၊ အယ်ဒီတာချုပ် စာရေးဆရာကြီး၏ မြင့်မြတ်လှသော စိတ်ထားကိုလည်း အံ့ဩမိသည်။

'ဝမ်းသာလိုက်တာ ဦးအုန်းသော်၊ အယ်ဒီတာချုပ်ကို ကျွန်တော် ရှိသေစွာ ရှိခိုးပါတယ်၊ အရင် ကျွန်တော်ကြားဖူးနေတာက အယ်ဒီတာတွေဟာ စာရေးဆရာပေါက်စဆို နှိမ်တယ်၊ တချို့များဆို သူ့ဝတ္ထုကို ကိုယ့်ဝတ္ထုတောင် လုပ်ပစ်ကြတယ် ဆိုတယ်၊ အခု ဆရာကြီးကျတော့ ပြောရင်တောင် ယုံကြမှာမလား မသိဘူး'

'အဲဒီလိုလူမျိုးတွေလဲ ရှိချင်ရှိမပေါ့၊ ကျွန်တော်တို့ အယ်ဒီတာချုပ်ကတော့ အယ်ဒီတာဆိုတာ စာရေးဆရာ မွေးပေးသူလို့ ခံယူထားတယ်၊ စာရေးဆရာကောင်းတစ်ယောက် တိုးလာတာဟာ စာပေလောကနဲ့ တိုင်းပြည်မှာ အားတစ်ခု တိုးလာတာလို့ ခံယူထားတဲ့လူ'

'ဒီစကားကြားရလို့ ကျွန်တော်သိပ်အားတက်တာပဲ၊ ဆရာကြီးလို ပုဂ္ဂိုလ်တွေကို ကျွန်တော်က နာမည်တစ်ခု ပေးချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ'

'စာပေလောကပါလာ နတ်မင်းကြီးတွေလို'

'အင်း....ဟုတ်သဗျို့၊ အယ်ဒီတာချုပ် အပြင်ထွက်သွားလို့ နို့မို့ရင် ခင်ဗျားနဲ့ တွေ့ပေးနိုင်ပါတယ်၊ သူကလဲ တွေ့ချင်နေပါတယ်၊ နောက်တစ်ခေါက်ပေါ့ဗျာ၊ ဪ....ငွေရေးကြေးရေးလေး ဆွေးနွေးကြရအောင်'

'ဟုတ်ကဲ့'

'လချင်းပြီး မဂ္ဂဇင်းဝတ္ထုရှည်အတွက်ပဲဖြစ်ဖြစ် အခန်းဆက် တစ်လစာအတွက်ပဲဖြစ်ဖြစ် ကျုပ်တို့က ငွေတစ်ရာငါးဆယ်က စပေးတယ်၊ နောက်တော့ တစ်ရာကနေ ငါးရာအထိ ပေးပါတယ်၊ လုံးချင်းရိုက်တော့ သတ်သတ်ပေါ့၊ ကိုလေးလှိုင် ကျေနပ်ရဲ့လား'

'ကျေနပ်ပါတယ် ဆရာ၊ ငွေထက် နာမည်ရတာ ဝမ်းသာလှပါပြီ'

စာဆိုတော်မဂ္ဂဇင်းတိုက်မှ ဆင်းလာသောအချိန်တွင် ကျွန်တော့် ခြေထောက်များက ပေါ့ပါးသွက်လက်နေသည်၊ လေထဲ လျှောက်လာရသကဲ့သို့ ဆိုခြင်းမှာ သည်အဖြစ်မျိုးနှင့် တူသည်။

လေထဲလျှောက်ရသကဲ့သို့အဖြစ်ကိုသည်း ကျွန်တော် သတိပြုမိသည်၊ ကျွန်တော် အနှစ်နှစ် အလလက မျှော်မှန်းထားခဲ့



သော စာရေးဆရာအဖြစ်နှင့် သည်မြေပေါ်မှာ ရပ်တည်ခွင့်ရရှိလေပြီဖြစ်ကြောင်းလည်း ကျွန်တော် သိပါသတည်း။

* * *

အားတက်ဖွယ် ဝမ်းသာဖွယ်အဖြစ် တွေ့ကြုံရသော ထိုအပတ် တနင်္ဂနွေနေ့တွင် မမဝေနှင့်ကျွန်တော်တို့သည် မြို့တွင်းထွက်လည်ကြသည်၊

ဘုရားတက်ဖူးကြသည်၊ ရုပ်ရှင်ကြည့်ကြသည်၊ ညနေပိုင်းတွင် အင်းစိန်ကားစီးပြီး ကမာရွတ်သို့ လာကြသည်။ သည်ကမှ ပြည်လမ်းဘေး အင်းလျားကန်စောင်းဆီ လာခဲ့ကြ၏။

မိုးဝင်ချိန်စပြီမို့ တိမ်တို့ ခရီးနှင်နေကြပြီ၊ နေညိုညိုမှာ လေရျူလည်း ဖျန်းသည်၊ တိမ်ပန်းချီလည်း ဆမ်းသည်၊

တက္ကသိုလ်ကြီးက ပြန်မဖွင့်သေး။ နောက်ဆက်တွဲ စာမေးပွဲတွေတော့ ရှိပြီဟု မမဝေ ပြောမြှ၍ သိရသည်၊ ကန်စောင်း၌ လူအသင့်အတင့်သာရှိသည်၊ စုံတွဲလေးတွေတော့ မကင်းပါ၊ မမဝေနှင့် ကျွန်တော်တို့က လမ်းလျှောက်သွပါးရာ ကမ်းစပ်တစ်ခုမှာ ထိုင်ကြ၏၊ ကန်ရေပြင်ဆီ ငေးကြည့်နေရာမှ မမဝေက ရုတ်တရက် ဆို၏။

'မောင်ရေ၊ ပုသိမ်ကို မမဝေ လွမ်းလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ထိတ်လန့်သွားသည်။

'ပုသိမ်ကိုလွမ်းတယ် ဟုတ်လား မမဝေ'

မမဝေက အသာအယာ ရယ်၏။

'ကြည့်...ဘာတွေ အတွေးချော်သွားတာလဲ၊ မမဝေ ပြောတာက ကန်သုံးဆင့်ကို လွမ်းတယ်လို့၊ မောင်ကော မလွမ်းဘူးလား'

'လွမ်းတာပေါ့ မမဝေရယ်၊ မမဝေနဲ့မောင် ချစ်မိုးတွေ ရွာခဲ့ကြတာက ကန်သုံးဆင့်ကြီးဘေးမှာ မဟုတ်လား'

'ဟင်း...အဲဒီလို အသားယူမပြောနဲ့၊ ဒီတုန်းက မောင့်ကို မမဝေက ချစ်နေပါပြီလို့ ဘယ်သူပြောသလဲ'

'သိဘူးလေ၊ ထိတ်တိတ်လေးများ ခိုးချစ်နေသလားလို့'

'မောင်နော်...အသားဘော်ဆော်ယူ၊ သူများက သူ့ကို ချစ်တာ မဟုတ်ဘူး၊ သနားရတာ'

'သနားတာဟာ ချစ်တာအစ မဟုတ်ဘူးလား'

မမဝေက မဖြေ၊ ရှက်ပြုံးလေးဖြင့် ကျွန်တော့် ကျောကို လက်သီးနှင့် အသာထု၏။

'နေဦး၊ မောင်တစ်ခု မေးရဦးမယ်'

'ဘာတုံး မောင်'

'ကန်စောင်းမှာလေ တစ်ခါက မမဝေ မောင့်ကို ဓာတ်ကလျာစပ်တဲ့ ရတုလေးကို ရွတ်ပြတယ်၊ ဒါပေမယ့် အဆုံးပိုဒ်ကို ချန်ထားတယ်'



'ကြည့်စမ်း....ဒါကို သူ မမေ့ဘူး'

'ဘယ်မေ့ပါ့မလဲ၊ အကြွေးတင်နေတာကိုး၊ ကဲ...အခုဆိုပြ'

'အို...အခုဆိုပြရမယ်'

'အင်း....'

'ဘာလုပ်ဖို့လဲ'

'နားထောင်ချင်လို့ပေါ့'

'လိုသေးလို့လား မောင်ရယ်'

'ဟော...ပေါ်ပြီ'

'ဘာပြောတာလဲ'

'လိုသေးလို့လား ဆို၊ ဒါဖြင့် အဲဒီတုန်းက မမဝေက တတိယပိုဒ်ကို တမင်မဆိုဘဲ ချန်ထားတာမဟုတ်လား'

'သိရင်လဲ ပြီးရော၊ ဘာပြုလို့ မေးနေရလဲ'

'မမေးတော့ပါဘူး၊ မမဝေ ဝန်ခံတော့ပြီ နော်'

'ကြည့်...ဘာဝန်ခံရမှာလဲ'

'သနားရုံမကပါဘူးဆိုတာ'

မမဝေ၏ လက်သီးဆုပ်လေးက မြောက်သွားပြန်သည်။ သို့ရာတွင် ကျွန်တော့်ကို မထုဘဲ ရပ်လိုက်ပြီး သွားလုံလုံလေးတွေ ပေါ်အောင် ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမဝေ'

'မောင်'

'အဲဒီ ကျန်တဲ့အပိုဒ်လေး မောင့်ကို ဆိုပြကွယ်၊ နော်'

'မောင်က သိပ်နားထောင်ချင်တာပဲ ဟုတ်လား'

'ခုတုကလျှာကိုယ်တိုင် ဆိုပြမှာ၊ မောင်က နားထောင်ချင်တာပေါ့'

မမဝေက မျက်စောင်းလဲ့လဲ့လေးတော့ တစ်ချက်ထိုးသည်။ သို့ရာတွင် နာပျော်နှစ်သိမ့်ဖွယ် အေးအေးလွင်လွင် ဆိုပြရှာသည်။

'မဟာစေတီ၊ မွေ့သရီ၏၊ မြေညီခင်းပြန့်၊ သလင်းသန့်ဝယ်၊ နှင်းပန်းတပဲ၊ ဝတ်ဖြူလဲနှင့်၊ နန်းထဲနန်းလှေ၊ သိမ့်မလှေ့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှော့ဖြေချင်လည်း၊ နှုတ်သျှင် သူ့ကြောင့်၊ တရေးမျှောင့်ခဲ့၊ မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်၊ လှလင့်ငွေမျက်ရည်တကား'

ရတုအဆုံးတွင် မမဝေက ကျွန်တော့်ကို ငေးငေးလေး စိုက်ကြည့်နေသည်။

ဘာကြောင့်မသိ၊ မမဝေ၏မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှံနေသည်။ မျက်နှာလေးကလည်း ဆွေးမြည့်ကြေကွဲဟန် ပေါ်နေ၏။



နောက်တစ်ခဏာ၌မူ မမဝေသည် သူ့ခေါင်းလေးကို ကျွန်တော့် ပခုံးပေါ်မှီချပြီး ရှိုက်၍ငို၏။

'ဟင်.... ကြည့်စမ်း၊ ဘာပြုလို့လဲ မမဝေ၊ ဘာပြုလို့ ငိုတာလဲ'

မမဝေက မဖြေ။ အတန်လေးကြာအောင် ရှိုက်ငိုနေသေးသည်၊ ပြီးမှ မျက်ရည်တွေကြားက နွမ်းနွမ်းလေး ပြုံးပြီး တောင်းပန်သည်။

'မောင် စိတ်မကောင်းဖြစ်သွားသလား၊ မမဝေတောင်းပန်ပါတယ်၊ ဒီရတုရွတ်ရတာ မမဝေ ရင်ထဲဆို့ပြီး ငိုချင်လာတယ်'

'ဟောဗျာ....ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ဖွ....လွဲပါစေ ပယ်ပါစေ၊ မတော်တဆ မောင်နဲ့ မမဝေ ကွဲသွားရရင်....'

မမဝေက ကျွန်တော့်ပခုံးပေါ်မှီပြီး ငိုပြန်ပါ၏။

'မမဝေကလဲ နိမိတ်မရှိ နမာမရှိ၊ မမဝေနဲ့ မောင်က ဘာလို့ ကွဲရမှာလဲ'

'မမဝေနဲ့ မောင် ဘာလို့ ကွဲရမှာလဲ၊ ဟုတ်တယ် မောင်၊ ဘာလို့ ကွဲရမှာလဲ၊ ဒါပေမယ့် မမဝေ ရင်ထဲ ငိုရိမ်နေတာပဲ၊ ဘာမှန်းလဲ မသိဘူး ချစ်လွန်းလို့ ထင်တာပဲ မောင်

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဪ...သိပ်...သိပ်...သိပ်ချစ်တာဟာ မကောင်းဘူး ထင်တယ်နော် မောင်'

'တာပြုလို့'

'သိပ်ချစ်တော့ အလကားနေရင်း သိပ်ပူပင်ရတယ်၊ မောင် သိရဲ့လား'

'မောင် သိပါတယ် မမဝေ၊ မမဝေ ဘာဆိုလိုတယ်ဆိုတာ မောင် နားလည်ပါတယ်၊ ကဲ...မြန်မြန်ကြမယ်၊ အိမ်ကျမှ မမဝေ စိတ်ချမ်းသာအောင် မောင် တယောလေး ထိုးပြမယ်'

ထိုညက လရောင် ကြယ်ရောင်တွင် ရေးရေးဖွေးဖွေးနှင့် အမြင်မအားအောင် လှပရှိမ်းမြသော မမဝေ၏ မျက်နှာလေး ကိုကြည့်ရင်း ကျွန်တော်က တယောလေးကို ဆိုတီး တီးပြသည်၊

သီချင်းအမည်က ချစ်သမျှကို၊

ဪ...ယွင်းစေဝသုန်၊ ငွေဝန်းသော်တာယုန်သို့ ကမ္ဘာ ကုန်ကျယ်သရွေ့ မမေ့တဲ့အောင် ချစ်ထုံးနှောင်ပါမည်ဟု ဆိုထားသည့် သစ္စာတိုင်ပတ်မျိုး၊

မမဝေ စိတ်ချမ်းသာအောင် ကျွန်တော့် ချစ်ရသမျှကို လည်း သည်သီချင်းဖြင့်ပင် သစ္စာတိုင်ပြုရလေသည်၊

✱

## အခန်း (၂၁)

ပုသိမ်မိုးကဲ့သို့ မသွန်သော်လည်း ရန်ကုန်မိုးကလည်း ထန် သင့်သမျှ ထန်သည်။ အများသူငါ ရုံးတက် ရုံးဆင်းချိန်တွင် ရှုပ်မှုန်ရွာတတ်၍သည်း စိတ်ပျက်ဖွယ်ကောင်းသည်၊

မိုးထန်စ ဇွန်လဆန်းတွင် ရုံးကပြန်လာတိုင်း မမဝေ မျှော်မှာ တစ်ကိုယ်လုံးရွဲရွဲစိုဘိထည်၊

ကိုယ်ပိုင်ကားမပေါ်တွင် နေပြောက်မထိုး မိုးရွာမနေခဲ့ရ သော ဘဝကို သိထားသော ကျွန်တော်က မမဝေအတွက် စိတ်မကောင်း၊ မမဝေကမူ အပြုံးမပျက်၊

www.burmeseclassic.com



'ခဏပဲဟာ မောင်၊ နောက်လထဲကျတော့ ရှုံးကြိုကား တစ်စီးစီးကို လခပေးစီးတာပေါ့၊ ဂျစ်ကားစီးထောင် တစ်လမှ ဆယ့်ငါးကျပ်တဲ့'

'ခုတည်းက စီးပါလား မမဝေရယ်၊ မိုးနဲ့လေနဲ့ ဒုက္ခများတယ်'

'မဖြစ်သေးဘူးလေ မောင်၊ ပြီးတော့ ကားတွေကလဲ သူ့လူနဲ့သူ ကျပ်နေကြတာ'

မဖြစ်သေးဘူးလေ မောင် ဆိုသည့် မမဝေ၏ စကားကို နားလည်သဖြင့် ကျွန်တော်က ဆက်မတိုက်တွန်းတော့၊ ကျွန်တော်တို့ ရည်မှန်းထားသည့် ငွေခံပုံးလေးမတိုင်မီ မမဝေက မြှုပ်ထားသောဇာတ်ကို ဖော်လိုဟန်မရှိသေး၊

တစ်ညနေတွင် မိုးက သည်းလှသည်၊ လေကလည်း အတန်ပါသည်၊

ချက်ရင်းပြုတ်ရင်းက စိတ်တပူပူဖြင့် မမဝေကို ကျွန်တော် မျှော်သည်၊ ခါတိုင်းဆိုလျှင် နောက်အကျဆုံး ငါးနာရီတွင် မမဝေ ပြန်ရောက်မြဲ ဖြစ်၏။ ယနေ့ ငါးနာရီသာ ခွဲသည်၊ မမဝေ ပြန်မရောက်။

မိုးသည်းလွန်း၍ပဲ တစ်နေရာရာတွင် ခိုနေရသေးသောကြောင့်လော။ စီးလာသောကားပင် စက်ချွတ်ယွင်းသောကြောင့်လော။ ငါးနာရီခွဲအထိတော့ အထူးတလည် ကျွန်တော် စိတ်မပူမိသေး။



ခြောက်နာရီထိုးသောအခါတွင်ကား အိမ်ရှေ့မှ ကျွန်တော် မခွာနိုင်တော့၊ ဖြတ်သွားဖြတ်လာ လူရိပ်လူယောင် တွေတိုင်း မျှော်လင့်တကြီးနှင့် ကြည့်မိသည်၊

ရုံးလုပ်ငန်းတွေ မပြီး၍လော၊ အချို့ရုံးများတွင် အိုဗာတိုင်ခေါ် ရုံးဆင်းချိန်လွန်အောင်လုပ်ရကြောင်း ကျွန်တော် ကြားဖူးသည်၊ မမဝေလည်း ယနေ့ အိုဗာတိုင်နှင့် မိနေသလော၊ အိုဗာတိုင်ဆိုလျှင် နှစ်နာရီလောက်တော့ ကြာမည်ထင်သည်၊ အဲသည်လိုမှန်က ခြောက်နာရီခွဲလောက်တွင်တော့ ပြန်ရောက်လာတန် ကောင်း၏၊ အလွန်ဆုံး ခုနစ်နာရီပေါ့၊

ကိုယ့်ကိုယ်ကို အားပေးရင်း ကျွန်တော် ဆက်စောင့်သည်၊

ခုနစ်နာရီထိုးရုံမက ခွဲသွားသည်။ မိုးက မသည်းတော့ဘဲ စိမ့်စိမ့်လေး ရွာနေ၏။

ကျွန်တော်သည် အိမ်လှေကားထိပ်တံခါးဖွင့်ပြီး ရပ်စောင့်နေသည်။

လမ်းမောတ်မီးရောင်တွေက မထိန်လင်းလှ၊ မိုးနှင့်ဆိုတော့ပို၍ မှိန်မှိန်ဖျော့ဖျော့နိုင်သည်၊

လမ်းထိပ်မှ လှုပ်လှုပ်လှုပ်လှုပ်နှင့် လျှောက်လာသူ တွေ့တိုင်း ကျွန်တော်က မမဝေ ထင်သည်၊ ကိုယ့်အိမ်ကို လွန်လျှောက်သွားခါမှ ရင်တွင် ဟာ၍ မောရသည်၊

ရှစ်နာရီထိုးပြီးသောအခါ ကျွန်တော့် ရင်တွင် ရှူရှိုက်မကာ ယ်ထိပ် မြွေခဲသကဲ့သို့ ဖြစ်ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ပါသနည်း၊ မမဝေ ဘာဖြစ်ပါသနည်း။

လွဲပါစေ...ပယ်ပါစေ၊ ကားများ ဝင်အတိုက်ခံရသလော၊ အို...မဖြစ်နိုင်ပါ။ မမဝေက ကလေးမှ မဟုတ်ဘဲ၊ ရန်ကုန်မြို့တွင် ကျင်လည်စွာလည်း သွားတတ်လာတတ်သည်၊ ထည်တည်ငြိမ်ငြိမ်နှင့် သတိလည်း အလွန်ကြီးသည်၊ သွားသွားလာလာ ဘာလုပ်လုပ် ဣန္ဒြေရရနှင့် ပိပိရိရိ သပ်ရပ်သေချာသည်။

စီးလာသောကားပင် တိမ်းမှောက်လေသလော၊ ကားချင်းမင် တိုက်မိသလော၊ မမဝေစီးရသော လက်ရွဲးတံဆိပ် ကားများကလည်း ကြမ်းပါဘိ၊ ရမ်းပါဘိ။

နိမိတ်မရှိဟု စိတ်တွင်း၌ မထားလိုသော်လည်း အနိဋ္ဌာရုံမျိုးစုံက မျက်စိတွင်း မြင်လာသည်။

ထိုင်မရထမရဘဝကိုသည်းမခံနိုင်သည်အဆုံး၌ ကျွန်တော်က စာလေး တစ်စောင် ကောက်ရေးသည်။

'မမဝေ....စိတ်ပူလို့ မောင် စုံစမ်းထွက်တယ်၊ ပြန်ရောက်နှင့်ရင် စိုးရိမ်မနေနဲ့၊ မောင် အမြန်ဆုံး ပြန်လာမယ်'

မမဝေ၌ အိမ်သော့ အပိုတစ်ချောင်း အမြဲပါသွားသောကြောင့် ကျွန်တော် ပြန်မရောက်ခင် မမဝေ ပြန်ရောက်လျှင် စိတ်မပူရန် သည်စာကို ရေးရခြင်း ဖြစ်သည်။

ရေးပြီးခါမှ သည်စာလေးကို မမဝေ မြင်သာအောင် ဘယ်နေရာမှာ ထားရမှန်း ကျွန်တော် မသိ၊



တံခါးတွင် ကပ်ထားရမည်လော။ အတွင်းဘက် အိမ်ရှေ့မီတာ သေတ္တာနားတွင် ပိုမကောင်းဘူးလော၊ အိပ်ရာထဲက ခေါင်းအုံးမှာ ချိတ်လေးနှင့် တွယ်ထားလျှင်ကော။

တက်တက်လာချင်း မြင်အောင် လှေကားထိပ် သံဇကာ

သည်ကိစ္စလေး လုပ်ရန်ပင် ကျွန်တော့်မှာ ချီတုံချတုံနှင့် ဝေခွဲမရ ဖြစ်နေမိသည်။

နောက်ဆုံးတော့ စာလေးကို စာရေးစားပွဲပေါ်မှာပင် တင်ထားသည်၊ လွင့်မကျစေရန် မင်အိုးနှင့်ဖိထားသည်၊ ကွက်ကွက် ကွင်းကွင်း မြင်နိုင်ပါစေဟု စားပွဲပေါ်တွင် အခြားဘာမျှ မရှိရန် ဖယ်ရှားရသေးသည်။

ဩော်...မမဝေ ပြန်ရောက်၍ ကျွန်တော့်ကို မတွေ့လျှင် ဒူပန်ရှာဦးမည်း။

ကျွန်တော်သည် အိမ်ရှေ့ တံခါးများကို မပိတ်ဘဲ တမင် ဖွင့်ထားခဲ့သည်။ လှေကားထိပ်မှ သံဇကာ တံခါးကိုသာ ပိတ်ပြီး သော့ခတ်ထားခဲ့၏၊

မိုးစိမ့်စိမ့်တွင် ထီးဆောင်းပြီး အိမ်မှ ကျွန်တော် ထွက်လာခဲ့သည်၊ လမ်းမှာတွေ့သမျှ လူတိုင်းကိုလည်း ကြည့်ရသေးသည်၊

သံတံတားကိုကျော်ပြီး အောက်ကြည့်မြင်တိုင် လမ်းမကြီးသို့ ရောက်လာခဲ့သည်၊ မိုးကြောင့် လူပြတ်နေသော ပန်းပင်

www.burmeseclassic.com

ကြီး လမ်းအတိုင်း ကြည့်မြင်တိုင် ကမ်းနားဈေးအထိ ကျွန်တော် ဆက်လျှောက်သည်။

စိတ်က လေလာနေသောကြောင့် အတန်လှမ်းသော သည် ခရီးကိုလှမ်းမှန်းသတိမပြုမိ၊ မြန်မြန်လျှောက်သဖြင့် အသက်ရှူ ပြင်းနေသော်လည်း မောသည်ကို မခံစားရ၊

လက်ရှိကားဂိတ် ရုံးကတော့ မီးထိန်နေသည်။ တာဝန်ကျ လူသုံးဦးလည်း ရှိနေသည်။ ဘတ်စ်ကားကြီးများက ဝင်ဆဲ ထွက်ဆဲတည်း။ မိုးရွာပြီး ညရောက်သော်သည်း လူတွေ သွားဆဲလာဆဲ ပါဘကား။ ဪ...မမဝေလည်း ပြန်ရောက် နိုင်သေးသည်၊ ခုဆို အိမ်များ ပြန်ရောက်နေပြီလော။ ကျွန် တော့်စာလေးကို တွေ့မှတွေ့ပါမည်လော။

ကားဂိတ်ရုံးမှ လူတစ်ဦး အနီးသို့ ကျွန်တော် ချဉ်းကပ် သွားသည်။

'ဘာကိစ္စလဲ'

'ဪ....မောင်ကြီးရယ်၊ ကျွန်တော် တစ်ခု စုံစမ်းချင် လို့ပါ'

'စုံစမ်းချင်လို့၊ ဆိုပါဦး'

ခက်သည်ကား ဘယ်ပုံ စကားစရမှန်းမသိ။

'ဒီလိုပါခင်ဗျာ၊ ဟိုဒင်း၊ ကျွန်တော့်ဇနီးက လူကြီးမင်းတို့ ကားနဲ့ နေ့တိုင်း ရုံးကပြန်ပါတယ်၊ အဲဒါ ဒီနေ့ ပြန်မရောက် သေးလို့'



'ဗျာ....အဲဒါနဲ့ ကျွန်တော်တို့က ဘာဆိုင်လို့လဲ'

'ဟုတ်ပါတယ်၊ ကျွန်တော်သိချင်တာက ဟို....ဟို....နောင် ကြီးတို့ ကားတစ်စီးစီးများ တစ်ခုခုဖြစ်သလားလို့'

'ဘယ်လို၊ ဘာ....ဘာ တစ်ခုခုဖြစ်ရမှာလဲ'

'ကားချင်းတိုက်မိတာတို့၊ မှောက်တာတို့၊ အဲဒါမျိုး'

ကျွန်တော့်စကားမဆုံးခင် ထိုသူက အော်သည်။

'ဟေ့လူ ဘာနိမိတ်မရှိ နမာမရှိတွေ လာပြောနေသလဲ'

'စုံစမ်းတာပါခင်ဗျာ၊ မကြိုက်ရင်လဲ ခွင့်လွှတ်ပါ၊ တောင်း ပန်ပါတယ်'

ကျွန်တော်က လေသံကို အပျော့ဆုံးထားပြီးပြောမှ ထိုသူ ၏ ရုတ်တရက် တင်းသွားသောမျက်နှာသည် ပြန်လျော့သွား ၏။

'ကျွန်တော်တို့လိုင်းမှာ ဒီနေ့ ဘာ မတော်တဆမှုမှမရှိဘူး'

'သေချာပါတယ်နော်'

'ကိုယ့်လူကို ကျုပ်က ဘာလို့ညာရမှာလဲ၊ ခင်ဗျား မယုံ ရင် မော်တော်ပီကယ်ရုံး သွားမေးပါလား'

သူက ဘုမှတ်သော်လည်း ကျွန်တော်က ဘောက်ပြန်မလုပ် နိုင်ပါ။ သူ့ဆီကအဖြေသည် ကျွန်တော့်အတွက် စိတ်သက် သာဖွယ်ရာပင် ဖြစ်နေသည်။

www.burmeseclassic.com


'စိတ်မဆိုးပါနဲ့ ခင်ဗျာ၊ အခုလောက်သိရတာ ကျေးဇူးတင်လှပါတယ်'

ကားဂိတ်ရှေ့မှ ကျွန်တော် ထွက်လာသောအခါ၌ လက်ရှိုင်းကားတစ်စီးက ထွက်ခါနီးနေပြီ။

ကျွန်တော်က ထိုကားပေါ်သို့ တက်လိုက်၏၊ မတွေးပြီး မမဝေတို့ ရှိုးအထိ လိုက်မည်။

လက်ရှိုင်းကားသည် နာမည်ကြီးအောင် ကြမ်းသည်၊ ရမ်းသည်။ နေ့ကြောင်တောင် လူစည်ချိန်မှာပင် ကြောက်စရာ အရှိန်နှင့် မောင်းတတ်သည်။

ယခု ကားပေါ်မှာ ခရီးသည်မများလှ။ မိုးကြောင့် လမ်းကလည်း ရှင်းသည်။ ညလည်း ဖြစ်သေး၏၊ ဒရိုင်ဘာက ကားကို ပြိုင်ကားနှုန်းတမျှနှင့် မောင်းသည်။

ကျွန်တော် မကြောက်နိုင်ပါ။ မြို့တွင်းသို့ အရောက်နှေးလှသည်ပင် ထင်မိ၏။

မမဝေတို့ ရှိုးတည်ရာ ရှိုးကုမ္ပဏီ အဆောက်အအုံကြီးသို့ ကျွန်တော် ရောက်လာခဲ့သည်။ မျက်နှာစာ တံခါးကြီးမှ ဒရဝမ်ကား ကုလားလူမျိုးဖြစ်၏၊ သူက အောက်ထပ်ရှိ ကုမ္ပဏီ၏ ဒရဝမ်ဖြစ်သည်။

ကုမ္ပဏီဒရဝမ် ညွှန်ပြသောကြောင့် ဘေးဘက်လှေကားဆီ ကျွန်တော် သွား၏၊ အဲသည်က ဒရဝမ်ကမူ မြန်မာလူမျိုး ဖြစ်၏။

'နောင်ကြီးက သန်းခေါင်စာရင်းမင်းကြီး ရှိုးစောင့်လား' 'ဟုတ်တယ်'

'ညများ အလုပ်ဆင်းနေကြသေးလား ခင်ဗျာ'

'ဘာရယ်'

'ဪ....ဒီည အိုဗာတိုင်များ ရှိသလားလို့'

'ကြုံကြိုးစည်ရာ၊ ရှိလဲ ဒီအချိန်အထိ ဘယ်နေမလဲ'

'ဪ...ဟုတ်ကဲ့၊ ဒါထက် ဒီရှိုးက ဘီစီ ဓေါ်မဝေဝေ ဆိုတာများ သိပါသလား'

'ဘီစီတွေက အများကြီး ဘယ်သိမလဲ၊ ပြီးတော့ ကျုပ်က ညစောင့်ဗျ၊ ကျုပ်ရောက်တဲ့အချိန် ရှိုးက လူရှိတော့တာ မျိုးမှ မဟုတ်ဘဲ'

ကိစ္စက ပြတ်လေပြီ။ ကျွန်တော် ဘာများဆက်လုပ်နိုင်ပါ မည်နည်း။

ကျွန်တော်ဟာ အားငယ်သွားမိသည်။ မြို့တော်ခန်းမကြီး ရှေ့ ပလက်ဖောင်းပေါ်၌ ရပ်ပြီး ခေတ္တငိုင်နေမိ၏။

ရန်ကုန်မြို့ကြီးက ကျွန်တော့် ရှေ့မှောက်တွင် ကြီးကျယ်လှစွ။ သည်မြို့ကြီးအလယ် ဘယ်နေရာတွင် မမဝေက ရှိနေပါ သနည်း။ သည်မြို့ကျယ်ကြီးတစ်ခွင် နှံ့အောင် ကျွန်တော်က ဘယ်လို လိုက်ရှာပါမည်နည်း။

ဪ.... မျှော်လင့်ချက်ကတော့ မကုန်သေး၊ သည်အချိန် လောက်ဆိုလျှင် မမဝေ အိမ်များပြန်ရောက်နေပြီလော။

လက်ရှိုင်းကားစီး၍ လာလမ်းအတိုင်း ကျွန်တော် ပြန်ခဲ့ရ သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လမ်းသို့ ကျွန်တော်ပြန်ရောက်ချိန်၌ တစ်ရပ်ကွက်လုံး အိပ်ကုန်ကြပြီ။ အိမ်တိုင်း တံခါးပိတ်၍ လမ်းပေါ်မှာ လူသူကင်းဆိတ်ဘိသည်။

ကျွန်တော်တို့ အိမ်လေးကသာ မီးလင်းနေသည်။

တံခါးဝကနေ၍ မမဝေသည် ဝမ်းသာဇောလေးနှင့် ကျွန်တော့်ကို ကြိုဆိုလေမည်လော။

သံဇကာတံခါးဆီလှမ်းကြည့်မိသောအခါ မျှော်လင့်သမျှ မှောရသည်။

အပြင်ဘက်တွင် သော့ခလောက်က ကျွန်တော်ခတ်ထားခဲ့သည့် အတိုင်းပင်။

အိမ်ပေါ်ရောက်သောအခါ ကျွန်တော်သည် ခြေပစ်လက်ပစ် ထိုင်မိသည်။

ည ဆယ့်တစ်နာရီ ထိုးတော့မည်။ သည်အချိန်မှ ရောက်မလာတော့ မမဝေ တစ်ခုခုဖြစ်ပြီ။ ဘာဖြစ်သနည်း။ မမဝေ ဘာဖြစ်ရှာပြီနည်း။

ဘယ်သူ့ဆီမှာ, ကျွန်တော်က ဘယ်လိုမေးရပါမည်နည်း။

မြို့ပေါ်တွင် မမဝေ၏ သူငယ်ချင်းတွေရှိမှန်း ကျွန်တော်သိသည်။ သို့ရာတွင် သူတို့ကို ကျွန်တော်မသိ။ သူတို့ နေရပ်လိပ်စာကိုလည်း မသိ။

ပင်ပန်းနွမ်းနယ်စွာဖြင့် ကျွန်တော်သည် မီးဖိုခန်းဆီ ထွက်ခဲ့၏။

မီးဖိုများတွင် မီးငြိမ်းသည်မှာ ကြာပြီ၊ ထမင်းတွေ ဟင်းတွေလည်း အေးစက်ရော့မည်။



မမဝေ နောက်ကျ၍ရောက်လာလျှင် အဆင်သင့် ခူးစားရ ရှိရန် ထမင်းစားပွဲကို ကျွန်တော်ပြင်ထားခဲ့သည်။ စားပွဲဝိုင်းလေးပေါ်မှာ ထမင်းပန်းကန်နှစ်ချပ်နှင့် ဟင်းပန်းကန်လေးတွေက မှောက်လျက်သား။

စကားတပြောပြောနှင့် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ထမင်းစားမြိန်ရသည်ကို သတိရသည်။ ထမင်းစားပြီးလျှင် အိုးခွက်ပန်းကန်တွေကို လုဆေးကြသည်။

ကျွန်တော့်ရင်မှာဆို့ပြီး နင့်နေသည်။ ထမင်းလည်း စားချင်စိတ် မရှိပြီ။

အိမ်ရှေ့ပြန်ထွက်လာပြီး ခါးပန်းမှာ ကျွန်တော် ငူငူထိုင်မိသည်။

ညက တိတ်ဆိတ်လှသည်။ တိတ်ဆိတ်ရုံမကပါ။ ဆိတ်သုဉ်းလှသည်။ ဆိတ်သုဉ်းသော သည်ညလယ်မှာ ကျွန်တော် တစ်ယောက်တည်း အသက်ရှင်နေရသည် ထင်သည်။

ရုံးမှာလည်း မမဝေ မရှိပြီ၊ ကားဂိတ်ရုံးမှလူ၏စကား အရ ယနေ့ သည်ကားလိုင်းတွင် မတော်တဆဖြစ်မှု လုံးဝမရှိဆိုသည်။

လူပျောက်အဖြစ်နှင့် ရဲကိုတိုင်ရမည်လော။ ပျောက်သည်ဟုကော ဘယ်ပုံတစ်ထစ်ချ ဆိုရမည်နည်း။ ရဲတိုင်ခြင်းကတော့ နောက်ဆုံးအဆင့်ဖြစ်သည်။ သည်တစ်ညတော့ စောင့်ရဦးမည်။ နောက်တစ်နေ့မှာ ရှာရဦးမည်။ မတွေ့တော့မှ ရဲထံ တိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

အတွေးတွေ ဟိုရောက် သည်ရောက်မှ ဟိုတစ်နေ့က မမဝေ ပြောခဲ့သော စကားလေးများကို ပြန်ကြားယောင်လာသည်။

…မောင်နဲ့ မမဝေကွဲသွားရရင်….။ မညီးမချိတ် သည်စကားကို မမဝေက ဘာကြောင့် သုံးခဲ့ရပါသနည်း။

ကျွန်တော်တို့ကို မည်သူက ခွဲကြမည်နည်း။ သူ့ မိဘတွေကတော့ ဖြစ်နိုင်လျှင် ဖြစ်သည့်နည်းဖြင့် ခွဲကြပေမည်၊ ယခု သူ့မိဘတွေ လိုက်လာပြီး အတင်း ခေါ်ဆောင်သွားကြပြီလော၊ ဒါကလည်း မဖြစ်နိုင်၊ မမဝေက ကလေးလေးမဟုတ်၊ မမဝေ သဘောမတူဘဲ ဇွတ်ဆွဲခေါ်၍ရမည်မဟုတ်၊ ကြောက်လန့်ပြီး ပြန်လိုက်သွားသည် ဆိုရအောင်လည်း မမဝေ၏ စိတ်ဓာတ်အ ဤမျှ မပျော့၊ မမဝေ စိတ်ကို ကျွန်တော် သိသည်၊ နုနုလေးယောင်ယောင်နှင့် သူ့မှန်သည့် ထင်ကအလွန်မာသည်။

မမဝေ ကိုယ်တိုင်ကများ….

ကျွန်တော် ထိတ်လန့်သွားသည်။ ဘာမှပြောပြဲ့ မမဝေက စိတ်ကူးတော့ ယဉ်တတ်သည်။

ကျွန်တော့်ကို စိတ်ကူးယဉ်နှင့် ချစ်ခဲ့လေသည်လော၊ သို့မဟုတ် ချစ်ခဲ့လေ၍ စိတ်ကူးယဉ်ယဉ်နှင့် သူ့ကိုယ်သူ အနစ်နာခံပြီး သူ့ ဖြစ်စေချင်တာလေးတွေကို လုပ်ပေးသွားရှာသလော၊

ကျွန်တော့်ကို စာရေးဆရာဘဝရောက်ရဲ့ သူ့ တတ်စွမ်းသမျှ ပါရမီဖြည့်ပေးသွားရှာသလော၊ ဝတ္ထုကြီးပြီး၍ အောင်မြ



ခြင်း လမ်းပေါ် ကျွန်တော် စတင်ရောက်ပြီဟု ယုံကြည်နိုင်ပြီမို့ ခွန်းခွာပြေးပြီလော၊

ဟင့်အင်း….မဖြစ်နိုင်ပါ၊ မမဝေသည် ကျွန်တော့်ကို ချစ်သည်၊ မမဝေ ကျွန်တော့်ကို ဘယ်လောက်ချစ်သည်ကို ကျွန်တော် အသိဆုံးပါ၊

ညက နက်သည်ထက် နက်လာခဲ့သည်။

ကျွန်တော် မအိပ်ချင်ပါ။ အိပ်လည်း မအိပ်နိုင်ပါ၊ စောင့်ပါမည်၊ မိုးလင်းအထိ ထိုင်စောင့်မည်၊

တိတ်ဆိတ်သောညမှာ တစ်ခါတစ်ရံ လမ်းပေါ်မှ ခြေသံလိုလို ကြားရသည်၊

လှေကားထိပ်ထွက်ပြီး မျှော်ကြည့်ရပေါင်းလည်း မရေတွက်နိုင်ပြီ။

တစ်ခါတစ်ရံ အဝေးမှ ကားသံကြားရသည်၊ လမ်းထဲ ဝင်လာမည်လော၊ မမဝေ ပါလာမည်လော၊ ဘာကားမျိုး ဖြစ်မည်နည်း၊

ကားသံတွေက အဝေးမှလာပြီး အဝေးမှာ ပျောက်သွားကြသည်။

အပြီးသတ်ကျတော့ ဆိပ်သုဉ်းသော ညရယ်၊ ကျွန်တော်ရယ်၊ ဒါပါပဲ၊

ရင်က ပူလှသည်၊ တစ်ဆို့တစ်ရသော အလုံးကြီးတလည်း ရင်ဝမှာ ဆို့နေသည်၊ စိုးရိမ်မှုချီးစုံကလည်း နှိပ်စက်ဘိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကလေး ဆိုလျှင်တော့လည်း အော်ငို လိုက် ချင်သည်။ အစိပ္ပာယ်မဲ့ ခေါင်းကို တိုင်နှင့် ဆောင့်ချင်သည်။

တောကြီး ဘောင်ကြီး ကန္တာရခရီးမှာ ဆိုလျှင်ကလည်း 'မမဝေရေ....' ဟု တကြော်ကြော် ဖအော်ခေါ်ရကောင်းရဲ့။

ဩော်....လကွယ်သောည၊

နှမဘယ်ဆီ၊
ရောက်ခဲ့ပြီနည်း၊
နာရီပြန်ညှောင်း၊
ညပေါင်းရှင့်ရှည်၊
မှောင်သည့်ပိန်းပိန်း၊
သန်းယိမ်းလွန်လွန်၊
တံခွန်သောက်ရွှး၊
အရွက်ကူးစေ၊
ချစ်ဦးသူကို စောင့်ဝပါမည်၊

ကျွန်တော် စပ်ခဲ့မိသည့် ကဗျာပါ။ယခုတော့ သည်ကဗျာ အတိုင်း ကြုံမှ ကြုံလေရသည်။

စောင့်ရပါမည်။ အကယ်ပင် အရွက်ကူး၍ မိုးစင်စင်လင်း စေ၊ ကျွန်တော် စောင့်ရပါမည်၊

စောင့်ရင်းမှာ တင်းသည့်ကြားမှ မျက်ရည်တော့ ဖြိုင်ဖြိုင် ကျမိပါသတည်း။



ရှည်လျားလှသော ညသည် နောက်ဆုံး၌ ကုန်လွန်ပြီး မိုး လင်း၏။

ထိုင်စောင့်ရင်းက တစ်ချက်တစ်ချက်တွင် ငိုက်မိသည်မှ တစ်ပါး လုံးဝ မအိပ်ခဲ့သောကြောင့် ကျွန်တော့် ခေါင်းတွင်း မှာ မူးရီ နောက်ကျိနေသည်၊

မျှော်လင့်ချက်ကြိုးမျှင်က တဲတဲပင် ရှိတော့သော်လည်း မပြတ်ချင်သေး၊

တစ်ကြောင်းကြောင်းကြောင့် ညက ပေါ်မလာပေမယ့် နံနက်မှာ မမဝေ ပြန်လာနိုင်သေးသည်၊

ပြန်မလာရင်တော့ ရှာရမည်၊ ပျောက်သောသူ ရှာလျှင် တွေ့၊သည့်စကားကို အားကိုးပြီး ရှာရမည်၊ ရန်ကုန်တစ်မြို့လုံး ရှာရပါစေ၊ တစ်ကမ္ဘာလုံးမှာ ရှာရပါစေ၊ ရှာရမည်၊ မမဝေ ကို ရှာရမည်။

လန်းလာအောင်ဟု ကျွန်တော်သည် ရေချိုးပစ်လိုက်သည်၊ စားချင်သောက်ချင်စိတ် မရှိသော်လည်း အားရှိအောင် ဇွတ် မျို စားသောက်ရသည်၊

မျှော်လင့်ချက် ကြိုးမျှင် တဲတဲကြောင့် နံနက်ကိုးနာရီထိ အောင်တော့ အိမ်မှာ ထိုင်စောင့်နေမိသေးသည်၊ ကိုးနာရီ ကျော်သောအခါ အမှာစာလေး တစ်စောင် ထပ်ရေးထားခဲ့ ပြီး အိမ်မှ ကျွန်တော် ထွက်လာခဲ့၏။

မမဝေတို့ရုံးကိုပင် အရင်လာခဲ့သည်၊ရှာပုံတော်ကို သည်ကစ စရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးကုမ္ပဏီ ဘေးဘက် လှေကားမှ ကျွန်တော် တက်လာခဲ့သည်။ မမဝေတို့ရုံးက သုံးထပ်မှာ ရှိသည်။

ခန်းမကျယ်ကြီးတွင် စားပွဲအသီးသီးနှင့် စာရေးစာချီတွေ များလှသည်။ တစ်ဦးလျှင် စားပွဲတစ်လုံးတော့ မဟုတ်။ စားပွဲရှည်ကြီးများကို တန်းချထား၏။ လူတွေက ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။ စားပွဲထိပ်၌ ထိုင်သူက အကြီးအကဲ ဖြစ်ဟန် တူသည်။ တစ်ထောင့်က ယာယီ ကာထားပုံရသော အခန်း တစ်ခုနှစ်ခုကတော့ အရာရှိများအခန်း ဖြစ်ပုံရသည်။

စားပွဲရှည်တစ်လုံးမှ စာရေးမလေးများထံ ကပ်သွားပြီး ကျွန်တော်က စုံစမ်းသည်။

'ဒေါ်ဝေဝေ့ဆက်ရှင်က ဘယ်နားမှာလဲ ခင်ဗျာ'

စာရေးမလေးတစ်ဦးက ခပ်လှမ်းလှမ်းရှိ စားပွဲရှည် တစ်လုံးဆီ ညွှန်ပြ၏။

ယင်းစားပွဲမှာလည်း မျက်နှာချင်းဆိုင်ထိုင် အလုပ် လုပ်နေကြသော စာရေးမများနှင့် စာရေးများ ရှိကြ၏။ ထိပ်က နေရာတွင်မူ လူလွတ်နေ၏။

ကျွန်တော်က ယောကျ်ားစာရေးတစ်ဦးအနီး ကပ်၍ မေးသည်။

'ဒါ ဒေါ်ဝေဝေ့ ဆက်ရှင်နော်'

'ဟုတ်ပါတယ်'

'ဒေါ်ဝေဝေကော ခင်ဗျာ'



စားပွဲမှ လူအားလုံးသည် ကျွန်တော့်ကို ဝိုင်းကြည့်ကြမှန်း ကျွန်တော် သတိပြုမိသည်။

'ဒေါ်ဝေဝေ ရုံးမတက်နိုင်ဘူး ခင်ဗျ'

'ခင်ဗျာ...ရုံးမတက်နိုင်ဘူး'

'ဟုတ်တယ်၊ ကျွန်တော်တို့ အားလုံး စိတ်မကောင်း ဖြစ်နေကြတယ်'

ထိုသူက မျက်နှာညိုးညိုးဖြင့် ခေါင်းခါပြရင်း ပြော၏။

'ခင်ဗျာ...ဒေါ်ဝေဝေ ဘာဖြစ်လို့လဲဟင်'

'ဒေါ်ဝေဝေက ဆေးရုံကြီးမှာ အတွင်းလူနာတဲ့ ခင်ဗျာ'

သူ ဘာဆက်ပြောသေးသနည်း။ မပြောတဲ့နှင့် ရပ်လိုက်သည်လော။ ကျွန်တော် မသိပါ။ ဘာမျှ ဆက်မကြားပါ။ ဆေးရုံကြီးမှာ...၊ အတွင်းလူနာ။ သည်စကားရပ်များကသာ နားတွင်း စူးဝင်သွားသည်။ မဟုတ်ပါ။ မဘပါ၊ ရင်နှလုံးတွင်း စူးဝင်သွားသည်။

ထိုသူခမျာက မျက်လုံးကြီးပြူးပြီး ကျွန်တော့်ကို စိုက်ကြည့်နေသေးသည်။ ပြီးမှ လှုပ်ရှားလာ၍ နေရာမှထကာ သူ့ ကုလားထိုင်ကို ကျွန်တော့်ဆီ ထိုးပေး၏။

'ထိုင်...ထိုင်ဦး ခင်ဗျ၊ ခင်ဗျား ဘာဖြစ်သွားသလဲ'

သူ့ကို ကျွန်တော် ကျေးဇူးတင်သည်။ သူ ထိုးပေးသော ကုလားထိုင်ပေါ်၌ ကိုယ်ကို ပုံချထိုင်လိုက်ရ၏။

'ခင်ဗျား...ဒေါ်ဝေဝေနဲ့ ဘာတော်သလဲ'

'ခင်ဗျာ'

'ခင်ဗျားနဲ့ ဒေါ်ဝေဝေနဲ့ ဘာတော်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဝေဝေက ကျွန်တော့်....'

စကားမဆုံးဘဲ သူ့ကိုသာ ကျွန်တော်က ငေးကြောင် ကြည့်မိ၏။

သူ့ကို စာနာ နားလည်ဟန် ပြုံးပြ၏။

'ခဏလေးနေဦးနော်၊ ဪ....အတော်ပဲ၊ ဟိုမှာ မမရှင် လာနေပြီ၊ မမရှင်ရေ.... ဟောဒီမှာ မမဝေကို လာမေးနေ တယ်'

ကျွန်တော့်ရှေ့ လာရပ်သူက မမဝေနှင့်ရွယ်တူခန့် မှန်မှန် ရည်ရည်ရှိသော အမျိုးသမီး တစ်ဦး ဖြစ်သည်။

'ဒေါ်ဝေဝေ့ကို လာမေးသလား၊ ဟုတ်လား'

ကျွန်တော်က ခေါင်းညိတ်ပြသည်။

'ဒေါ်ဝေဝေက ဆေးရုံကြီးမှာ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ဆေးရုံကြီးမှာ၊ ဘာဖြစ်သလဲ၊ မမဝေ ဘာဖြစ်သလဲ'

'မမဝေလို့ မင်းက ခေါ်လိုက်တယ်၊ ဒေါ်ဝေဝေနဲ့ မင်း ဘာတော်လို့လဲဟင်'

သည်မေးခွန်းက လာပြန်ချေပြီ။

'ကျွန်တော် မမဝေရဲ့ မောင်၊ မောင်....ပါ'

'အရင်းလား၊ ဝမ်းကွဲထင်တယ်နော်'

ကျွန်တော်က ခေါင်းကို ယောင်ယောင် ညိတ်ပြ၏။

'ဒါဖြင့် သူ့ မိဘတွေကို သိမှာပေါ့၊ ဒေါ်ဝေဝေ့မိဘတွေ လေ၊ သူတို့လဲ အခု ဆေးရုံကြီးမှာ၊ မမရှင် ဒီမနက် ဆေးရုံဝင်



ခဲ့သေးတယ်၊ ခုနင်က အကျိုးအကြောင်းကို အရာရှိဆီ သတင်း သွားပို့တာ'

'မမရှင်က မမဝေ့ သူငယ်ချင်းပါလား'

'မဟုတ်ပါဘူး၊ မမရှင်က ဒီက အထက်တန်း စာရေးမ၊ ဖြစ်တဲ့နေ့က အဲ....ဖြစ်တဲ့နေရာမှာ ဒေါ်ဝေဝေနဲ့ အတူတူ ရှိနေခဲ့တယ်'

'မမဝေ ဘာဖြစ်တာလဲ၊ ကျွန်တော့်ကို ပြောပြပါလား ခင်ဗျာ'

'မမရှင်က အလုံမှာ နေတယ်၊ ဒေါ်ဝေဝေနဲ့ အမြန်မှာ ကားလိုင်းတစ်လိုင်းတည်း စီးနေကျပေါ့၊ မနေ့ကတော့ မိုးကရွာ ပြီး ကားတွေက သိပ်ကျပ်လို့ ရုံးတွေနား နီးတဲ့ ဒီနားမှတ်တိုင် က မစီးဘဲ လှစ်စ်လမ်းမှတ်တိုင်က ကြိုစီးမယ်ဆို သွားကြတယ်၊ ကားတစ်စီးဆိုက်လာတော့ လူကျပ်လို့ မစီးသေးဘူးလို့ နှစ်ဦး သဘောတူ ဆုံးဖြတ်ကြတယ်၊ အဲဒီတုန်း ဆီဒင်ကားတစ်စီးက မလှမ်းမကမ်းမှာ ဖြုန်းဆို ရပ်လာတယ်၊ ဘတ်စ်ကားကလဲ ထွက်ပြီ၊ ဘာမပြော ညာမပြောနဲ့ ဒေါ်ဝေဝေဟာ အဲဒီ ထွက်စ ကားပေါ်ကို အတင်းတွယ်ပြီး အဘက်လိုက်မှာ လိမ့် ကျ ကျန်ရစ်တယ်၊ ခေါင်းက ပက်လက်ဖောင်းနဲ့ ရိုက်မိပြီး ခွေခွေလေး မလှုပ်နိုင်ရှာတော့ဘူး၊ မမရှင်လဲ အတင်းဝင်ပွေ့ တာပဲ၊ ဒီတုန်း မိန်းမကြီးတစ်ယောက်နဲ့ လူကြီးတစ်ဦး ရောက် လာတယ်၊ မိန်းမကြီးက ဒေါ်ဝေဝေကို အအင်းအင်ဖက် တယ်၊ ပါးစပ်ကလဲ သမီးရေ....ဝေဝေရေ၊ မေမေလေ.... သမီးမေမေသေနဲ့ ကွယ်....အရူးတစ်ပိုင်းပါပဲ၊ အဲလိုပြောရရင်

www.burmeseclassic.com

www.burmeseclassic.com


တော့ စောစောက ဆိုက်လာတဲ့ ဆီဗင်ကားပေါ် ဒေါ်ဝေဝေ့ကို တင်ပြီး သူတို့နဲ့အတူ မမရှင်လဲ ဆေးရုံကြီးကို လိုက်သွားတာပဲ၊ ဆေးရုံကြီးရောက်တဲ့အထိလဲ ဒေါ်ဝေဝေ သတိမရသေးဘူး’

ကျွန်တော်က မမရှင် ဆိုသူကို ငေးကြည့်နေမိသည်။ သူပြောနေသော စကားတွေကို ကြားပါ၏။ ကြားလျက်တမယုံချင်။ မယုံရဲ၊ ရင်တွင်း၌သာ လှိုင်းတွေ ထက်လာသကဲ့သို့ ခံစားနေရသည်။

‘မမရှင်လဲ မပြန်နိုင်ဘူး၊ ဒေါ်မမဝေက လှသလောက် သဘောကောင်းတယ်လေ၊ မမရှင်ထက် ရာထူးကြီးပေမယ့် သူက နှစ်နှစ်လောက်ငယ်တယ်၊ မမရှင်က သူ့ကို ညီမတစ်ယောက်လို ချစ်နေတာ၊ အဲဒါကြောင့် ဒေါ်ဝေဝေ သတိမရမချင်း မမရှင်လဲ အိမ်ကို မပြန်နိုင်ဘူး’

ကျွန်တော့်မျက်လုံးများမှ မျက်ရည်တွေ ကျတော့မည်ကို ကျွန်တော် သတိပြုမိသည်၊ တားဆီးရန် ကျွန်တော် မကြိုးစား။ ဘယ်လိုကော တားဆီးနိုင်ပါမည်နည်း။

‘ညရှစ်နာရီလောက်ကျမှ ဒေါ်ဝေဝေ သတိပြန်လည်လာတယ်၊ ဒါပေမယ့် စကားတွေ ဘာတွေ မပြောနိုင်ပါဘူး၊ သတိပြန်လည်လာရုံလေးနဲ့ တူပါတယ်၊ ဒီလောက်ဆို စိတ်နည်းနည်းသက်သာရတာမို့ မမရှင်လဲ အဲဒီတော့မှ အိမ်ကိုပြန်တယ်၊ ဒီမနက် ဝင်ကြည့်တော့ အခြေအနေ တိုးတက်လာတယ် ဆိုရမယ် ထင်တယ်၊ မျက်လုံးဖွင့်ပြီး စကားတစ်လုံးနှစ်လုံး ပြောတယ်တဲ့၊ ဒါပေမယ့် ဘာမှ ကြည်ကြည်လင်လင် ရှိသေး



ဟန် မတွေ့ဘူး၊ သူတို့ပြောတာက ခေါင်းမှာ ဘယ်ဘက်စောင်းလောက်က အရိုးအက်သွားတယ် တဲ့၊ ဦးနှောက်အတွင်းသားထိ မထိတော့ အသေအချာ မသိရသေးဘူးတဲ့၊ မထိပါစေနဲ့လို့ မမရှင် ဆုတောင်းတယ်’

မမရှင်သည် စကားကို အဆုံးသတ်လိုက်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေ၏။

‘အလို...ငါ့မောင်၊ မင်း ဘာဖြစ်သလဲ၊ အို... မင်း ငိုနေတယ်’

ကြာလျှင် ဂုဏ်ပိုပျက်ရချေတော့မည်။ သိထိုက်သည်ကိုလည်း သိပြီမို့ နေရာမှ အားယူပြီး ကျွန်တော် ထသည်။

‘မမဝေဟာ ရန်ကုန်ဆေးရုံကြီးပေါ်မှာပါ နော်’

‘ဟုတ်တယ်၊ ပိုက်ဆံခန်းမှာ ညကတည်းက သူတို့ထားတယ်၊ အထူးနာ့စ်တောင်မှ နှစ်ယောက်ငှားထားတယ်၊ သူ့မိဘတွေက ချမ်းသာပုံရတယ်၊ အင်းလေ...မင်း သိမှာပေါ့’

‘အခုလောက်သိရလို့ ကျွန်တော် ကျေးဇူးတင်လှပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ’

ရုံးပေါ်မှ ဘယ်လိုဆင်းလာခဲ့သည်ကို ကျွန်တော် မမှတ်မိပါ။ ဆေးရုံကြီးဆီကို ဘယ်လမ်းကလျှောက်ပြီး ဘယ်ပုံရောက်လာမှန်းလည်း မသိပါ။

ထိခိုက်ဒဏ်ရာရသူများထားရာ ဝဒ်ကိုတော့ ဆေးရုံကြီးရောက်မှ စုံစမ်းယူရသည်။

ရန်ကုန်ဆေးရုံကြီးကို ကျွန်တော် တစ်ခေါက်မျှ မရောက်ဖူးပါ၊ ဆေးရုံစည်းကမ်းများကိုလည်း နားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝဒ်တွင်းအဝင်တွင်အဝ၌ ကုလားလူမျိုး အစောင့်နှင့် တိုးတော့၏။

'ဩ့ဒယ်....ဒီးအချိန် မလာနဲ့၊လာတယ်နော်....ညာနေးမှ လာဘား'

ခက်ချေပြီ၊ ဘာလုပ်ရမည်နည်း။ သည်ရောက်မှ မမဝေကို မတွေ့ရဘဲ ကျွန်တော် မပြန်နိုင်ပြီ။

နံနက်က မမရှင် တစ်ခေါက် ဝင်ခဲ့သေးသည်ဆိုခြင်းကို ကျွန်တော် သွားသတိရသည်၊ နည်းက ရှိပေလိမ့်မည်၊

ကျွန်တော်က အိတ်တွင်းမှပိုက်ဆံနှိုက်ထုတ်သည်၊ ကျပ်တန်နှစ်ရွက်ကို မောင်မင်းကြီးသား လက်တွင်းသို့ ထည့်လိုက်ရ၏၊

'နင် ဘယ်ဒူးကို သွားတွေ့မှလဲ'

'ခေါင်းမှာ ဖဏ်ရာရတဲ့ လူနာ၊ မိန်းမဘစ်ယောက်လေ၊ ပိုက်ဆံခန်းမှာ၊ ဘယ်အခန်းလဲ၊ မင်း သိသလား'

'ဟား....တိဒယ်၊ တာခွေး....တာခွေးတာမီး၊ ဒီမှာ တွား တယ်၊ တိခန်း....နှိခန်း....တုံးခန်း၊ နင် ဆစ်စဘာ တိဒလား၊ လုံးဂျီးအာရှိမ်း ဝတ်တယ်၊ တူမေးတယ်နော်....ထမင်းလာပို ဒယ် ပြောဘား'

ဝဒ်တွင်းမှာ လူသူရှင်းသည်၊ ထဘီအစိမ်းနှင့် စစ်စထာကိုလည်း မတွေ့ပါ၊

တွေ့ရသည်ကတော့....

ဦးထင်အောင်နှင့် ဒေါ်လှနု၊ မမဝေ၏ အဖေနှင့် အမေပါ၊



ကျွန်တော့်ကို မြင်သည်ခဏ၌ ဦးထင်အောင်၏ မျက်နှာသည် နီရဲတင်းမာသွားသည်၊ အခန်းဝတွင် နှကာဆီးဟန် မားမားကြီးရပ်လိုက်ပြီး ဆို၏၊

'ဩော်....လက်စသတ်တော့ ဒီလိုကိုး၊ မင်းက၊ လိုက်လာတယ်နော်'

သည်အခြေအနေမျိုးအတွက် ကျွန်တော့်မှာပြင်ဆင်ထားချက် မရှိ၊ ခက်ထန်သော ဦးထင်အောင်၏မျက်နှာကိုသာ ငေးကြည့်မိသည်၊

'ဒီမှာ....မင်း ဘာမှလာမရှုပ်နဲ့၊ မင်း ဒီက ခုချက်ချင်း ထွက်သွားပါ'

ဩော်....သူဌေးမင်း၊ ဆေးရုံကြီးကို သူ့စက်ဝင်း ထင်သေးသလော၊ တစ်လောကလုံးပေါ် သူ့အာဏာ တည်သည်ဟု ထင်သေးသလော၊

ကျွန်တော်က စိတ်ကို တည်ငြိမ်စွာ ထားလိုက်သည်၊ ဖြစ်သမျှ ရင်ဆိုင်ရတော့မည်၊

'ဦးလေးကို ရိုသေစွာ တောင်းပန်ပါတယ်၊ မမဝေကို ကျွန်တော် ကြည့်ပါရစေ'

'မင်းနဲ့ ဘာဆိုင်လို့တုံး၊ မင်းထွက်မှာသာ ထွက်သွား'

'ကျွန်တော် မမဝေကို ကြည့်ပါရစေ'

'ဟေ့....ငါ့သမီးကို ငါခွင့်မပြုဘဲ ဘယ်သူမှမကြည့်ရဘူး၊ မင်း နားလည်ရဲ့လား'

သူ့မှာလည်း ဒေါသနှင့်၊ ကျွန်တော့်မှာလည်း သောကနှင့်....၊

www.burmeseclassic.com

www.burmeseclassic.com

‘ကျွန်တော့်မှာလဲ မမဝေကို ကြည့်ခွင့်ရှိပါတယ်၊ ကျွန်တော် အခု ရှိနေသရွေ့ တောင်းပန်နေတာပါ၊ ကျွန်တော့်ကို တယ်သူမှ မတားဆီးနိုင်ပါဘူး’

‘ဟော...မှတ်လား၊ ကဲ... ဝင်ရဲ ဝင်စမ်းလေ’

ဒေါ်လှနုက သူ့ယောကျ်ားနှင့် ကျွန်တော့်ကြား ဝင်လိုက်၏။

‘ကိုထင်အောင် ဒေါသမကြီးနဲ့လေ၊ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ကုန်ဦးမယ်’

‘အို...ဖြစ်ဖြစ်ကွာ’

‘ကျွန်မ အဖြစ်မခံနိုင်ဘူး၊ ပြီးတော့ သမီး လန့်နိုးသွားဦးမယ်၊ ကြည့်ပါစေ၊ ပြီးတော့မှ စကားပြောကြတာပေါ့’

ထိုအခါကျမှ ဦးထင်အောင်သည် မဖယ်ချင့် ဖယ်ချင်ဟန်ဖြင့် ဖယ်ပေးသည်။

ဒေါ်လှနုက မျက်နှာထားတင်းတင်းဖြင့် ကျွန်တော့်ဘက် လှည့်ပြော၏။

‘မင်း ခဏကြည့်နိုင်တယ်၊ ဘာမှတော့ အနှောင့်အယှက် သွားမပေးပါနဲ့’

အခန်းက အတန် ကျယ်ဝန်းသည်၊ သန့်စင်ရှင်းလင်း၍လည်း နေသည်။ ခုတင်ဟူ၍လည်း တစ်လုံးတည်း။

တစ်လုံးတည်းသော ခုတင်ထက်တွင်က မမဝေသည် အိပ်မောကျသယောင် ငြိမ်သက်စွာဖြင့် ရှိနေသည်။



မမဝေဟုသာ ဆိုရပါသည်၊ လွှမ်းထားသောစောင်၊ ဆေးရုံ လူနာအဝတ်အစားဖြူ၊ ခေါင်းမှပတ်တီးတို့ကြောင့် အလွယ်တကူ မမှတ်မိနိုင်ပါ။

ကျွန်တော်သည် ရင်၌ ဖိုလှိုက်ဆွေးမြည့်သော ဝေဒနာကို ခံစားရင်း ခုတင်ဘေးမှာ ရပ်သည်။

နဂိုက ဝင်းသောမျက်နှာလေးမှာ သွေးအားနည်း၍လော မသိ၊ ယခု ပိုဝါနေသည်၊ နှုတ်ခမ်းလေးတွေကလည်း ဖြူဖြူဖျော့ဖျော့နိုင်လှသည်။ မျက်တောင်ကော့ကြီးများကို ပုံချ ပိတ်ထားသည်ကား ပကတိ အိပ်မောကျနေဟန်ပါတကား။

ကောင်းကင်လေဟု ခေါ်သော အောက်စီဂျင်ခေါက်ပေးထားသည်ကို မတွေ့ရ။ သွေးသွင်းပေးထားရသည် ကိုလည်း မမြင်၊ ဘေးရှိ တိုင်တစ်ခုမှာ ဂလူးကို့စ်ရည်ပုလင်းတော့ ရှိနေသည်။ ပုလင်းမှ သွယ်ဆင်းလာသော ပိုက်ပြွန်ငယ်သည် ထိုးမြှုပ်ထားသော အပ်မှတစ်ဆင့် မမဝေ၏လက်နှင့် ဆက်နေ၏။

အိပ်ပျော်နေသယောင် ရှိသော်လည်း အပ်စိုက်ထားသော လက်လေးက မကြာခဏ လှုပ်ရှားကြွတက်လာသည်၊ အနီးတွင် ရပ်နေသော ထဘီနီဝတ် သူနာပြု ဆရာမလေးက လက်ကြွတက်လာတိုင်း ညင်ညင်သာသာ ပြန်ဖိချပေးနေသည်၊ ထဘီနက်ပြာဝတ် အခြားနာ့စ်တစ်ဦးကမူ ခုတင်ခေါင်းရင်းအနီး၌ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေ၏။ သူ့လက်တစ်ဖက်က ဝတ္ထုစာအုပ်တစ်အုပ်ကို ကိုင်ထားသော်လည်း ယခု အံ့ဩခတ် သကဲ့သို့ ကျွန်တော့်ကိုကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သုဉ်းသောည၊ ပူပန်ရသောည၊ စိုးရိမ်ခြင်းလျှင် နှိပ်စက်သောည၊ သည်ညကို ဆင်းရဲပင်ပန်းစွာ ကုန်လွန်ခဲ့ရပြီးနောက် ယခုတော့ တွေ့ပါပြီ၊ မမဝေကို ကျွန်တော်ပြန်တွေ့ရပါပြီ။

ဝေဒနာနှင့်ဖြစ်သော်လည်း အသက်မသေ ကျန်ရှိနေသေးသည်ကို တွေ့ရ၍ မျက်ရည်ဝဲရင်းက ဝမ်းသာရအားသည်၊ သည်လောကကြီးမှာ မမဝေ ရှိနေသည်ကို မျက်ဝါးထင်ထင် မြင်ရ၍လည်း ယုံကြုံးမရဖြစ်သည့်ကြားမှ အနည်းငယ် ဖြေသာနေသာ ရှိရသည်၊

ပတ်တီးဖြူအောက်မှ နှဖူးသင်းဝင်းလေးကို ယုယစွာ မွေးလိုက်ချင်သည်၊ အကြောစိမ်းလေးတွေ ယှက်သန်းနေသော ဝါးလေးဆီ ကျွန်တော့်ပါးကို ကပ်ပြီး မမဝေရေ အနားမှာ မောင်ရှိတယ် ဟု နီးနေက ကြားအောင် တိုးတိုး ပြောချင်သည်၊

အသည်းအသန်အရေး ကျွန်တော့်မှာ ရှိပါသေးသလော၊ ရှိဦးတော့ သုံးခွင့်ပြုကြပါတော့မည်လော၊

သဲဖြူခင်-ရာဇမတ်ကာနှင့် ဇာတ် တွေ့ခဲ့ရသော မမဝေသည် ယခု မှန်စိန်စိ သိင်္ဂီနန်းလယ် ပြန်ရောက်နေပြီလော၊

ထဘီပြာနှင့် ဆရာမ နေရာမှ ထသွားပြီး ဒေါ်လှနုနှင့် စကားပြောသည်ကို တွေ့ရ၏။ ခဏအကြာတွင် ဆရာမသည် ကျွန်တော့်နားကပ်လာပြီး တိုးတိုးပြောသည်၊



'ရှင့်ကို လူနာရှင်တွေက စကားပြောချင်လို့တဲ့'

လူနာရှင်တွေ၊ ဩော်....ကျွန်တော်က လူနာရှင် မဟုတ်သယောင်ပါတကား။

ဒေါ်လှနုနှင့် ဦးထင်အောင်တို့ထံ ကျွန်တော် လျှောက်သွား၏၊

ဦးထင်အောင်၏ အမူအရာက ကျွန်တော့်ကို မြင်နေရခြင်းကိုပင် သည်းမခံနိုင်သောအသွင် ပေါ်နေသည်၊ မမဝေနှင့် ရုပ်ချင်းဆင်လှ၍ မိန်းမချောကြီးဖြစ်သော ဒေါ်လှနု၏ မျက်နှာကား မသုန်မှုန်စေ တင်းတော့ တင်းလှ၏၊

ဒေါ်လှနုက စတင်ပြောသည်။

'မင်းကို ကြည့်ခွင့်ပေးပြီးပြီ၊ အခု ပြန်တော့လို့ ဒေါ်ဒေါ် မေတ္တာရပ်ခံချင်တယ်'

ကျွန်တော့် ရင်တွင် နာကြည်းမှုက ဝေ့ဝေ့ပေါ်လာသည်၊ သို့ရာတွင် ဒေါ်လှနုပြောဟန်က ကျွန်တော့်ကို ပြန်ရိုင်းခွင့်မပေး၊

'ဒေါ်ဒေါ်ရယ် မမဝေကို ဒီမှာထားပြီး ကျွန်တော် ဘယ်ကိုမှ မသွားနိုင်ပါဘူး၊ ကျွန်တော့်ကိုလဲ ဒီမှာ စောင့်ခွင့်ပေးပါ'

'ဝေဝေဟာ ဒေါ်ဒေါ်တို့သမီး၊ ဒေါ်ဒေါ်တို့ စောင့်ရှောက်နေတယ်၊ တခြားဘယ်သူမှ စောင့်ရှောက်ဖို့ မလိုဘူး၊ ဒီတော့ မင်းပြန်မှာ ပြန်ပါ'

www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်ဒေါ်၊ ကျွန်တော် စကားကုန် ပြောပါရစေတော့၊ ဒေါ်ဒေါ်တို့ဟာ မမဇေမီဘဆိုတာ မှန်ပါတယ်၊ ကျွန်တော် ရှိလဲရှိသေးပါတယ်၊ ဒါပေမယ့် အခု လူနာရှင်အစစ်က ကျွန်တော်ပါ ဒေါ်ဒေါ်'

ဦးထင်အောင်သည် ရှေ့တိုးလာ၏၊ ဒေါ်လှနုက တား သည်။

'မင်းကို ဒေါ်ဒေါ် ကောင်းကောင်းမွန်မွန် မေတ္တာရပ်ခံ နေတယ်၊ ဘာမှမဖြစ်ရဘဲ ကောင်းကောင်း ပြန်သွားစေချင် တယ်'

'ဒေါ်ဒေါ် စကားကို ငြင်းပယ်လို့ ရိုင်းမိသလို ဖြစ်နေရင် ခွင့်လွှတ်ပါ၊ ကျွန်တော် မပြန်နိုင်ပါဘူး'

ဒေါ်လှနုက ဦးထင်အောင်ကို လှမ်းကြည့်သည်။

ဦးထင်အောင်က အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာ သွားသည်၊ ဆိုင်ရာကို သွားတိုင်သည် ထင်၏၊ မှတ်ထူးပြီး ကိုယ့် ဘက်က မပိုင်မှန်း ရိပ်မိသော်လည်း ဖြစ်သလို ကျွန်တော် ရင်ဆိုင်ရတော့မည်။

မကြာပါ၊ ဦးထင်အောင်သည် ထဘီ အစိမ်းဝတ် စစ္စတာ ဆရာမကြီးတစ်ဦးနှင့်အတူ ပြန်ရောက်လာသည်။

ဆရာမကြီး၏ မျှဟန်မှာ မြင်ရုံနှင့် စည်းကမ်းကြီး တင်း ကျပ်ပုံ ပေါ်သည်၊ ကိုယ်လုံးကိုယ်ထည်က ကြီးပြီး အရပ်က လည်း ကောင်းသည်။



ဆရာမကြီး၏မျက်နှာထားသည် ကျောက်ရုပ်မျက်နှာပမာ ဘာလှုပ်ရှားမှုမျှ မပြ၊ တည်ငြိမ်လွန်းသော မျက်လုံးများနှင့် သာ ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြော၏။

'ဒီအချိန်ဟာ ဧည့်သည်ချိန်လဲ မဟုတ်ဘူး၊ တရားဝင် အသိ အမှတ်ပြုပြီး ခွင့်ပြုထားတဲ့ လူနာရှင်လဲ မဟုတ်ဘူး၊ မဟာဒီ လူနာရှင်တွေကလဲ ကန့်ကွက်နေတယ်၊ ဒီတော့ ငါ့မောင် ပြန် သွားဖို့ ဆရာမ မေတ္တာရပ်ခံတယ်'

ကျွန်တော်က ဆရာမကြီးကို အကဲခတ်ကြည့်သည်၊ သည် ဆရာမကြီးကို ဆန့်ကျင်၍ ကျွန်တော့်မှာ ဘာအကျိုးမျှ မထူး ထင်သည်။ ယခု အလိုက်အထိုက် တုံ့ပြန်ဆက်ဆံခြင်းဖြင့်သာ ရှေ့ဆက်၍ ကျွန်တော့်အတွက် ကြံသာဖန်သာရှိရန် သူ့မေတ္တာ ကို ယူထားရမည်။

'ဆရာမကြီးခင်ဗျာ၊ ကျွန်တော်ဟာလဲ ရင်ထဲမှာ မီးလောင် နေသူပါ၊ ဒါပေမယ့် အခု ဆရာမကြီးကို လေးစားသော အားဖြင့် ကျွန်တော် ထွက်သွားပါ့မယ်၊ ဒါပေမယ့် ဆရာမ ကြီးတို့ နှိုင်းချိန် စဉ်းစားနိုင်ဖို့ ကျွန်တော် တစ်ခု ပြောပါရ စေ'

ကျွန်တော်က အယဉ်ကျေး အသိမ်မွေ့နိုင်ဆုံး ပြောသည်၊ ကျွန်တော့် စကားက ဆရာမကြီးအပေါ် တစ်စုံတစ်ရာ ထိ ရောက်သွားပုံ ပေါ်သည်။

'ပြောပါ၊ ဘာပြောချင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဟာလဲ လူနာရှင်ပါ၊ လူနာရှင်မှန်း ဆရာမကြီးတို့ လက်ခံနိုင်တဲ့အခါမှာ ကျွန်တော့်ကိုလဲ ရသင့်တဲ့အခွင့်အရေး ပေးပါ'

ကျွန်တော့်စကား အဆုံးတွင် ဦးထင်အောင်က ပျာပျာသလဲ ဝင်ပြော၏။

'ဆရာမကြီး....ဒါ သူ ညာတာ၊ သူ မဟုတ်တာတွေ ပြောနေတာ'

ဆရာမကြီးက ခေတ္တ စဉ်းစားသယောင် ငြိမ်နေပြီးမှ ပြုံးယောင်ယောင်ဖြင့် အဆုံးအဖြတ်ကို ပြော၏။

'ဒါတွေက နောက်တော့ ရှင်းကြတာပေါ့၊ အခု ဒီသူငယ်က ထွက်သွားပါမယ်လို့ ပြောပြီကော၊ လူနာခန်းမှာ ရှုပ်ရှုပ်ရှက်ရှက် အငြင်းပွားကြတာတော့ ဆရာမ မကြိုက်ဘူး၊ ကဲ... ငါ့မောင်ကလဲ သွားတော့'

ကျွန်တော်သည် မမဝေရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။ ရင်မှာ နာလှသော်လည်း မလွဲသာသောကြောင့် ခြေများကို အနိုင်နိုင် သယ်ပြီး ဆေးရုံကြီးမှ ဆင်းလာခဲ့ရ၏။

လောလောဆယ်တော့ ကျွန်တော် ဘာလုပ်ရမှန်း မသိ။ အိမ်ကိုလည်း မပြန်လို။ ဆေးရုံကြီးပေါ်မှာ မမဝေ ရှိမှန်းသိနေလျက် သည်ဆေးရုံကြီးနားမှ ကျွန်တော် မခွာနိုင်။

ဪ....ကိုယ့်ဇနီး အနားတွင်ပင် ကိုယ် နေခွင့်မရသော အဖြစ်ပါတကား။ မမဝေသည် ကျွန်တော့်ဇနီး ဖြစ်ကြောင်းလည်း ဘာအထောက်အထားမှ ပြစရာ ကျွန်တော့်မှာ အလွယ်တကူ မရှိပါတကား။



ရင်ပူလှသည့်ကြားမှ ခေါင်းကို တတ်နိုင်သမျှ အေးအောင် ကျွန်တော် ကြိုးစားရသည်။

ဘာလုပ်ရမည်နည်း၊ ကျွန်တော် ဘာလုပ်ရမည်နည်း။

မမဝေ သတိပြန်ရ၍ အခြေအနေကောင်းလာသည့်အချိန် မတိုင်မီ ကျွန်တော် ဘာမျှ မလုပ်နိုင်ကြောင်း ကျွန်တော်သိသည်၊ မမဝေက ကျွန်တော့်ဇနီးပါဟု ဝန်ခံသောအခါတွင်ကား ဘယ်သူက တတ်နိုင်ပါမည်နည်း။

သည်အချိန်မတိုင်မီတော့ စိတ်ရှည်ရှည် ခေါင်းအေးအေးထားပြီး ကျွန်တော် သည်းခံ စောင့်ရဦးမည်။

ဆေးရုံကြီးတစ်ဝိုက်တွင် ယောင်လည်လည်နှင့် တစ်နေကုန် အချိန်ဖြုန်းရသည်၊ ညနေ ဧည့်လာချိန် ရောက်သော်လည်း ကျွန်တော်သည် စိတ်ကိုချုပ်တည်းပြီး ဆေးရုံကြီးပေါ် မတက်သေးဘဲ နေသည်။

ညနေ ငါးနာရီခွဲ၍ အချို့ ဧည့်သည်တို့ပင် ပြန်စပြုမှ ဆေးရုံကြီးပေါ် ကျွန်တော် တက်ခဲ့သည်။

သည်တစ်ကြိမ်တော့ဧည့်လာချိန်တွင်းမှာဖြစ်သောကြောင့် ကျွန်တော့်ကို ဆီးတားမည့်သူ လမ်းမှာ မတွေ့၊ မမျှော်လင့်သော အလစ်တွင် အခန်းတွင်းဝင်လိုက်သည်ဖြစ်သောကြောင့် ဦးထင်အောင်တို့လည်း တားဆီးချိန် မရလိုက်။

မမဝေဆီ ခုတင်ဘေးတွင် ကျွန်တော် ရပ်လိုက်သည်။

မမဝေက မျက်လုံးများကို ဖွင့်ထားသည်၊ အသက်လေးလည်း မှန်မှန် ရှူနေသည်၊ လက်လေးတစ်ဖက်က စောင်ပြင် ထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမဝေ၏လက်လေးကို ယုယစွာကိုင်ပြီး တိုးတိုးညင်သာ ခေါ်ရသည်။

'မမဝေ'

မမဝေက မလှုပ်၊ မျက်နှာကြက်ဆီ စိုက်ကြည့်နေသယောင် ရှိသော မျက်လုံးများကလည်း မရွေ့။

'မမဝေရေ၊ မောင်လေ....မမဝေရဲ့ မောင်ပါလေ'

တည်ငြိမ်အောင် ကြိုးစားလျက်က ငိုသံက ပါရလေပြီ။

မမဝေ၏ မျက်လုံးများက ကျွန်တော်ရှိရာသို့ တစ်ချက်ကြည့်သည်။ သို့ရာတွင် မျက်လုံးများက ဘာအရိပ်အယောင်ကိုမျှ မပြ၊ စောစောက မျက်နှာကြက်ဆီ စူးစိုက် ကြည့်နေသကဲ့သို့ ယခု ကျွန်တော့်မျက်နှာကိုလည်း ခံစားမှုကင်းမဲ့ဟန်ဖြင့် စိုက်ကြည့်နေသည်။

'မမဝေ မောင့်ကို မြင်လား ဟင်၊ မောင့် ခေါ်သံကို ကော ကြားရဲ့လား'

မမဝေသည် လုံးဝ လှုပ်မလာပါ။ ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်လုံးများကလည်း ဘာမျှ ထူးခြားမှုပြမလာ။ ထူးခြားမှု ပြမလာသည့်အပြင် ဖြည်းလေးစွာ ပိတ်သွား၏။

'အို....မမဝေရယ်၊ မောင့်ကို မသိတော့ဘူးလား၊ မောင့်အသံကို မမှတ်မိတော့ဘူးလား'

သက်ပြင်းချသံက ကျွန်တော့် ပခုံးပေါ် အသာကျလာသည်။



မျက်ရည်များကြောင့် လက်ပိုင်ရှင်ကို ပထမ ဝေဝေဝါး ဝါးသာ မြင်ရသည်။ ဪ....စွတာ ဆရာမကြီးပါ။ နံနက်က တွေ့ခဲ့ရသော စွတာဆရာမကြီးပါ။

'ဒီလောက်ဆို ကျေနပ်တော့ကွယ် နော်၊ ဆရာမနဲ့ ခဏ လိုက်ခဲ့ပါလား'

'ခင်ဗျာ....'

'ငါ့မောင်ကို ဆရာမ ပြောပြစရာတွေရှိတယ်၊ ဆရာမနဲ့ လိုက်ခဲ့ နော်'

ကျွန်တော်က ဆရာမကြီးကို ကြောင်ကြည့်နေမိသည်။ လှုပ်တော့ မလှုပ်မိ။

'စောစောက မမဝေ လို့ မင်းခေါ်သံ ဆရာမ ကြားလိုက်တယ်၊ အဲဒီ မင်း မမဝေရဲ့ အကျိုးကိုမျှော်ပြီး ဆရာမနဲ့ လိုက်ခဲ့ကွယ်၊ ဟုတ်လား'

မမဝေ၏အကျိုး၊ ဪ....မမဝေ၏ အကျိုးဆိုပြန်တော့ ကျွန်တော် နာခံရမည်။

ကျွန်တော်သည် ဆရာမကြီး ခေါ်ရာသို့ လိုက်လာခဲ့သည်။ နံနက်တုန်းကကဲ့သို့မဟုတ်ဘဲ ဦးထင်အောင်တို့ ငြိမ်နေကြသည်ကို ကျွန်တော် သတိပြုမိသည်။ ကျွန်တော်တို့နောက်သို့လည်း သူတို့ လိုက်မလာ။

ဆရာမကြီး၏အခန်းတွင် ကျွန်တော် ထိုင်သည်၊ စားပွဲတစ်ဖက်၌ ထိုင်ရင်း ဆရာမကြီးက ကျွန်တော့်ကို ကြည့်၏။

'ငါ့မောင်မျက်နှာမှာ မျက်ရည်တွေနဲ့၊ မင်းသိပ်စိတ်ထိခိုက်နေသလား၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှိုင်းပြစီလိုက်သည် ထင်သည်။ ပြုံးမိသော် အပြုံးလည်း ဟုတ်ပါမည်လော ကျွန်တော် သေိ။

'အဲဒီ မမဝေ ဆိုတာနဲ့ ငါ့မောင်က ဘာတော်သလဲ'

'ကျွန်တော် ဒါကို မပြောလို့ မဖြစ်ဘူးလား'

'အခု အခြေအနေကျမှ မပြောလို့ မဖြစ်တော့ဘူးကွယ်'

'မမဝေက ကျွန်တော့်....ကျွန်တော့်....'

ပြင်းထန်လှသော စိတ်ထိခိုက်မှုကို ဆက်လက် မထိန်းချုပ်နိုင်တော့ဘဲ ကျွန်တော်သည် ငိုကြွေးမိပါသည်။

မမဝေက ကျွန်တော့် ဇနီး။ သည်စကားကို ကျွန်တော် ရှုတ်တရက် မပြောနိုင်ပါ။ လွယ်လွယ်ကူကူ မပြောရက်ပါ။ ပေါင်းသင်းမိကြပြီးပြီမို့ လောက ဝေါဟာရ အရတော့ မမဝေသည် ကျွန်တော့် ဇနီးပါ။ တကယ်တမ်းကျတော့ မမဝေသည် ကျွန်တော့်အတွက် ဇနီးအဖြစ်ထက် ပိုပါသည်။ ဇနီးအဖြစ်ထက် ပိုမြင့်စွာ ကျွန်တော် တန်ဖိုးထားပါသည်။ မလွဲသာ၍ ဇနီးဟု ပြောချင် ပြောရမည်။ ပြောရတိုင်း ကျွန်တော့် ရင်မှာ နာသည်။

အမှန်တော့လည်း မမဝေကို ဇနီးအဖြစ် ကျွန်တော် မမှန်းခဲ့ပါ။ မမဝေသည် ကျွန်တော့် ဇနီး ဖြစ်ပါစေတော့ဟု ကျွန်တော် မကြိုးစားခဲ့ရပါ။ ချစ်တော့ ချစ်ပါသည်လေ။ ချစ်လိုက်ရသည်မှာတော့ ရင်နှင့် တစ်လုံးပါ။ နှလုံးနှင့် အပြည့်ပါ။ သို့ရာတွင် ငွေသမင်းကို ချစ်မိရသူ ပုံနှုန်းပါ။ ငွေလမင်းကြီး ပမာသာ မမဝေကို ကျွန်တော် မြတ်နိုးခဲ့သည်။ ငွေလမင်းကြီးက ခုန်ဆင်းလာပြန်တော့လည်း ရင်မှာ ပွေ့ထားရသည်။ ချစ်မက် မြတ်နိုးစွာ ပွေ့ယူထားရသည်။ ဩော်....သည်အဖြစ်ကို ဘယ်သူလာသိနိုင်ပါမည်နည်း။

ဆရာမကြီးက အားရအောင် ကျွန်တော် ငိုကြွေးပြီးသည် အထိ ငြိမ်ကြည့်နေသည်၊ စိတ်ရှည်သူ ဖြစ်ဟန်တကား။

'ငါ့မောင်ကို ဆရာမ စကားပြောနိုင်ပြီလား'

ကျွန်တော်က ဖြည်းလေးစွာ ခေါင်းညိတ်ပြ၏။

'ငါ့မောင်နှုတ်က တကြောင်းကြောင်းကြောင့် မပြောချင်ဘူး ထင်တယ်၊ ဆရာမကပဲ ပြောပြပါ့မယ်။ မမဝေ ဆိုတာဟာ မင်းရဲ့ ချစ်သူလား၊ ဒါမှမဟုတ် ဇနီးလား'

'အခု ဆရာမကြီးပြောတာ နှစ်ခုစလုံး မှန်ပါတယ်၊ ဟုတ်ပါတယ်၊ မမဝေဟာ ကျွန်တော့် ချစ်သူ ဇနီးပါ'

ချစ်သူ-ဇနီး။ ဩော်.... သည်စကားသည်သာ အမှန်ဆုံးထင်၏။ ချစ်သူ-ဇနီး။ ချစ်သူသာလျှင် ဖြစ်သော ဇနီးပါ။ ချစ်သူဟူသော မွန်မြတ်ခြင်းသဘော လွှမ်းမိုးကဲခြုံသော ဇနီးပါ။

'ကောင်းပြီ၊ ငါ့မောင် မမဝေဟာ ငါ့မောင့်ရဲ့ ချစ်သူ ဇနီး၊ ငါ့မောင်ရဲ့ အသုံးလေးဟာ ဆရာမရင်ကို ထိခိုက်သွားတယ်၊ ဆရာမ မေးမယ်နော်၊ ငါ့မောင်တို့ကို ဟောဒီ မိဘတွေက သဘောမတူကြဘူး မဟုတ်လား'

'မှန်ပါတယ် ဆရာမ'

'မမဝေဟာ ငါ့မောင်ရဲ့ ချစ်သူ-ဇနီးပါဆိုတာ ငါ့မောင်မှာ ဥပဒေအရ ဘာအထောက်အထားပြစရာရှိသလဲ'

'ကျွန်တော်က ဝမ်းနည်းစွာ ခေါင်းခါပြမိ၏။

'အို....မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဥပဒေအကြောင်းကို ကျွန်တော်နားမလည်ပါဘူး ဆရာမရယ်၊ ဒါပေမယ့် မမဝေဟာ ကျွန်တော့် ချစ်သူ-ဇနီး အမှန်ပါ၊ မမဝေ သတိကောင်းကောင်းရလာရင် ဒါဟာ ရှင်းသွားမှာပါပဲ'

ဆရာမကြီးက သက်ပြင်းရှိုက်သည်၊

'ဒီအတိုင်းဆိုရင်တော့ ခုနေမှာ ငါ့မောင်အဖြစ်က မလွယ်ဘူးကွယ်၊ မင်း မမဝေ သတိကောင်းကောင်းရလာရင်တော့ အင်း....တစ်ကဏ္ဍပေါ့လေ၊ ဆရာမ တစ်ခုအကြံပေးမယ်'

'ပေးပါ ဆရာမရယ်၊ နာခံသင့်တာကို ကျွန်တော် နာခံပါ့မယ်'

'ငါ့မောင်ရဲ့ မမဝေ အကျိုးကိုပဲ ဦးတည်ပြီး ဆရာမ အရင်ပြောမယ်၊ ဦးနှောက်ထိခိုက်တယ်ဆိုတာဟာ တခြားဘာနဲ့မှ မတူဘူး၊ အင်မတန်သိမ်မွေ့ပါတယ်၊ အင်မတန်လဲ ကြောက်ဖို့ ကောင်းပါတယ်၊ ရှင်းရှင်းဝန်ခံမယ်၊ အခုအချိန်မှာ ဆရာမတို့ဟာ မင်း မမဝေကို သေခြင်းတရားနဲ့ အပြိုင်လုနေတုန်းက ရှိသေးတယ်၊ ဆရာမတို့ဘက်မှာတော့ ရောက်နေပြီပေါ့လေ၊ ဒါပေမယ့် ဦးနှောက်ဒဏ်ရာဆိုတာမျိုးဟာ သိပ်ပရိယာယ်များတယ်၊အလွန်သတိကြီးစွာထားပြီး အချိန်ရှိသမျှ အကဲခတ်နေရတယ်၊ အခုရှေ့ အခုငွေ့ ဆိုတာမျိုး'

'ခဏနေပါဦး ဆရာမရယ်၊ အခု မမဝေက ဦးနှောက်ကို ထိသွားတယ် ဟုတ်လား'

'ဟုတ်တယ်ကွယ်၊ ဦးနှောက်ကြေသွားတာ၊ ပျက်သွားတာ၊ ဒီလိုတော့မဟုတ်ဘူး၊ မဟုတ်ဘူးဆိုတာကလဲ စမ်းသပ်



မြင်သမျှပေါ့၊ တိုက်ရိုက်မြင်ဖို့ စမ်းဖို့ခက်တဲ့ ဟိုးအတွင်းထဲက စင်တာလို့ ခေါ်တယ်၊ နာဗ်ဗဟိုတွေ၊ ဗဟိုအဆက်အစပ်တွေ ကုဋေ ကုဋာများလှတဲ့ နာဗ်ဆဲလ်လေးတွေ၊ ဒါလေးတွေမှာ ဘာဖြစ်သွားသေးသလဲ မပြောနိုင်သေးဘူး'

ကျွန်တော်သည် ဆရာမကြီး၏မျက်နှာကို အားငယ်စွာ ကြည့်မိ၏၊ ကြားရသည်မှာ ပို၍ စိတ်မချမ်းသာ ဖွယ်ပါတကား။

'ခု အခြေအနေမှာ ငါ့မောင်ရဲ့ မမဝေအတွက် ကုသရေးထက် သူနာပြုစုရေးက ပိုအရေးကြီးနေတယ်၊ ပြုစုနည်းမှန်ရင် မှန်သလောက်၊ ကောင်းရင် ကောင်းသလောက် အခြေအနေ တိုးတက်လာနိုင်တယ်၊ လူနာဟာ ရုပ်လဲငြိမ်၊ စိတ်လဲ ငြိမ်နေမှ၊ ဒီအချိန်မျိုးမှာ ဘာမှ ရှုပ်ရှုပ်ထွေးထွေး အဖြစ်မခံနိုင်ဘူး၊ ဆရာမ ဆိုလိုတာကို နားလည်ရဲ့လား'

'နားလည်ပါတယ် ဆရာမ၊ ဆရာမဆိုလိုတာက လောလောဆယ်မှာ ကျွန်တော်ဟာ ရှောင်နေရမယ်၊ ဒီလိုလား ဆရာမရယ်'

'အဲဒီလို ပြောရမှာပဲကွယ်၊ ငါ့မောင်တွင် မကပါဘူး၊ သူတို့ကိုလဲ ရှောင်ခိုင်းရမှာပဲ၊ ငါ့မောင်တို့ ပြဿနာကိုတော့ ဆရာမ အဆုံးအဖြတ် မပေးနိုင်ဘူး၊ ဒါပေမယ့် မြင်မြင်ချင်း မေတ္တာရှိလို့ ငါ့မောင်ကို ဆရာမ တစ်ခု အကူအညီပေးနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက အကဲခတ်သယောင်ဖြင့် ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်သည်၊ ငြိမ်သက်တည်ကြည်သော မျက်နှာတွင် ကရုဏာတရားကို ကျွန်တော် မြင်ရသည်။

'ငါ့မောင်တို့ပြဿနာကို ဒီဝါဒ်က ဆရာဝန်ကြီးဆီ ဆရာမ တင်ပြပေးပါမယ်၊ နက်ဖြန် ဆယ်နာရီလောက်ကို ဆရာမဆီ လာခဲ့၊ ဒီအခန်းကိုပဲ လာခဲ့၊ ဟုတ်လား'

'ကောင်းပါပြီ ဆရာမရယ်၊ ကျွန်တော့်အပေါ် ခုလို မေတ္တာရှေ့ထား ပြောကြားတဲ့ ဆရာမကို ကျွန်တော် ကျေးဇူးတင်လှပါတယ်၊ ဆရာမပြောတဲ့ စကားတွေကို ကျွန်တော် နားထောင်ပါမယ်၊ နောက်ဆုံးတော့ ဆရာမရယ်....'

ရင်က ဆို့လာပြန်သဖြင့် စကားကို ကျွန်တော် ရပ်ထားပြီး ကျခန္ဓာကို တင်းဆည်ရသည်။

'ပြောလေ ငါ့မောင် ဘာဖြစ်သလဲ'

'ဟုတ်ကဲ့၊ နောက်ဆုံးတော့ ကျွန်တော်က ဒုတိယပါ၊ မမဝေ ချမ်းသာပါစေ၊ မမဝေ ချမ်းသာအောင် ဆရာမတို့ စောင့်ရှောက်ပေးပါ၊ ကျွန်တော့်ဘဝက အခုနေ ဒါပဲပြောနိုင်တဲ့ဘဝပါ ဆရာမရယ်'

ဆရာမကြီးကို နှုတ်ဆက်ပြီး ကျွန်တော်ပြန်လာခဲ့သည်။

အိမ်သို့ပါ။ မမဝေမရှိတော့သဖြင့် ခြောက်သွေ့ဆိတ်သုဉ်း-အိမ်လုံးလုံးပင် မမည်လေတော့သော အိမ်သို့ပါ။

✸

## အခန်း (၂၂)

ဆရာမကြီး ဆောင်ရွက်ပေးချက်အရ နောက်တစ်နေ့တွင် ဝါဒ်ပိုင် ဆရာဝန်ကြီးနှင့် ကျွန်တော် တွေ့ခဲ့ရပါ၏။

ဆရာဝန်ကြီးသည် ကျွန်တော့်တင်ပြချက်ကို စာနာသောက်ထားစွာ နားထောင်ခဲ့သည်။ မမဝေ၏ဦးနှောက်အခြေအနေအရ ငါးရက်အတွင်းတော့ မည်သူ့ကိုမျှ တွေ့ခွင့်မပေးနိုင်း၊ သည်နောက်ပိုင်း စိတ်ကျေနပ်လောက်သော အခြေအနေရှမှ ပြဿနာကို သူတတ်နိုင်သမျှ ဖြေရှင်းပေးမည်ဟူသော ကတိကို ကျွန်တော် ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စတုန်းကမူ သွေးပူပူ ခေါင်းဆူဆူမို့ တစ်ဇွတ်ထိုး လုပ်သင့်သမျှ ကျွန်တော် လုပ်မိသည်။ ယခုတော့လည်း မပိုင်သော ကိုယ့်အခြေအနေကိုနားလည်သောကြောင့် သန်းခေါင်ထက် ညမနက်ပြီဟု စိတ်တိုးတိုးချကာ သောဆလုံးကို တတ်နိုင်သမျှ မျှော်လင့်ချက်ဖြင့်ဖုံးပြီး အောင့်အည်းသည်ခံစောင့်စားရသည်၊

ငါးရက်ပြည့်မြောက်သောနေ့၌ ညနေလေးနာရီတွင် ဆရာဝန်ကြီး ရှေ့မှောက်သို့ ကျွန်တော် ရောက်လာခဲ့သည်၊

'ခဏထိုင်ဦးကွယ့်နော်'

ကျွန်တော့်ကို ထိုင်ခိုင်းထားပြီး ဆရာဝန်ကြီးသည် နက်ပြာရောင် အဖုံးတွင် ရွှေရောင်စာလုံးများ ရိုက်ထားသည့် ထူထဲလှသော စာအုပ်ကြီးတစ်အုပ်ကို စိတ်ဝင်စားစွာဆက်ကြည့်နေသည်။

ဆရာဝန်ကြီး၏ အသက်ကို လေးဆယ်ခန့်ဟု ကျွန်တော် ခန့်မှန်းသည်၊ နဖူးကကျယ်ပြီး ဆံပင်ပါးသည်၊ အသားလတ်၍ မျက်လုံးကြည်သည်၊ မျက်နှာသွယ်၍ ပိသပေါ်ထင်သော မေးရိုးများရှိ၏။

ခဏအကြာတွင် ဆရာဝန်ကြီးက စာအုပ်ကို ပိတ်လိုက်ပြီး ကျွန်တော့်ကိုကြည့်သည်။ သာမန် ကြည့်သည်မဟုတ်၊ ဘာကြောင့်မသိ တစိမ့်စိမ့်စိုက်ကြည့်ခြင်းဖြစ်၏။

'မောင်လေးလှိုင်လို့ ခေါ်တယ်နော်'

'ဟုတ်ပါတယ် ဆရာကြီးခင်ဗျာ'



'မျက်နှာက သိပ်သေးတယ်၊ အသက်ကော ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ်ပါ ဆရာကြီး'

'အလုပ်လုပ်ပြီလား၊ ဘာလုပ်သလဲ'

'အလုပ်ရယ်လို့တော့ မရှိသေးပါဘူး၊ ဒါပေမယ့် ကျွန်တော် စာရေးပါတယ်'

'ဪ....စာရေးဆရာလား'

'အဲဒီလို ခေါ်ခွင့်ရှိပြီလားလို့ ကျွန်တော် မပြောတတ်ပါဘူး၊ ကြိုးစားဆဲ ဘဝမှာပါ ဆရာကြီး'

'မိဘတွေ ရှိတယ်နော်'

'မရှိပါဘူး ဆရာကြီး'

'ဒါဖြင့် စာရေးခြင်းနဲ့ ကိုယ့်ဘာသာကိုယ် အသက်မွေးနေရတယ်ပေါ့ ဟုတ်လား'

'ဒီလိုတောင် မပြောနိုင်သေးပါဘူး ဆရာကြီး ခင်ဗျာ၊ အမှန်က....'

ဪ....ရင်နာသော စကားကို ဆိုရလေဦးမည်။

ဆရာဝန်ကြီးက ဘာမျှ ဝင်မထောက်ဘဲ ကျွန်တော့်ကို တစိမ့်စိမ့် ကြည့်မြဲကြည့်နေ၏။

ကျွန်တော်က သက်ပြင်းရှိုက်ပြီး ဆက်ပြောရ၏၊

'မမဝေက အလုပ် လုပ်ပါတယ်'

'မမဝေဆိုတာက အခု မင်း သွားတွေ့ရတော့မယ့် လူနာပေါ့နော်'

'ဟုတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com


ဆရာဝန်ကြီး၏ မျက်နှာသည် အနည်းငယ် လှုပ်ရှားသွားကြောင်း ကျွန်တော် သတိပြုမိသည်။

ဆရာဝန်ကြီး၏ ကိုယ်သည် မတ်သွား၏။

'ကဲ...တို့ သွားကြတာပေါ့၊ ဪ...စာရေးဆရာဆိုလို့ မေးရဦးမယ်၊ မောင်လေးလှိုင် လောကကို ဘယ်လိုဖြစ်ဖြစ် ရင်ဆိုင်ရဲပါတယ်နော်'

'ဘာဆိုလိုပါယလဲ ဆရာကြီး'

'ဪ...ဆယ်ရေးတစ်ရေး ကိုးရေးဘစ်ရာ၊ ယောကျ်ားဆိုတာ စိတ်ခေတ်ကြံ့ခိုင်ရတယ်၊ ဆရာကြီးက ဒါ သတိပေးတာပါ၊ ကဲ...လာ...သွားကြစို့'

ကျွန်တော်က ဆရာဝန်ကြီး နောက်မှ လိုက်ခဲ့သည်။

မမဝေ၏ အခန်းအနီးသို့ ရောက်သောအခါ ကျွန်တော့်ရင်တွေမှာ တဒိုးဒိုး ခုန်နေ၏။ မမဝေကို ဘယ်လိုအသွင်နှင့် ကျွန်တော် ဘယ်ပုံမြင်ရပါမည်နည်း။

အခန်းက အထူး သန့်ရှင်း သပ်ရပ်နေသည်၊ နေချင်စဖွယ် သာသာယာယာကုလေးဟုပင် ခေါ်နိုင်မည်၊ စားပွဲလေးတွေပေါ်တွင် ပန်းတွေမန်တွေနှင့်။

ခုတင်အနီးတွင် ဦးထင်အောင်နှင့် ဒေါ်လှနုတို့က ရပ်နေကြသည်။

ခုတင်ပေါ်တွင်ကား...

ကျွန်တော့် မျက်လုံးများကို ကျွန်တော် မယုံမိ။

အင်္ကျီက အေးမြသော အပြာနုလေးပါ၊ ထဘီကလည်း အပြာကဲသော ပွင့်ရိုက်အဆင်ပါ၊ ဪ...အသားလေးတွေကလည်း နဂိုပကတိ ဝင်းဝါ ကြည်လင်တိသည်။

မမဝေ၊ ကျွန်တော့် မမဝေ။

မမဝေသည် ခေါင်းအုံးပေါ် လက်လေးတစ်ဖက်ထောက်ပြီး ကိုယ်လေး မခေါင်းတစောင်းနှင့် ထိုင်နေသည်။

မမဝေက ဆရာဝန်ကြီးကို နှုတ်ဆက်ဟန် ပြုံးပြသည်၊

'နေကောင်းတယ်နော် ဝေဝေ'

'ဟုတ်ကဲ့ ဆရာ ကောင်းပါတယ်'

'ခေါင်းထဲက မူးသေးလား'

'အိပ်ရာထခါက နည်းနည်းလေးမူးတယ်၊ အခုတော့ ဘာမှ မဖြစ်ဘူး ဆရာ'

'လမ်းလျှောက်သေးလား'

'ဆရာနဲ့ လျှောက်ပါတယ်'

မကြားရသည် ကြာပြီ ဖြစ်သော မမဝေ၏ စကားသံ၊ ပြုံးရွှင် ကြည်လင်သော အဆင်း၊ ဒါတွေကြောင့် လာရင်းကိစ္စကို ခေတ္တ မေ့သယောင်ဖြစ်ကာ မမဝေကိုသာ လိုက်လံဝမ်းသာစွာ ကျွန်တော် ကြည့်နေမိသည်။

ဆရာဝန်ကြီးသည် ကျွန်တော့်ဘက် တစ်ချက် လှည့်ကြည့်ပြီးမှ မမဝေဘက် ပြန်လှည့်ကာ မေးသည်။

'သူ့ကိုကော သိသလား ဝေဝေ'

သည်တော့မှ မမဝေသည် ကျွန်တော့်မျက်နှာဆီ ကြည့်သည်၊ ဆရာဝန်ကြီးနှင့် ပြောနေတုန်းက ရှိသော အပြုံးလေး

www.burmeseclassic.com

www.burmeseclassic.com

သည် မမဝေ၏မျက်နှာမှ ပျောက်သွားသည်၊ တည်ကြည်သော မျက်နှာထားလေးဖြင့် မမဝေသည် ကျွန်တော့် မျက်နှာကို စိုက်ကြည့်သည်။

ကျွန်တော်ကမူ ပြုံးရင်း မမဝေ၏ မျက်နှာလေးကို ပြန်ကြည့်နေမိသည်။ နီထွေးသော နှုတ်ခမ်းလေးများ ပွင့်ဖူးလာပြီး ချိုသာသော 'မောင်' ဟု ခေါ်သံကို စောင့်လင့်သည်။

မမဝေက ကျွန်တော့်ကို စိုက်ကြည့်နေရာမှ မျက်လုံးလေးများကို ဆရာဝန်ကြီးဆီ လွှဲလိုက်ပြီး ခေါင်းကို ဖြည်းလေးစွာ ခါပြ၏။

အို…ကြမ္မာကံ၊ ဘယ်ပုံ ဖန်လိုက်ပါသနည်း။ ဘဇာကြောင့် ရက်စက်လိုက်ပါသနည်း။

မြင်လိုက်ရသည်ကို မယုံမိ၊ ကြုံလိုက်ရသည်ကို လက်မခံနိုင်၊ ကျွန်တော့် နှလုံးသားသည် ခေတ္တ အခုန်ရပ်သွားသည်ထင်၏။ အသက်ရှူရန်လည်း မေ့လျော့ကာ မမဝေကို ဝမ်းနည်း အံ့ဩစွာ ကျွန်တော် ကြောင်ကြည့်နေမိသည်၊

ဆရာဝန်ကြီး၏အသံ ပေါ်လာသည်၊

'ဟုတ်ကဲ့လား၊ သေသေချာချာ ပြန်ကြည့်ပါဦးလေ၊ သူ့ကို မသိဘူးလား'

မမဝေက ကျွန်တော့်ဘက် ပြန်လှည့်သည်။ ကြိုးစား စဉ်းစားဟန်ဖြင့် မျက်မှောင်လေးတွန့်ပြီး ကျွန်တော်ကို အတန်ကြာ စိုက်ကြည့်နေသည်၊ ပြီးမှ သက်ပြင်းလေး ရှိုက်လိုက်၍ စိတ်ပျက်ဟန် ပြုံးမဲ့မဲ့ပြုပြီး ဆို၏။

'သူ့ကို ကျွန်မ မသိပါဘူး ဆရာ'



ကျွန်တော် အောင့်အည်းသည်းခံခြင်းငှာ မစွမ်းနိုင်တော့ပါ။

ကျပ်သိပ် ဆို့နင့်နေသော ရင်ကို တွန်းလှန်၍ ခေါ်မိသည်၊

'မမဝေ'

မမဝေ၏ မျက်လုံးလေးသည် ပြူးကျယ်သွားသည်။

'ဘယ်လို…ဒီကကို…မင်းက မမဝေလို့ ခေါ်လိုက်တယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ မမဝေကို မမဝေလို့ပဲ မောင် ခေါ်လိုက်ပါတယ်၊ မမဝေရယ်…ဒီလိုပဲ မောင်က အမြဲခေါ်သူပါ၊ မောင်လို့ မမဝေ အမြဲခေါ်ခဲ့တဲ့ မောင့်ကိုတောင် မမဝေ မမှတ်မိတော့ဘူးလား ဟင်'

မမဝေသည် ထူးဆန်းအံ့ဩလှဟန်ဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ထိုနောက် နှုတ်ခမ်းလေးတွေကို လှုပ်ပြီး 'မောင်…မောင်'ဟု ခေါ်ကြည့်၏၊ စဉ်းစားသယောင်တွေ နေပြီးမှ ပြုံးလိုက်၍ မေး၏။

'မင်းက ဒီကမောင် ဟုတ်လား'

'ဟုတ်ပါတယ် မမဝေ၊ မမဝေရဲ့ မောင်ပါ'

'မမဝေရဲ့ မောင်၊ ဒီဟာ အစ်မ…မင်းက မောင်၊ အို…'

မမဝေက ဒေါ်လှနုဆီ အကူအညီတောင်းဟန် လှမ်းကြည့်ပြီး 'မေမေ'ဟု ခေါ်၏။

ဒေါ်လှနုက ရှေ့တက်လာမည် ဟန်ပြင်၏။ သို့ရာတွင် ဆရာဝန်ကြီးက ဝင်တားသည်၊

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ....ဒေါ်လှနု၊ ဝေဝေ....သူ့ဘာသာ စဉ်းစား ပါစေ၊ ကျွန်တော် ဘာသတိပေးထားလဲ'

မျက်နှာထားက ကျေနပ်မှုကို မပြသော်လည်း ဒေါ်လှနု သည် ကိုယ်ရှိန်သတ်၍ နောက်ဆုတ်သွား၏။

မမဝေသည် ဘာကိုမျှ နားမလည်ဟန်ဖြင့် ဆရာဝန်ကြီး ကို တစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ကြည့်နေရှာသည်။

ဆရာဝန်ကြီးက ဘာမျှအရေးမကြီးဟန် ပြုံးပြီး မေးသည်။

'ဝေဝေ တကယ် မမှတ်မိဘူးနော်'

'ဟင့်အင်း...ဆရာ သူ....သူ....သူ....ဘယ်သူလဲဟင်'

'သူ့နာမည် မောင်လေးလှိုင် တဲ့၊ ဒီနာမည်တော ကြားဖူးလား ဟင်'

'မောင်လေးလှိုင်'

မမဝေသည် ကျွန်တော့်နာမည်ကို ရွတ်ကြည့်နေပြန်ပါ၏။

'မောင်လေးလှိုင်၊ မောင်.... လေး.... လှိုင်၊ ဟုတ်လား၊ မင့်နာမည် မောင်လေးလှိုင်တဲ့ နော်'

'ဟုတ်ပါတယ် မမဝေ၊ မောင့်နာမည်ဟာ မောင်လေး လှိုင်ပါ'

'မောင့်နာမည်ဟာ မောင်လေးလှိုင်၊ အင်း....အင်း.... ဒါပေမယ့် ဝါ့မောင်ရယ်၊ မင်းကို မမ မသိရပါလား'

မှိုတွယ်ရာကင်းပြီးရင်တည်ရာမဲ့ပြီး အရုပ်ကြိုးပြတ် မဖြစ်ရုံ တစ်မည်ဖြင့် မမဝေကို ကျွန်တော် ကြေကွဲစွာ ပြန်ကြည့်နေမိ သည်။ ဘာစကားမျှတော့ မပြောနိုင်တော့ပါ၊ ပြောစရာလည်း မရှိတော့ပါ။



အမှုမဲ့အမှတ်မဲ့ဟန်ဖြင့် ဆရာဝန်ကြီးသည် သူ့ လက် တစ်ဖက်ကို ကျွန်တော့် ပခုံးပေါ်တင်လိုက်သည်၊ လက်ချောင်း များကမူ သတိပေးဟန် ကျွန်တော့်ပခုံးကို သုံးလေးကြိမ် မသိ မသာ ဆုပ်ညှစ်၏။

ဟုတ်ကဲ့။ ကျွန်တော် နားလည်ပါသည်။ ကျွန်တော် တင်း ဆည် ထားရမည်၊ မမဝေ ရှေ့မှာ ဣန္ဒြေမပျက်အောင် တင်း ဆည်ထားရမည်။ မမဝေအတွက်ပါ၊ ကျွန်တော့် မမဝေ မမဝေအတွက်ပါ။

ဆရာဝန်ကြီးကသာ တည်ငြိမ်စွာပြောသည်။

'ကိစ္စမရှိပါဘူး ဝေဝေ၊ ကဲ.... ကဲ.... ပြန်နားလိုက် ဦး၊ ဪ....သိပ်လဲ စဉ်းစားမနေနဲ့ဦးနော်၊ ခေါင်းကို ကြည် ကြည်ထား၊ ဝေဝေ အခုလောက် နေကောင်းလာတာ ဆရာ သိပ်ဝမ်းသာတယ်'

ဆရာဝန်ကြီးသည် ကျွန်တော့်ကို ပခုံးမှ ပွေ့ကာ ဆွဲခေါ် လာခဲ့သည်။ ဦးထင်အောင်နှင့် ဒေါ်လှနုတို့ကိုလည်း ခေါ် သည်။

'အပြင်ခဏလိုက်ခဲ့ကြပါ'

အပြင်တွင် မမျှော်လင့်သူနှစ်ဦးကိုပါ ကျွန်တော် တွေ့ရ သည်။

ကျွန်တော့်အဒေါ်နှင့် ဦးလေးပါ။ စောစောကပိုင်းက သူတို့ ကို ကျွန်တော် သတိမပြုမိခဲ့ဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၏ မျက်နှာက ဘာလှုပ်ရှားမှုမျှမပြ။ အခေါ် မျက်နှာကတော့ တင်းသည်။ မျက်လုံးများက ဒေါသနှင့် ပြစ်တင်မှုကို ပြနေ၏။

ဒေါသထွက်ပါလေ။ အပြစ်လည်း တင်ပါ။ တကယ်တော့ ယခုအချိန်က သန်းခေါင်ပါ။ ပိုနက်သော အမှောင်ကို ကျွန်တော် မမြင်ပါ။

ဆရာဝန်ကြီးက ဦးထင်အောင်နှင့် ဒေါ်လှနုတို့ကို ကြည့်ပြီး ပြောသည်။

'ဝေဝေ့ကို စကားပြောတဲ့အခါမှာ ကြည့်ပြီး ပြောကြပါ၊ ကိုယ့်ဆန္ဒတွေကိုချည်း ကိုယ် ရှေ့တန်းမတင်ကြပါနဲ့၊ အခု အချိန်မှာ ဝေဝေ့စိတ်ကို မှန်လိုပဲ ကျွန်တော်ထားချင်တယ်၊ သဘာဝအတိုင်း သူ့ဘာသာသူ ထင်လာပါစေ၊ ခင်ဗျားတို့ တွေက ဘာမှဝင် အရှုပ်ရေးမပြုကြပါနဲ့၊ အရှုပ်ရေးမှားလို့ တစ်ခုခုဖြစ်သွားရင် ကျွန်တော် တာဝန်မခံဘူး၊ ဒါပါပဲ၊ လာ- မောင်လေးလှိုင်'

ဟိုနေ့က ဆရာမကြီးရှေ့မှာ ကျွန်တော် ငိုကြွေးခဲ့ရသည်။ ယခု ဆရာဝန်ကြီးရှေ့မှာ ငိုကြွေးမိရပြန်ပါ၏။ မရှက်နိုင်ပါ။ ကျွန်တော်က ငွေလမင်းကြီး ဆုံးရှုံးရမည့်သူပါ။

'ဆရာကြီးရယ် မမဝေ ဘာဖြစ်သွားတာလဲ၊ ကျွန်တော့် ပေါ် စိမ်း....စိမ်းကားလိုက်တာ ဆရာကြီးရယ်'

'အို...စိမ်းကားတာမဟုတ်ဘူးလေ၊ သူဟာ ဝေဒနာရှင် ပါ မောင်လေးလှိုင်၊ ဒါကို မင်း မမေ့နဲ့'



'ဘယ်လိုဝေဒနာမျိုးမို့လဲ ဆရာကြီးရယ်၊ ကျွန်တော်လဲ ကြားဖူးနားဝတော့ရှိပါရဲ့၊ ဒါပေမယ့် ကိုယ်တွေ့ကြုံရတော့ ကျွန်တော် မယုံနိုင်ဘူး၊ မျှော်လင့်ချက် ရှိသေးရဲ့လား ဆရာ ဟင်၊ ကျွန်တော် စိတ်သက်သာရာရအောင် ဆရာကြီး မကယ်နိုင် တော့ဘူးလား'

'နားထောင် မောင်လေးလှိုင်၊ ဆရာကြီး ရှင်းပြမယ်၊ ဒါပေ မယ့် စကတည်းက ဆရာကြီး စကားခံထားတယ် နော်၊ ယောကျာ်းဆိုတာ စိတ်ဓာတ်ကြံ့ခိုင်ရမယ်လို့၊ ဆရာကြီး ရှင်းပြ မှာ နားထောင်ပြီးတော့ မောင်လေးလှိုင် စဉ်းစား၊ ဟုတ်လား'

'ကောင်းပါပြီ ဆရာကြီး'

'ဝေဝေ ကြုံရတဲ့ ထိခိုက်ဒဏ်ရာရမှုမျိုးကို ဆေးပညာမှာ ထရွန်းမာလို့ ခေါ်တယ်၊ ကြမ်းတမ်း ပြင်းထန်စွာထိတဲ့ ဒဏ် ပေါ့ကွယ်၊ အဲဒီဒဏ်ကြောင့် ဝေဝေ့ဦးနှောက် ဖွဲ့စည်းမှုဟာ ထိခိုက်သွားတယ်၊ ဘယ်နေရာမှာ ဘယ်လို ထိခိုက်သွားတယ် ဆိုတာ ဆရာကြီးတို့ အတိအကျမပြောနိုင်ဘူး၊ ပြောနိုင်တာက ဝေဒနာရှင်ရဲ့ အခု လက်ရှိဘဝအခြေအနေပဲ၊ ခုဆိုရင် ဝေဝေ ဟာ အင်မ်နီးဇီးယား ဆိုတဲ့ ရောဂါရှင်ဖြစ်လာတယ်'

'ခင်ဗျာ....အင်မ်နီးဇီးယား ဆိုတဲ့ ရောဂါရှင်'

'ရောဂါဆိုတဲ့ စကားကို ဆရာကြီး မကြိုက်ဘူး၊ ဒါပေမယ့် ရောဂါလို့ပဲ ခေါ်ရမှာပဲ၊ အင်မ်နီးဇီးယား ဆိုတာက မေ့ တာပဲ၊ အတိတ်ကိုမေ့တာ၊ မေ့ပုံကလဲ အမျိုးမျိုးရှိတယ်၊ အတိတ်ကို ယေဘုယျအားဖြင့် မေ့သွားတာကို ရက်ထရိုဂရိတ် အင်မ်နီးဇီးယားလို့ ခေါ်တယ်၊ တစ်စုံတစ်ရာသော အကန့်

www.burmeseclassic.com

www.burmeseclassic.com



အသတ်ရှိတဲ့ အချိန်ပိုင်းကိုမေ့သွားတာကိုတော့ ရက်ထရိုအက်တစ်ဖ် အင်မ်နီးဇီးယားလို့ ခေါ်တယ်၊ ဥပမာ.... တချို့ဟာ ဟိုးတစ်ချိန်တုန်းက ဟာကွေကို မှတ်မိတယ်၊ ဒါပေမယ့် ဒဏ်ရာမရမီ တစ်ရက်၊ နှစ်ရက်၊ တစ်နာရီ စသဖြင့် အတောအတွင်းမှာ ဖြစ်ခဲ့တာတွေကို မမှတ်မိဘူး၊ ဝေဝေကတော့ အတိတ်ကို တော်တော်မေ့သွားတာပဲ၊ ဆရာကြီး အခုအထိ စမ်းသပ်တွေ့ရှိတာကတော့ ဝေဝေဟာ တက္ကသိုလ် တက်ခဲ့ဖူးတာ၊ ဘွဲ့ရခဲ့တာ၊ အဲဒါတွေတောင် မမှတ်မိတော့ဘူး’

‘ဆရာကြီးရယ်၊ ဖြစ်ပျက်ခဲ့တာတွေကို မေ့သွားတယ် ထားပါတော့၊ လူကိုမြင်ရင်တောင် မမှတ်မိနိုင်တော့ဘူးလား’

ဆရာဝန်ကြီးက ခေါင်းခါ၏။

‘မေ့တဲ့နောက် ဘယ်မှတ်မိတော့မလဲ၊ မှတ်မိခြင်းဆိုင်ရာ လွဲမှားမှုတွေလဲ ရှိသေးတယ်၊ တစ်ခါမှ မမြင်မတွေ့ဖူးတာကို မြင်တွေ့ဖူးတယ်လို့ ထင်တတ်တယ်၊ မဖြစ်ဖူးတာကို ဖြစ်ဖူးတယ်လို့ ယုံချင် ယုံတတ်တယ်၊ အဲဒီသဘောကို ဒေးရှားဗူးလို့ ခေါ်တယ်၊ တစ်ခါ ရင်းနှီးစွာ သိခဲ့တာကို မမှတ်မိ၊ ထင်ရှားစွာ ဖြစ်ခဲ့တာကို သတိမရ၊ အဲဒီသဘောကိုတော့ ဂျာမေးဗူးလို့ခေါ်တယ်၊ ဒါကြောင့်လဲ စောစောက သူ့မိဘတွေကို ထင်တာတွေ လျှောက်မပြောဖို့ ဆရာကြီး တားမြစ်ခဲ့တာ မောင်လေးလိုက်ကြားတယ် မဟုတ်လား’

‘သူ့မိဘတွေကိုတော့ သူ မှတ်မိတယ်ပေါ့နော်’

‘တော်တော် ငယ်ငယ်က အကြောင်းတွေတော့ ဝေဝေဟာ ပြန်မှတ်မိတယ်၊ ဒီတော့ မိဘတွေကို မှတ်မိတာပေါ့၊



မှတ်မိသမျှမှာတောင်မှ ဗလာကွက်လပ်သဘောတွေ ရှိနေသေးတယ်၊ နောင်ကိုလဲ ဆက်ရှိနေဦးမှာပဲ၊ သတိလေဟာကွက်တွေလို့ ခေါ်ရမလား မသိဘူး’

‘ဆရာကြီးရယ်....တဖြည်းဖြည်းနဲ့တော့ ပြန်သတိရ မလာနိုင်တော့ဘူးလား’

‘ခက်တယ်၊ မောင်လေးလိုင် ဝင်လာတော့ ဒီကိစ္စမျိုးမှာ ပါရဂူဖြစ်ကြတဲ့ ဝိန်းစတိန်းနဲ့ခါန်းတို့ရဲ့ ရေးသားထားချက်ကို ဆရာကြီး ပြန်လည် ဖတ်ရှုနေတယ်၊ ဘာမှ အတပ်မပြောနိုင်ပါဘူးကွယ်’

‘ကုသလို့တော့ မရတော့ဘူးပေါ့၊ ဟုတ်လား ဆရာကြီး’

‘ကုသဖို့ဆိုတာကလဲ မလွယ်ပါဘူး၊ ဦးနှောက်ဆိုတာဟာ အင်မတန် သိမ်မွေ့ဆန်းကြယ်ပါတယ်၊ကတ်ဂိုးလ်စတိန်းဆိုတဲ့ ပါရဂူကြီးက အတိအလင်း မိန့်ဖူးတယ်၊ ဦးနှောက် ဒဏ်ရာနဲ့ ဖြစ်ပေါ်လာတဲ့ရောဂါကို ဆက်နွယ်ကြည့်ရတာတောင် မလွယ်ပါဘူးတဲ့၊ လေ့လာလို့ အချက်အလက်တွေ ပိုသိလာလေလေ နားလည်ဖို့က ပိုခက်လာလေလေပဲတဲ့၊ ကုသနိုင်ဖို့ ဆိုတာက အင်း....အလွန် ဝေးနေပါသေးတယ်’

ကျွန်တော် ခေါင်းက ငိုက်စိုက်ကျသွားသည်၊ ဩော်.... မျှော်လင့်ဖွယ် ဟူ၍ ဘာမျှ မရှိတော့ပါတကား၊

ကျွန်တော်သည် အံကြိတ်လိုက်ပြီး ရှာဘ်တရက် မေးမိ၏။

‘ဆရာကြီး.... ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော့်ကို အကြံမပေးနိုင်တော့ဘူးလား ဟင်’

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ဒါကိုပြောမလို့ပဲ၊ အမှန်က ဆရာကြီးရဲ့ဝတ္ထုရေးက ကုန်ပါပြီ၊ ဒါပေမယ့် မောင်လေးလှိုင်ဟာ ဆရာကြီးရဲ့ သားအရွယ် ငယ်ရွယ်သေးသူ အားကိုးရာမဲ့ မျက်နှာငယ်မို့ ဆရာကြီးမှာ ကရုဏာက ရှိနေတယ်၊ မောင်လေးလှိုင်မှာ လက်ထပ်စာချုပ်တွေ ဘာတွေ မရှိဘူးနော်'

'မရှိပါဘူး ဆရာကြီး'

'ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအတိုင်း အများရှေ့မှောက်မှာလဲ လက်ထပ်ထားခဲ့ကြတာ မဟုတ်ဘူးနော်'

'မှန်ပါတယ် ဆရာကြီး'

'စာချုပ်ရှိရင်တော့ ဆေးရုံအာဏာပိုင်တွေကိုပြပြီး အဲဒါနဲ့မှ မလုံလောက်သေးရင် ရဲအကူအညီယူပြီး မောင်လေးလှိုင်ဟာ ဝေဝေ့ရဲ့ ပိုင်ဆိုင်သူအဖြစ် မားမား ဝင်ရပ်လို့ ရတယ်၊ အခုတော့ မလွယ်ဘူး၊ ဒါပေမယ့် နည်းလမ်း တစ်ခုတော့ ရှိတယ်၊ မောင်လေးလှိုင်တို့ ပေါင်းသင်း အတူနေပါတယ်ဆိုတာ ရုံးတော်မှာ ကျမ်းကိုင် သက်သေလိုက်နိုင်သူ ရှိသလား'

'ရှာရင်တော့ ရမယ်ထင်တာပဲ ဆရာကြီးရယ်'

'အင်းလေ....ရနိုင်မှာပေါ့၊ ရနိုင်ရင် ရုံးတော်မှာ ဦးတိုက်လျှောက်ပြီး ရုံးတော်က ဝရမ်း တောင်းရမှာပဲ၊ ဒီတော့ သူတို့ဘက်ကလဲ ဘာကြံစည် ခုခံကြမလဲ မသိဘူး၊ အတူတကွ နေထိုင်ကြပါတယ်ဆိုတိုင်း အကြင်လင်မယားအရာ မြောက်သလား၊ အဓိကဖြစ်တဲ့ ဝေဝေကလဲ ဘာမှမမှတ်မိ၊ ရုံးတော်က ဘယ်လိုဆုံးဖြတ်မလဲ၊ ဥပဒေပါရဂူ မဟုတ်တော့ ဆရာကြီးလဲ မသိဘူး၊ ယာယီ ဆောင်ရွက်ချက်အဖြစ် ဝေဝေ့ကို ကြားက



နေပြီး ရုံးတော်က စောင့်ရှောက်ချင် စောင့်ရှောက်ထားလိမ့်မယ်၊ အမှုက ရှည်လိမ့်မယ်၊ ငွေကုန်ကြေးကျလဲ များလိမ့်မယ်၊ အထူး ဆရာကြီး ပြောချင်တာက ဝေဝေဟာ ဝေဒနာသည်ပါ၊ ဦးနှောက် ဝေဒနာသည်ပါ၊ ပြင်းပြင်းထန်ထန်ထိခိုက်ပြီး ပုံသေ အသားမကျသေးတဲ့ ဝေဝေ့ ဦးနှောက်ဟာ ဖြစ်ပေါ်လာမယ့် ရှုပ်ရှုပ်ထွေးထွေး ဒဏ်ကို ထပ်ခံနိုင်ပါ့မလား'

ဆရာဝန်ကြီးက လျှော့လျှော့ပြုံးပြီး ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်ကတော့အံသာကြိတ်ထားမိသည်၊ ဆရာဝန်ကြီး ပြောပြနေသော စကားအဓိပ္ပာယ်တွေကို ကျွန်တော် နားလည်သည်၊ ထို့ကြောင့် အံကိုသာ ကြိတ်ထားမိသည်။

'နောက်ဆုံးကွယ်....မောင်လေးလှိုင်ကပဲ နိုင်တယ် ထားပါတော့၊ မောင်လေးလှိုင် ပြောခဲ့တဲ့ စကားအရ မောင်လေးလှိုင်မှာက ဝင်ငွေ ဟုတ်တိပတ်တိ မရှိသေးဘူး၊ ဝေဝေကပဲ အလုပ်လုပ်ခဲ့ရတယ်၊ ဟုတ်လား'

မျက်ရည်ဝဲလာရင်း ကျွန်တော်က ခေါင်းညိတ်ပြရ၏။

'ဒီတော့ ဘယ့်နှယ်လုပ်မလဲ၊ ဝေဝေ့ကို ဆက်လက် ပြုစုကုသဖို့လေးတွေကလဲ ကျန်နေသေးတယ်၊ ဝေဒနာရှင် တစ်ယောက်ရဲ့ တာဝန်ဟာ မသေးဘူး မောင်လေးလှိုင်၊ ချစ်တာနဲ့ဆို တောင့်ခံမယ်ထား၊ ခက်တာက မောင်လေးလှိုင် အဲဒီ ချစ်တယ်ဆိုတဲ့ အခြေအနေဟာတောင်မှ ပြည့်စုံပါသေးရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ…ဆရာကြီး ဘာပြောလိုက်တယ်'

'ဒီအပိုင်းဟာ မောင်လေးလှိုင်ကို ဆရာကြီး မပြောရက်ဆုံး အပိုင်းပဲ၊ ဒါပေမယ့် အရေးကြီးဆုံးအပိုင်းမို့ မပြောလဲ မပြီးလေဘူး၊ ဝေဝေဟာ မောင်လေးလှိုင်ကို မမှတ်မိတော့ဘူး၊ ဝေဝေ စိတ်သန္တာန်မှာ မောင်လေးလှိုင်ဟာ မရှိတော့သလို မောင်လေးလှိုင်အတွက် အချစ်ဆိုတာဟာလဲ မရှိတော့ဘူး၊ ဦးပုဒေက ဝေဝေ့ကို မောင်လေးလှိုင်လက်ထဲ ပြန်ထည့်ပေးချင် ပေးလိမ့်မယ်၊ ဒါပေမယ့် အချစ်ဆိုတာက ပါမလာတော့ ဝေဝေဟာ မောင်လေးလှိုင်လက်ထဲ မြေပါလားကွယ်၊ ဒါ တွေက မောင်လေးလှိုင် လေးလေးနက်နက်စဉ်းစားရမှာတွေ ဆရာကြီးကတော့ စဉ်းစားရမှာတွေပဲ ပြောပြနိုင်တယ်၊ ဘာ လုပ်ပါလို့တော့ ပြောပိုင်ခွင့်မရှိဘူး၊ အဲ…နောက်ဆုံးတစ်ခု ပြောချင်တယ်'

ဆရာဝန်ကြီး၏မျက်နှာသည် အထူးတည်ငြိမ်သွား၏။ လေး နက်သော လေသံဖြင့်လည်း ပြော၏။

'အချစ်ဆိုတာ ဘာလဲ၊ ပိုင်ဆိုင်လိုခြင်းလား၊ ပိုင်ဆိုင် ခြင်းလို့ အနက်ဖွင့်တဲ့လူတွေကလဲ ဖွင့်ကြပါရဲ့၊ ဒါပေမယ့် ကမ္ဘာ့သာဓကအများက ညွှန်ပြနေတာကတော့ အချစ်စ အချစ်မှန်ဆိုတာဟာ ကိုယ့်ဘက်က စွန့်လွှတ်ရခြင်းပဲ၊ ပိုင်ဆိုင် လိုတဲ့ တရားကို ရင်နာနာနဲ့ ဆန့်ကျင်စွန့်လွှတ်လိုက်ရတဲ့ အ နာခံမှု တရားပဲ၊ အဲဒါပါပဲ မောင်လေးလှိုင်'



ကျွန်တော်က နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်၊ ဖခင် ပမာ ကျေးဇူးရှင်ဖြစ်သော ဆရာဝန်ကြီးကို မျက်ရည်ကျရင်း လက် အုပ်ချီ၍ နှုတ်ဆက်ရတော့သည်။

'ကျွန်တော့်ရင်ဟာ နာဆဲပါပဲ ဆရာကြီးရယ်၊ ကျွန်တော့် ဉာဏ်ပူကုလုံးတွေဟာလဲ ပိတ်ဆဲပါပဲ၊ ဒါပေမယ့် မေတ္တာ ဖြူဖြူလွှမ်းတဲ့ ဆရာကြီးရဲ့စကားမန်းကို ကျွန်တော့် နှလုံးသား မှာ ဆင်သွားပါမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါတော့ ဆရာကြီး ခင်ဗျား'

ဆရာဝန်ကြီး၏ အခန်းတွင်းမှ ကျွန်တော်က ထွက်လိုက်၏၊

အပြင်ဘက်မှာ စောင့်နေဟန်တူသော ဦးလေးနှင့်အဒေါ်ကို ရင်ဆိုင်တွေ့ရသည်၊

ဦးလေးက ပြောသည်၊

'မောင်လေးလှိုင်…ခင်းကို စကားပြောချင်လို့ တို့စောင့်နေ တယ်'

ဦးလေး၏ စကားသံကို ကျွန်တော် သရှင်ခွဲကြည့်သည်၊ ကရုဏာသံကို မတွေ့ပါ။ လုပ်ဝန်းသဘော ဆန်သည်။

အဒေါ့်မျက်နှာကို ကျွန်တော် ကြည့်သည်။ တည်တည် တင်းတင်းပါ။

ရှိုင်းပျခြင်းကို ကျွန်တော် မကြိုက်ပါ။ ရှိုင်းပျခြင်းသည် ကျွန်တော့်စရိုက်နှင့် ဖီလာ ဖြစ်ပါသည်။

သို့တစေ ရင်က နာလွန်းလှတော့ ယဉ်ကျေးရမည်ကို ကျွန် တော် မေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ်၊ မမဝေကို လုယူရေးစီမံကိန်းနဲ့ ပတ်သက်တဲ့ ဆွေးနွေးသံကို နားထောင်ဖို့ ကျွန်တော့် အသည်းနှလုံးက အဆင်သင့်မဖြစ်သေးပါဘူး၊ ဒီတော့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ကြပါ'

ကျွန်တော်သည် ဆေးရုံကြီးပေါ်မှ အရှုံးသမားအဖြစ် ပြေးဆင်းခဲ့၏။

* * *

ခြေဦးတည့်ရာ၊ ဟုတ်ကဲ့.... ခြေဦးတည့်ရာဆီကိုပါ။

ခြေခေါ်ရာကို လိုက်ပါလာမိတော့ ခြေဦးတည့်ရာဆီသာ ရောက်တော့သည်၊

သတိဝင်၍ ကျွန်တော် ရပ်လိုက်သောအခါ ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်ခြေတော်ရင်းသို့ ကျွန်တော် ရောက်နေသည်၊

အနောက်ဘက်ဆီ စောင်းဝင်ရန် ပြင်နေသော နေမင်း၏ အရောင်၌ ရွှေသား ရွှေပုံ ရွှေတောင်ကြီးသည် ရှန်းလဲ့ဝင်းမှည်တစ်ခဲနက် တွန်းပြောင်နေဘိသည်၊



ဩြော်...ကိုယ့်ခြေထောက် ကိုယ်ပင် ကျေးဇူးတင်ရသေးသည်၊

အိမ်ဆိုသည်သို့ ကျွန်တော် မပြန်ချင်ပါ။ အိမ်ကို ပြန်ရမည်ကို ကျွန်တော် ကြောက်လန့်နေသည်။ မမဝေ မရှိတော့သည့်နောက် အိမ်သည် ကျက်သရေလည်း ကင်းပြီ၊ အသက်လည်းမဲ့ပြီ။ အိပ်စက်လဲလျောင်းခိုက်ပင် ညှိုးခြောက်သောအိပ်မက်တို့နှိပ်စက်မင်းမူဘိသည်၊

အိမ်မပြန်ချင်တော့လည်း ဘည်မြို့ကြီးအလယ်မှာ ယောင်ချာချာနှင့် ဘယ်သို့မျှ သွားစရာမရှိပါ။

ဩြော်...ပူမပါဘိခြင်း၊ ဒုက္ခရယ်...ကြီးပါဘိခြင်း။

နွမ်းနယ်လှသောကိုယ်ကို ပင်ပန်းစွာသယ်ပြီး စောင်းတန်းအတိုင်း ဘုရားပေါ်သို့ ကျွန်တော်တက်လာခဲ့သည်၊

စေတီတော်မြတ်ကြီးကို ရင်ဆိုင်တွေ့ရသည် နောက်တောဦးသုံးကြိမ်ချရန် ကျွန်တော် မမေ့ပါ။ ရှည်ရှည်လျားလျား ဖွဲ့နွဲ့ပြည့်စုံစွာတော့ မရှိခိုးမိ၊ မရှိခိုးနိုင်ပါ။

အင်္ဂါထောင့် ညောင်ပင်ရိပ်မှ ပျဉ်ပြားအခင်း တစ်ခုပေါ်မှာ ကျွန်တော် ထိုင်လိုက်သည်။

ကျွန်တော် တစ်ကိုယ်လုံး၌ အားတို့ မရှိတော့ပါ။ နေညိုစညနေလို ကျွန်တော့် ရင်တွင်းမှာလည်း ညိုသည်၊ မှိုင်းသည်။ မသာန်းပြီ၊

ဖြစ်ရပုံလေ၊ ရန်ကုန် ရောက်သည့်နေ့ ညဦးက ချစ်ဦးသူမမဝေနှင့်အတူ ယှဉ်တွဲကာ သည်ဘုရားပေါ် ရောက်ခဲ့ကြသေးသည်၊ သည်ထောင့် သည်ညောင်ပင်ဆီလည်း ရောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ဆေးသည်။ ဟံမယ်မင်း.... သည်တုန်းကတော့ ပျော်ရသည့် ဖြစ်ခြင်း။ မမဝေရယ်...ပျော်လိုက်ရသည့်ဖြစ်ခြင်း၊ ပျော်ရွှင်ခြင်း ဆိုတာရေ...အခုတော့....သင် ဘယ်မှာပါလေနည်း။

တော်တော်ကြာလျှင် နေဝင်တော့မည်။ မောင့်ဘဝမှာလည်း နေဝင်ပါတော့မည် မမဝေ၊ ပျော်ရွှင်ခြင်းဆိုသည်များ၏ နေမင်းကြီးရယ်ပါသေ။ နေမင်းကြီး ဝင်သွားတော့ လမင်းကြီးက ထွက်လာပါဦးမည်လော။ လမင်းကြီး ထွက်လာမှာကိုတောင် မောင်ကြောက်ပါသည် မမဝေ။ သည်လမင်းကြီးက မောင့်ငွေလမင်းကြီး မမဝေထက် မောင့်အတွက် ဘာများပိုထွန်းလင်းနိုင်မှာမို့လဲ.... မောင့်မမဝေရယ်....။

အဝေးတန်ဆောင်း တစ်ခုမှ တရားဟောသံသည် ကျွန်တော့်ထံ လွင့်လာသည်။ တစ်ပါးပါးသော ဆရာတော်သည် တရားနိဂုံးချုပ်နေလေဟန်တကား။

'ဗုဒ္ဓါဒိစ္စော အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ နနာယတိ'

အသံတော်က အောင်မြင်သည်၊ တည်ငြိမ်လျက်က နာပျော်ဖွယ်လည်း ရှိသည်၊

'ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်း ဟူသော နေမင်းကြီးသည်၊ အနုပ္ပန္နေ၊ လူ့ပြည်လောကကြီးမှာ ပွင့်တွန်း ပေါ်ပေါက်၍ မလာခဲ့သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်းဟူသော လမင်းကြီးသည်၊ အနုဂ္ဂတေ၊ လူ့ပြည်လောကကြီးမှာ ပွင့်ထွန်း ပေါ်ပေါက်၍ လာခြင်းမရှိခဲ့သော်၊ တေသံ သဘာဝဓမ္မာ၊ ထိုရုပ်နာမ် ဆိုသည့် သဘာဝဓမ္မတို့၏၊ နာမ မတ္တံ၊ နာမည်လေး

တွေကို တောင်မှ၊ နနာယတိ၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဘယ်နည်းနှင့်မှ မသိနိုင်ဘဲ ရှိရလေတော့သတည်း။'

ဖြိုင်ဖြိုင်ညီညီ သာဓုခေါ်သံများက ပေါ်ထွက်လာ၏။

သာဓု ဟူသည် ကောင်းသော တရားကို ကောင်းလေစွဟု ချီးမွမ်းဝန်ခံခြင်း ဖြစ်လေသည်။

မြတ်စွာဘုရား၊ မချီးမွမ်း မဝန်ခံဘဲ စိတ်မဲ့ စိတ်ညို စိတ်တွင်းမှာ ငို၍ အပူပိုပို စိတ်အလိုလိုက် စိတ်မိုက်တွင်းနက်နေသူမှာ ကျွန်တော်သာလျှင် တကား။

ဓမ္မသတိ ငိုဖွာမျိုးစေ့လေးက လူးလွန့်လာတော့ တရားသံဆီ အာရုံပြုမိသွားသည်။

'ယောဂီတို့၊ ရုပ်ကိုလဲ ရုပ်လို့သိကြပြီ၊ နာမ်ကိုလဲ နာမ်လို့သိကြပြီ၊ ရုပ်နာမ်မှတစ်ပါး၊ လူပဲ နတ်ပဲ၊ ငါပဲ သူပဲ၊ သားပဲ မယားပဲ၊ ချစ်သူ မုန်းသူရယ်လို့ မရှိပြီ'

'ရုပ်နာမ်သဘာဝဓမ္မတွေမသိခဲ့ကြလို့သံသရာတစ်လျှောက် ဒုက္ခကောင်းကောင်းကြီး ရောက်ခဲ့ကြရပြီးပြီ။

'ရုပ်ဟာ ငါ၊ ငါဟာ ရုပ်၊ ရုပ်မှာ ငါရှိတယ်၊ ငါမှာ ရုပ်ရှိတယ်နဲ့ အပြင်တုပ်အတွင်းတုပ်၊ အသွားတုပ် အပြန်တုပ်နဲ့ ရုပ်နာမ်ကို အမြင်မှားပြန်တော့ ဒိဋ္ဌိ ငါ၊ ဒိဋ္ဌိ ငါက ပွားလိုက်တော့ ငါ့သား၊ ငါ့မယား၊ ငါ့ချစ်သူ၊ ငါ့မုန်းသူ၊ ငါ့ရန်သူ၊ ဒီငါကိုချစ်၊ ဒီငါကိုကြိုက်၊ ဒီငါကို စွဲမက်လိုက်တော့ ဟကျာ ငါ၊ ငါ့ကိုလဲ ချစ်ကြိုက်၊ ငါပွားတွေကိုလဲ ချစ်ကြိုက်၊ ငါ့သား၊ ငါ့မယား၊ ငါ့ချစ်သူ၊ ဒါတွေကိုတော့ လောဘနဲ့ လိုချင်တယ်၊ ငါ့ရန်သူဆိုတာကိုတော့ ဒေါသနဲ့ မလိုချင်ပြန်၊ ငါနဲ့ ငါ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကို ထိလာပြန်တော့ ငါက မခံချင်၊ ငါဘည်းဟူသော မာန်တွေ
ဝင်တော့ မာန ငါ။

'ဒီ ငါသုံးငါ သက္ကာယဒိဋ္ဌိတရားကြောင့် ဒုက္ခလှလှကြီး
တွေ့ခဲ့ကြရပြီ၊ သက္ကာယ ဆိုဘာက ထင်ရှားရှိသော ရုပ်နာမ်
တရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသဘောတွေ
ထင်ရှားရှိတဲ့တရားတွေ၊ ဒီ ထင်ရှားရှိတဲ့ တရားတွေကို မြဲတယ်
ချမ်းသာတယ်၊ အစိုးတရ ရှိတယ်နဲ့ အမြင်မှားတာက ဒိဋ္ဌိ၊

'အမြင်မှန်ဖို့ ဉာဏ်မျက်လုံးလေးတွေ ဘုန်းကြီးက ဖွင့်ပေး
ပြီးပြီ၊ ကဲ....ကဲ....မပြန်ကြခင် ကျေးဇူးရှင် လယ်တီဆရာတော်
ဘုရားကြီးရဲ့ သံဝေဂလင်္ကာ ဘုန်းကြီး သင်ပေးထားတာ
ရွတ်ကြ'

နေညိုချိန်မို့ ပတ်ဝန်းကျင်သည် လွမ်းဖွယ်လိုလိုရှိလှသည်
နှလုံးကို တစ်မျိုးတစ်မည်ထိခိုက်လာသော သံဝေဂလင်္ကာ
ရွတ်ကြသံကို ကျွန်တော် ကြားနေရသည်။

'ဆိုပိမ့်မည်သာ၊ ခစ ခေ နောသော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်
ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ရွာ
နင်ကြုံကြိုက်လည်း၊ အမိုက်မခြွ၊ အလိုက်နေ၍၊ အခြေမကြီး
အချည်းနှီးလျှင်၊ ယီးတီးယောင်ကောင်၊ ခွတိုင်အောင်တည့်...

'သန်းခေါင်ယက္ခယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး
အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်
အပြား၊ အင်လေးပါးထက်၊ နင်ကား ရာထောင်၊ မကာ
မှောင်၏'



သံဝေဂလင်္ကာက အတန် ရှည်လျားသည်၊ သူတို့ကတော့
အစအဆုံး ဆက်ရွတ်နေသည်။

ကျွန်တော့်အတွက်ကတော့ သည်နှစ်ပိုဒ်နှင့် လုံလောက်
ပေပြီ။

ဘယ်သူမပြု မိမိမှု၊ လူဟူသည်က ကိုယ့်ကိုယ်ကိုသာ ကိုယ်
တာဝန်ခံရသည်၊ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးပြီး ကိုယ့်လမ်း
ကိုယ်ရွေးရမည်။

လင်္ကာရွတ်ဖတ်သံတို့ စဲသွားသည်၊ တစ်လောကလုံးသည်
တိတ်ဆိတ်နေဘကဲ့သို့ ကျွန်တော် ခံစားရသည်။

ရင်မှအပူကတော့ ငြိမ်းမသွားပါ၊ တော်တော်နှင့်လည်း
သည်အပူက ငြိမ်းလေမည်မဟုတ်။ သို့ရာတွင် စောစောက အပူ
မီးလောင်သည်ကို လောင်သည့်အတိုင်း ခံနေရသည်။ ယခုတော့
ပူလောင်စွာခံနေရသော ကိုယ့်အဖြစ်ကို ကိုယ်သိသည်။

လေးလှိုင်ရယ်....မင်း ဒီလိုပဲ ခံနေတော့မှာလား။ မင်းခံခဲ့
ရတဲ့ ရက်တွေကလည်း များပါပြီကော။ ဘယ်ထိအောင်ကော
မင်းက ဆက်ခံနေဦးမှာလဲ။ အသည်းတွေ ကျွမ်းသွားပါစေ၊
နှလုံးပင် ကြေသွားပါစေ၊ ကူဖွယ်ရာမျက်ရည်တို့ ခန်းသွား
ပါစေ၊ သည်ပုံလား။ ဩော်...သည်ပုံမျိုးလား။ အဲသည်လို
ဆိုတော့ မန္တဿတ္တဘဝေါ ဒုလ္လဘော ဆိုတဲ့ မင်း ယုံတဲ့ တရား
က ဘယ်မှာလဲ၊ မင်း တကာတကာရွတ်တဲ့ သည်တရားကို မင်း
ဘယ်မှာ အားထားတော့လို့လဲကွယ်၊ မင်းမှာက ကိုးကွယ်ရာမဲ့
ပြီလား။ မင်းဟာ ကိုးကွယ်ရာမရှိတဲ့ လူတစ်ယောက် အမှန်
ဖြစ်နေသေပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သစ်သားပျဉ်ခင်းပေါ်တွင် ကျွန်တော်က အကြာကြီးဆက် ထိုင်နေသည်။

မနက ဝင်သွားပြီ။ လမင်းကြီးက ထွက်မလာ။ နက်မှော င်သော ကောင်းကင်ပြင်တွင် ကြယ်လေးတွေတော့ ရှိသည်။ ကုဋေကုဋာ မရေတွက်နိုင်အောင် ရှိနေကြသည်။

မမဝေ။ ဩော်...မမဝေရယ်။ မောင် မေ့လို့မရပါလား မမဝေကို မေ့ရမည်ဆိုသည်က ငွေလမင်းကြီး ဟောသည့် လောကမှာ မရှိတော့ဘူးဟု ယုံရမှာထက် ခက်လှချေပ တကား။

ငွေလမင်းကြီး ရှိတော့ရှိပါသေးသည်။ ဟိုး...အဝေးမှာ ပါ၊ လကွယ်သော ညမို့ပါ။ လကွယ်ည ရှောက်တာမို့ လမင်းကြီးကို မောင်က မေ့လိုက်ရတော့မှာလား။

မမေ့နိုင်မါဘူး ငွေလမင်းရယ်၊ မမဝေကိုလဲ့ မောင် မ နိုင်ပါဘူးကွယ်။

ဩော်...မသာလဲ တ၊ သာလဲ တ ရသတဲ့၊ မပိုင်လဲ ချ ပိုင်လဲ ချစ်ရမည်ပေါ့။ စချစ်ရကတည်းက ပိုင်ဖို့ရာ မောင် မမှန်းခဲ့ပါဘူး။

သည်တော့ ဆက်ချစ်ဦးမည် မမဝေ၊ စကတည်းက မျက်ရည်ဝဲဝဲနှင့် ချစ်ခဲ့ရတော့ တစ်သက်လုံးလဲ့ မျက်ရည်ဝဲဝဲနှ မောင် ဆက်ချစ်နေရဦးမည်။

မောင့်အဝိဇ္ဇာ၊ မောင့်တဏှာနှင့် မောင့် ကံ။



မောင့်ကြမ္မာ မောင် ဖန်တီးမည်။ မောင့်လမ်းကို မောင် ရွေးမည်။ မမဝေကိုတော့ နှုတ်ဆက်ရမည့်အချိန်က ရောက် လာပါပကော။ မမဝေရယ်.... ရောက်လရာပါပကော။

ကျွန်တော်သည် မျက်ရည်တို့ကို သုတ်ပစ်လိုက်၏။

သစ်သားပျဉ်ခင်းပေါ်တွင် တင်ပျဉ်ခွေ ထိုင်လိုက်သည်။ လက်ဝါး နှစ်ခုကိုလည်း ထပ်ထားလိုက်သည်။ ရှေ့တူရူတွင် မြင်နေရသော ရွှေပုံကြီးကို ခေတ္တစိုက်ကြည့်မိသည်။ပြီးတော့မှ မျက်လုံးများကို အသာပိတ်လိုက်သည်။

ဝင်လေထွက်လေဆီ စိတ်ကို နှောင်ကြည့်သော်လည်း မရ။ မျက်ဝန်းပြာ မျက်တောင်ကော့နှင့် ဝင်းပသန့်စင်သော မမ ဝေ၏ မျက်နှာလေးကသာ ကျွန်တော့်မျက်လုံးများတွင် တဝဲ လည်လည် တရစ်သန်းသန်း ပေါ်ထွန်းနေဘိသည်။

ပေါ်ထွန်းပါစေ၊ သည်မျက်နှာလေးကိုပင် ရှုမည်။ ဂေဟ သိတ-ပေမ ဆိုသည့် မြူတွေကို တဖြည်းဖြည်း ပယ်ပြီး သန့် စင်သော မေတ္တာအလင်းနှင့် ရှုမည်။

မမဝေ ချမ်းသာပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

ဩော် တစ်လောကလုံး ချမ်းသာကြပါစေ၊ ချစ်သူ-မုန်း သူ လူဟူသမျှ...သဗ္ဗေသတ္တာ သတ္တဝါမှန်သမျှ ချမ်းသာကြ ပါစေ....။

မမဝေ နည်းတူ ချမ်းသာကြပါစေသတည်း။

✱

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

**"ပိတောက်ပွင့်ဆဲ၊ လသာဆဲပေ"**

"ဩော်.... ပိတောက်ဖန်ဝါ၊ သာသနာဥ္၊ မဟာကဠုဏာ၊ မမ္ဘလမင်း၊ ထိန်ထိန်ဝင်း၏၊ ဉာဏ်လင်း ထိရောက်၊ အသိပေါက်က၊ ပိတောက်ပွင့်ဆဲ၊ လသာဆဲပေ၊ ခပဲလူသူ၊ ပူပူသမျှ၊ ငြိမ်းအေးမြလေ့၊ လာကြ ရှုကြ၊ သန္နိဋ္ဌတည်း၊ ချစ်ရ မုန်းရ၊ ပြုံး ငိုရနှင့်၊ ဖြစ်ရ ပျက်ပြန်၊ ဝဲကိုလွန်မည်၊ နတ်ဟန်ချစ်သူ၊ ပျိုမျစ်မှုနှင့်၊ ခုတူမကွဲ၊ တစ်နေ့လွဲအံ့၊ နွေမွဲမြူပြာ၊ ကမ္ဘလာလျှင်၊ အဝိဇ္ဇာသင်တိုင်း၊ မင် မဝိုင်းပြီ၊ လွမ်းတိုင်း မျက်ရည် မဝဲရစ်သော်....။

## အခန်း (၂၃)

ကံ ဟူသည် ဆန်းပြားလှပါ၏၊ ထို့ကြောင့်လည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကမ္မဝိပါကော အစိန္တေယျာ ကံ၏အကျိုး(ဝါ)ကုသိုလ်-အကုသိုလ်၏ အကျိုးဆက်ကို မကြံစည်ကောင်းဟု ဟောတော်မူခဲ့သည်။

မမျှော်လင့်ဘဲ ငွေလမင်းကြီး ရင်ခွင်တွင်း ခုန်ဆင်းလာသလို မမဝေကို ကျွန်တော် ပိုင်ခဲ့ရသည်။ မမျှော်လင့်ဘဲပင် မမျှော်လင့်သောနည်းဖြင့် မမဝေနှင့် ကွဲခဲ့ရပြန်လေသည်။ ကပ်၍ နှိပ်စက်တတ်လေသော ဥပပီဠကကံ ဖန်တီးချက် နှာလေခြင်းဟူသော စိတ်မှာ မှတ်ယူရသည်။

www.burmeseclassic.com

www.burmeseclassic.com



မမဝေနှင့် နောက်ဆုံး ခွဲခွာခဲ့ရသော ရက်အတွင်းမှာပင် စာဆိုတော်မဂ္ဂဇင်း ထွက်လာသောအခါ ကျွန်တော်၏ ကြယ်မကြွေသောညများ ဝတ္ထုကြီးသည် အခန်းဆက် ဝတ္ထုရှည်အဖြစ် တစ်ခမ်းတနား ပါလာခဲ့သည်။ မဂ္ဂဇင်းတွင် လေးလ တိတိ ဖော်ပြပါရှိပြီးနောက် လုံးချင်းအဖြစ် ထွက်ပေါ်လာပြန်သည်။ ကျွန်တော့်ဝတ္ထုသည် စာဆိုတော်မဂ္ဂဇင်း၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်ပြီး စောင်ရေလည်း စံချိန်သစ် တင်ပါလေ၏။ ဆက်တိုက်ပင် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက ရုပ်ရှင်ရိုက်ရန် ထိုခေတ်က အမြင့်ဆုံးဈေးဖြစ်သော ငွေငါးထောင်ပေး၍ ဝယ်ယူလိုက်သည်။

သူတကာဆိုလျှင် ဝမ်းသာပီတိ ရွှန်းရွှန်းအိခနေမည့်အချိန်တွင် ကျွန်တော့်ကမူ မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။

ကြယ်မကြွေသော ညများ၊ သည်နာမည်ကို မမဝေပင် ရွေးပေးခဲ့သည်။ သည်ဝတ္ထု တစ်ပိုဒ်လုံးကို သူကိုယ်တိုင် မဆောက်တည်ရှိတစ်မည် ကျန်သည်။ သည်အခန်း ဟိုအခန်း သည်အကွက် ဟိုအကွက်။ လှပသော အခန်းအကွက်လေး များစွာတွင် မမဝေ၏ အကြံဉာဏ် လွှမ်းခဲ့သည်၊ စာမူတစ်ဝက် ကျော် နီးပါးမှာ မမဝေ၏ လက်ရေးဖြစ်သည်။ ဝတ္ထုတစ်ပုဒ် လုံးမှ ကျွန်တော့်အားတွေး၊ ကျွန်တော့် မာန်တွေ၊ ကျွန်တော့် မေတ္တာ၊ ကျွန်တော့်ကရုဏာ၊ ကျွန်တော့်စေတနာတွေ။ အားလုံး လိုလိုသည် မမဝေ တည်းဟူသော စမ်းရေယဉ်ဦးမှာ မြစ်ဖျား ခံသည်။



ဩော်....ယခုတော့ မရှိပြီ။ ချစ်လှစွာသော ချစ်သူ-ဇနီးသည် ယခုကျွန်တော့်အနီးတွင်မရှိပြီ။ အောင်မြင်ခြင်း လမ်းမပေါ် ရောက်ရုံ ပါရမီကူညီဖြည့်ခွင့်လေး ရှိသွားရှာသူ-ချစ်သူ ဇနီးသည် ယခု ကျွန်တော်နှင့် အတူ မရှိပြီ။

ဦးထင်အောင်နှင့် ဒေါ်လှနု၊ ကျွန်တော့် ဦးလေးနှင့် အဒေါ်။ သူတို့လေးဦးထံမှ ကျွန်တော် ဘာဈေးမှ မဆစ်ခဲ့ဘူး။ ဘာဟန်မျှလည်း မဆောင်၊ ဖြစ်ခဲ့သမျှအတွက်လည်း ဘာဆင်ခြေမှ မပေး။

သည်တုန်းက ကျွန်တော်က မျက်နှာငယ်၊ လက်ဝယ်မှာ ဘာရယ်မှမရှိ၊ အနာဂတ်ဟူသည်က မကျထားရသော အိပ်မက် လောက်ပင်မှ အကောင်အထည် မည်မည်ရရ လှလှပပ မရှိ။

သည်တော့ မင်းဘဏ္ဍာပန်းတော်မြတ်ကို သဲပြင်ငွေရာဇမတ် သို့ ကျွန်တော် ပြန်လည် အပ်ခဲ့ရသည်။ ကြမ္မာဒဏ်ခြည်ထိုး၍ ညှိုးမည်လုလု သဇင်နုကို သူ ပြန်လည် လန်းနိုင်ရာ မှန်စိန်စီ သိင်္ဂီနန်းသို့ အသည်းကြွေချင်လျက်နှင့် ကျွန်တော် ပြန်ဆက်ခဲ့ ရသည်။

မြို့ဝန်မင်းထံ ခွင့်မပန်သူ ကျွန်တော် ငမိုက်သားတစ်ဦး တော့ ဒူးပြုတ်လေရသည်။ ချစ်ခြင်းမေတ္တာမြေမှာ ရပ်တည်ခွင့် မရှိသူသည် ဒူးပြုတ်သူနှင့် မတူချန်မှာ ဘာထူးခြားပါလေ သနည်း။

ဇမ္ဗူဒီပ....နိမိတ္တ၊ နိမိတ်ကတော့ သန်းလေသည်။

အောင်မြင်ခြင်းဆီ ကျွန်တော့်ကို တွန်းပို့ပေးခဲ့သော ကျွန်တော့် ဝတ္ထုကြီးနာမည်က ကြယ်မကြွေသော ညများပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့၊ ကြယ်မကြွေသော ညများ။ မကြွေ ကြယ်တို့၏ ညများ။

မှောင်စမ်းပါစေလေ၊ မှောင်လိုက်စမ်းပါ၊ သောင်ရယ် ကမ်းရယ် လမ်းရယ် မြေရယ်၊ ဘာတွေကိုမှ မမြင်နိုင်အောင် ညရယ် မှောင်လိုက်စမ်းပါ၊ ကြယ်ကတော့ မကြွေဘူး၊ တစ်လုံးပင်မှ မကြွေဘူး။

ဘဝမျှော်လင့်ချက် ကြယ်ကိုတော့ ကျွန်တော် အကြွေမခံပါ။ အထူးသဖြင့် ကျွန်တော့်ပေါ် ဟိုစိတ် ဟိုဘဝနှင့် မမဝေ စိတ်ချ ယုံကြည်သွားလေသည့် မျှော်လင့်ချက် ကြယ်ကိုတော့ ကျွန်တော် အကြွေမခံပါ။

ကိုယ့်ဘဝ မလှပေမယ့် လောကကိုတော့ ကိုယ်စွမ်းသမျှ အလှဆင်မည်၊ ကိုယ့်မှာ ချစ်သူနှင့် ဝေးပေမယ့် လောက ကိုတော့ ချစ်ဖွယ်ရာတွေ ပေးမည်၊ ကိုယ့်ရင်မှာ ဆွေးပေမယ့် လောကကိုတော့ တေးဆိုပြမည်၊ အနည်းဆုံး လွမ်းတေး ကိုတော့ဆိုပြမည်၊ ရသမြောက်၍ ချစ်ခြင်းပြေးကြလျှင် စာပေ ကျေးကျွန် ကိုယ့်ဝတ်တော့ ပွန်သည်တကား၊

ဘဝမှာ မပျော်ပေမင့် စာပေလောကမှာတော့ ကျွန်တော် ပျော်သည်။

ရည်ရွယ်ချက်လမ်းပေါ်မှာ မငြိုးငွေ့ဘဲ ဖြောင့်ဖြောင့် တန်းတန်း ဆက်လျှောက်စွမ်းနိုင်သော သတ္တိတွင်းဝယ် ပျော်



ရွှင်ခြင်းရှိသည် ဆိုပါလျှင်၊ ဟုတ်ကဲ့၊ ကျွန်တော် ပျော်ပါ သည်။

* * *

သရက်တောလမ်းမှ အိမ်ကို ဒေါ်မမလေးထံ ကျွန်တော် ပြန်အပ်ခဲ့သည်၊ သူ့ထံမှ မမဝေ၏ နီလာတစ်မျက်ရှိသော ဆွဲကြိုးလေးကို ကျွန်တော် ပြန်ရသည်၊

ဪ...ယည်ဆွဲကြိုးတစ်ကုံးကိုတော့ မမဝေ ကိုယ်စား အလွမ်းပြေရှုဖို့ ကျွန်တော် သိမ်းထားသည်၊

မမဝေနှင့် အတူပါလာသော အခြားရတနာ ပစ္စည်းများ နှင့် အဝတ်အစားများကိုတော့ ဦးထင်အောင်နှင့် ဒေါ်လှနု တို့ကို ကျွန်တော် ပြန်ပေးလိုက်သည်၊

ရတနာတွေပြန်ပေး၍ သူတို့က အံ့သြကြသေးသည်။ သူတို့ နားမလည်ပါ၊ ဘယ်တော့မှလည်း နားလည်ကြမည် မဟုတ်။

သည်ရတနာတွေကို ကျွန်တော် မမက်ပါ၊ သည်ရတနာ တွေထက် တန်ဖိုးကြီးရာကိုပင် ကျွန်တော်က စွန့်လွှတ်ခဲ့ပြီ မဟုတ်လော၊

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးနှင့် အဒေါ်တို့ကတော့ နောက်ဆုံးအချိန်တွင် တုံ့ပြန်သော မေတ္တာစကားကို ဆိုခဲ့ပါ၏။

ဦးလေးက မေးခဲ့သည်။

'မောင်လေးလှိုင်၊ မက်ထရစ်အောင်တယ်မဟုတ်လား'

'အောင်ပါတယ်'

'မင်း တက္ကသိုလ်ကို ဆက်သွားပါ၊ တို့မျှား ထားပေးမယ်'

အဒေါ်ကလည်း ခေါင်းညိတ်ပြ၏။ ကျွန်တော်ကသာ ခေါင်းခါ၏။

'တော်ပါပြီ၊ ဦးလေးတို့ ပတ်ဝန်းကျင်မှာ ကျွန်တော် မရှိတော့ရင် အားလုံးအတွက် အကောင်းဆုံး ထင်ပါတယ်'

ဦးလေးနှင့်အဒေါ်တို့ကတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးမှ ဦးလေးက ရှင်းပြသည်။

'မောင်လေးလှိုင် နားမလည်ဘူးထင်တယ်၊မောင်လေးလှိုင်နဲ့ ဝေဝေ ခုလိုဖြစ်ခဲ့ကြတာ သိတာ ကိုထင်အောင်၊ မလှနုနဲ့ ဦးလေးတို့ပေါင်း လေးဦးပဲ သိကြတာ၊ မင်းတို့ ထွက်သွားတာဟာ အတူတူပဲလို့ တို့အစက မယူဆခဲ့ဘူး၊ နည်းနည်း မသက်သာတာတော့ ဖြစ်သပေါ့လေ၊ဒါပေမယ့် တို့ စုံစမ်းစဉ်က သင်္ဘောပေါ် မင်းတစ်ယောက်တည်းတက်သွားတာ၊ ဝေဝေ မပါဘူး၊ မီးရထားနဲ့ သတ်သတ်ထွက်သွားတယ် ထင်တယ်၊ ဒီ ဆေးရုံပေါ်ရောက်မှ အဖြစ်မှန် တို့သိကြတာ၊ဒါကိုလဲ တို့အရ အုပ်ဆိုင်းထားတယ်၊ဒီတော့ ဗိုလ်နေမြဲ ကျားနေမြဲ၊ ဂုဏ်ရှိလဲ မပျက်အောင်၊ မင်းရွှေရေးလဲ ကောင်းအောင် တက္ကသိုလ်ကို ဆက်သွားပါ၊ ဦးလေး စေတနာနဲ့ ပြောတယ်'



'ဦးလေးနဲ့ ဒေါ်ဒေါ် စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဇာတ်လမ်းတစ်ခုက ပြီးသွားပြီ၊ ဇာတ်လမ်းတစ်ခု ပြီးသွားရင် ပြည်ဖုံးကားကို ပီပီသသချလိုက်တာပဲ ကောင်းပါတယ် ဦးလေးရယ်၊ တစ်ဇာတ်ပြောင်းပြီး ကျွန်တော် က,ပါရစေတော့၊ ဦးလေးတို့ နားလည်နိုင်မှာ မဟုတ်ဘူး၊ က,ရတာက ကျွန်တော်၊ ဆိုရတာက ကျွန်တော်၊ ငိုရဘာလဲ ကျွန်တော်၊ ဒီဇာတ်လမ်းကိုတွင် မကဘူး၊ ဒီဇာတ်ခုံနဲ့ ဒီ အခင်းအကျင်းကိုပါ ကျွန်တော် မုန်းပါပြီ၊ ခွင့်လွှတ်ကြပါတော့'

သည်လိုပင် ကျွန်တော့်ဘက်မှ ပြည်ဖုံးကားကို လုံးလုံးကြီး ကျွန်တော် ချပစ်လိုက်ခဲ့သည်။ သူတို့ဘက်မှာလည်း ဇာတ် မတိုက်တွန်းလာတော့။ ဩော်.... သူတို့လည်း သူတို့ဇာတ်ခုံမှာ သူတို့နည်းနှင့်သူတို့ ဇာတ်လမ်းသစ်ကို က,ချင်ရှာပုံ ရသည်။

တက္ကသိုလ်ကိုတော့ ကျွန်တော့်ဘာသာ ကျွန်တော် သွားပါသည်။ သွားရသည်က နှစ်ကြောင်း ရှိသည်။ တစ်ကြောင်းက ပညာလိုချင်၍ပါ၊ တစ်ကြောင်းက နေစရာ လိုချင်၍ပါ။

အိမ်တစ်လုံးငှားနေနိုင်စွမ်း အဲသည်တုန်းက ကျွန်တော်မှာ မရှိပါ။ ရှိလျှင်တောင်မှ သရက်တောလမ်းမှ အိမ်တွင် ကျွန်တော် ဘယ်ပုံ ဆက်နေနိုင်မည်နည်း၊ မမဝေ မရှိတော့ဘဲ သည်အိမ်တွင်ဆက်နေပါက သည်အိမ်သည် ကျွန်တော့်အတွက် နှစ်၍ညခံ၊ သို့မဟုတ် ညစ်၍နေ့ခံ၊ သို့မဟုတ် နေ့ရောညရော ရသည့် စံရမှု ကင်းသော ငရဲဘုံတစ်မျိုးသာ ဖြစ်၍နေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လဆန်းတွင် စာဆိုတော်မဂ္ဂဇင်း၌ဝတ္ထုပါလာသော ကြောင့် တက္ကသိုလ် ဝင်ခွင့်လည်း မီသေးသည်၊ ငွေလည်း ရှိသည်၊

တက္ကသိုလ်တွင် ဥပစာတန်း၌ ကျွန်တော်က စိတ်ကြိုက် မြန်မာစာ၊ သမိုင်းနှင့်တက္ကဗေဒဘာသာတွဲကိုယူသည်။စစ်ကိုင်း ကျောင်းဆောင်တွင် နေ၏။

တက္ကသိုလ်တွင် မှတ်ပုံတင်တော့ မိဘ မရှိလျှင် အုပ်ထိန်းသူ တစ်ဦးဦးကို ဖော်ပြရသည်။ ကျွန်တော့်မှာက အခြား အုပ်ထိန်းသူ ဖြစ်ရာမရှိ။ သည်တော့ စာဆိုတော်မဂ္ဂဇင်း စာတည်း အဖွဲ့ဝင် ဦးအုန်းသော်နှင့် ဇနီး ဒေါ်ဖြူဖြူတို့ကိုဝင် ကျွန်တော့် အုပ်ထိန်းသူအဖြစ် မှတ်ပုံတင်လိုက်သည်။

ဆရာဦးအုန်းသော်သည် အမှန်ပင် ကျွန်တော့်ဘဝ အုပ်ထိန်းသူလည်း ဖြစ်သည်။

မမဝေနှင့် လျှန်ဘော် ဖြစ်ခဲ့သည့် ဇာတ်လမ်းကို ဆရာ ဦးအုန်းသော် မသိပါ၊ ကျွန်တော်ကလည်း အသိမပေးပါ။ ဆရာ့အမြင်မှာကား ကျွန်တော်သည် ချောင်းသာမှ မိဘမဲ့ ကိုယ့်ဒူးကိုယ်ချွန်သူ လူငယ် တစ်ဦး၊ ဒါလောက်ပဲ ဖြစ်သည်။

စာပေနယ်ဝင်စ တစ်ဟုန်ထိုး ကျော်ကြားလာသူ တစ် ယောက်အနေနှင့် စာပေလောကကို နားလည်သော အုပ်ထိန်း သူတစ်ဦး အမှန်လည်း လိုအပ်လှ၏။

စာအုပ်ထုတ်လုပ်ငန်းဟူသည်စီးပွားရေးလုပ်ငန်းဖြစ်သည်၊ စီးပွားရေး လုပ်ငန်းပေ့ဟု ဆိုသည်နှင့် တစ်ပြိုင်နက် ဝိသ လောဘသမားတို့ ကင်းခဲ့သည်၊ စာရေးဆရာ တစ်ယောက်



အတွက် သူတို့၏ ညွှတ်ကွင်းအမျိုးမျိုး၊ ညစ်နည်းအသွယ်သွယ်၊ ခေါင်းပုံ ဖြတ်နည်း အဖုံဖုံကို သိထားမှ ဖြစ်မည်၊ မဟုတ်က နာမည်ကြီးထမင်းငတ်လည်း ဖြစ်တတ်သည်၊ နာမည်ကြီးနိုင် လျက်နှင့် ပလက်ဖောင်း အဟောင်းဈေးတွင် ဆိကျွာအချခံ ချင်လည်း ခံရတတ်သည်။အနုပညာကိစ္စကား ဒုတိယ၊ ပိုက် ဆံ ရရေးကား ပထမ ဟူသော ရုပ်ရှင်လုပ်ငန်းသမားနှင့် ဆက်ဆံ ရပြီဆိုလျှင် ပိုကြောက်ဖွယ် ကောင်းတော့၏၊

စာရေးဆရာကိုယ်၌ကလည်း မှားတတ်သည်။ ငါ နာမည် ကျော်သည်၊ငါ လုပ်ချင်သလိုလုပ်မည်။ သည်မာနမျိုးကလည်း ဝင်တတ်၏၊ ဦးနှောက်ကို စက်ဟုထင်ပြီး ဝတ္ထုတွေကို စက်နှင့် လှည့်ထုတ်သကဲ့သို့ ထုတ်ချင်လည်း ထုတ်တတ်သည်၊ ပြည်သူ ချစ်မှ တင့်တယ်ရသော ကိုယ့်အဖြစ်ကို ကိုယ်မေ့ပြီး ပြည်သူ အထင်သေးသော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ ဒါတွေကို လုပ်မိတတ်သည်၊ ထိုအခါမျိုးတွင် ပြည်သူက ဒဏ် ခတ်တတ်သည်။ ပြည်သူ့ဒဏ် ထိပြီဆိုလျှင် နာလံထူရေးက မလွယ်။ ကယ်နိုင်သူလည်း ဝေးတတ်သည်၊

စာရေးဆရာဘဝ ဟူသည် လွတ်လပ်သည်ဟု ဆိုကြသည်။ မှားလေစွ၊ စာရေးဆရာဟူသည် မလွတ်လပ်ဆုံးသောလူ ဖြစ် ၏။ အကြောင်းကား သူ့ကို ပြည်သူက ပိုင်သည်။ စာပေ ကမ္ဘာဦးကတည်းက သူသည် ပြည်သူပိုင် ဖြစ်သည်၊ပြည်သူပိုင် ဘဝသည်ပင် သူ့ဘဝအာမခံချက် ဖြစ်တတ်သည်။

ဆရာဦးအုန်းသော်၏အုပ်ထိန်းညွှန်ပြမှုကြောင့် ကျွန်တော် သည် ဆောင်ရမည်တို့ကို သိသကဲ့သို့ ရှောင်ရမည် တို့ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



နား‌လည်လာသည်၊ သည်တော့ စာပေလောကမှာ ကျွန်တော် ဘဝလေး ဖြောင့်ဖြူး သာယာပါ၏။

ဆရာဦးအုန်းသော်က ညဘိုင်း ရွှေထိဂုံဘုရားတက်သူ ဖြစ်ထည်၊ ပုတီးလည်း စိပ်သည်၊ တရားလည်း ထိုင်သည်၊

ကျောင်းစာနည်းလျှင် သို့မဟုတ် စာရေးရန်မရှိလျှင် စနေနှင့် တနင်္ဂနွေညတိုင်း ကျွန်တော်လည်း ဘုရားတက်ပြီး ဆရာနှင့် ဆုံ၏၊

ရွှေဒါဂုံ...အင်္ဂါထောင့်မှာပင် ဆုံကြပါ၏။

ဘုရားပေါ်မှာကလည်း လူစုံပြီး အရှုပ်ခလသား၊ စီးပွားပျက် ယောင်လည်လည်တွေလည်း ရှိသည်။နိုင်ငံရေး သဘောပျက်ပြီး ဒေသင်တင်နေသူတွေလည်း ရှိ၏၊ ဘိုးတော်ဘွဲ့ခံပြီး ခပ်အည်တည် ကောင်းစားနေသူများလည်း ရှိသေး၏။

ဇရပ်တစ်ခုမှ ဘိုးတော်ကား မင်းသားချော ချောသည်၊ အမျိုးသမီးပရိသတ် ကြိုက်သည်၊သူ့ဂိုဏ်းစည်းမျဉ်းကား အရက်မသောက်ရ၊ မိန်းမတော့ ကာယကံရှင်သဘောတူလျှင် ပါရမီဖြည့်ဖက်အဖြစ် ကြိုက်သမျှ ယူနိုင်သည်၊ အခြား ဇရပ်တစ်ခုမှ ဘိုးတော်ကား မုတ်ဆိတ်ကျင်စွယ် စုတ်ဖြတ်ဖြတ်၊လူကလည်း ခပ်ကုပ်ကုပ်၊ ဥပဓိရုပ်လည်း မရှိလှ၊ သူ့ဂိုဏ်း စည်းမျဉ်းက မိန်းမ မပေါ့ရ၊အရက်တော့ ကြိုက်သလောက်သောက်၊ဒုစရိုက်ဆယ်ပါးတွင် အရက်သောက်ခြင်းမပါ ဟုသတည်း၊

စီးပွားအဖြောင့်ဆုံး ဘိုးတော်တစ်ဦးကား ကန်တော့ပွဲနှင့် အလုပ်ဖြစ်နေသူတည်း။ သူက ဂူတစ်ခုကို အပိုင်စားထားသည်။



သူ့ဂူတွင်း၌ ဘုရားတွေရှိ၏၊ဆည်းကပ်ကိုးကွယ်သူတွေအတွက် သူက ကန်တော့ပွဲ စီရင်ပေးသည်။ ကန်တော့ပွဲတွေက သူ့ထံတွင် အဆင်သင့်ရှိသည်၊ ကန်တော့ပွဲ တစ်ပွဲကို ငွေ သုံးဆယ်ပူဇော်ရသည်၊ သူကမှ ကန်တရိုက်သွင်းသူထံမှ ရာသီမရွေး၊ ကန်တော့တစ်ပွဲ ခြောက်ကျပ် ပုံသေနှုန်းနှင့်ယူသည်။ ထို ဘိုးတော်သည် အခါအားလျော်စွာ နေကသိုဏ်း ရှုသည်ဟု မွန်းတည့်ချိန်တွင် သမံတလင်းပေါ် ပက်လက်လှန်၍ နေကို ရှုမြဲတတ်သည်။

သူ့ထက်ကဲ ရှေ့ပြည့်စီးသော ဘိုးတော်တစ်ဦး ရှိသေး၏။ သူအပိုင်စားသောတိုက်ခန်းနံရံပေါ်တွင် အင်္ဂလိပ် အက္ခရာဖြင့် စီ-ဘီ-တီ ဟု ရေးထားသည်။ အရှည်ကောက်က ချိဖ်ဘိုးတော်၊ ဘိုးတော်ချုပ် ဟူသတည်း၊

ချိဖ်ဘိုးတော်သည် အဆဲသန်၏၊ ရက်ရက်စက်စက် ပက်ပက်စက်စက် ကမ်းကုန်အောင် ညစ်ပတ်စွာ ဆဲတတ်၏၊ နိုင်ငံရေး စကားလည်း ပြောသည်၊ အင်္ဂလိပ်စကားနှင့် စာလည်းတတ်သည်၊ ဆည်းကပ်ကိုးကွယ်သူတို့ ထံမှ လာဘ်သပ်ပကာအပြင် နိုင်ငံခြားသား ကမ္ဘာလှည့်သမား အမွဲစားများကို ဘုရားလှည့်ပတ်ရှင်းပြပြီး တိုးရစ်ဂိုက်ဒ် (ခရီးသည်ရှေ့ဆောင်) အဖြစ် တစ်ကျပ်တစ်ပြား နည်းများမဆို ချိဖ်ဘိုးတော် လက်ခံရရှိသည်။

သားသံယောဇဉ်၊ သမီး သံယောဇဉ်၊ မယား သံယောဇဉ်ဖြတ်ကာ တရား အားထုတ်ရင်း ဘုရားပေါ်တွင် အေးအေးဆေးဆေး နေသူအများလည်း ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းအခါ အိမ်မှလာပြီး နိစ္စမူဝ အဂိဋ္ဌာန်မပျက်စေဘဲ ပုတီးစိပ်သူ၊ တရားထိုင်သူတွေလည်း များလှပါ၏။

ပုတီးစိပ်၊ တရားထိုင်ရန် အကောင်းဆုံးနေရာကား အထက် ပစ္စယံ့ ဖြစ်သည်၊ အထက်ပစ္စယံဆီမိန်းမတက်ခွင့်မရှိ၊ ယောကျ်ား တိုင်းလည်း မတက်ရ၊ ဂေါပကအဖွဲ့မှ ထုတ်ပေးထားသော ခွင့်ပြုလက်မှတ်ရှိသူမှသာ တက်ရသည်။ ဆရာဦးအုန်းသော် ယင်းလက်မှတ်ရှိ၏။ ဆရာနှင့်ကပ်၍ ကျွန်တော်လည်း တက် ခွင့်ရသည်။

ရင်ပြင်တော်ပေါ်သာ ရောက်ဖူးသူများကား ရွှေတိ စေတီတော်ကြီး၏ အောက်ခြေပတ်လည်တွင် စေတီလေးဝေ ဝိုင်းနေသည်ကိုသာ တွေ့မည်။

သတ်မှတ်ထားသော လှေကားမှ အစောင့် ဘုရားရဲ လက်မှတ်ပြပြီး တက်သွားလျှင် ရင်ပြင်တော် အထက် တစ်ဆ မြင့်သော အထက်ပစ္စယံဆီ ရောက်သွား၏။

အထက်ပစ္စယံသည် များစွာကျယ်ဝန်းသေး၏။ ရွှေတော ရွှေပုံကြီး၏ အခြေအစစ်လည်း ဖြစ်၏။ ထိုင်ရာမှ မော့ဖူးလိုက် လျှင် ဤလူ့လောကတွင် ဘယ်မှာမှ ⋯တွေ့နိုင်သော ကြီးမာ လှသည့် ရွှေတောင်ရွှေပုံကြီးကို ရင်သပ်အံ့ဩဖွယ်ရာ ဖူးမြ ရသည်၊ ရွှေတောင်ရွှေပုံကြီး၏ အခြေအရင်းတွင် ထိုင်ရသော အရသာကပင် ထူးတဲလှ၏၊ ရောင်ပြန်ဟပ်လာသော ရွှေရော င် တို့ကြောင့် မိမိကိုယ်လည်း ဝင်းအိသည်၊ အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံသည့် သက်တော်ထင်ရှား ဘုရား

www.burmeseclassic.com



ရှင် ကိုယ်တော်မြတ်ကြီး၏ ရွှေတော်မှောက် ရောက်နေဘိ သကဲ့သို့လည်း ခံစားရသည်။ အရဟံ....အစရှိသော ကိုးပါး သော ဂုဏ်တော်မြတ်၏ တန်ခိုးရှိန်စော် အာနုဘော်တို့သည် မိမိတစ်ကိုယ်လုံးဆီ စိမ့်ဝင် ပျံ့နှံ့ ထွန်းတောက် လွှမ်းခြုံ စိုးမိုး ကုန်ပြီဟုလည်း သဒ္ဓါပီတိ အရှိန်ကြီး ရှိရသည်။

ဩော်.... ချမ်းသာစွ၊ ဩော်.... အေးငြိမ်းစွ၊ ဩော်.... ဘေးကင်းစွ။

ရွှေတောင်ကြီး၏ အခြေတွင် ကျွန်တော်က ကမ္မဋ္ဌာန်း ထိုင်သည်။ ပျောက်ခဲ့သော ဝသီတော်ကို ပြန်မွေးယူရသည်။

ဩော်....ဆိုစကားလည်း ရှိလေသည်။ တရားပျောက်က ကိုယ်မှာရှာ၊ တရားရှာက ကိုယ်မှာတွေ့။

ကျွန်တော့်မှာ တရားပျောက်၍ ဒုက္ခလှလှကြီးရောက်ခဲ့ရ ပြီးပြီ။ ယခုတော့ ပျောက်သောတရားကို ကိုယ်မှာပင် ပြန်ရှာ ရသည်။ ရှာပြန်တော့လည်းတရားကိုတွေ့သည်။ ပူဆာခပ်သိမ်း ပူစတွေ အကုန်မငြိမ်းနိုင်စေ၊ နေသာ ထိုင်သာရှိအောင် တရား ကိုတော့ ကျွန်တော် ပြန်တွေ့ပါ၏။

ကိုယ့်ကိစ္စကိုယ် ပြီးကြသောအခါ ဆရာ ဦးအုန်းသော်နှင့် ကျွန်တော်တို့သည် အင်္ဂါထောင့်၌ ပြန်ထိုင်ကြသည်။ အထက် ပစ္စယံပေါ်မှာဆ စကားပြောခွင့်မရှိ။

လလည်းသာ၍ ရာသီလည်း ကောင်းသော ညများ၌ ကျွန်တော်တို့သည် လရောင်ပြုံး ပြောက်ပြောက်သော ညောင်ပင် အောက်မှာ ညအတန်နက်သည်အထိ စကားပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုလေးလှိုင်က ငယ်ငယ်ရှိသေးတယ်၊ ဘာလို့ ကမ္ဘာနဲ့ ထိုင်တာလဲ'

'ဒါတော့ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ ဆရာရယ်'

'ဘယ်လိုလဲ၊ အသည်းမှာ ဒဏ်ရာရဖူးလို့ ကုစားနေတာလား'

'မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်က ငယ်ငယ်ကတည်းက ထိုင်တာပေါ့၊ နေပါဦး...ဆရာလဲ အဘိုးကြီး မဟုတ်သေးပါဘူး၊ ဘာလို့ တရားထိုင်ရသလဲ'

'အဲ...အဟဲ၊ ကျွန်တော်က အစက တရားရှာတာ မဟုတ်ဘူး၊ တန်ခိုးရှာတာ'

'ဘယ်လို ဆရာ'

'စိတ်တန်ခိုးကြီးအောင် သမထနည်းတွေရှာပြီး သမထတွေ ချည်း လုပ်တာ'

'ဘာလို့ ဆရာက တန်ခိုးရှာချင်ရတာလဲ'

'လောကကြီးကိုပြုပြင်ချင်လို့ပေါ့၊ ကျွန်တော်က တော်လှန်ရေးမှာလဲ ပါဖူးတယ်၊ ကျောင်းသားခေါင်းဆောင်လဲ လုပ်ဖူးတယ်၊ ကားစပယ်ယာလဲ ဖြစ်ဖူးတယ်၊ လက်ဝဲသမားယောင်ယောင်လဲ ကြောင်ဖူးတယ်၊ ဒီလောကလုံးကို ငါပြုပြင်လိုက်ရင် ရမှာပဲလို့ ဘဝင်တိုင်ဖူးတယ်၊ ကစ်ကြိမ်ကဆို တစ်ပြည်လုံး ဘယ်သူမှ မကောင်းဘူး၊ ငါတစ်ယောက်ဘည်းကောင်းတယ်လို့တောင် ထင်ဖူးတယ်၊ အဲဒီ မာနလေး ရှေ့ဆောင်ပြီး တန်ခိုးရဖို့ သမထလုပ်ခဲ့တာပေါ့'



'ဆရာ...ယောဂ ကျွမ်းတွေဖတ်တာ ကျွန်တော်တွေ့တယ်၊ ဘယ်လိုနေလဲ ဆရာ'

'အစကတော့ အထင်ကြီးတတ်တာပေါ့၊ တကယ်တော့ သူ့ခမျာများဟာ စိတ်နဲ့ စေတသိက်တောင် ခွဲခြားမသိရှာကြပါဘူး၊ စေတသိက်ဆိုတာ ရှိမှန်းတောင် မသိကြပါဘူး၊ ဓာတ်အသဘော၊ သန္တတိသဘော၊ မရှယသဘောတွေ မသိတော့ ခမျာများ ချာလည်ပတ်လည်ပါပဲ၊ ဇွာလရတို့၊ ဇီဝတို့၊ ပကတိတို့ ဆိုတဲ့ စကားတွေနဲ့ နပန်းလုံးနေကြရှာတာ၊ အခု ကျွန်တော် ဒါတွေ ရပ်လိုက်ပါပြီ၊ ဝိပဿနာပဲ ဆက်အားထုတ်နေတယ်၊ ဒါထက် ကိုလေးလှိုင် တစ်ခါတစ်ခါ ထိုင်ရင် အဘော်ကြာတယ် နော်၊ မညောင်းဘူးလား'

'မညောင်းပါဘူး ဆရာ'

'ကိုလေးလှိုင်.... ဝေဒနာလွန်အောင် ရှုတတ်တယ်ပေါ့၊ ဟုတ်လား'

'ဆရာ ဘာကို ဆိုလိုတာလဲ'

'ကျွန်တော်က ကြာကြာထိုင်ရင် ညောင်းလာတယ်၊ ကိုက်ခဲတာတယ်၊ အဲဒါတွေကို ရှု...ရှု...ဆိုလို့ ရှုတာပဲ၊ မရဘူး၊ ညောင်းတာက ညောင်းတာပဲ၊ ကိုက်တာက ကိုက်တာပဲ၊ ဝေဒနာကို ရှုလို့မရဘူး'

'ကျွန်တော်က ဗီဝေဒနာကို မရှုဘူး၊ ကျွန်တော်ရှုတာက ထွက်လေဝင်လေပဲ၊ ထွက်လေဝင်လေ ဆိုတာက ကာယပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ပီတိတိကျကျဆိုရရင် ကာယသင်္ခါရပေါ့၊ အဲဒီလို ရှုတာကို ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ပါဠိတော်က ခေါ်ပါတယ်၊ ဝေဒနာမှုတယ်လို့ ဆရာက ပြောတော့ ကျွန်တော် နားလည်တဲ့ ဝေဒနာနုပဿနာအကြောင်း နည်းနည်းပြောပြချင်တယ်'

'လုပ်စမ်းပါဦး'

'အာနာပါနဿတိ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါမှာ ဝင်လေထွက်လေဟာ တစ်ဆင့်ပြီး တစ်ဆင့် သိမ်မွေ့သွားရတယ်၊ တယ်လောက်အထိသိမ်မွေ့သွားသလဲဆိုရင် ဝင်လေထွက်လေဟာ ပျောက်ပြီး ချုပ်သွားတယ်တောင် ထင်တတ်တယ်တဲ့၊ တကယ်တော့ မချုပ်ပါဘူး၊ ထွက်လေဝင်လေချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ခုနစ်မျိုးပဲရှိတယ်၊ ကိုယ်က ဒီထဲမှာမပါသေးဘူး၊ ဝင်လေထွက်လေက သိမ်မွေ့လွန်းပြီး ကိုယ့်သတိက အားသေးလို့သာ ချုပ်တယ်ထင်တာ၊ မချုပ်ဘဲ ချုပ်တယ်ထင်ရင် လမ်းလွဲသွားတတ်တယ်၊ အန္တရာယ်တစ်ခုပေါ့ ဆရာရယ်၊ ဒီတော့ သတိကို ပြန်ထင်ရှားအောင် လုပ်ရပါတယ်၊ ဆရာရေ သတိ သတိနဲ့သာ ပြောနေကြရတယ်၊ သတိဟာလဲ မလွယ်ဘူး၊ အဆင့်ဆင့်ပဲ'

'အေးဗျ....ကျွန်တော်လဲ အဲဒါ ရိပ်မိသလိုလိုပဲ'

'တစ်ခါ အင်မတန် သိမ်မွေ့တဲ့ ထွက်လေဝင်လေကို ရှုရင်း လှုရောစိတ်ရော ပေါ့ပါးပြီး အင်မတန် ချမ်းသာတဲ့ အရသာကို ခံစားရတတ်တယ်၊ တချို့ဆိုရင် အဲဒါလေးနဲ့ တင်းတိမ်ကျေနပ်နေတတ်တယ်၊ ပီတိနဲ့ ပါမောဇ္ဇ ဖြစ်နေတယ်လို့ ဆိုတယ်၊ ပီတိ ဆိုတာက နှစ်သက်ခြင်း၊ ပါမောဇ္ဇ ဆိုတာက ဝမ်းမြောက်ခြင်း....'



'ဟုတ်တယ်ဗျို့၊ အမြဲတော့မဟုတ်ဘူး၊ကျွန်တော်လဲ ကြုံဖူးတယ်၊ အဲဒီလိုဖြစ်ရင် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး'

'ပါဠိတော်ကတော့ ရှင်းပါတယ်၊ အဲဒီလိုဖြစ်လာရင် ပီတိပဋိသံဝေဒီ၊ ပီတိသဘောကို ထင်ရှားအောင် သတိထားပြီး ဝင်လေ ထွက်လေကို ဆက်လုပ် အားထုတ်ရတယ်၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတွေဟာ ထင်ရှားလာတော့ အဲဒါတွေကိုခံစားနေတဲ့ ဝေဒနာ သဘောဟာပေါ်လာတယ်၊ဘာဝေဒနာလဲဆိုတော့ သုခဝေဒနာပဲပေါ့၊ ဒီတော့တစ်ခါ....သုခပဋိသံဝေဒီတဲ့၊သုခဝေဒနာကိုထင်ရှားအောင် သတိထားပြီးရှုရပြန်တယ်၊ ထင်ရှားပေါ်လာတဲ့ အဲဒီ သုခဝေဒနာပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစနေနဲ့ ရှုရင့် ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဖြစ်သွားတယ် တဲ့၊ အင်မတန် သိမ်မွေ့ပါတယ်ဆရာ'

'ဟာ....ကိုလေးလှိုင်က တယ်ဟုတ်ပါလား၊ အလုပ်အတော်လုပ်ဖူးတယ် ထင်တယ်'

'ကျွန်တော့်ကို သိပ်အထင်မကြီးနဲ့ ဆရာ'

'ဘာပြုလို့တုံး'

'ဆရာကောင်းများ ကျေးဇူးကြောင့် သိသင့် သမျှတော့ ကျွန်တော် သိပါတယ် ဒါပေမယ့် သိတာက တခြား၊ ခရီးရောက်အောင် ကျင့်နိုင်တာ မကျင့်နိုင်တာက သတ်သတ်၊ မကျင့်နိုင်သေးတော့လဲ အင်း....'

ကျွန်တော်က နေရာမှ ထလိုက်၏။

'ကဲ....ဆရာရေ ပြန်ကြစို့၊ ဒီ့ထက် ညနက်ရင် အားမရှိဘဲ နေလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသော်လည်း 'အင်း....ဟုတ်ပါရဲ့'ဟု ဆိုပြီး နေရာမှ လိုက်ထ၏၊

စောင်းတန်းဆီ လျှောက်လာကြစဉ် ဦးအုန်းသော်က မေး၏၊

'ခင်ဗျား အခု ဘာရေးနေလဲ'

'ဆရာနဲ့ ကျွန်တော် တစ်ခါတိုင်ပင်ထားတာလေ'

'ဪ....စစ်အတွင်း ရှိုးမဇာတ်လမ်းဟာလား'

'ဟုတ်တယ်၊ နာမည်ကို ရှိုးမလို့ပဲ ကျွန်တော်တော့ ပေးချင်တယ်'

'အေးဗျာ....ကောင်းတယ်'

❋

## အခန်း (၂၄)

ကြယ်မကြွေသော ညများ....၊ စိတ္တဇ လှင်ပြင်၊ လှမ်းဝေးပဥ္စင်၊ ရှိုးမ၊ တန်ခူးလေလျှင်၊ မိုးမြူလွှမ်းသော စေရာဦး၊ သာ၍ဝေးရာဆီပါ၊ သူငယ်ချင်း မစန္ဒာ၊

ကျွန်တော့် ဝတ္ထုအမည်များ ဖြစ်ပါသည်။ စက်နှင့် လှည့်ထုတ်သကဲ့သို့ မဟုတ်သော်လည်း တစ်နှစ်လျှင် နှစ်အုပ်နှုန်းမျှ ကျွန်တော် ရေးခဲ့သည်၊ သည်ထက်နည်း ရေးပြန်ခတော့လည်း ပရိသတ်နှင့် အဆက်ပြတ်တတ်သည် ဆိုကြ၏၊

သူငယ်ချင်း မစန္ဒာကား ကျောင်းသားအဝနှင့်ကျွန်တော် နောက်ဆုံးရေးခဲ့သော ဝတ္ထု ဖြစ်၏၊ အကြောင်းမှာ ထိုနှစ်၌ ကျွန်တော်ဘွဲ့ရသောကြောင့် ဖြစ်ပါသည်၊ငယ်စဉ်တုန်းက ဝိဇ္ဇာတန်းတွင် မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေ ယူမည်ဟု စိတ်ကူး ယဉ် ထားသော် လည်း တကယ်တမ်းကျတော့

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံနှင့်ဖီလက်ဆက်ဖီခေါ် ဒဿနိကဗေဒကို ယူခဲ့သည်။ မြန်မာစာပေနှင့် ပါဠိစာပေကိုအထင်ကြီးနှစ်သက်သည် မှန်သော်လည်း ကိုယ်ခံလေးဘာရွှိထားနှင့်ပြီးဖြစ်သည်၊ ကိုယ်မတတ်သေးသည့် စာရေးဆရာဘဝ၌ အသုံးဝင်မည် ထင်သော ဘာသာများကို တမင်ရွေးယူရခြင်း ဖြစ်သေသည်၊ စာရေးဆရာဟူသည် သမိုင်း၊နိုင်ငံရေးသိပ္ပံနှင့် ဒဿနိကဗေဒကို ခြေခြေမြစ်မြစ်လေး နားလည်ထားသင့်သည်ဟု ကျွန်တော် ယူဆပါသည်၊

သာချိုဝေးရာဆီကိုပါ ဝတ္ထုမှုစပြီး 'လှိုင်မော်' စာပေနှင့် ကျွန်တော် ဆက်ဆံသည်၊ လှိုင်မော်စာပေမှ ဦးထင်ပေါ်သည် မော်ကွန်းဝင် သုံးဆင့်ရသော ရဲဘော်ဟောင်းကြီး တစ်ဦး ဖြစ်သည်။ ကတိတည်ပြီး ရဲဘော်စိတ် ရှိ၍၊ရိုးသားပွင့်လင်း၍ နှလုံးဖြူသည်၊ သူ့တိုက်မှ စာအုပ်ကိုလည်း ပလက်ဖောင်းပေါ် အရောက်မခံသော ထုတ်ဝေသူ ဖြစ်လေသည်၊

ဦးထင်ပေါ်နှင့် ပတ်သက်ပြီး ၂၉-လမ်းတိုက်တစ်လုံးတွင် အလယ်ထပ်၌ ကျွန်တော်နေရန် အခန်းတစ်ခန်းရသည်။ လင်ကိုယ်မယား နေနိုင်သော အခန်းဖြစ်ရာ ကျွန်တော် တစ်ယောက်တည်းအတွက် ကောင်းစွာ ကျယ်ဝန်းလွတ်လပ်သည်၊ အနှောင့်အယှက်မရှိဘဲ ကောင်းစွာ စာရေးနိုင်သည်၊ကမ္ဘာ့ဌာန်းထိုင်နိုင်သည်၊ အိပ်ချင်သည့် အချိန် အိပ်၊ ထချင်သည့် အချိန်ထ၊ ကိုယ့်အချိန်ကိုယ် အစိုးရ၏၊

ကျွန်တော်နှင့် ကျွန်တော့်ခေတ်ပြိုင် စာရေးဆရာတို့ကား စာပေခေတ်ကောင်းကို မီကြသူများ ဖြစ်ကြပါသည်၊



ယခင်က ၂-ကျပ်တန်ဝတ္ထု အုပ်ရေ နှစ်ထောင် ကုန်လျှင် ဝမ်းသာရသည် ဆို၏၊ ငါးထောင်ကုန်လျှင် စံချိန်ချိုးသည် ခေါ်ကြ၏၊ ကျွန်တော်တို့ခေတ်တွင်ကား စာဖတ်ပရိသတ် တိုးပွားလာသောကြောင့် ငါးကျပ်တန်ကိုပင် သောင်းကျော် ရိုက်လာရပြီ၊ ရေမြင့်၍ ကြာတင့်သည်။ ပြည်သူ မြောက်စား၍ စာရေးဆရာတို့ အခြေမြင့်ရသည်၊

ကျွန်တော့်ဝတ္ထုများသည် အလွမ်းဘက် ယိုင်သော ဝတ္ထုများ ဖြစ်ကြသည်၊ အလွမ်းခေတ်ခံက ရှိနေသောကြောင့် အလွမ်းတွေ ရေးမိသည်မှာ မဆန်း။ သို့ရာတွင် စာရေးသက်ရလာသောအခါ ဦးတည်ချက်လေး ပြောင်းလာ၏၊

ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီး ဟယ်မင်ဝေးသည် ကြမ်းတမ်း ရက်စက်မှုအကြောင်း ဝတ္ထုတွေကို ရေးသည်၊ မူလက ကြမ်းတမ်းရက်စက်မှုအကြောင်းကို ရေးရှုသက်သက် ရေးခဲ့သည်၊ နောင်သော် ကြမ်းတမ်းရက်စက်မှုတို့၏ အကြောင်းခံတရားကို သုံးသပ်ဆင်ခြင်၍ ရေးလာသည် ဆို၏။

ကျွန်တော်လည်း မူလက လွမ်းဖွယ်ရာကို လွမ်းဖွယ်ရာသက်သက် ရေးခဲ့မိသည်၊ နောက်တော့ လွမ်းဖွယ်အဖြစ်တို့၏ အကြောင်းခံတရားကို ကြိုးစားပြီး သုံးသပ် ဆင်ခြင်၍ ရေးသည်၊အကြောင်းခံတရားကို နှစ်ပါးသောဌာန၌ ကျွန်တော်က တွေ့သည်။ တစ်ဌာနကား ဝိသမလောဘလွှမ်းသော လူ့နေမှုစနစ် ဖြစ်သည်၊ တစ်ဌာနကား လူ၏ စိတ်သန္တာန်မှ အဝိဇ္ဇာနှင့် တဏှာ ဖြစ်လေသည်၊ ကျွန်တော်၏ဝတ္ထုများတွင် ယင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခံ တရားနှစ်ပါးကို တတ်နိုင်သမျှ ကြိုးစား တင်ပြသည်။

သည်နေ့တုန်းက ပီတောက်ပင်ကြီး တစ်ပင် အောက်သို့ မမျှော်လင့်ဘဲ ကျွန်တော် ရောက်သွားခဲ့သည်။

ကျွန်တော့်ဆရာ ကထိကတစ်ဦးက အင်းလျား ရိပ်သာလမ်းတွင် နေသည်။ ကိစ္စတစ်ခုကြောင့် သူနှင့် တွေ့ပြီး ကျွန်တော် ပြန်လာခဲ့သည်။ သူ့အိမ်ကျောဘက်မှနေ၍ ဖြတ်လမ်းအတိုင်း ပြည်နှင့် တကောင်း ကျောင်းဆောင်များဆီ ကျွန်တော် လျှောက်လာခဲ့သည်။ သည်ကျောင်းဆောင်များ ဂိတ်ဝမှ အင်းစိန်ကားစီးရန် ဖြစ်သည်။

အချိန်မှာ သင်္ကြန်ပြီးစ ဖြစ်၏။

ဘီအိုစီ ကောလိပ်ရှေ့ အရောက်၌ ပီတောက်ပင်ကြီးကို ကျွန်တော် ဘွားဘွားတိုးမိတော့၏။

ဩော်...ပင်လုံးကျွတ်အောင် ပီတောက်တွေ ထိန်ထိန်ဝင်းနေလေသည်တကား။

ပီတောက်တစ္ဆေ အခြောက်ခံသေရသည်ဟုတော့ မဆိုလိုပါ။ သို့ရာတွင် လှိုင်းထလှုပ်ရှားသော ရင်နှင့်မူ ပီတောက်ပင်ကြီးကို ရပ်ငေးကြည့်မိသည်။

တက္ကသိုလ်နယ်မြေမှာက ပီတောက်ပင်တွေ ပေါလှသည်။ သို့တစေ ပီတောက်ပင်အများ့ကား ကပ္ပလီ ပီတောက်ခေါ် မွေးစားထားသော ပီတောက်ပင်တွေ ဖြစ်သည်။ သူတို့က မိုးဖြိုင်ဖြိုင် ရွာသော ဇူလိုင်လထဲတွင် ပွင့်ကြသည်။ နှစ်ဦးမင်္ဂလာ



သင်္ကြန်အခါ ပွင့်သောပန်း မဟုတ်လေတော့ သူတို့ကို ဘယ်သူကမှ မြတ်မြတ်နိုးနိုး တန်ဖိုးမထားကြ။

ယခု ကျွန်တော့် ရှေ့မှ ပီတောက်ပင်ကြီးကား မြန်မာ ပီတောက်ပင်ကြီး ဖြစ်၏။ အိုလည်း အိုမင်းသည်။ မြင့်လည်း မြင့်မားသည်။

ပင်အိုကြီးဖြစ်သော်လည်း တစ်နှစ်မှတစ်ခါ သူ့ဓမ္မတာမို့ ကြိုင်စွာ လှိုင်စွာ မချန်မချွင်း ထိန်ထိန် ဝင်းအောင် ပွင့်ပြနေရှာသည်။

ပန်းချစ်သူ တက္ကသိုလ် လုပျိုဖြူတို့က ယခု သည်မြေမှာ မရှိကြပြီ။ ရှိကြလျှင်တော့ သည်ပင်အိုမှ အလှပန်းကို သူတို့ခေါင်းမှာဆင်မြန်းကြပေမည်။ ယခုအချိန်မှာမူ တစ်ပါးသော မြေ၌ တစ်ပါးသောအပင်၏ ပီတောက်ပန်းတို့၊ သူကလေးတို့၏ ကေသာဦးမှာ တင့်ထွားနေကြမည် ထင်သည်။

ဩော်...သည်ပင်အိုကတော့ မျက်နှာငယ်ပါ၏။ သူ့ပွင့်ပန်းကို ဆင်မြန်းသူ ကင်းဘိသည်။

တော်တော်ကြာစွာ ပီတောက်ရှေ့ မြေမှာ ခ,ရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ ပွင့်ပေးလေလျက် ဆင်သူမဲ့တော့ မြေသက်ဝယ် မျက်နှာငယ် ဇာတ်သိမ်းရှာရမည်။

သည်ပင်အိုမျိုးနှင့် သည်မျက်နှာငယ် အလှပန်းမျိုးတို့သည် ကမ္ဘာမြေဝယ် မရေမတွက်နိုင်အောင် ရှိပေလိမ့်မည်။

ဩော်.... သည်လိုပင် ကိုယ့်မေတ္တာ ပီတောက် အလှကို ကိုယ့်ခန္ဓာ ရိုးမြေကျအထိ ကိုယ့်ရင်မှာသာ သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



ယူသွားရသူတွေလည်း သည်ကဗျာမြေဝယ် မရေတွက်နိုင်အောင် ရှိရှာပေလိမ့်မည်။

အတိတ်ရိပ်သည်လည်း ကျွန်တော့်ပစ္စုပ္ပန်ပေါ်မှာ ညို့ညို့မှိုင်းလာသည်။

‘ဩော်....မဆင်ခြင်းရင်လှ
ပင်မင်းမှာ မာလာသုဉ်းသည်သို့
ဘဝမှာ ပိတောက်တုံးပေလိမ့်
ဆံထုံး နှောင်မပြင်နဲ့....’’

ဩော်.... သည်တုန်းက သည်ကဗျာကို စပ်သာစပ်သည် ဘဝမှာက ပိတောက်ပွင့်ဆဲ....လသာဆဲပါ....။ ယခုတော့.... ပိတောက်လည်း တုံး.... လလည်း ပုန်းပြီ။

ဩော်.... မမဝေရယ်၊ မောင့်ဘဝမှာ ပိတောက်လဲ တုံးလလဲ ပုန်းပုါလေပြီကော။

အင်းစိန်ဘက် ဆက်သွားစရာရှိသည်ကို မသွားတော့ဘဲ ကျွန်တော်က တိုက်ခန်းသို့ ပြန်လာခဲ့သည်။

စာရေးစားပွဲမှာ ကျွန်တော် ထိုင်သည်။ အကြာကြီး ထိုင်သည်၊

ကျွန်တော့်ရှေ့မှာ ဖောင်တိန်လည်းရှိသည်၊ စာရေးစက္ကူဖြူဖြူ အလွတ်လည်း ရှိသည်၊



ဘာမျှတော့ ကျွန်တော်မရေး၊ ကျွန်တော့်စိတ်မှာ ရှုတ်တရက်တော့ စက္ကူဖြူအလွတ်ပမာ မလာချည်းကဲ့သို့ ဖြစ်နေသည်၊ သို့ရာတွင် ကျွန်တော့်တစ်ကိုယ်လုံးကိုတော့ ခံစားမှုတိမ်မိုးတို့ တဖြည်းဖြည်း တိုးဝှေ့လွှမ်းခြုံလာသည်၊

အတန်ကြာသောအခါ ကျွန်တော်သည် စားပွဲပထောင့်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

‘ဟဲလို....ဦးထင်ပေါ်လား’

‘ဟုတ်ပါတယ်၊ ဩော်....ဆရာလား’

‘ဟုတ်တယ် ဦးထင်ပေါ်၊ ဒါထက် ဒီလ စက်မှာ ဘာစာအုပ် တင်နေလဲ’

‘အင်း.... မင်းသား အစ်ကိုအေးရဲ့ စာအုပ်လေ၊ စာမူထုံးစံအတိုင်း နှောက်ကျလို့ တရကြမ်း ဆော်နေရတယ်’

‘ကြော်ငြာဖို့ နေရာကျန်သေးလား’

‘ရပါတယ်ဆရာ၊ ဘာပြုလို့လဲ’

‘ဒါဖြင့် ကြော်ငြာ ထည့်လိုက်ဗျာ၊ ကျွန်တော့် ဝတ္ထုအသစ်’

‘ဟာ....တကယ်လားဆရာ၊ နာမည် ဘာတဲ့လဲ ဆရာ’

‘ပိတောက်ကယ် တစ်နှစ်–အချစ်က. တစ်သက်တစ်ခါ’

‘ပြန်....ပြန်ပြောပါဦး ဆရာ’

ကျွန်တော်က ဦးထင်ပေါ် သဲကွဲရန် တစ်လုံးချင်း ထပ်ပြောပါ၏။

‘ပိတောက်ကယ် တစ်နှစ်–အချစ်က တစ်သက်တစ်ခါ’

* * *

www.burmeseclassic.com

www.burmeseclassic.com

သည်ကမ္ဘာလေးက သေးသေးလေးပါ။

အင်္ဂလိပ်လူမျိုးတို့၏ ဆိုရိုးစကားဖြစ်ပါသည်။ မတွေ့နိုင်၊ မဆုံနိုင်ဟု ထင်သူချင်း ပြန်လည်တွေ့ဆုံကြလျှင် သည်ဆိုရိုးကို ပြုကြ၏။

သည်ကမ္ဘာလေးက သေးသေးလေးပါ။

ပိတောက်ကယ် တစ်နှစ်-အချစ်က တစ်သက်တစ်ခါ ဝတ္ထု၊ အမည်က ရှည်သည်။ ခံစားမှုကို ဇာက်လွှတ်ပေးလိုက်တော့ ဝတ္ထုကလည်း ရှည်သွားသည်။ နှစ်လကျော်လည်း အချိန်ယူ ခရးရ၏။

ဝတ္ထုပြီး၍ ကောင်းမွန်စွာ အနားယူပြီးသော တစ်နေ့လယ်တွင် ပန်းဆိုးတန်းရှိ လွှင်မော်စာပေတိုက်သို့ ကျွန်တော်သွား၏။

သူ့စားပွဲတွင် စာအိတ်တစ်ပုံကြီးနှင့် ဦးထင်ပေါ် အလုပ်များနေ၏။

'ဆရာ့စာအုပ် အမှာစာတွေဆရာရေ့၊ မျက်နှာဖုံး မပို့ရသေးဘူး၊ ဒီနေ့အထိ အမှာရှာ တစ်သောင်းကျော်နေပြီ၊ နှစ်သောင်းတောင် လောက်ပါမလား မသိဘူး'

'နှစ်သောင်းဆို တော်ပါပြီဗျာ'

'တော်တော့ တော်ပါပြီ၊ ဒါပေမယ့် ဆရာ့ဝတ္ထုထွက်တိုင်း ကျွန်တော့်မှာ ဒုက္ခ၊ တယ်လီဖုန်းက တဂွမ်ဂွမ်နဲ့၊ အိမ်က ရှောင်ပြေးနေရတယ်'

'အဲဒီတော့လဲ ဖိုးတင်အေးတို့နဲ့ အိုးရိုးယင့်မှာ ဘီလီယက် ထိုးမကောင်းဘူးလား'



'ထိုးကောင်းတာထက် ဘီယာက ပိုကောင်းတော့ ကျွန်တော့်ဗိုက်ကြီး အိုးအိုလာတယ်၊ မဖြစ်ပါဘူး၊ အရက်ဖြတ်ပြီး ဆရာတို့နဲ့ ကမ္ဘာ့ဒွန်း လိုက်ထိုင်တော့မယ်'

ထိုစဉ် တိုက်တွင်းသို့ အသားဖြူဖြူ လူရွှန်းရွှန်းတစ်ဦး ဝင်လာ၏။

'ဟောဒီမှာ ပြီးပြီဗျို့၊ ဦးထင်ပေါ်၊ ကျွန်တော် ကိုယ်တိုင် ဝင်ယူအခုခဲ့တယ်၊ စိတ်တိုင်းကျပဲဗျို့'

လူရွှယ်က မျက်နှာဖုံး ပန်းချီစာရွက်ကို ဦးထင်ပေါ်အား လှမ်းပေး၏။

'အတော်ပဲ ဆရာရေ့၊ ငါးကျွန်တော်နှင်လဲဖြစ်ပြန်၊ အုပ်ရေလဲ နှစ်သောင်းဆိုတော့ ကျွန်တော် အဆန်းထွင်လိုက်တယ်၊ ဆရာ့ဝတ္ထုမျက်နှာဖုံးကို အခု လစ်သိုနဲ့ ရိုက်တယ်လေ၊ ပိုက်ဆံတော့ ပိုကုန်တာပေါ့၊ ဒါပေမယ့် ဘယ်သူမှ မလုပ်သေးဘူး၊ ပန်းချီဆရာလဲ ပြောင်းလိုက်တယ်၊ ဪ...မိတ်ဖွဲ့ပေးရဦးမယ်၊ ဟောဒါက ပန်းချီ သုန်းခအောင်၊ ဒါကတော့ ဆရာ၊ ဆရာ လေးလှိုင်'

ကျွန်တော် တုန်လှုပ်သွားသည်။ သူ့သွားတွေပေါ် အောင်ရယ်ပြီး ကျွန်တော့်ထံလက်ကမ်းပေးလေသော ကိုသန်းအောင်ကို ခေတ္တ ကြောင်ကြည့်မိသေးသည်။

'ဆရာရယ်...သိပ်ဝမ်းသာတာပဲ၊ ဆရာ့ဝတ္ထု မျက်နှာဖုံး ဆွဲရလို့ ကျွန်တော် ဂုဏ်ယူမိတယ်၊ ဆရာနဲ့လဲ တွေ့ချင်နေတာကြာပြီ၊ အရီကလဲ ဆရာ့တွေ့ချင်လို့တဲ့၊ အရီ့ကို ဆရာမှတ်မိပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'မှတ်....မှတ်မိပါတယ် ကိုသန်းအောင်'

ဦးထင်ပေါ်က ကျွန်တော်တို့နှစ်ဦးကို ကြည့်၍ အံ့သြဟန် ဆို၏။

'လက်စသတ်တော့ ဆရာက မင်းပါမဟုတ်ဘူး၊ ရှေ့ရှိပါ သိနေသလား၊ ဟုတ်လား'

'အဲ....အဟဲ....ဆိုပါတော့ဗျာ၊ ကဲ....ပန်းချီလဲ ကြည့်ကြ ပါဦး'

ပန်းချီက သာမန်ကြည့်ရုံနှင့်ပင် မှိုင်းလှ၏၊ လစ်သိုဆိုတော့ မူလပန်းချီမှ ပကတိအရောင်တို့ကို မထွင်းမပျက်စေဘဲ ပေါ် လွင်စေသည်၊ အရောင်ကို စုံအောင် သုံးထားပုံကလည်း လှ သည်။ပွင့်ဖါတွေနှင့် ပိတောက်ပင်ကြီးတစ်ပင်ကို အသားပေး ဆွဲထားသော နွေရှုခင်းမှာ မြူပြာပြာ ရွှေနေပုံက မကျွန် အသေးစိတ် ပြည့်စုံတင့်တယ်၏၊ စီးပွားရေးမျက်နှာဖုံးပန်းချီ ထက် လက်စွမ်းပြ ရှုမျှော်ခင်းပန်းချီနှင့် ပိုတူ၏။

'ကိုသန်းအောင်ရေ၊ ခင်ဗျားလက်ရာကို အခုမှ ကျွန်တော် မြင်ဖူးတာပဲ၊ ကြိုက်တယ်ဗျာ၊ နွေရသ အပြည့်ပေါ်တယ်'

'ကျေးဇူးပါပဲ ဆရာ၊ ကျွန်တော် ကြိုးစားဆွဲထားတာ ဘာလောက်သမားနဲ့ကျွန်တော်က ခင်လဲ ခင်တော့ နှစ်ယောက် တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာ၊ပန်းချီကောင်း ပေမယ့် ဘာလောက်သတ်ရင် ခံရတယ် ဆရာ၊ ကိုယ့်ပန်းချီဆွဲပြီး ပြီဆို လွှတ်ထားလို့ မရဘူး'

ဦးထင်ပေါ်ကလည်း ဝင်ထောက်ခံ၏၊



'မောင်သန်းအောင်က ကျွန်တော့်ညီလိုပါပဲ ဆရာ၊အစေ သူက မျက်နှာဖုံးပန်းချီလိုင်းက မဟုတ်ဘူး၊ သူ့လိုင်းက သတ်သတ်၊ ကျွန်တော် အခု အတင်းဆွဲခေါ်တာ၊ ဘယ့်နှယ်လဲ ဆရာ၊ ကျေနပ်တယ်မဟုတ်လား'

'ဟာ....ကျေနပ်ပါတယ်ဗျာ'

'လုပ်ငန်းကိစ္စစကားက ပြီးသွားပြီ၊ ကိုသန်းအောင်က ကျွန်တော့်ကို ကြည့်ပြီး ပြော၏၊

'ဆရာ့ကို တွေ့ရဖို့ မမျှော်လင့်ဘူး၊ ဆရာ့ဝတ္ထုမျက်နှာဖုံး ကို ဆွဲရတော့ ဆရာနဲ့ တစ်နေ့တွေ့ရမယ်ဆိုတာတော့ သိတယ် ပေါ့လေ၊ ဒြွေ့ါထက် ဆရာ၊ ဆရာ့ ဟိုဇာတ်ကလေးနဲ့ ပတ်သက်တဲ့ ပန်းချီတာလေး၊ အဲဒါနဲ့ ပတ်သက်ပြီး ပြောစရာ တွေ ရှိလို့'

'ကိုသန်းအောင်က အဲဒီ ပန်းချီ ဆွဲဖြစ်လို့လား'

'ဆွဲဖြစ်တာပေါ့ ဆရာ၊ ဆွဲဖြစ်ရုံတင်မကဘူး၊ မမျှော်လင့်သူ တစ်ဦးကို မမျှော်လင့်သောနည်းနဲ့ ရောင်းလိုက်ရတယ်'

'ဘယ်လို မမျှော်လင့်သူတစ်ဦးကိုလဲ'

ကိုသန်းအောင်သည် ခေတ္တ ဆိုင်းသွား၏။ ထိုနောက် အဓိပ္ပာယ်မျိုးစုံထွက်သောမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ပြီး တစ်လုံးချင်း ပြော၏။

'အဲဒီပန်းချီကို ဝယ်သွားသူ နာမည်က ဒေါ်ဝေဝေတဲ့ ဆရာ'

ဒေါ်ဝေဝေ....၊ ကြားလိုက်ရသည်ကို နားက မယုံမီ၊ တစ်ချိန်တည်းမှာပင် ကိုသန်းအောင် ဘာဆိုလို သည် ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်လိုက်သည်၊ ဪ....ကိုသန်းအောင်သည် နှုတ်စောင့်စည်း ဟန် တကား၊ ဦးထွင်ပေါ် ရှေ့တွင် ကျွန်တော်တို့ချင်းသာ နားလည်နိုင်သော စကားကို သုံးလေသည်။

ကျွန်တော်က ဘာမျှ မပြော၊ ခေါင်းကိုသာ အခါခါ အလေးလေး ညိတ်နေမိ၏။

'ငွေလမင်းရဲ့ ချစ်သူ....ပန်းချီကားရဲ့ မူလပုံစံ ပန်းချီကား လေးတော့ အိမ်မှာ ကျန်နေသေးတယ်၊ ဆရာ လာကြည့်ပါလား ဟင်'

'ကိုသန်းအောင်တို့အိမ်က ရွှေဘုန်းပွင့်လမ်းမှာနော်'

'ဟုတ်တယ် ဆရာ၊ နံပါတ်(....)ပါ'

'အောင်းပါပြီလေ၊ တစ်နေ့ ကျွန်တော် လာခဲ့ပါမယ်'

'လာပါ ဆရာ၊ ညနေ ငါးနာရီကစပြီး အိမ်မှာ ကျွန်တော် အမြဲရှိပါတယ်'

ဘေးမှာနားထောင်နေသော ဦးထင်ပေါ်က မကျေနပ် ဟန်ဖြင့် ဝင်ပြော၏။

'ဘယ်လိုလဲ၊ ဆရာနဲ့ မင်းက ငါ့ကို ပဟေဠိဖွက်ပြနေကြ တာလား၊ ဒီလိုတော့ မလုပ်ကြနဲ့လေ၊ မရဘူး'

ကျွန်တော်က ဦးထင်ပေါ် ကျေနပ်စေရန် လျှင်မြန်စွာ ဝင်ဖာရ၏။

'မဟောဠိ မဟုတ်ပါဘူး၊ ကဗျာနဲ့ ပန်းချီရဲ့လျှို့ဝှက် ဇာတ လမ်းလေးပါ၊ တစ်နေ့ အဲဒီဝတ္ထု ခင်ဗျားရရင် ပြီးရောပေါ့ မဟုတ်ဘူးလား ကိုသန်းအောင်'



'အင်း....အယာင်း၊ ဟုတ်တယ်....ဟုတ်တယ်'

ထိုနေ့က ကိုသန်းအောင်နှင့် တွေ့ပြီး တိုက်ခန်းသို့ ပြန် ရောက်သောအခါ ကျွန်တော့်တွင် တွေးစရာတွေ တစ်ပုံကြီး ပါလာ၏။

ဒေါ်ဝေဝေ ဟူသည်မှာ မမဝေပဲ ဖြစ်ရမည်၊ မမဝေသည် သည်ပန်းချီကားကို ဘာကြောင့် ဝယ်ရသနည်း၊ တစ်စုံတစ်ရာ ကို မမဝေသည် ပြန်လည် မှတ်မိနေလေသလော၊

ဟိုတုန်းကတော့ ကျွန်တော့်မှာ ဗဟုသုတ နည်းသေးသည်၊ အင်မ်နီးဇီးယား ရောဂါအကြောင်းကို ဘာမျှမသိ၊

ဝိဇ္ဇာတန်း ဒသနိကဗေဒ၏ ဘာသာခွဲအဖြစ် အထွေထွေ စိတ်ပညာကို ကျွန်တော် ယူခဲ့ရသည်၊ အထွေထွေစိတ်ပညာ၏ အပိုင်းတစ်ပိုင်းဖြစ်သော စံလွဲမှုစိတ်ပညာကို ကျွန်တော် အထူး စိတ်ဝင်စားခဲ့သည်။ စံလွဲမှု စိတ်ပညာကို သင်ရိုးထက်လွန်ပြီး ကျွန်တော် ပိုမိုလေ့လာခဲ့မိ၏၊

အတိတ်ကို မေ့သော ရောဂါ အမျိုးမျိုး ရှိ၏၊ ယင်းတို့ အားလုံးကို စံလွဲမှုစိတ်ပညာက လေ့လာသည်၊စိတ်အကြောင်း သက်သက်ကြောင့် အတိတ်ကို မေ့သော ရောဂါများကား နျူရိုးဆီးစ်မျိုးစု အောက်၌ ပါဝင်သည်၊ မမဝေ၏ ရောဂါ ကား စိတ်ကြောင့်မဟုတ်၊ ဪဂင်းနစ်ခေါ် ရုပ်ခန္ဓာဓာတ် ချွတ်ယွင်းရာမှ ဖြစ်ရသည်၊

ရုပ်ခန္ဓာဓာတ် အထူးသဖြင့် ဦးနှောက် ဒဏ်ရာကြောင့် အတိတ်မေ့သော ရောဂါသည်လည်း ဆန်းကြယ်သည်၊ အမြဲ မေ့သည်လည်း ရှိသည်၊ ယာယီမေ့သည်လည်း ရှိသည်၊အတိတ်

www.burmeseclassic.com



အားလုံးကို ခြုံ၍ မေ့သည်လည်း ရှိသည်၊ ကွက်၍ မေ့သည်လည်း ရှိသည်။ မေ့ခြင်းသက်သက်သဘောနှင့် မေ့သည် ရှိသကဲ့သို့ သတိ စူးစိုက်နိုင်စွမ်းအား နည်းသွား၍ မေ့ခြင်း သဘောလည်း ရှိ၏။ ဒဏ်ရာကြောင့်မေ့ရသကဲ့သို့ ဒဏ်ရာရစဉ်က ပေါ်ခဲ့သော ကြောက်ရွံ့ထိတ်လန့်ခြင်းခံစားမှု လွှမ်းသောကြောင့် မေ့သည်လည်း ရှိ၏။ အချို့ကိစ္စ၌ ပကတိ အနေအထားဖြင့် မေ့နေသော အရာများကို စိတ်ညို့ခံထားရစဉ် သတိရရှိ မှတ်မိသည်လည်း ရှိသေး၏။

မမဓေသည် တဖြည်းဖြည်းပြန်လည်သတိရလာနေပြီလော၊ အားလုံးကို ပြန်လည် သတိမရနိုင်တော့သည်တိုင်စေ တစ်စုံတစ်ရာသော စိတ္တဇဆည်းဆာရောင်လေးလဲ့နေလေသည်လော၊ သတိလေဟာကွက်လေးတွေသည် မဆက်လုလု ဆက်လုလု ဖြစ်နေလေသည်လော။

တစ်နေ့ လာခဲ့ပါမည်ဟု ကိုသန်းအောင်ကို ပြောလိုက်မိသော်လည်း ထိုညနေတွင်ပင် ရေကျော် ရွှေဘုန်းပွင့်လမ်းသို့ ကျွန်တော် သွားသည်။

ကိုသန်းအောင်နှင့် အရီတို့အိမ်လေးမှာ သေးသေးနှင့် သပ်သပ်ရပ်ရပ်လေး ဖြစ်၏။ ညှိခန်းလေးကား ညှိခန်းထက် ပန်းချီပြခန်းလေးနှင့် ပိုတူသည်။

အရီသည် သွက်လက်၏၊ ထာဝစဉ် စိတ်ချမ်းသာနေဟန် မျက်နှာနှင့် မျက်လုံးလေးများသည် ပြုံးရယ်နေ၏။ စကားပြောဟန်ကော အမူအရာပါ ပေါ့ပေါ့ပါးပါးလွတ်လပ်သည်။



'ကိုသန်းအောင်က ဆရာလာမယ်ပြောတော့ အရီက သိပ်မယုံဘူး၊ ဟော...ဆရာက ခုချက်ချင်းကို တကယ်ကြီး ရောက်လာတယ်'

အရီသည် ကော်ဖီ၊ လက်ဖက်၊ လက်ဖက်ရည်ကြမ်းတို့ကို ညှိဝတ်ကျေစွာ ချထားပေးရင်း ပြော၏။

'ဘာကြောင့် ကျွန်တော်လာမယ်ဆိုတာကို အရီက မယုံရတာလဲ'

အရီသည် လျှာလေးတစ်လစ်ဖြစ်သွားပြီး သူ့မောင်တော်ကို တစ်ချက်ကြည့်၏၊

'အဟီး...အဲဒါတော့ အရီ မသိဘူး'

ကိုသန်းအောင်သည် သူ့ဇနီးကိုသူ သဘောကျတန် ရယ်ပြီး ပြော၏။

'အဲဒါသာကြည့်တော့ ဆရာရေ၊ မရွှေရီက ပြောချင်တာ ပြောချလိုက်တာပဲ၊ ပြီးတော့ မသိဘူးတဲ့၊ ကောင်းရော့၊ ကဲ... ဆရာ သုံးဆောင်ပါဦး၊ ကျွန်တော့်ပန်းချီတွေလဲ ကြည့်ပါဦး၊ အေးအေးဆေးဆေးပေါ့'

ပန်းချီကားတွေကတော့ အမျိုးစုံလှ၏။

လူကား၊ ရှုမျှော်ခင်းကား၊ တိရစ္ဆာန်နှင့် သက်မဲ့ဝတ္ထုကို ရေးလာထားသောကား။

ရေဆေးကားများထက် ဆီဆေးကားတွေက ပိုများသည်၊ ကိုသန်းအောင်သည် ဆီဆေးကို ပိုနိုင်ဟန် တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကို ရှထောင့်အမျိုးမျိုးမှ ဆွဲထားသော ကားများလည်း ရှိ၏။ ယင်းတို့အနက် တစ်ကားက ကျွန်တော့်ကို ဆွဲဆောင်လေ၏၊ ကျွန်တော်သည် ထိုင်ရာမှထပြီး ထိုကားကို ကြည့်မိ၏။

အရီသည် ကျွန်တော့်နား လာရပ်ပြီး မေး၏။

'ဆရာ အဲဒီကားကို ကြိုက်သလား'

'ကြိုက်လို့ ထကြည့်မိတာပေါ့ အရီ၊ ရွှေတိဂုံဘုရားကို ခေတ်ပုံရိုက်သလို ဆွဲထားတာတွေ ကျွန်တော် အများကြီး တွေ့ဖူးတာပေါ့၊ ဒီပုံကတော့ တစ်မျိုးပဲ၊ ဘုရားကြီးရဲ့ အစိတ်အပိုင်း တစ်ခုပဲ၊ အဲဒီ အစိတ်အပိုင်းလေးနဲ့ ဘုရားကြီး တစ်ခုလုံးဟာ ဘယ်လောက် ကြီးကျယ်တယ် ဆိုတာ ပြောပြနေတယ်၊ မိမိဟာလဲ ဘယ်လောက် သေးငယ်သလဲဆိုတာ သိနေတယ်၊ အိနေတဲ့ ရွှေတွေဟာ လက်နဲ့ကိုင်ကြည့်ချင်အောင် ဖိတ်ခေါ်နေတယ်၊ ရွှေဆောင်ကြီးကို မြင်ရတာပါပဲ အရီ၊ ဒီကားကို ကြည့်ရတာဟာ ရွှေတောင်ကြီး အခြေမှာ ထိုင်ပြီး မော့ဖူးနေရသလို ခံစားရတယ်'

'ဟာ....ဟုတ်တယ်....ဟုတ်တယ်၊ ဆရာ ပြောတာ ဟုတ်တယ်၊ ဒီကားက အရီ့ကား ဆရာ'

'ဘယ်လို....အရီ့ကား'

ကိုသန်းအောင်က ဝင်ရှင်းပြောသည်။

'ဒီလို ဆရာရေ့၊ မရွှေရီ ဆွဲခိုင်းတာ ကြံကြံဖန်ဖန် ကျွန်တော်က ဆွဲပေးရတာ၊ ဟိုအစ်လောက သံရုံးတစ်ခုက ဒီကားကို တစ်ထောင်အထိ ပေးတယ်၊ အဲဒါ ရွှေရီက ရောင်းခွင့် မပေးဘူး၊ သူ့ကား၊ သူ့ကိုယ်ပိုင်ကား မရောင်းရဘူး'



'ဟုတ်တယ်နော် ဆရာ၊ ဒါက ကိုယ်မြှော်နိုးတာ၊ ငွေတစ်ထောင် ဘာလုပ်ရမှာလဲ'

အရီနှင့် ကိုသန်းအောင်ကိုကြည့်ရင်း ကျွန်တော့်ရင်တွင်း လှမ်းလှမ်းဆွတ်ဆွတ် ဖြစ်လာ၏။

အနုပညာသည် ဇနီးမောင်နှံ၊ ပါရမီရှင်နှင့် ပါရမီဖြည့်သူ၊ ငွေကို ဘာလုပ်ရမည်နည်း။ ဩော်....မြတ်နိုးသည်က ပဓာန။

ကျွန်တော်သည် ကုလားထိုင်၌ ပြန်ထိုင်လိုက်၏။

'ငွေလမင်းရဲ့ သစ္စာရှင်ဟာလဲ အရီ့ကားပဲ ဆရာ၊ ရောင်းခွင့် မရှိဘူး၊ ဩော်....အရီရေ၊ မှုလပုံ သွားယူပါဦး'

အရီသည်အိမ်တွင်းခန်းဆီဝင်သွားပြီးအလျားဆယ်လက်မ၊ အနံ ခြောက်လက်မခန့် ပန်းချီကားလေးတစ်ချပ်ကို ယူလာခဲ့၏။

သည်ကားကတော့ ရေဆေးကားပါ။ အမှောင်တွင်ယှဲ့ယှဲ့ လဲ့လဲ့သာရှိသော အရောင်သဘောကို ခက်ခဲသိမ်မွေ့စွာ ဖော်ထားသည်။ဟိုးမိုးကုပ် စက်ဝိုင်းဆီမှာ ငွေပြာရောင်လဲ့လဲ့လေး သန်းစပြနေ၏၊ ကျွန် ကောင်းကင်မှာကတော့ ကြယ်များသာ ရှိနေသည်၊ အရိပ်မှောင်ပြီး အနည်းငယ်သာ ရောင်ပြန်ရှိသည့် ကန်ရေပြင်ထက်မှာကြာဖူးတစ်ငုံထိုးတည်း ရှိနေ၏၊ ပန်းချီကိုဖွဲ့ထားပုံမှာ ဘယ်လိုကြည့်ကြည့် မျက်လုံးများကို ကြာဖူးဆီသာ ပြန်ဆွဲဆောင်သည်၊ ကြာဖူးကလည်း စကားပြော၏၊ မျှော်လင့်ခြင်း စကားကို ပြောနေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားမှသည် ကိုသန်းအောင်၏မျက်နှာကို ကျွန်တော် ကြည့်သည်။

'အပြီးသတ်ပုံကြီးကို ဟိုတလောက ကျွန်တော်တို့စုလုပ်တဲ့ ပြပွဲမှာ လက်စွမ်းပြအဖြစ် ကျွန်တော်တင်တယ် ဆရာ၊ အရိုးပုံမို့ ဘယ်သူ့ကိုမှ ကျွန်တော် မရောင်းဘူး၊ ဒါပေမယ့်....'

ကိုသန်းအောင်က အရိုးကို လှမ်းကြည့်သည်။ အရိုးက 'မထူးတော့ပါဘူး၊ ပြောလိုက်ပါ မောင်'ဟု တိုက်တွန်းသည်။

'ဒါပေမယ့် မမျှော်လင့်ဘဲ ပြပွဲကို မမဝေတို့ ရောက်လာတယ်၊ ဒီကားကို မမဝေက အတင်းပဲ ဝယ်တယ်၊ ကျွန်တော် ငြင်းပါတယ် မရဘူး၊ နောက်ဆုံး တောင်းပန်တဲ့အချိန်မှာ မမဝေဟာ ငိုတော့မလိုပဲ၊ သူ့ပိုင်ပစ္စည်းကို ပြန်အသနားခံတောင်းနေသလိုပဲ၊ အဲဒါနဲ့ လူချင်းကလွဲ ခင်နေတော့ ကျွန်တော် ရောင်းလိုက်ရတယ်'

ကျွန်တော်သည် ခေါင်းစိုက်ပြီး နားထောင်နေရ၏။ အတန်ကြာမှ မေးမိသည်။

'ကိုသန်းအောင်ကို မမဝေက မှတ်မိသလား'

'မှတ်မိပါတယ်၊ ကျွန်တော်တို့ ဝယ်ငယ်လေးကတည်းက ခင်ကြတာ၊ ဩော်....ဆရာမေးလို့ ထူးဆန်းတာတစ်ခု သတိရတယ်၊ ကျွန်တော်က ဒီကားဟာ အရိုးကား၊ အရိုးက ရောင်းခွင့်မပေးဘူးဆိုတော့ မေးတယ်၊ အရိုးဟာ ဘယ်သူ့လဲ တဲ့၊ အရိုးဟာ ကျွန်တော့်ဇနီးလေး ဆိုတော့ ဩော်....မင်းအိမ်ထောင်ကျနေပြီလားတဲ့၊ ခက်ကရော ဆရာ'



ကျွန်တော်သည် ငြိမ်နေ၏။ ကိုသန်းအောင်တို့ မောင်နှံကလည်း ဘာမျှမပြောဘဲ ကျွန်တော့်ကို ကြည့်နေကြ၏။

ကျွန်တော်က သက်ပြင်းမှုတ်ထုတ်ပြီး ပြောရ၏။

'မထူးပါဘူးလေ၊ကိုသန်းအောင်တို့မှာ ပဟေဠိဖြစ်နေတယ် မဟုတ်လား၊ ကျွန်တော် ပြောပြပါတော့မယ်၊ ခုနင်က ပြပွဲကို မမဝေတို့ ရောက်လာတယ်လို့ ကိုသန်းအောင် ပြောတယ်၊ မမဝေနဲ့ ဘယ်သူလဲ ကိုသန်းအောင်'

'ကိုသန်းဟန်လေ....မမဝေ ယောကျ်ားတဲ့၊ ပုသိမ်သားပဲ'

'အဲဒီ ကိုသန်းဟန်၊ အစ်ကိုသန်းဟန်ဟာ ကျွန်တော့် အစ်ကိုပါ၊ ဖြစ်ခဲ့ကြရတာကတော့....'

ကျွန်တော်သည် ဇာတ်လမ်းကို အကျဉ်းချုံ့ပြောပြရ၏။

ကျွန်တော့်စကားအဆုံးတွင် အရိုးသည် မျက်နှာလေး ညှိုးညှိုးနှင့် 'ဟင်....ဆရာရယ်၊ ဆရာတို့အဖြစ်က ရင်နင့်စရာကြီး၊ ကျွန်မ ငိုချင်လိုက်တာ'ဟု ဆို၏။

'ကျွန်တော်လဲ ငိုခဲ့ရပါတယ် အရိုး၊ ယောကျ်ားတန်မဲ့ ကျွန်တော် အများကြီး ငိုခဲ့ရတယ်၊ အခုတော့ ဇာတ်လမ်းက သိမ်းခဲ့ပါပြီ၊ ဒီဗုက္ကဒီအပ္ပဟာ သံသရာမှာ ကျင်လည်သော ယေးကျ်ားတတာတို့ ခံရမြဲပဲလို့ နှလုံးသွင်းပြီး ဖြေယူရတယ်''

'ဖြေလို့ကော တကယ်ရရဲ့လား ဆရာ'

'ဩော်....အရိုးရယ်၊ မပြေတယ်ရယ်တော့ လုံးလုံးဘယ်ရှိမလဲ၊ ဒါပေမယ့် မေတ္တာလေးရှေထားပြီး မုဒိတာလေး ပွား ပွားပေးရတယ်၊ ရှပ်နှာမ်ဒမ္မသခါရကို အနုပဿနာ ခုနှစ်ဉာဏ်နဲ့ သုံးမှုစွဲဥပဟာန်အားဖြင့်တော့ အပြတ်ပယ်ရေးဟာ မလွယ်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ မလွယ်တာနဲ့ ဥပါဒါန် ကျေးကျွန် တစ်ချိန်လုံးဖြစ်နေရတော့မလား၊ အရီတို့လဲ မှတ်ထားပေါ့၊မေတ္တာကမ္မဋ္ဌာန်းဟာလဲ ရှင်ကို ငြိမ်းချမ်းသင့်သမျှ ငြိမ်းချမ်းနိုင်ပါတယ်၊ ကိုယ့်မှာ ခံစားရပေမယ့် မမဝေတစ်ယောက်တော့ ချမ်းသာနေပြီ၊ ဪ.... ချမ်းသာပါစေ၊ ဒီ ချမ်းသာခြင်းကိုသိလို့ ဝါဝမ်းမြောက်မယ်၊ အဲဒီလို မုဒိတာနဲ့ပဲ ဖြေနေရတယ် အရီရေ'

'မမဝေ ပြန်သတိမရနိုင်တော့ဘူးလား'

'မပြောတတ်ဘူး အရီ၊ မရပါစေနဲ့လို့ပဲ ဆုတောင်းရမလိုဖြစ်နေတယ်'

'အို....ဘာပြုလို့'

'ရလာပြန်တော့ ဘယ်သူ့အတွက်များ ကောင်းလာနိုင်ပါမလဲ အရီ၊ ကျွန်တော်တော့ ပျော်ချင် ပျော်ရမှာပေါ့၊ မမဝေ ပျော်နိုင်ပါတော့မလား၊ ဟိုတစ်ယောက်ခမျာကော မငိုရလေဘူးလား၊ တော်ပါပြီ အရီရေ၊ ဒီနေ့ ဒီအကြောင်းလာပြောရတာကလဲ အမှန်ဝန်ခံရရင် လာနှုတ်ပိတ်တာပေါ့၊ မမဝေနဲ့ ကျွန်တော့် အကြောင်းကို သိတဲ့လူဟာ အရီတို့အပါအဝင် နည်းနည်းလေးပါ၊ ဒီဇာတ်လမ်း ဒီမှာ သိမ်းပါစေတော့'

'ဒါတော့ စိတ်ချပါ ဆရာရယ်၊ အရီက စပ်စုတတ်ပေမယ့် နှုတ်ကို ထိန်းတတ်ပါတယ်'

ကျွန်တော်လဲ ပြန်ခါနီးတွင် အရီက ဆို၏။

'ဪ....ဆရာ၊ ဟောဒီ ပန်းချီကားလေး ဆရာ့ကို အရီပေးလိုက်တော့မယ်'

'ဘာပြုလို့လဲ အရီ'



'အမှတ်တရလက်ဆောင်ပေါ့ ဆရာရယ်၊ ဘာလဲ ဆရာက မလိုချင်ဘူးလား'

'လိုချင်ပါတယ် အရီ၊ အရီ ပေးရင် ကျွန်တော်ယူပါ့မယ်'

'အခု ယူမသွားနဲ့ဦး၊ ကိုသန်းအောင်ကို အောင်လှလှခတ်ခိုင်းဦးမယ်၊ ဪ....အောက်က သတ်သတ် ဆရာ့ ကဗျာလေးလဲ ရွှေစာလုံးနဲ့ ရေးပေးခိုင်းမယ်'

ကိုသန်းအောင်နှင့် အရီတို့အိမ်မှ ပြန်လာစဉ် ကျွန်တော့် ကဗျာလေးကို ပြန်သတိရမိ၏။

'ဪ....လကွယ်သော ညာ၊
နှမဘယ်ဆီ၊
ရောက်ခဲ့ပြီနည်း....'

မမဝေ ငွေလဝန်း နှမဘယ်ဆီရောက်ခဲ့ပြီကို ကျွန်တော် သိပါ၏။

သည်ငွေလဝန်းကြီးက ဟောသည် ကမ္ဘာသေးသေးလေးမှာ ကျွန်တော့်ဆီ ပြန်လည်ရောက်လာခဲ့လျှင်....

ကုမုဒ....ကြာဖြူပမာ အပြုံးပွင့်နှင့် ကျွန်တော် ဘယ်ပုံကြို့ရပါမည်နည်း။

✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မြန်မာဟူသည်က နှလုံးတစ်ဖြောင့်တည်း ထားတတ်သော လူမျိုးဖြစ်၏။

မေတ္တာနှင့်သစ္စာသည် မြန်မာ့လူမှု ဆက်ဆံရေး လောက၏ ပဲ့ထိန်းတရားများ ဖြစ်ကြ၏။

ဿရာဝါသ၊ သမ္မာဗေဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်ဟု သုံးသပ်ရှုကြသော်လည်း လူတို့ဘောင်၏ အိမ်တောင်ရေး၌ နှလုံး တစ်ဖြောင့်တည်းထားသောစရိုက် ရှိကြ၏။ မင်းဝသ္သာန် နှင့် မယ်မဒ္ဒီသည် မြန်မာ့ အိမ်ထောင်ရေးဘဝ စံပြသဘော နေရာယူထားသည်။ တင်ဦးတည်းသော ချစ်သူမေT ထစ်သက်



တာ မြတ်နိုးကြသည့် နဝဒေးတို့၊ နတ်သျှင်နောင်တို့၏ စာတွေကို ချီးမွမ်း နှစ်သက်ကြသည်။ နှမလက်လျှော့၊ နေရစ်တော့ဟု မြင့်မြတ်သော အကြောင်းကြောင့် ချစ်သူကို အဆုံးတွင် နှုတ်ဆက်ခဲ့သော်လည်း လူပီပီ ချစ်စဉ်တုန်းက အသည်းတုန်အောင် ချစ်တတ်ရှာခဲ့သော အရှင်မဟာရဋ္ဌသာရ၏ စာတွေ တန်ဖိုးထားကြသည်။

ဩော်.... မြန်မာ့မြေမှာ ပန်းမျိုးတွေ ကုဋေကုဋာ ရှိလင့်ကစား ရှားရှားပါးပါး တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်တည်း ပွင့်ရှာသည့် ပိတောက်ပန်းကိုမှ....သည်ပန်းမှ မြတ်ပန်းတော်ဟု ထွတ်တင် ကြင်ချစ်ကြသည်၊

သည်လူမျိုးနှင့် သည်ပရိသတ်။ စရိုက် သည်ပုံရှိတော့.... ပိတောက်ကယ် တစ်နှစ်–အချစ်က တစ်သက်တစ်ခါ ဟူသော ကျွန်တော့် ဝတ္ထုကြီးသည် သိမ့်သိမ့်တုန်အောင် ကျော်သည်။ နှစ်သောင်းကျော် ပထမနှိပ်ခြင်းနောက်မှ ဒုတိယနှိပ်ခြင်းက ကပ်လိုက်ရသည်။

ချီးမွမ်းစာ ကန့်ကွက်စာ တွေလည်း ရောက်လာမစဲ တစ်ဖွဲဖွဲတည်း။

ကန့်ကွက်ကြသည်က အသည်းနင့်လွန်း၍ပါဟု ဆိုကြသည်၊ ဝတ္ထုတွင်းမှ ဇာတ်ကောင်တွေကို အသက်ရှိသော လူသားတွေပမာ သူတို့က ကရုဏာ သက်ကြသည်၊ ဇာတ်လမ်း၌ ချစ်သူနှစ်ဦးကို ခွဲလိုက်သည်အား သူတို့က မကျေနပ် မဟုတ်သော်လည်း လျစ်လျူရှု လက်ပိုက်မကြည့်ရက်ဟု ဆိုကြသည်။ ကြံဖန်ပြီး မြန်ပေါင်းပေးပါဟု မေတ္တာရပ်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာလုံးရေးသူတွေ ရှိသကဲ့သို့ တယ်လီဖုန်းဖြင့် ဆွေးနွေး အကြံပေးကြသူတွေလည်း မရှား။

တစ်နေ့လယ်တွင် စားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာ၏။

စာဖတ်ပရိသတ်တစ်ဦး ဆွေးနွေးပြန်တော့မည် တင်ပြီး စိတ်မောမောနှင့် တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်၏။

တစ်ဖက်မှ အသံက မိန်းမသံပါ၊

'ဟဲလို....ဆရာလေးလှိုင်ပါလား'

'ဟုတ်ကဲ့.... ကျွန်တော် လေးလှိုင်ပါ'

'ဩြော်....ဆရာရေ၊ ကျွန်မနာမည် ဆွေဆွေပါ၊ သုခသျှတ္တ ရုပ်ရှင်က ဦးမေအောင်ရဲ့ သမီးပါ'

'ဩြော်....ဟုတ်ကဲ့'

'ကျွန်မနဲ့ အဖော်တစ်ယောက် ဆရာ့ကို လာတွေ့ချင်ပါတယ်၊ ဆရာ အားပါသလား'

'အားပါတယ် ခင်ဗျာ'

'ဒါဖြင့် အခု လာခဲ့မယ်နော်'

'ဟုတ်ကဲ့ လာခဲ့ပါ'

ဆွေဆွေ၊ လူချင်းတော့မသိ၊ ကျောင်းမှာတော့ တွေ့ဖူးသည်၊ ရုပ်ရှင် သူဌေး သမီးမှန်း သိသည်၊ ဘာကြောင့် မသိ၊ ဆွေဆွေ့ကို ကျွန်တော် နှစ်ကြိမ်မျှ စိုက်ကြည့်မိဖူးသည်။ သည်နောက်တော့ ကိုယ့်ဘာသာသာကိုယ် နေမိသည်၊ ကိုယ်က နှလုံးမှာ ပီတောက်တုံးနေသူပါ။



နာရီဝက်ခန့်အကြာ၌ ကျွန်တော့်အခန်း ဘဲလ် မြည်လာ၏။

တံခါးကို ဖွင့်ပေးလိုက်ပြီးသည် ခဏ၌ ကျွန်တော် မှာ မှင်တက်မိလျက် ခေတ္တ ကျောက်ရုပ်ပမာ မလှုပ်မယှက်ကြောင် ငေးနေမိသည်။

ရှေ့ကတော့ ဆွေဆွေပါ၊ ဆွေဆွေ့ကိုကျွန်တော် ကောင်းကောင်း မှတ်မိပါသည်၊ နောက်ကတော့....

ဩြော်.... လမင်းကြီး သာပါဘိသည်၊ ငွေလမင်းရယ်.... သာပါဘိသည်၊

မမဝေ ဟု နှုတ်မှ ခေါ်မိတော့မည်ကို ထိန်းချုပ်လိုက်ရပြီး ကျွန်တော်သည် အိမ်တွင်း ဝင်ကြရန် လက်ဖြင့်သာ ဖိတ်ခေါ်နိုင်တော့၏။

ကျွန်တော့် စာရေးစားပွဲက အခန်းနံရံတစ်ခုနှင့် ကပ်လျက်ရှိသည်။ သည်ရှေ့ အခန်းလယ်တွင်က စားပွဲပုနှင့် ဆက်တီကုလားထိုင်များရှိသည်၊

မမဝေတို့ကို ဆက်တီတွင် ထိုင်စေ၍ ညှော်ခံရသည်၊

ဆွေဆွေက ပြောသည်၊

'ဆရာနဲ့ ဆွေဆွေ တစ်နှစ်တည်း တစ်တန်းတည်းပဲ ဆရာ၊ ကွန်ဘိုင်နေးရှင်းမတူလို့ ခင်ခွင့်မရပေမယ့် ဆရာ့ကို ဆွေဆွေ သိနေတာပဲ'

'ဆွေဆွေ့ကို ကျွန်တော်လဲ သိပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ အခု တွေ့ကြပြီပဲ၊ ခင်ခွင့်ရလို့ ကျွန်တော် ဝမ်းသာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆွေဆွေလဲ ဝမ်းသာပါတယ်၊ ဪ.... ဒါထက် ဆရာ
ပော့ဒါက မဝေ၊ ဝေဝေတဲ့၊ ဆွေဆွေ ကာဇင်ပါ'

မမဝေက ပြုံးပြသည်။ ဪ....သည့်အပြုံးကို မမြင်ရသည်မှာ ကြာပြီ။ သည်နှုတ်ခမ်း နီနီ၊ သည်သွားအလှ ရှည်ရှည်လဲ့လဲ့၊ ဪ.... မျက်ဝန်းပြာများရယ်၊ ချစ်ခဲ့ရပါသော မျက်တောင်ကော့နှင့် မျက်ဝန်းပြာများရယ်လေ။

မမဝေက တည်ငြိမ်သိမ်မွေ့စွာ ပြော၏။

'ဝေဝေက ဆရာ့ စာဖတ်ပရိသတ်ပါ၊ အစကတော့ ဝေဝေ သိပ်စာမဖတ်နိုင်ဘူး၊ ဖတ်နိုင်လာတော့ ဆရာ့.... သာ ဝေးရာဆီကိုပါ.... ကို စစွဲတယ်၊ သူငယ်ချင်း မစန္ဒာတုန်း ရင်နှင့်ရတယ်၊ အခု နောက်ဆုံး စာအုပ်ကျတော့'

မမဝေသည် စကားကို မဆုံးပဲ ပြုံးပြုံးလေးရပ်ထား၏။

ဆွေဆွေကသာ ရယ်ပြီး ဝင်တိုက်တွန်း၏။

'ပြောလေ၊ ဆက်ပြောလေ၊ အခု နောက်ဆုံးစာအုပ်ကျတော့ ငိုရဘယ်ပေါ့၊ တကယ် ဆရာ၊ ဆွေဆွေလဲ ငိုတာပါ၊ ဆရာ မကောင်းဘူး ဆွေဆွေတို့ကို နှိပ်စက်တယ်'

ပြုံးနေရမည့် သဘာဝမို့ ဇွတ်ပြုံးပြီး ညီအစ်မနှစ်ဦးကို ကျွန်တော် ကြည့်မိသည်။ ယခုမှ ရုပ်ချင်းဆင်ပုံကို သတိထားမိ၏။ ဪ.... လှကြပါသည်။ မမဝေက ပိုလှသည်။ ဆွေဆွေ့ နုဂုဏ်ကို ပြိုင်နိုင်သည်ထက် လွန်၍ ပိုလှနေသည်။

မမဝေသည် ပြုံးရင်းက သက်ပြင်းရှိုက်၍ ပြောသည်။

'ဟုတ်ပါတယ်၊ မမဝေ ငိုမိပါတယ်၊ ဝေဝေ့ရင်ကို နှိုက်တာတိုး၊ ကဗျာလေးကလဲ ပါသေးတယ်လေ၊ ဘာတဲ့



ခြင်ငြင်းရင်လှ....ပင်မင်းမှာ မာလာသွဲ့သည်သို့....၊ ဟုတ်တယ်မဟုတ်လား ဆရာ'

'ဟုတ်....ဟုတ်ပါတယ် မ....မ၊ အဲ....ဒေါ်ဝေဝေ'

မမဝေသည် မျက်လုံးလေး ပြူးပြ၏။

'ဝေဝေ့ကို ဆရာက ဒေါ်ဝေဝေလို့ ခေါ်တယ်'

'ကျွန်တော့်ကို ဒေါ်ဝေဝေက ဆရာလို့ခေါ်တော့ ဒေါ်ဝေဝေ့ကိုလဲ ဒေါ်ဝေဝေလို့ပဲ လေးစားသမှုနဲ့ ခေါ်ခွင့်ပြုပါ'

'အို.... နို့.... ဆရာ့ကို ဆရာ မခေါ်လို့ ဝေဝေ ဘယ်လို ခေါ်ရမလဲ'

ရင်နာသည်။ ကျွန်တော့်ရင် နာလာသည်။ ဘယ်လိုခေါ်ရမလဲ၊ မမဝေရယ် မောင် လို့ မခေါ်နိုင်တော့ဘူးပေါ့၊ ဪ ခေါ်ပါနဲ့တော့၊ မမဝေရယ်၊ မခေါ်ပါနဲ့တော့။

ကျွန်တော်သည် မချိပြုံးကို အပြုံးကြီး လုပ်ပြီး ပြောရ၏။

'ဟုတ်ပါတယ်လေ ခေါ်ပါ၊ ဒေါ်ဝေဝေ ခေါ်ချင်သလို ခေါ်ပါ'

'ကြည့်....ဆရာ သိပ်ပိုင်တယ်၊ ခေါ်ချင်သလို ခေါ်ပါတဲ့၊ ဒါတော့ ဝေဝေကလဲ ပြောရတော့မှာပေါ့၊ ခေါ်ပါ.... ဝေဝေ့ကို ခေါ်ချင်သလိုခေါ်ပါနော်'

ဆွေဆွေက ရယ်၏။

'ဒါဖြင့်နော် ဆရာ၊ ဆွေဆွေ့ကိုတော့ ခေါ်ဆွေဆွေ မလုပ်လိုက်ပါနဲ့၊ တစ်ခါတည်း ဆရာ့ဆီ နောက်မလာတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေနှင့်အတူ မမဝေကလည်း လိုက်ရယ်သည်။ သည်တော့ ကျွန်တော်ကလည်း ရယ်သံလိုက်ပြုရသည်။ ဟံမယ်မင်သည်မြှေ့လယ်တော့ ဟန်ဆောင်မှုတွေနှင့် အချိန်ကုန်ရချည်

မမဝေသည် အရယ်ရပ်ပြီး မျက်နှာလေးကို တည်လိုက်၏
'တစ်စုံတစ်ခုဟာ ရင်ထဲမှာ စကားပြောလာရင် အဲ့ဟာ ရှာရတယ်၊ အထူးသဖြင့် ဝေဝေကတော့ ရှာရတယ် ဝေဝေ့ကို ခွင့်ပြုပါ၊ ဆရာ့ဝတ္ထုက ဝေဝေ့ရင်ထဲမှာ စကားတွေ လာပြောနေတယ်၊ ဆရာ့ဝတ္ထုထဲက ချစ်ခြင်းမေတ္တာ မတ်သက်တဲ့ အတွေးအခေါ် သဘောဟာ ဝေဝေနဲ့ သိ ရင်းနှီးနေတယ်၊ ဝေဝေ့ကို တစ်စုံတစ်ယောက်က ပြောနေ သလား၊ တစ်နေရာရာမှာ ဒီသဘောကို ဝေဝေ ဖတ် သလား၊ ဆရာ့ ကိုယ်ပိုင်အတွေးအခေါ် ဆိုရင်တော့ ဆရာ ဝေဝေ စော်ကားသလို ဖြစ်နေတော့မယ်၊ ဒါပေမယ့် ဝေဝေ သိချင်တယ်၊ ဩြော်...တစ်ခုလဲ ဆရာ့ကို ပြရဦးမယ်'

မမဝေသည် လက်ဆွဲအိတ်ကို ဖွင့်လိုက်ပြီး စာအုပ် တ အုပ်ကို ထုတ်လိုက်သည်။ မြတ်စွာဘုရား၊

ကြယ်မကြွေသော ညများပါ၊ မမဝေ ကိုယ်တိုင် လက်ရေးလေးတွေနှင့် ရေးပေးခဲ့သော ကြယ်မကြွေသော ညများပါ၊

'ဒီဝတ္ထုကို ဟိုတစ်နေ့ကမှ ဆွေဆွေပေးလို့ ဝေဝေ ဖတ် တာပါ၊ ဝေဝေ ကြိုက်ပါတယ်လေ၊ သိပ်ကြိုက်ပါတယ်၊ ဒါ ပေမယ့် ဖတ်နေရင်း ရွှေ ဘာဖြစ်တော့မယ် ဆိုတာ ဝေ



အလိုလိုသိနေတယ်၊ တခြား ဆရာ့ဝတ္ထုတွေ ဖတ်လို့ ဝေဝေ ဒီလို မဖြစ်ဘူး၊ ဆရာ့ ဝတ္ထုတွေက ဇာတ်လမ်းကို ဘယ်လိုမှ ကြိုတင်ခန့်မှန်းနိုင်တာ မဟုတ်ဘူး၊ ဆရာက ဇာတ်လမ်း စာ ရေးဆရာ မဟုတ်ဘူး၊ ဇာတ်ကောင် စာရေးဆရာ၊ ဝေဝေ ဒါကို သိပါတယ်၊ ဒါပေမယ့် ဒီဝတ္ထုကျတော့ ဝေဝေ သိနေ တယ်၊ အညိုထွေး....အဲ....အညိုထွေးကိုတောင် ဝေဝေ မှတ်မိ နေတယ်၊ ဆရာ အညိုထွေးကို သိတယ် မဟုတ်လား'

'ခင်ဗျာ....အညိုထွေး'

'ဩြော်...ဆရာကလဲ ဆရာ့ ဝတ္ထုထဲက မင်းသမီးလေး ချောင်းသာတ'

'ဩြော်....ဟုတ်ကဲ့ ...အင်း....အင်း'

'အဲဒီချောင်းသာဆီလဲ ဝေဝေရောက်ဖူးသလိုပဲ၊ ကျောက် ဆောင်နဲ့ ပင်လယ်လှိုင်းတွေ၊ ဟိုးအဝေးကြီးမှာက သဲဖြူကျွန်း ကလေး၊ အုန်းတောတွေထဲ ဖြတ်ကျနေတဲ့ ငွေလရောင်၊ ထား ပါတော့လေ ဝေဝေ ရောက်ဖူးချင်လဲ ရောက်ဖူးမှာပေါ့၊ ဒါ ပေမယ့် ဆရာ ဒီဝတ္ထုကို ဝေဝေ ဘာလို့ကြိုတင်သိနေရသလဲ'

သတိ၊ လေးလှိုင် သတိ။ ရင်တစ်ခုလုံး ခံစားမှုတွေ နှင့် အောင် သည်းအောင် ဖုံးလာလင့်ကစား သတိကို ကျွန်တော် မလွှတ်ပါ၊

မမဝေ၏ ညှိုးသယောင်ဖြစ်နေသောမျက်နှာလေးကို ကျွန် တော် တစ်ချက်ငေးကြည့်မိသည်၊ ကိုယ့်ဘဝ အတွက်တော့ ဝမ်းနည်းသည်၊ မမဝေကိုတော့ ကရုဏာသက်မိသည်၊ ဩြော် ဖြစ်ရလေ မြစ်ရှာလေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အသာအယာရယ်၏၊ ဘာမျှ အမှုမကြီးသည့် သဖွယ် ရယ်လိုက်ရ၏၊

'ဒေါ်ဝေဝေ အင်္ဂလိပ်ဝတ္ထုတွေ ဖတ်ဖူးလား'

'ဟုတ်ကဲ့၊ တစ်ခါက.... အင်း.... တော်တော်ဖတ်ဖူးတယ် ထင်တာပဲ'

မမဝေစကားမှ ထင်တာပဲဟူသော စကားကို ကျွန်တော် သတိပြုမိ၏၊ သို့ရာတွင် အမှုတမဲ့ဟန်ဖြင့် ကျွန်တော် ဆက်မေးသည်။

'သောမတ်စ်ဟာဒီရဲ့ ဝတ္ထုတွေ ဖတ်ဖူးသလား'

မမဝေသည် မျက်လုံးများကို အပေါ်သို့ မော့ပြီး စဉ်းစားသယောင် ပြု၏၊

'ဝေဝေ မှတ်မိသလိုပဲ၊ နေဦး....ဟိုဒင်း....ဝက်စ်.... ဝက်စ်ဘာ....'

'ဟုတ်ပါတယ် ဝက်စ်ဆက်စ်ပါ၊ ဟာဒီက ဝက်စ်ဆက်စ်နယ်ကို အမြဲနောက်ခံထားပြီး သူ့ဝတ္ထုတွေကို ရေးလေ့ ရှိတယ်၊ ကျွန်တော် ကြယ်မကြွေသောညများရေးစဉ်က သောမတ်စ်ဟာဒီရဲ့ ဩဇာဟာ ကျွန်တော့်ပေါ် လွှမ်းနေတယ်၊ သောမတ်စ်ဟာဒီရဲ့ ဇာတ်လမ်းတွေနဲ့တောင် ဆင်နေလိမ့်မယ် ထင်တယ်၊ ဒီတော့ ဇာတ်လမ်းကို ဒေါ်ဝေဝေသိသလို ဖြစ်နေမှာပေါ့၊ ပြီးတော့ အဲဒီဝတ္ထုဟာ ကျွန်တော့် ပထမဆုံး လက်ရာ၊ ကျွန်တော့် အရေးအသားဟာ မပိရိသေးဘူး'



မမဝေသည် တွေတွေလေး စဉ်းစားနေ၏၊ ပြီးမှ သက်ပြင်းလေးချပြီး ဆို၏။

'ဆရာ ရှင်းပြသလိုဆိုတော့ ဟုတ်မယ် ထင်တာပါပဲလေ၊ အင်းလေ ဟုတ်မှာပေါ့၊ ဝေဝေ အဲဒီအချက်ကို မစဉ်းစားမိဘူး'

မမဝေသည် ဝတ္ထုစာအုပ်ကို လက်ဆွဲအိတ်တွင်း ရိုရိုသေသေ ပြန်ထည့်၏၊

ဆွေဆွေက ဝင်ဖောက်သည်၊

'အခုဟာကတော့ ရှင်းပါပြီ၊ ဒါပေမယ့် စောစောက မမဝေပြောတာဂကော'

'ဘယ်ဟာလဲ ဆွေဆွေ'

'ပိတောက်ကာယ် တစ်နှစ်၊ အချစ်က တစ်သက်တစ်ခါ.... ဝတ္ထုထဲက ဖီလက်ဆက်ဖီအော့ဖ်လဗ် (ချစ်ခြင်းအဘိဓမ္မာ) ဟာလေ'

သည့်ညီအစ်မ အတိုင်အဖောက် ညီသည်။ ဩော်....ဆွေဆွေ့လို မိန်းမလှလေးများကလည်း ချစ်ခြင်း အဘိဓမ္မာကို စိတ်ဝင်စားတတ်သည်၊

'ဩော်....ဒါနဲ့ပတ်သက်ပြီး အင်္ဂလိပ် ကဗျာတစ်ပိုဒ် ရှိသားပဲ'

'ဘယ်ကဗျာလဲ ဆရာ'

'အနိုက်တ်ဟက်စ်အာ သောင်းဆဲင်းဒ်အိုင်းစ်'

မမဝေ၏မျက်နှာလေးသည် ဝင်းလက်သွား၏၊ အပြုံးနှင့်အတူ နှုတ်ခမ်းလေးများ လှုပ်ရှားလာပြီးလှပစွာ သံပိုက်ရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အနိုက်တ် ဟက်စ် အာ သောင်းဆင်းဒ် ဆိုင်းစ်၊ ဘတ်ထ် သဓေးဟက်စ် ဝမ်န်၊ ပြီးတော့ ဘာပါလိမ့်၊ ကြားထဲကဟာ တွေ မေ့ကုန်ပါပြီ၊ ဪ...ဒုတိယအပိုဒ်က အမိုင်းဒ် ဟက်စ် အာ သောင်းဆင်းဒ် သော့တ်စ်၊ ဘတ်ထ် သ ဟားတ် ဟက်စ် ဝမ်းန်၊ ဟုတ်တယ်မဟုတ်လား ဆရာ'

'ဟုတ်ပါတယ် ဒေါ်ဝေဝေ၊ ညမှာက ကြယ်တွေများပေမယ့် နေ့မှာတော့ နေတစ်လုံးတည်းပါတဲ့၊ မျက်လုံးဖမာနဲ့ သူက နိူင်းတယ်၊ စိတ်မှာက အတွေးတွေ အနန္တ၊ နှလုံးသား မှာတော့ ချစ်တာတစ်ခုတည်းပါတဲ့၊ နေမင်းကြီးကွယ်တော့ အမှောင်ဖုံးတယ်၊ အချစ်ကွယ်တော့ ဘဝသုဉ်းတယ်၊ အဲဒီ သဘောကို မြန်မာမှုပြုပြီး မိုးတာပါ'

မမဝေက ပြုံးချိုချိုနှင့် ကျွန်တော့်ကို စိမ်းစိမ်းစိုက်ကြည့် သည်။

လုပ်ပါ မမဝေ၊ လုပ်လိုက်စမ်းပါ။ မမေ့နိုင်သော သည် အပြုံးနှင့် သည်အကြည့်ကိုမှ လုပ်လိုက်ပလေ၊

ပြုံးချိုချိုနှင့် စိမ်းစိမ်းစိုက်ကြည့်ရင်းက မမဝေဆိုသည်။

'အဲဒါနဲ့ ဆရာကလဲ စပ်သပေါ့လေ၊ မဆင်ငြင်းရင်လှ...၊ ပင်မင်းမှာ မာလာသုဉ်းသည်သို့...၊ ဘဝမှာ ပိုတောက်တုံး ဝေလိမ့်...၊ ဆံထုံးနောင်မပြင်နဲ့...၊ ဆံထုံးနောင်မပြင်နဲ့...၊ ဆံထုံးကို နောင်မပြင်နဲ့...တဲ့၊ ဒါပေမယ့် ဆရာရယ် ဆရာ မင်းသမီးမျာက ဆံထုံးကို နောင်မပြင်ရရှာပါကလား'

ပြုံးချိုချိုနှင့် စိမ်းစိမ်းစိုက်ကြည့်နေသော မမဝေ၏ မျက် လုံးတို့တွင်လည်း မျက်ရည်လဲ့လဲ့ ဝဲနေသည်။



ထိုစဉ် ဆွေဆွေက 'မမဝေ....ဟိုမှာ' ဟု ရုတ်တရက်ပြော ၏။

ဆွေဆွေက ကျွန်တော့်စာရေးစားပွဲအနောက်ရှိ နံရံ၌ချိတ် ထားသော ပန်းချီကားကို ညွှန်ပြနေသည်။

'မမဝေ.... အဲဒါ မမဝေ ဝယ်သွားတဲ့ ပန်းချီမဟုတ်လား'

ကျွန်တော် တုန်လှုပ်သွားသည်။ သည်ဘစ်ကြိမ် ဘယ်လို လိမ်ရပါ့။

မမဝေသည် နေရာမှထပြီး ပန်းချီကားကို ကြည့်၏။

ပန်းချီကားအောက်တွင် ဘောင်ခတ်ထားသော ရွှေစာလုံး နှင့် ကဗျာကလည်း ရှိနေ၏။

မမဝေသည် ဖြည်းညင်းစွာနှင့် နေရာသို့ ပြန်လာထိုင်၏၊

'ဆရာ'

'အင်....ခင်ဗျာ'

'အဲဒီပန်းချီ ဘယ်ကရတာလဲ ဟင်'

'ကဗျာက စာပါ ဒေါ်ဝေဝေ၊ ကိုသန်းအောင်က ကဗျာကို ပန်းချီဆွဲပြီး မူလပုံကြမ်းကို ကျွန်တော့်ကို လက် ဆောင်ပေးထားတာပါ'

'ဒါဖြင့် ကဗျာက ဆရာစပ်တာပေါ့နော်'

ကဗျာအောက်မှာက လေးလှိုင်ဟု ရေးထားသည်။ မမဝေ မြင်ပြီးလေပြီမို့ ကျွန်တော်က ခေါင်းညိတ်ပြရ၏။

www.burmeseclassic.com

www.burmeseclassic.com



မမဝေသည် မျက်လုံးလေးများကို ပိတ်လိုက်၏၊ မျက်လုံးပိတ်၍ အထန်ကြာငြိမ်နေသောကြောင့် ဆွေဆွေနှင့်ကျွန်တော်တို့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြသည်၊

ဆွေဆွေ၏ မျက်နှာလေးသည် စိုးရိမ်ဟန်သို့ ပြောင်းသွားပြီး 'မမဝေ....မမဝေ၊ ဘာဖြစ်သလဲ' ဟု မေးသည်၊

မျက်လုံး ပိတ်ထားလျက်က ပြုံးပြီး မမဝေသည် ခေါင်းခါပြ၏၊ မနှောင့်ယှက်ပါနှင့်ဟု ဆိုဟန် လက်ဝါးလေး တစ်ဖက်ကိုလည်း ထောင်ပြ၏၊

မကြာပါ၊ မမဝေသည် ချိုလွင်သာယာစွာဖြင့် ကဗျာကို ရွတ်၏၊

'ပန်းတိုင်းအိပ်စက်
နေ့ကိုမက်သည်
ညနက်သဘင်
လှမဆင်လို
နှင်းလျှင်ဖိုးဖြောက်
ထံခါးခေါက်လည်း
မိုးသောက်ထိအောင် အိပ်ရက်သည်။'
ကုမုဒြာ
ကျွန်ုပ်သာလျှင်
မျက်နှာငယ်သော
ကြယ်၏တောမှ



တိမ်ကြောဆန်သူ
ပန်းချစ်သူကို
လှသူဆိတ်တုန်း
ညနက်တုန်းမှာ
အပြုံးပွင့်နှင့် ကြိုပါ၏'

ဆွေဆွေသည် နားမလည်ဟန်ဖြင့် မမဝေကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်နေသည်၊ ကျွန်တော်ကမူ ပြုံးထားလျက်နှင့် အံကိုလည်း ကြိတ်ထားရ၏၊

မမဝေကမူ မျက်လုံးမှိတ်လျက်နှင့်ပင် ကဗျာကို ဆက်ရွတ်နေ၏၊

'ဪ....လကွယ်သောည
နှမဘယ်ဆီ
ရောက်ခဲ့ပြီနည်း
နာရီပြန်ညောင်း
ညပေါင်းရင့်ရှည်
မှောင်သည်ပိန်းပိန်း
သန်းယိမ်းလွန်လွန်း
တံခွန်သောက်ရှူး
အရှက်ကူးစေ
ချစ်ဦးသူကို စောင့်ပါမည်'

www.burmeseclassic.com

www.burmeseclassic.com



မမဝေက မျက်လုံးများကို ဖြည်းညင်းစွာ ပြန်ဖွင့်လိုက်၏။ မျက်နှာက ပြုံးဆဲပါ။ မျက်လုံးများမှာတော့ မျက်ရည်တွေ ရှိတွဲနေ၏။

'ဆရာ'

'ဗျာ...မမဝေ'

'ဪ... ဒေါ်ဝေဝေလို့ မခေါ်တော့ဘူးပေါ့၊ ဟုတ်လား'

ခေါ်ပါတော့ လေးလှိုင်ရယ်၊ နင်သဘောပါတော့။

'ချော်...အဟင်း...ဟုတ်ကဲ့၊ ဆွေဆွေခေါ်သလို ယောင်ခေါ်မိပါတယ် ဒေါ်ဝေဝေ'

မမဝေက ကျွန်တော့်မျက်လုံးများကို စူးစူးရဲရဲကြည့်ပြန်သည်။ သည်အကြည့်ကို ကျွန်တော် မှတ်မိပါသည်၊ ကျွန်တော့်ရင်ကို စာဖတ်သော အကြည့်ပါ။

'ဒီကဗျာကို ဝေဝေ ရနေပြန်တယ်၊ ဆရာ ဘာပြောမလဲ'

'ဒီကဗျာကို ကျွန်တော် စပ်ခဲ့တာ ကြာပါပြီ၊ မဂ္ဂဇင်းထဲမှာ ပါပါတယ်၊ မမ...အဲ... ဒေါ်ဝေဝေ နှစ်သက်လို့ အလွတ်ကျက်မိဖူးတယ် ထင်ပါတယ်'

မမဝေသည် ငိုင်ငိုင်လေးဖြစ်သွား၏။

ခဏအကြာ၌ ညည်းညည်းလေး ဆို၏။

'အင်းလေ...ဟုတ်မှာပါပဲ၊ ချောင်းသာတုန်းက အညိုထွေး ကျက်ထားတာ မဟုတ်ဘူးပေါ့'



'ချောင်းသာတုန်းက အညိုထွေး၊ ဒေါ်ဝေဝေ ဘာပြောတာလဲ'

မမဝေသည် နဖူးလေးတွန့်ပြီး မဲ့မဲ့လေး ဖြစ်သွားကာ ခေါင်းလေးငိုက်လျက် နားထင်တစ်ဖက်ကို လက်မလေးဖြင့် နှိပ်၏။

ဆွေဆွေသည် မမဝေနား တိုးသွားပြီး မမဝေ၏ ပခုံးလေးကို ကိုင်လျက် မေးသည်။

'မမဝေ ဘာဖြစ်သလဲ၊ ခေါင်းကိုက်လာသလား'

'အို...ဟုတ်ပါဘူး၊ မမဝေ ခေါင်းထဲနည်းနည်းရှုပ်သွားလို့ပါ၊ ကိစ္စမရှိတော့ပါဘူး'

မမဝေက ကျွန်တော့်ကို ပြုံးပြ၏။ သည်အပြုံးက နွမ်းနယ်သည်။ တစ်စုံတစ်ရာ ဝေဒနာသဘောကိုလည်း ဖော်ပြသည် ထင်၏။

ဆွေဆွေ့ အမူအရာမှာသည်း အားနာဟန် ပေါ်နေသည်။ မျက်လုံးလေးများက တောင်းပန်သည့် အဓိပ္ပာယ်ကို ဆောင်လျက် ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော့် ရင်တွင်းမှာ မကောင်းပါ၊ ဘယ်ပုံမှ မကောင်းပါ၊ ညီအစ်မနှစ်ဦးကို ကရုဏာနှင့် ပြန်ကြည့်မိ၏။

တစ်ဦးက ဘာကိုမျှမသိရှာသူ၊ တစ်ဦးက ဘဝ တစ်ခေတ် တစ်ခေသကို မေ့နေသူ၊ ပေါ်လာသမျှ စိတ္တ၏ အမူပိစလေးတွေကို စမ်းတဝါးဝါး လှမ်းဆွဲနေရသူ။

www.burmeseclassic.com

www.burmeseclassic.com



ဪ....သိသူက ကျွန်တော်ပါ။ သိသူ ကျွန်တော်ကလည်း သိသမျှကို ဖော်ခွင့်မရှိတော့သော ဘဝမှာပါ။ ဪ....သည် ဘဝကိုပင် စိတ်နာချင်သည်၊ တခြား ဘာကိုမှ စိတ်မနာချင်ပါ။

မမဝေ၏ အပြုံးလေးက ပြန်ကြည်လာပြီး နှုတ်ဆက်စကားကို စတင်ဆိုသည်။

'ဝေဝေတို့ ပြန်ပါတော့မယ်၊ ဝေဝေတို့ကို လက်ခံတွေ့ဆုံလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ဆရာ့ကို လာနှောင့်ယှက်သလို ဖြစ်နေရင်လဲ ခွင့်လွှတ်ပါ၊ ဪ....ဟောဒါလေးတော့ လုပ်ပေးနော် ဆရာ'

မမဝေက လက်ပွေ့အိတ်ကို ဖွင့်ပြန်ပါသည်။

ကြယ်မကြွေသောညများ ဝတ္ထုစာအုပ်ကို ကျွန်တော့်ထံ လှမ်းပေးပြီး ဆို၏။

'ဒီစာအုပ်ပေါ်မှာ ဆရာ့လက်မှတ်ထိုးပေးပါ'

သည်တစ်ခါတော့ ကျွန်တော် ငိုချင်သည်။

ဪ....ဟိုးတစ်ချိန်မှာ ပိတောက်တွေခြွေကြရင်း မမဝေကို ကျွန်တော် ကတိပေးဖူးသည်၊ ကျွန်တော် ့ပထမဝတ္ထုကြီးကို မမဝေသို့ ရည်ညွှန်းချက် ပြုပါမည်ဟု၊

ရည်ညွှန်းချက် ခွင့်ကံက မကြုံပါ၊ သည်ဝတ္ထုထွက်စဉ်ကလည်း သည်ဘဝ သည်မျှဟု ပြည့်ဖုံးကား လုံးလုံးချရသည်မို့ မမဝေကို ရည်ညွှန်းချက် ကျွန်တော် မပြုလိုက်ပါ၊

ယခုတော့....



မမဝေ လှမ်းပေးသော စာအုပ်ပေါ်တွင် ကျွန်တော်က မျက်ရည်စို့ရင်း လက်မှတ်ထိုးပေးရသည်။

ကျွန်တော်က ပြန်ပေးလိုက်သော စာအုပ်ကို သေချာစွာငုံ့ကြည့်ရာမှ မမဝေသည် မော့လာကာ ကျွန်တော့်ကို ပြုံးချိုချို နှင့်ကြည့်သည်။

ကိုယ့်လက်မှတ်ကို ကိုယ်ပြန်လှမ်းကြည့်မိသည်။

သတိထားသည့်ကြားမှ မသိစိတ်က လုပ်လိုက်ပြန်လေပြီ။

လက်မှတ်က ပြနေသည်။ မမဝေသို့.... လေးလွင်။

သွားလဲ့လဲ့များ ပေါ်အောင် ထပ်ဆင့်ပြုံး၍ မမဝေက ပြောသည်။

'ဒေါ်ဝေဝေ မဟုတ်ဘူးနော်'

'ဪ....ဟုတ်ကဲ့၊ မ....မမဝေ မကြိုက်ဘူးလား'

'ဟွန်း....ဆရာ ပိုဘယ်၊ မကြိုက် ရှိမလား'

ဆရာ ပိုတယ်၊ အင်း....အင်း ဆရာပိုတယ်၊ မောင် ပိုတယ်၊ မောင်ပိုတယ်တော့ မဟုတ်တော့ဘူးပေါ့၊ ဪ.... မဟုတ်တော့ဘူးပေါ့၊

မမဝေတို့ ညီအစ်မ ပြန်သွားသောအခါ စာရေးစားပွဲတွင် ကျွန်တော် ထိုင်သည်။ စားပွဲပေါ် လက်ထောက် မျက်နှာမှောက်ပြီး ကျွန်တော်ငိုသည်၊

မျက်ရည်တော့ မကျပါ၊ ရှိုက်သံလည်း မထွက်ပါ။

ရင်ထဲတွင်လာလှိုက်ပြီး ကျွန်တော် ငိုမိပါ၏။

✸

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ပုသိမ်မြေဆီ ကျွန်တော် ပြန်မရောက်သည်မှာ ကြာပြီ။

ထင်ရှားကျော်ကြားလာပြန်တော့ ပုသိမ်မှာ ကျွန်တော် ပညာသင်သွားမှန်း ပုသိမ်ပရိသတ်က သိလာကြသည်။ ပုသိမ်သို့ လာပြီး စာပေဟောပြောရန် ပုသိမ် ပရိသတ်က ဖိတ်ကြသည်။ ဖိတ်ကြသူများတွင် ကျွန်တော့် ကျေးဇူးရှင် ဆရာ-ဆရာမဟောင်းများ ပါကြသည်။

ဩော်....ဆရာတို့မည်သည် လောကတွင် အောင်မြင်ကျော်ကြားသော တပည့်ကို ပြန်လည် တွေ့ချင်ရှာပေမည်။ သူတို့ ပျိုးလိုက်သော အပင်လေး သီးပွင့်နေသည်ကိုမြင်ချင်ပေမည်။ သူ့ကို လက်ညှိုးထိုးပြပြီး တပည့်သစ်တွေ အားကျ ကြိုးစားလာအောင် သွန်သင်ချင်ပေမည်။



တကယ်တော့ ပုသိမ်ကို မပြန်ဝံ့သည့်အကြောင်း ယခု ကျွန်တော့်မှာ မရှိပြီ။

ဆွေဆွေနှင့်က ဆက်လက်ပြီး ကျွန်တော် အဆက်အသွယ် ရသည်။ ကလေးမ၏ရည်မှန်းချက်က သန့်ရှင်းဖြူစင်လုံ့လောက်သည်။

ဘွဲ့ရအပြီးတွင် ဖခင်၏ ရုပ်ရှင် လုပ်ငန်း၌ ဆွေဆွေက ဇောက်ချဝင်လုပ်သည်။ ပရော့ဒတ်ရှင်းမန်နေဂျာခေါ် ထုတ်လုပ်မှု ဦးစီးသူဖြစ်အောင် ကြိုးစားနေသည်။ ပညာတတ် ငယ်ရွယ်သူ ဖြစ်သောကြောင့် ပိုက်ဆံက ပထမ၊ အနုပညာက ဒုတိယ ဖြစ်နေသော အစဉ်အလာကို မယ်ဖျက်ချင်သည်။ အဲသည်အတွက် ကျွန်တော် ထံမှ အကူအညီနှင့် အကြံဉာဏ် လိုချင်သည်။ အနည်းဆုံး တိုင်ပင်နိုင်သော မိတ်ဆွေတစ်ယောက်အဖြစ် ကျွန်တော့်ကို အလိုရှိသည်။

ကမ္ဘာလေးသေးသေးမှာ ကြုံရသည့်အဖြစ်ကို ရင်နာသည့်ကြားမှ ပြုံးမိရသေး၏။

ကြာခဲ့ပြီဖြစ်သောအချိန်က မခင်လှ အမှတ်မထင် ပြောခဲ့သော စကားကို ယခုမှ သတိရသည်။ မမဝေမှာက ဝမ်းကွဲညီမ ရှိသည်။ သူ့အဖေက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်။ အမ်ကို သန်းဟန်နှင့် မမဝေ၊ ကျွန်တော်နှင့် အဲသည်ညီမ။

အဲသည်ညီမက ယခုတော့ ဆွေဆွေဖြစ်နေလေပြီ။ ဩော် ဆွေဆွေ....မမဝေလိုပင် မျက်တောင်ကော့၊ မျက်စန်းပြာ၊

www.burmeseclassic.com



အသားနုဝါဝါနှင့် ဆွေဆွေ။ ကျွန်တော်ပင်လျှင် တစ်ချိန်က နှစ်ကြိမ် မှတ်မှတ်ရရ ခိုက်ကြည့်မိဖူးသော ဆွေဆွေ၊

ယခု ကိုယ့်ရင်မှာက ပိတောက်ဘုံးလေပြီ။ သံသရာသည် တစ်ခေတ်အတွက်မှ တစ်ခါပွင့်ပြီးလေပြီမို့ ပိတောက်က တုံးခဲ့လေပြီ၊

ဆွေဆွေနှင့် မိတ်ဆွေတော့ဖြစ်လာခဲ့ပါသည်။ ဆွေဆွေ ထံ မှပင် မမနီတို့ ပြည်မြို့တွင်နေကြောင်း သိရသည်၊ နိုင်ငံခြား ပညာသင် သွားထားသောကြောင့် ဖယ်စ်ကို သွန်းဟန်သည် အစိုးရအလုပ်မှ ထွက်ခွင့်မရသေးဟန် တူသည်။

ပုသိမ်မှာ မမဝေ မရှိမှန်းသိတော့ ပုသိမ်သို့ မပြန်ဝံ့သည် အကြောင်း ကျွန်တော့်မှာ မရှိပြီ၊

သည်နှစ် စာဆိုတော်အချိန် နှင်းတော်လတွင်း၌ ရွှေဖော် စာရေးဆရာများနှင့်အတူ စာပေဟောပြောပွဲ အတွက် ကျွန် တော် ခရီးထွက်ခဲ့သည်၊

ရန်ကုန်မှ ထွက်လာကြပြီး ဟင်္သာတတွင် တစ်ပွဲ၊ မြို့သေ သလောက် အဖက်ဖက်က တက်ကြွပြီး သမိုင်း အစဉ်အလာ သော ငါးသိုင်းချောင်းမြို့တွင် တစ်ပွဲ၊

ငါးသိုင်းချောင်းမြို့မှ ပုသိမ်သို့ ဝင်ကြသည်။

စာပေဟောပြောပွဲကို နံနက်ပိုင်း၌ မင်းကြီးလမ်းရှိ ရွှေပြည် တော် ရုပ်ရှင်ရုံကြီး၌ ကျင်းပကြသည်။

ဟောပြောပွဲအပြီး၌ ကျွန်တော့်ထံ လာနှုတ်ဆက်ကြသူ ထဲတွင် ပြုံး ဖြီးဖြီးနှင့် ကိုဘိုကေကြီးကို တွေ့ရ၏။



'ဟာ…ကိုဘိုကေကြီး ဝပြီး ဖြူနေပါလား၊ မတွေ့ကြတာ ကြာပြီနော်'

'ကြာပြီပေါ့၊ ဝပြီး ဖြူနေတာက ငါ အခု မာလီမှ မလုပ် တော့ပဲ'

'ဟုတ်လား၊ အခု ဘာလုပ်နေလဲ'

'အိမ်ထောင်ကျပြီးကတည်းက ငါစီးပွားရေးလုပ်နေတယ်၊ ဈေးထဲမှာ ကုန်သေးဆိုင် ဖွင့်ထားတယ်'

'အိမ်ထောင်တောင် ကျပြီးပြီ၊ ဘယ်သူနဲ့လဲ၊ ထွေးဆင့် နဲ့လား ထွေးမြင့်နဲ့လား'

အနီးတွင် လူတွေရှိနေသောကြောင့်လားမသိ ကိုဘိုကေက ကျွန်တော့် လက်ကို ဆွဲခေါ်၏၊

'လာကွာ…ဟိုနားသွား စကားပြောကြရအောင်'

လူရှင်းရာ ထစ်ထောင့်သို့ ရောက်သောအခါ ကျွန်တော်က မေး၏၊

'ပြောလေကွာ၊ ထွေးဆင့်နဲ့လား ထွေးမြင့်နဲ့လား'

'အဟိး…ဟိုဒင်း…အဲ…ထွေးဆင့်မြင့်'

'ဘယ်လို၊ ထွေးဆင့်မြင့်'

'ကိုယ့်လူ စာရေးဆရာလုပ်ပြီး နားဝေးတယ်၊ ထွေးဆင့် နဲ့ရော ထွေးမြင့်နဲ့ပါ၊ ချီး…ဖွင့်ပြောနေရပြီ'

'ဟာ… လုပ်လှချီလား၊ စွံမယ့် စွံတော့လဲ နှစ်ယောက် လုံးနဲ့'

'ငါကိုယ်၌ကလဲ မရှင်းဘာကိုး၊ မချောတွေကလဲ ညီအစ်မ မခွဲနိုင်ဘူးတဲ့၊ ငါကွာ သေချင်စော်နံရော'

www.burmeseclassic.com

www.burmeseclassic.com



အံ့မယ်...ခင်ဗျားက သေချင်စော်နံရသေးတယ်’

‘ဟာ....နှစ်ယောက်ကြီးများတောင် လုပ်ကျွေးရမှာ၊ မင့်အဒေါ် ကပ်စေးနဲ့ကြီးကလဲ ငါ့ဘယ်လောက်ပေးလို့လဲ၊အခုတော့လဲသူ့ ပါနဲ့သူဖြစ်သွားတာပါပဲ၊ငါ့အကြောင်းထားဦး။ မင့်အကြောင်း မေးရဦးမယ်’

‘ဘာလဲ’

‘မင်း....မင်း....တစ်ယောက်တည်းထွက်သွားတာနော်’

‘တစ်ယောက်တည်း ထွက်မသွားလို့ ခင်ဗျားက ဘယ်သူ့ခေါ်သွားတယ် ထင်လို့လဲ’

‘ဟာ....ဒီမှာက အမျိုးမျိုး ဖြစ်ကျန်ရစ်တာ၊ မင်းကလဲ ပျောက်သွား၊ တစ်ခါ ဝေဝေကလဲ ပျောက်သွားတော့ မင်း စဉ်းစားကြည့်လေ’

‘ဗြော....မမဝေက ဘယ်ပျောက်သွားတာလဲ’

‘မင်း မသိသေးဘူးထင်တယ်၊ ဝေဝေကလဲ အဲဒီနေ့ကပဲ ပျောက်သွားတာ၊ ထင်ချင်တာ ထင်ကုန်ကြတာပေါ့၊ နောက်တော့မှ ဝေဝေ့ထားကို ဘူတာမှာ တွေ့တယ်၊ ရထားကတော့ ထွက်သွားပြီ၊ ကမ်းနားမှာ သတင်းစာတွေ စာအုပ်တွေရောင်းတဲ့ လူက မင်းကို တွေ့လိုက်ရတယ် ပြောတယ်၊သူကပြောတယ် မင်းတစ်ယောက်တည်းတဲ့၊ ထိုင်ငိုင်နေတာတောင် တွေ့ရသတဲ့ ဒီတော့မှ ရှင်းသွားကြတာပေါ့ကွာ၊အေး....အဲဒါနဲ့ ဆက်ပြောရဦးမယ်၊ တစ်လကျော်ကျော်ကြာတော့ ဝေဝေ ပြန်ရောက်လာတယ်၊ ထွေးဆင့်တို့ပြောတော့ ကားလဲ အတိုက်ခံထား



ရလို့ ခေါင်းထိပြီး မေ့တာတွေ မေ့နေတယ်တဲ့၊ အေး....မဟုတ်တာတော့ သတိရနေတယ်တဲ့’

‘ဘာ့မဟုတ်တာ သတိရတာလဲ’

‘သတိရတာ မဟုတ်ပါဘူးလေ၊ ငါ ဘယ်လိုပြောရမလဲ၊ ဟိုဒင်း....ထင်မိထင်ယောင်ဆိုတာမျိုးပေါ့ကွာ၊ ဝေဝေက သူ ကိုသန်းဟန်နဲ့ လက်ထပ်ပြီး ဟိုဒင်းဟာကွာ ဗိုလ်ဆန်ဆန် လင်မယားရစ ခရီးထွက်လာတာ ဘာခေါ်လဲ’

‘ဟန်းနီးမွန်း’

‘အေး....အဲဒါ ထွက်သွားတာတဲ့၊ အဲဒီတုန်း ကားတိုက်ခံရတာတဲ့၊ ကြုံကြုံဖန်ဖန်ကွာ၊ မကြိုက်လို့ အိမ်ကထွက်ပြေးပြီးပြီပဲ၊ အခုတော့ မကြိုက်တဲ့လူကို ကိုယ့်ယောကျ်ား ထင်နေတယ်၊ ဒါနဲ့ပဲ သူတို့ ချော်လဲ ရောထိုင် လုပ်လိုက်ကြတာ အခုတော့ ဟန်ကျသွားတာပေါ့လေ’

ဂူစန္ဒြမပျက် နားထောင်နေရင်းက ကျွန်တော့် အသည်းမှာ လဒအောင့်သည်။

မမဝေသည် သူ့မှာ ချစ်လင်ရှိသည်ကိုတော့ ရေးရေးလေး မှတ်မိဟန်တကား၊ သို့ရာတွင် သူ့ချစ်လင်က ကျွန်တော်မဟုတ်၊ ကိုသန်းဟန်၊ ဆရာဝန်ကြီး ရှင်းပြသော သဘောတစ်ခုကို ကျွန်တော် သွားအမှတ်ရသည်။ ဖေးရှားပူး။

ကျွန်တော်သည် သက်ပြင်းကို ရှိုက်မိ၏။

‘အေးဗျာ....ဘာပဲဖြစ်ဖြစ် ကောင်းသွားကြရင် ပြီးတာပါပဲ၊ ဟိုမှာ စောင့်နေကြပြီ၊ ကျွန်တော် သွားမယ်’

www.burmeseclassic.com

www.burmeseclassic.com



'အေး…ဒအေး၊ ဒေါ်…ခဏနေဦး၊ ရောက်တုန်း ရောက်နိုက် ကမ္ဘာဒွန်းကျောင်း ခဏဝင်သွားပါဦးလား'

'ခင်ဗျာ'

'ဟယ်…ငါပြောမှလို မေ့နေတယ်၊ အခု ဆရာတော် ပြန်ရောက်နေပြီ'

'ခင်ဗျာ…ဆရာတော်'

'ဦးဇင်း ဦးဝိမလလေ၊ တို့က အခု ဆရာတော်လို့ပဲ ခေါ်တော့တယ်၊ ဟိုတစ်လောက တို့ သွားကန်တော့တော့ မင်းကိုတောင် မေးနေသေးတယ်၊ အချိန်ရရင် ဝင်သွားလိုက်ဦး'

'ဟုတ်လား၊ အေးဗျာ…ကျွန်တော် ဝင်သွားလိုက်ဦးမယ်'

ကျွန်တော်တို့က နက်ဖြန်နံနက်တွင် သင်္ဘောနှင့် ပြန်ကြမည်ဖြစ်သည်။

နွေခင်းမှာကတော့ စာပေဆွေးနွေးမှုလေးတွေက ရှိနေသေးသည်။ ညနေပိုင်းကမှ ကမ္ဘာဒွန်းကျောင်း ဘက်သို့ ကျွန်တော်တစ်ယောက်တည်း ထွက်လာခဲ့၏။

လမ်းမကြီးအတိုင်း ကျွန်တော် လျှောက်လာခဲ့သည်။

ကျွန်တော် စာသင်ခဲ့သော ဟိုက်စကူးကျောင်းကြီးကို ကျော်လာသည်။ ဪ–သည်လမ်းမှာ ကျွန်တော် အကြိမ်ကြိမ် လျှောက်ခဲ့ဖူးသည်။ မိုးရွာရွာ၊ နေပူပူ၊ နှင်းကျကျ။

ကြုံကြုံဖန်ဖန် သွားအမှတ်ရမိသေးသည်။ သည်လမ်းအတိုင်း သည်လို လျှောက်လာခဲ့သည်။ ဟွန်းသံကြားရပြီး ဖောက်စ်ဝက်ဂွန်းကားလေးက ဆိုက်လာသည်။ မောင်းသူက မမဝေ ရယ်လေ၊ မမဝေ ခေါ်၍ ကားပေါ်သို့ ကျွန်တော်တက်လိုက်သွားသည်။ ဟိုး မြက်တိုအတိ၊ လေယာဉ်ပျံကွင်းအထိ၊ အဲဒီမှာ လွမ်းဖွယ်သောအဖြစ် စတင်ခဲ့သည်။ မမဝေက ကဗျာနှင့် စာပေအကြောင်း ကျွန်တော့်ကို စကင် ရှင်းလင်းပြသည်။ ပါရမီ ကူညီဖြည့်မည်ဟု အဲသည်မှာ ဆုံးဖြတ်ခဲ့သည်။ သည်က စပြီး နောက်….



ကျွန်တော်က ပြုံးမိသည်။ ခယမ္မော၊ ဝယမ္မော။ မ ရှိတော့ပြီဖြစ်သော အတိတ်တစ္ဆေသည် ကျွန်တော့်ကို ခြောက်တုန်းပါတကား။

လမ်းမကြီးအတိုင်း ကျွန်တော် အတန်ဆက်လျှောက်ရသေးသည်။ လက်ဝဲဘက်သို့ချိုးပြီး ကတ္တရာခင်းမဟုတ်သော လမ်းအတိုင်း ခရီးဆက်ရပြန်၏။

အတန်လှမ်းရာဆီ၌ သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် အမြင်နှင့်ပင် အေးချမ်းသော ကမ္ဘာဒွန်းရိပ်သာကို လှမ်းတွေ့ရ၏။

ရိပ်သာအတွင်း ဝင်မိသောအခါ ဓမ္မာရုံကြီး၏ ဦးထိပ်ဘက်ဆီ ကျွန်တော် ဆက်လာခဲ့သည်။

ကျွန်တော် တွက်သည်မှာ မှန်၏။ ပိတောက်ပင်ကြီးရှိရာ အနီး သဲမြေ လမ်းပြူပြူပေါ်တွင် ဦးပဥ္စင်းက စင်္ကြံလျှောက်တော်မူနေသည်။

သည်ဘက်လှည့်အလျှောက်တွင် ဦးပဥ္စင်းက ကျွန်တော့်ကို မြင်သွားပြီး စင်္ကြံလျှောက်ခြင်းကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဍ္ဍင်းသည် ပိတောက်ပင်ရိပ် ခုံတန်းပေါ်၌ ထိုင်ပေးတော်မူသည်။ မြက်ခင်းပေါ် ပုဆစ်တုပ်ပြီး ကျွန်တော်က ဦးချ၏။

'မောင်လေးလှိုင် မဟုတ်လား'

'ထင်ပါ၊ အရှင်ဘုရား မှတ်မိတယ်နော်'

'ကောင်းကောင်းမှတ်မိတယ်ကွယ်၊ ဒါထက် ငါ့တပည့်က အခု ထင်ရှားကျော်ကြားတဲ့ စာရေးဆရာဖြစ်နေပြီဆို'

'တင်ပါ့ဘုရား'

'ကျန်းမာချမ်းသာရှိရဲ့ မဟုတ်လား'

'ကျန်းမာပါတယ် ဘုရား၊ အသင့်အတင့်လဲ ချမ်းသာပါတယ် ဘုရား'

ဦးပဍ္ဍင်းသည် ပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်သည်။ ဦးပဍ္ဍင်း၏ ရုပ်တော်ကား ဘာမျှမပြောင်းသေး၊ ဣန္ဒြေတော်တို့ကလည်း ယခင်အတိုင်းတည်း။

'အရှင်ဘုရားကို တပည့်တော် ပြန်မဖူးရတော့ဘူးထင်တာ၊ အခုတော့ ဝမ်းသာလိုက်တာ ဘုရား၊ အရှင်ဘုရား ဘယ်ကြွနေခဲ့တာလဲ ဘုရား'

'ငါ ဘယ်ကြွကြွပေါ့၊ အခု ပြန်တွေ့ရပြီမဟုတ်လား'

'ထင်ပါ့ဘုရား'

'အေး...ဒါဆို ပြီးတာပဲ၊ ဒါထက် ငါ့တပည့် ဆက်အလုပ်လုပ်ရဲ့လား'



'လုပ်ပါတယ် ဘုရား'

'လုပ်ပါတယ်၊ ခရီးရော ရောက်ရဲ့လား'

ကျွန်တော် မဖြေနိုင်၊ ပြုံးပြီးသာ မျက်လွှာချနေရ၏။

'မရောက်ဘူးပေါ့၊ အရောင်၊ အဆင်း၊ အလင်း၊ အကြည် နိမိတ်နဲ့ပဲ နေတယ်၊ ပီတိပါမောဇ္ဇနဲ့ပဲနေတယ်၊ ဟုတ်လား'

'တင်ပါ'

'ခရီးကော ဆက်ချင်သေးရဲ့လား တပည့်ရယ်'

'ဆက်ချင်ပါတယ် ဘုရား၊ တပည့်တော် သိပ်ဆက်ချင်ပါတယ်၊ မဆက်တတ်၊ မဆက်နိုင်လို့ပါ'

'ဩော်...ဟုတ်ပေသားပဲ၊ ဦးဇင်းကလဲ နိမိတ်က ရုပ်နာမ်ဖော်တာ အသေးစိတ်မသင်ပြလိုက်မိဘူး၊ မောင်လေးလှိုင် သိချင်ရဲ့လား'

'သင်ချင်ပါတယ် ဘုရား၊ တပည့်တော်ကို သနားတော်မူပါ၊ အရှင်ဘုရားကို တမ်းတပြီး တပည့်တော် နေရပါတယ်'

'သာဓု ဘာဓု၊ ငါ့တပည့် အခု ဒီကို လမ်းလျှောက်လာတော့ လမ်းမှာ စိတ်ထဲ ဘာတွေမြင်လာလဲ'

ကျွန်တော် ထိတ်လန့်သွားသည်။ ဩော်...ကျွန်တော့်စိတ်ထဲမှာက မြင်မိပါသည်လေ။ မမဝေ.... ပြီးတော့ မော်တော်ကား အနက်လေး၊ နောက်....

ဦးပဍ္ဍင်းက အသာအယာ ရယ်တော်မူ၏။

'အဖြေခက်ရင် မဖြေပါနဲ့ တပည့်ရယ်၊ လူတွေ မြင်တယ်၊ အရာဝတ္ထုတွေ မြင်တယ်၊ စိတ်ထဲမှာလေ ဟုတ်လား၊ အဲဒီလို စိတ်ထဲမှာ မြင်ရတာတွေကို ဘာလို့ခေါ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဓမ္မာရုံပါဘုရား'

'ဓမ္မာရုံတွေ-မြင်အပ်သောတရားပေါ့၊ ဒါဖြင့် မြင်တတ်သော တရားကလဲ ရှိရဦးမယ်၊ ဘာနဲ့ မြင်သလဲဟေ့၊ မျက်စိနဲ့လား'

'မဟုတ်ပါဘူး ဘုရား၊ မနောနဲ့ပါ၊ ကပည့်တော် မှတ်မိပါပြီ၊ နှလုံးအကြည်မှာ ထင်လာပါတယ် ဘုရား'

'နှလုံးအကြည်မှာ ထင်လာတယ်၊ ဒါကို စိတ်ထဲမှာ မြင်တယ်လို့ပြောကြတယ်၊ လူ့လောကစကားပေါ့၊ နှလုံးအကြည်ကိုတော့ ဒါတွေက ဘယ်ကရောက်လာလဲ'

'အရင်က မြင်ဖူးထားတာကိုးဘုရား၊ ဘယ်က ရောက်လာလဲတော့ အဲ...မသိဘူးဘုရား'

'မသိဘူး၊ သိရင် သဗ္ဗညုဘုရား ဖြစ်ပါမယ်၊ ထားတော့၊ ငါ့တပည့် ကမ္မဋ္ဌာန်းထိုင်နေတုန်း မြင်နေရတဲ့ နိမိတ်ကြီးဟာလဲ ဒီသဘောပဲ၊ နှလုံးအကြည်ရှိတယ်၊ ဓမ္မာရုံရှိတယ်၊ ဒီနှစ်ပါးဆုံတော့ ဘဝင်စိတ် ပေါ်တယ်၊ ဒီသုံးပါးဆုံတော့ မနောဝိညာဏ် ဆိုတဲ့ သိမှုကြီး ပေါ်တယ်၊ ဒီလေးပါး ပေါင်းဆုံညီညွတ်ခြင်းကိုပဲ ဖဿလို့ခေါ်တယ်၊ အင်မတန်သိမ်မွေ့တဲ့တရားနော်၊ ရုပ် နာမ် ရှာတော့ နှလုံးအကြည်က အတိတ်သဘော ရုပ်၊ ဓမ္မာရုံက အနာဂတ်သဘော နာမ်၊ ဘဝင်စိတ်က ပစ္စုပ္ပန်သဘော'

'ဟာ...တပည့်တော် သဘောပေါက်ပါပြီဘုရား၊ ကာလသုံးပါး ယန္တရား'



'မှန်တယ်၊ အတိတ်ဆိုတာက မရှိတော့တာ၊ ခယဋ္ဌေန ကုန်သောသဘော အမှန်ရှိ၏၊ အနိစ္စလို့ ရှုရတယ်၊ ဓမ္မာရုံဆိုတဲ့ အနာဂတ်သညာက အနာဂတ်ဆိုတော့ ရှိကိုမရှိသေးဘူး၊ အတိတ်ကာလနဲ့သာ ရှိသယောင်ယောင် ထင်တယ်ရတာ...၊ အတိတ်ကာလကို အနိစ္စနဲ့ရှုလို့ အနိစ္စလက္ခဏာမှာ ကျရောက်သွားတော့ အနာဂတ်ဟာ ဘယဋ္ဌေန-ဘေးတွေ့သွားပြီ၊ ဒုက္ခလို့ ရှုရတယ်၊ ဘဝင်စိတ် ပစ္စုပ္ပန်ကာလ ရုပ်နာမ် သဘောကလဲ အတိတ်အနာဂတ် သဘောတွေကို မှီပြီး တင့်တယ်ရတယ်၊ အဲဒါတွေက အနိစ္စနဲ့ ဒုက္ခလက္ခဏာမှာ ကျရောက်ကုန်တော့ ပစ္စုပ္ပန်သဘောဟာလဲ အသာရကဋ္ဌေန အနှစ်အသားဆိုလို့ မြူမျှမရှိတော့ဘူး၊ အနတ္တနဲ့ရှုရတယ်၊ ငါ့တပည့် လိုက်နိုင်ရဲ့လား'

'သဘောလောက်တော့ မိပါတယ်ဘုရား'

'သဘောလောက်ပဲ မှတ်ထားဦး၊ အလုပ်နဲ့ လိုက်ရမယ်၊ ကာလသုံးပါးရုပ်နာမ်ကို ဦးဇင်း ခုနကပြောပြခဲ့တဲ့ သမ္မသနဉာဏ်နဲ့ သိမ်းဆည်းလိုက်တော့ သမူဟပညတ်- ဆိုတာဟာ ပျက်သွားတယ်၊ ဝိပဿနာဆိုတာက ပညတ်ကို သတ်နေရတာ၊ နိမိတ်မှာသာယာနေတာက ပညတ်မှာ သာယာနေတာ၊ အဲဒီ နိမိတ်ဆိုတဲ့ သမူဟပညတ်ကြီး ပျက်သွားရင် မသာယာသာတော့ဘူး၊ ဒါနဲ့တွင် ကိစ္စက ပြီးပလားဆိုတော့ မပြီးသေးဘူး၊ ဆက်အလုပ်လုပ်ရင် သန္တတိပညတ်ဆိုတာ ကျန်နေသေးတာတွေရှိဦးမယ်၊ အဲဒီပညတ်ကိုသတ်ဖို့ ဖဿနဲ့ ဝေဒနာကို ပေါ်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရှုရဦးမယ်၊ ဖသာကိုဖြစ်၊ ဝေဒနာကို ပျက် လို့ ပညာမြဲ ဥဒယဗ္ဗယ ဉာဏ်ပေါက်အောင် လုပ်ရဦးမယ်'

'အမလေး....မလွယ်ပါလား ဘုရား'

'ဘယ်သူက လွယ်တယ် ပြောလို့လဲ၊ မှတ်ထား တပည့်....အလုပ်စခန်းအဆင့်ဆင့်ခယ္၊ ရုပ်, နာမ်ကို သိမ်းဆည်းတော့ ခန္ဓာဆိုတဲ့သဘော ပေါ်ထွက်လာမယ်၊ ခန္ဓာကို သိမ်းဆည်းတော့ ပဋိစ္စသမုပ္ပါဒ်သဘောပေါ်ထွက်လာမယ်၊ပဋိစ္စသမုပ္ပါဒ်ကို သိမ်းဆည်းနိုင်မှ မဂ်တရား၊ ဖိုလ်တရား ရမယ်၊ မလွယ်ပေဘူး ဒါကြောင့်လဲ အစတည်းက အာဂတာပီ စတဲ့တရားတွေနဲ့ ပြည့်စုံရမယ်လို့ ဦးဇင်း တိုက်တွန်းထားတယ် မဟုတ်လား'

'တပည့်တော် မှတ်မိပါတယ်'

'ဒီတော့ မင်း အခု ခဏလာတာ မဟုတ်လား'

'တင်ပါဘုရား'

'အလုပ်လုပ်ဖို့ ဘယ်တော့လာမလဲ'

ကျွန်တော် ရုတ်တရက် မဖြေနိုင်၊

'ငြိမ်လှချည်လားကွယ်'

'စဉ်းစားနေလို့ပါ ဘုရား၊ တပည့်တော် လာမယ့်သင်္ကြန်လောက်မှာ လာခဲ့ပါမယ်'

'ကတိလား တပည့်'

'ကတိပါဘုရား'

'အိမ်း....ဦးဇင်း ကတိကို မှတ်ထားမယ်'

နေဝင်ခါနီး ပြီဖြစ်သောကြောင့် ကျွန်တော်သည် ဦးပဉ္စင်းကို ဦးချ၍ ထည်းခိုရာသို့ ပြန်လာခဲ့သည်။



လမ်းမကြီးပေါ် ရောက်တော့ အရှေ့ဘက်ဆီ လှမ်းငေးမိသည်၊

အဲသည်ဘက်ဆက်သွားလျှင်တော့ ကန်းသုံးဆင့်ရွာကို ရောက်မည်၊

ကန်သုံးဆင့်၊ မမဝေနှင့်ကျွန်တော်တို့ ချစ်မိုးစွေရာ မဟုတ်စေ....ချစ်မိုးတွေ စဝေရာ ကန်သုံးဆင့်၊

ကျွန်တော်သည် ဝမ်းနည်းစွာ ပြုံးမိ၏။

နှလုံးအကြည်မှာ အတိမ်ရိပ်တွေ စိုးမိုးဆဲပါတကား။

✱

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

ဒီဇင်ဘာလ အတွင်းတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ရှိသည်။

ဘွဲ့နှင်းသဘင်ဟူသည် လေးနက်တည်ကြည်ခံ့ညားသော အခမ်းအနားကြီးဖြစ်၏၊ အပတ်တကုပ် ကြိုးစားလာရသူတို့ အတွက် မိမိတို့၏ အောင်မြင် ပေါက်မြောက်ခြင်းကို တရား ဝင် အသိအမှတ်အပြုခံရသော အခါထူးအခွင့်ထူးကြီးလည် ဖြစ်သည်။

ဩော်...ကိလေသာဝဋ်မှ ကင်းလွတ်အောင် ကျင့်ဆော ကြသော ရဟန္တာ အရှင်မြတ်တို့ အဘွက်ပင်မှ အောင်မြ ပေါက်မြောက်ခြင်းကို အသိအမှတ်အပြုခံရသည့် တေဇဂ် သော ဘွဲ့ရှိလေသည်။ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြ ဇေတဝန်ကျောင်းတော်ကြီး၌ သာဝက သန္ဓ ပါတ အရ

အခေးပြု၍ ထိုက်တန်သော အရှင်မြတ်တို့ကို ဧတဒဂ်အရာ ထား ဌာနန္တရ ကြားဘော်မူသည်။

ပုထုဇဉ်တို့အတွက်မူ ဆိုဖွယ် မရှိပြီ။ မိမိ၏ အောင်မြင် ပေါက်မြောက်ခြင်းကို လူတိုင်း အသိအမှတ်ပြု ခံလိုကြသည်၊ သည်ထဲတွင် ကျွန်တော်လည်း ပါ၏၊

ဘွဲ့နှင်းသဘင်ကြီး၌ အမှားအယွင်းမရှိရန် အရေးကြီး သည်။ ထို့ကြောင့် သတ်မှတ်ထားသော အကြိုတစ်နေ့တွင် ဘွဲ့ယူမည့်သူ အားလုံးသွားပြီး ဇာတ်တိုက်လေ့ကျင့်ကြရသည်။

ရှမော်ကွန်းထိန်း ဆရာဦးယုခင် ဦးစီးသည့် ဇာတ်တိုက်ပွဲ ပြီးသောအခါ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီး၏ အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။

‘ဆရာ’

ခေါ်သံကြားအဖြင့် လှမ်းကြည့်လိုက်ရာ အဆောက်အအုံ ကြီး၏ အနောက်ဘက် ကားများဆိုက်ရာဆီတွင် အဖြူရောင် ဖီးယက်ကားလေးတစ်စီး အောက်၌ရပ်လျက် ကျွန်တော့်ကို မှုံးမြ နှုတ်ဆက်နေသော ဆွေဆွေ ကို တွေ့ရ၏။

ကျွန်တော်သည် ဆွေဆွေ့ထံ လျှောက်သွား၏။

ဆွေဆွေက တစ်ယောက်တည်းရပ်နေသည်။ ကားတွင်း၌ ဒရိုင်ဘာလည်း မရှိ။

‘ဆွေဆွေတစ်ယောက်တည်းလား’

‘မဟုတ်ဘူး၊ မမဝေလဲ ပါတယ်’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်သည် အနည်းငယ် တောင့်တင်းသွားသည်။ ပတ်ဝန်းကျင်ကို ဣန္ဒြေမပျက် မျက်လုံးလှည့်ပြီး ကြည့်မိသည်။ မမဝေ၏အရိပ်အယောင်ကို မတွေ့ရ။

'ဖေါ်ဇော်က ဒီလိုပဲ ဆွေ့ဆွေ့တို့နဲ့ လာလာနေသလား၊ ဟုတ်လား'

'လာနေတာတော့ မဟုတ်ဘူးလေ၊ ခဏခဏ ဆင်းလာတတ်တာ၊ မြို့နဲ့ ဒီကလဲ ဘာဝေးလို့လဲ၊ ပြီးတော့ မိဘတွေကလဲ ပုသိမ်မှာဆိုတော့ မမဝေက ကူးချည်သန်းချည်ပေါ့'

'ဪ... အခု ဘယ်ပျောက်သွားလဲ'

'ဆွေ့ဆွေ့လဲစောင့်နေတာ၊ သိဘူးလေ၊ မမဝေက ဟိုဒင်း.... ခြေရာများ လိုက်ကောက်နေသလား မသိဘူး'

'ခြေရာကောက်၊ ဆွေ့ဆွေ့ ဘာပြောတာလဲ'

'ဆရာ့ကို ဆွေ့ဆွေ့ တစ်ခါပြောဖူးသားပဲ၊ မမဝေက ခေါင်းမှာ ဒဏ်ရာရပြီး အင်မ်နီးဒီးယား ရှိတယ်'

'ဪ....အင်း....ဟုတ်ကဲ့'

'သနားစရာပါပဲ ဆရာရယ်၊ သူ့ခေါင်းထဲမှာ မရှင်းတာလေးတွေရှိရင် အဖြေလိုက်ရှာတတ်တယ်၊ သွားတားလို့လဲ မရဘူး၊ အဲဒါဖြစ်ပြီးမှ မမဝေဟာ နည်းနည်းစိတ်တိုတတ်တယ်၊ စိတ်တိုတာလဲ မဟုတ်ပါဘူးလေ၊ နည်းနည်းစိတ်ပြင်းလာတယ်၊ အရင်က ဒီလိုမဟုတ်ဘူး'

'ဒေါ်ဝေဝေ ဒဏ်ရာရတုန်းက ဆွေ့ဆွေ့တို့ သွားကြည့်သေးလား'



စိတ်တွင်း၌ မလုံသောကြောင့် ကျွန်တော်က တောက်ကြည့်မိ၏။ ဆွေ့ဆွေ့ကတော့ သိပုံမပေါ်။

'အဲဒီဖြစ်တဲ့ ညနေကတော့ ဆွေ့ဆွေ့တို့ တစ်ခေါက်ရောက်တယ်၊ အဲဒီတုန်းက မမဝေ သတိမရသေးဘူး၊ နောက်တော့ ဆွေ့ဆွေ့တို့ သွားမကြည့်ရဘူး၊ မမဝေ စိတ်တွေရှုပ်ကုန်မှာစိုးလို့ ဘယ်ဧည့်သည်မှ မလာရဘူးလို့ ဆရာဝန်ကြီးက တားထားတယ်တဲ့၊ ဖေဖေတောင် မသွားရဘူး၊ မမဝေရဲ့ အဖေနဲ့ အမေပဲ၊ သူတို့တောင် ဆရာဝန်ကြီးရှေ့မှာပဲ စကားပြောကြရသတဲ့'

တော်ပါသေး၏။ သူတို့အဖုံးအပိတ် ပိရိခဲ့ကြသည်။ ဪ- ကောင်းပါလေ၏။

'ခုနင်က စကားဆက်ရဦးမယ်၊ မမဝေက အဖြေလိုက်ရှာတတ်တယ်၊ သူ့ကိုယ်သူ ဘာဖြစ်ခဲ့ရဖူးတာလဲ မမှတ်မိဘူး၊ တက္ကသိုလ်မှာ တက်ဖူးတာလဲ မမှတ်မိဘူး၊ ရက်ဂျစ်စတြာ့အောဖစ်စ် (မော်ကွန်းထိန်းရုံး)မှာတော့ မမဝေရဲ့ ဓာတ်ပုံရော မှတ်တမ်းရော ရှိတာပေါ့လေ၊ တွေ့လဲ တွေ့ပြီးပါပြီ၊ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ ဘလင့်ခ်(ပလာ)နဲ့ တူပါတယ်၊ အခု ဆွေ့ဆွေ့နဲ့ လိုက်လာတာက သူ ကျင်လည်ဖူးတဲ့ ပတ်ဝန်းကျင်ကို သူ ပြန်ရင်းနှီးအောင် လုပ်မလို့နဲ့ တူတယ်၊ ဒါကြောင့် ခြေရာကောက်လို့ ဆွေ့ဆွေ့က ပြောတာ၊ ဪ....ဒါထက် ဆရာ့မှာ ကားပါလား'

www.burmeseclassic.com

www.burmeseclassic.com



'မပါဘူး ဆွေဆွေ၊ လိုင်းကားနဲ့ လာတာ'

'ဒီလိုဆို ဆွေဆွေတို့နဲ့ လိုက်ခဲ့ပါလား'

'နေပါစေ ဆွေဆွေ'

'အို…ဆရာကလဲ၊ ဆွေဆွေတို့ ကား ချောင်ပါတယ်'

ကျွန်တော် ငြင်းမည်အလုပ်၌ ခြေသံကြားရသည်။

နှင်းရိပ်ပြာသော အင်းလျားကန်ပတ်ဝန်းကျင်ကို ကျောပြုပြီး မမဝေသည် ကျွန်တော်တို့ထံ ချဉ်းကပ်လာသည်၊ ခြေလှမ်းတွေက လှမ်းလာနေသော်လည်း မျက်လုံးများက မလှုပ်ဘဲ ကျွန်တော့်မျက်နှာဆီ စူးစူးစိုက်ထား၏။

ဆွေဆွေက လှမ်းမေး၏။

'မမဝေ ဘယ်သွားနေတာလဲ'

ဆည်တော့မှ မမဝေသည် သတိဝင်လာဟန်နှင့် တန့်ခနဲ ဖြစ်သွား၏၊

'ဪ…အဟင်း၊ မမဝေ ဟိုဘက်သွားတာ'

'ဘယ်ဘက်လဲ'

မမဝေသည် ပြည်လမ်းဘက်ရှိ ကန်စောင်းကို ညွှန်ပြ၏။

'အဲဒီဘက်'

'အဲဒီဘက်တောင် ဘာသွားလုပ်လဲ'

'ဟိုဒင်း…မဟာစေတီ'

ဆွေဆွေက မျက်လုံးလေးပြူးပြ၏၊



'မမဝေ ဘာပြောတာလဲ၊ မဟာစေတီက ဘယ်ကရောက်လာတာလဲ'

မမဝေသည် ကျွန်တော့်ကို လှမ်းကြည့်၏။ ထို့နောက် စိတ်ရှုပ်ဟန် ပြုံးပြီး ခေါင်းကိုကုတ်၏။

'မဟာစေတီ ဘယ်ကရောက်လာသလဲ၊ မမဝေလဲ ဘယ်သိမလဲ၊ ခေါင်းထဲရောက်လာတာပြောတာ၊ ဪ…ဆရာကော ဘာလာလုပ်တာလဲ ဟင်'

'ဆွေဆွေ့လိုပဲ ရှိုဟာဇစ် (ဗာတ်တိုက်ခြင်း) လာလုပ်တာ'

ဆွေဆွေက ဝင်ပြော၏။

'ဆွေဆွေတို့ ရပ်စောင့်နေတာ ကြာလှပြီ၊ ပြန်ကြစို့ မမဝေ၊ ဪ…ဆရာလဲ လိုက်ခဲ့ရမယ်နော်'

မမဝေသည် ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို မေးသည်။

'ဆရာ့ကား မပါဘူးလား'

ကျွန်တော်မဖြေခင် ဆွေဆွေက ဝင်ဖြေ၏။

'မပါဘူး မမဝေ၊ အဲဒါ ဆွေဆွေခေါ်တာ ဆရာက အင်နေတယ်'

မြင်ဖူးလှပြီဖြစ်၍ ဘယ်သောအခါမှ ကျွန်တော် မမေ့နိုင်သော ပြုံးချိုချိုမျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်ပြီး မမဝေက ပြော၏၊

'စာရေးဆရာကြီးက ဝေဝေတို့ ကားကို မစီးချင်ဘူးလား ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အို....အို....ဒီလိုမဟုတ်ပါဘူး'

'ဒီလိုမဟုတ်ရင် ဟိုလိုလဲမဟုတ်ဘူးမေ့၊ ဟဲ....ဟဲ—ကဲပါ တက်ပါ၊ မမဝေ ဖိတ်ခေါ်နေတာ'

မမဝေ—ဝေဝေ—မဟုတ်၊ မမဝေ။

သူ့အသုံးကိုလည်း သူ သိလိုက်ဟန်တူသည်။ မမဝေသည် ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်ပြီး မေးသည်။

'မမဝေ လို့ သုံးမိတာ စာရေးဆရာကြီးက ကြိုက်ရဲ့လား'

ဒုက္ခ၊ မည်သူ့ဒုက္ခမှမဟုတ်။ ကျွန်တော့်ဒုက္ခ။ ကျိတ်မေးပါ မမဝေ၊ ကျိတ်မေး။ သည်ကတော့ သေချင်ပြီ။

'ဆရာ'

'ခင်ဗျာ'

'ဖြေလေ'

ကျွန်တော်က သက်ပြင်း ခိုးရှိုက်မိ၏။

'ကြိုက်ပါတယ် မမဝေ၊ ဒေါ်ဝေဝေလို့ ကျွန်တော်ကလဲ မခေါ်ချင်ပါဘူး၊ မမဝေကို မမဝေလို့ပဲ ကျွန်တော် ခေါ်ချင်ပါတယ်'

'မမဝေကို မမဝေလို့ပဲ ကျွန်တော်ခေါ်ချင်တယ်၊ အဲဒီလိုဆို အစက ဘာလို့ မခေါ်သလဲ'

'ဪ....ဒါတော့ မမဝေရယ်'

မမဝေသည် ပြုံးလဲ့လဲ့ဖြင့် ကျွန်တော့်ကို ကြည့်ပြန်၏။ ထိုနောက်မှ ရယ်ပြီး ဆို၏။



'မမဝေက ကျီစားတာပါ၊ အို....ဗွာ....ဗွာ၊ ဆရာ့ကို မရှိမသေ၊ ရယ်စရာပြောတာ၊ ကဲ....တက်၊ ရှေ့ခန်းက ထိုင်'

ဆွေဆွေက ကားနောက်ခန်းက ထိုင်သည်၊ ကျွန်တော်က ရှေ့ခန်းတွင် မမဝေ၏ ဘေးမှ ထိုင်ရ၏။

မမဝေသည် ကျွင်လည်စွာဖြင့် ကားကို မောင်းထွက်လာ၏။

ဘွဲ့နှင်းသဘင်လမ်းမှနေ၍ ပြည်လမ်းဆီ မောင်းသည်။ ပြည်လမ်းအတိုင်း ရန်ကုန်ဘက်ဆက်လာသည်။ မမဝေ ကားမောင်းမှုက အကျွင့်မပျောက်၊ အဆန်မြန်သည်၊ ကမာရွတ်အဝိုင်းကြီးကို အရှိန်နှင့် ပတ်ကွေ့သည်။

'မမဝေ ကားမောင်းတာက နည်းနည်းမြန်တယ်နော်'

'ဆရာ ကြောက်လို့လား'

'မကြောက်ပါဘူး'

'မကြောက်ပါနဲ့ ဆရာ၊ မမဝေ ကောင်းကောင်း မောင်းတတ်ပါတယ်၊ မမဝေက ငယ်ငယ်လေးကတည်းက ကားမောင်းတာ၊ ကားမြင်ရင် မောင်းရမှ၊ ပြည်ကနေလဲ ဒီကားနဲ့ မောင်းလာတာ'

'တစ်ယောက်တည်း'

'တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲ၊ အိမ်ကလူပါတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလူ၊ သူ့ချစ်လင်၊ ဪ...ဘေးမှ ချစ်လင်ကိုတော့ မမဝေ အမှတ်မရလေပြီ၊ ကောင်းပါသည်၊ အားလုံးပဲ ကောင်းပါသည်၊ ဟီမယ်မင်း....။

နောက်ခန်းမှ ဆွေဆွေက ပြော၏၊

'မမဝေက ကားကို ဖီလက်ဆက်ဖီနဲ့ မောင်းတာ၊ မမဝေ ပြောပြလိုက်ဦးလေ'

မမဝေက ရယ်၏၊

'စာရေးဆရာကြီးရှေ့ ပြောလို့ ဝတ္ထုထဲ ထည့်ရေးနေဦးမယ်'

ကျွန်တော် ငြိမ်နေ၏၊ တမင် ငြိမ်နေ၏၊

အလိုက်မသိစွာ မမဝေက ဆက်ပြော၏၊

'ရေးချင်လဲ ရေး၊ ပြောရဦးမယ်၊ ဟောဒီ ကားလေးက မမဝေ ဈေးရောကို နာခံတယ်၊ ဘဝရဲ့ အနှစ်သာရဆိုတာ ဘာလဲ၊ လွတ်လပ်ခြင်းပဲ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကားမောင်းနေတုန်းဆိုရင် မမဝေဟာ မမဝေဘဝရဲ့ မာလိန်မှူး၊ ကံကြမ္မာရဲ့ အရှင်သခင်၊ ဪ...ဆရာ့ကို....'

မမဝေသည် စကားကို တန်းလန်း ရပ်ပစ်လိုက်၏၊ ကားမောင်းရင်း မျက်မှောင်လေးကြုတ်ကာ စဉ်းစားသယောင် ငြိမ်နေ၏။

'ဆရာ....'

'ခင်ဗျာ'



'ဆရာ့ကို ဒီစကား မမဝေ ပြောပြဖူးသလား'

'ဗျာ....'

ကျွန်တော်သည် တုန်လှုပ်ချောက်ချားသွား၏၊ မမဝေသည် ထင်သည်ထက် မှတ်မိနေဟန်ပါဘကား၊

သတိထိန်းလိုက်ပြီး ကျွန်တော်က ရယ်ချလိုက်၏၊

'မမဝေကလဲ ကြုံကြုံဖန်ဖန် ဘယ်တုန်းက ပြောဖူးလို့လဲ'

မမဝေသည် ကျွန်တော့်ကို စောင်းကြည့်သည်၊ သုံးလေးခါ စောင်းကြည့်၏၊ ထို့နောက် မမျှော်လင့်သော စကားကို ဆို၏၊

'ဆရာ့ကို မမဝေ မြင်ဖူးတယ်'

'ဗျာ'

'ဟုတ်ပါတယ်၊ မြင်ဖူးတယ်၊ ဘယ်မှာပါလိမ့်'

မမဝေသည် ကားကို အရှိန်အနည်းငယ် လျှော့၏၊ ကားက ဦးဝိစာရလမ်းပေါ်မှာ ပြေးနေ၏၊

ရုတ်တရက် မမဝေသည် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်၏၊

ဆွေဆွေရော ကျွန်တော်ပါ ထိတ်လန့်တကြား မေးမိ၏၊

'ဘာဖြစ်လဲ မမဝေ၊ ဘာဖြစ်လို့လဲ'

မမဝေက ဘာမျှမဖြစ်ဟန်ဖြင့် ပြုံး၏၊

'မေးစရာရှိလို့ပါ'

'မေးစရာရှိလို့၊ ဘယ်သူ့ကိုလဲ'

'ဆရာ့ကို'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို'

'ဟုတ်တယ်၊ ဆရာ မှန်မှန်ပြောနော်၊ မမဝေ ဆေးရုံမှာတုန်းက ဆရာ့သတင်းလာမေးတယ် မဟုတ်လား'

ကျွန်တော့်ခေါင်းထက် မိုးကြိုးမှန်လိုက်သကဲ့သို့ ထင်မိသည်။

ရင်တစ်ခုလုံးလည်း သွက်သွက်ခါအောင် လှုပ်ရှားသွားသည်။

မေးလေပြီ။ လေးလှိုင်....ဖြေလေ။ မင်း ဘာဖြေမလဲ။ မင်း။ အဖြစ်ကို မင်းသာ အသိဆုံး။

ကျွန်တော်သည် ရှိသမျှ အားတို့ကို စုရုံး ယူလိုက်ရသည်။ မျက်နှာကိုရော အသံကိုပါ အတည်ငြိမ်ဆုံးထားပြီး မေးရ၏။

'ဒေါ်ဝေဝေ နေကောင်းရဲ့လား'

'ရှင်....'

'ဒေါ်ဝေဝေ နေကောင်းရဲ့လားလို့ ကျွန်တော် မေးနေတယ်၊ နေမကောင်းရင် ကားကို ကျွန်တော် မောင်းပေးပါ့မယ်'

မမဝေသည် မျက်လုံးလေးများ ဝိုင်း၍ ကျွန်တော့်ကိုကြည့်နေသည်၊ ပါးစပ်လေးလည်း ဟနေ၏။

သနားသည်။ ဩော်....ချစ်သည်၊ ဩော်....ရင်နာသည်

မတတ်နိုင်ပါ။ မျက်နှာထားကို မတင်းပေမယ့် ကျွန်တော် မချိုရဲ။



မမဝေ၏ ခေါင်းလေး ငိုက်ကျသွားသည်၊ ခဏတွင် ပြုံးမဲ့မဲ့ဖြင့် တောင်းပန်၏။

'ဆောရီး၊ ဝေဝေ့ခေါင်းထဲမှာ တစ်ခါတလေ ရှုပ်ရှုပ်သွားတယ်၊ ဝေဝေ နေကောင်းပါတယ်၊ ဝေဝေ့ကို ခွင့်လွှတ်ပါ။'

'ဝေဝေ မဟုတ်ဘူးလေ'

'ရှင်....'

'မမဝေပါ၊ မမဝေကို ကျွန်တော် စိတ်မဆိုးပါဘူး၊ ဆွေ့ဆွေ့ ပြောပြထားလို့ မမဝေရဲ့ ဝေဒနာကို ကျွန်တော် နားလည်ထားပါတယ်. စိတ်လဲ မကောင်းပါဘူး မမဝေ'

အမဲ့ရိပ်မပျောက်သော အပြုံးလေးဖြင့် မမဝေသည် ကျွန်တော့်ကို ခေတ္တစိုက်ကြည့်နေသေးသည်၊ ပြီးမှ 'သင့်ခရှ.... ဆရာ' ဟု ဆိုကာ ကားကို ဆက်မောင်း၏။

မြို့တွင်းရှိ ကျွန်တော့်တိုက်ရှေ့အထိ လိုက်မောင်းပို့ပေးပြီး ညီအစ်မ နှစ်ယောက်သည် လက်ပြ နှုတ်ဆက်၍ ပြန်သွားကြသည်။

ဝဋ်....၊ မြတ်စွာဘုရားသခင်.... သည်ဝဋ်မှ ကျွတ်ပါရစေဘုရား။ တပည့်တော် အမြန် ကျွတ်ပါရစေဘုရား။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဓမ္မပဒ ပါဠိတော်က ဆိုသည်။

"ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ၊
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။"

ပိယတော၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း တရားကြောင့်၊ သောကော၊ စိုးရိမ်ပူဆွေး သောက ဘေးသည်၊ ဇာယတိ၊ စင်စစ်မသွေ ဖြစ်ပေါ်လာရလေ၏။

ပိယတော၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း တရားကြောင့်၊ ဘယံ၊ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ခြင်းသည်၊ ဇာယတိ၊ စင်စစ်မသွေ ဖြစ်ပေါ်လာရလေ၏။



ပိယတော၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း တရားမှ၊ ဝိပ္ပမုတ္တဿ၊ တွယ်တာမှုကင်း လွတ်မြောက်ခြင်းရှိသောသူအဖို့၊ သောကော၊ စိုးရိမ်ပူဆွေးသောကဘေးသည်၊ နတ္ထိ၊ မရှိနိုင်တော့ချေ။ ဘယံ၊ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ခြင်းသည်၊ ကုတော၊ အဘယ်မှာလျှင် ဖြစ်ပေါ်လာနိုင်ပါအံ့နည်း။

ကျွန်တော့်ရင်မှာက ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း တရားကို ရှိနေသေးသည်။ သည်တော့ စိုးရိမ်ပူဆွေး သောကဘေးက ပြေးမလွတ်ပြီ။ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ခြင်းကလည်း တစ်ဖက်က ညှင်းပန်းနှိပ်စက်လေသေးသည်။

မမဝေက ကျွန်တော့်ငွေလမင်းပါ။ မမဝေကို ငွေလမင်းကလဲ့၍ နှိုင်းစရာ ကျွန်တော့်လောကမှာ မမြင်ပါ။ သည် ငွေလမင်းကြီး တစ်ပတ်လည် ကျော့လာပြန်တော့ စုံမက်ရပါတိခြင်း၊ မြတ်နိုးရပါတိခြင်း။ တစ်ကြိမ်တုန်းကလိုမင် ရင်ခွင်တွင်း ငွေလမင်းကြီး ခုန်ဆင်းလာရန် မျှော်လင့်ရမလား။ ဆုတောင်းရမလား။ သည်အတွေး ပေါ်လာပြန်တော့ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့် ဖြစ်ရပြန်သည်။

ဝဋ်...ကြောက်ဖွယ်သော ဝဋ်။

တော်ပါသေး၏။ နောက်ဆုံးအကြိမ် ဆုံမိပြီးမှ မမဝေနှင့် ထပ်မတွေ့ရ။ ကျွန်တော့်နေရာကိုသိပြီးလျက် ထပ်မပေါ်လာတော့...မမဝေမှာလည်း ဆင်ခြင်တုံတရား ရှိပုံပေါ်သည်။ ကျွန်တော့်အပေါ်တုန်းက မဒ္ဒီလိုကျင့်နိုင်သော မမဝေသည် အစ်ကိုသန်းဟန်အပေါ်၌လည်း သမ္မာလသို့ ကျင့်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ....သည်အတွက်တော့ ဝမ်းသာရမည်၊ ကိုယ် ဘာပဲ ဖြစ်ဖြစ် လောကကြီးတော့ ကျက်သရေ ရှိပါစေ၊ သည်လူ့ ဘောင်မှာ အကျင့်ကောင်းတို့ ထွန်းကားပါစေ။

ဆွေခဆွ တစ်ယောက်လည်း ကျွန်တော်နှင့် ဆက်သွယ် မလာတော့။ နောက်ဆုံးတစ်ကြိမ်ဖြစ်ရပုံကြောင့် ကျွန်တော့်ကို အားနာသွားပုံရသည်။

တစ်နည်းတော့လည်း ကောင်းပါသည်၊ မီးခဲပျှသည် မငြိမ်းသေးခင် ပြာဖုံးနေသည်ပင် ကောင်းပါသည်။ ပြာမဖုံး ဘဲ မီးခဲကြီး ရဲရဲပေါ်လာတော့ ကိုယ်သာကျွမ်းရမည်။ ဪ ကိုယ်သာ ကျွမ်းရမည်။

ဆောင်းသည် သည်လိုနှင့် တဖြည်းဖြည်း ကုန်သွားသည်၊ နွေဦးရာသီလည်း ပီပီဆိုက်လာခဲ့သည်၊

နွေဦးရာသီ ပီပီဆိုက်လာမှ ဦးပဥ္ဇင်းကို ကျွန်တော် ပေးခဲ့ မိသော ကတိကို သွား သတိရသည်၊

သည်တစ်ကြိမ်တော့ သွားမည်၊ ဆက်ဆက် သွားမည်။ ဥပက ဇာတ်လမ်းမျိုး ကျွန်တော် ဆက်မကလို၊

ကိုသန်းအောင်တို့ အနီးတို့နှင့် စကားစပ်မိကြသောအခါ လင်မယားနှစ်ယောက်လုံး ဝမ်းသာသွားကြသည်၊ ကိုသန်း အောင်၏ ဖခင်က အသက်ခြောက်ဆယ်ကျော်ပြီ၊ ပုသိမ်၌ပင် နေသည်။ တစ်နှစ်တစ်ကြိမ် ကိုသန်းအောင်က ဖခင်ကို ပြန် ကန်တော့လေ့ ရှိသည်။ သကြံန်မှာ သူတို့လည်းလိုက်ကြမည်၊ ကျွန်တော်က သူတို့အိမ်မှာ တည်းနိုင်သည်၊ တရား သွား



အားထုတ်တော့လည်း အတူတူပေါ့၊ သူတို့လည်း အနည်းဆုံး ဝိဇ္ဇာမျိုးစေ့လေး ရချင်ကြသည်၊

ကိုသန်းအောင်ရော ကျွန်တော်ပါ ကိုယ့်အချိန် ကိုယ်ပိုင် ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် သင်္ဘော လူ ကျပ်တတ် သော သကြံန်အခါတွင်းထက် သုံးရက်ခန့် စော ပြီး ကျွန် တော်တို့ ပုသိမ်သို့ သွားကြသည်၊

ရန်ကုန်မြို့တွင် နွေအလှကို မမြင်တွေ့ရသော်လည်း ပုသိမ် မြေမှာတော့ နွေက အလှကြီး လှနေသည်၊

ပင်တိုင်းသည် နုနုစိုစို ပျိုပျိုမျစ်မျစ်နှင့် ဆောက်အုံ မှုးမှုး သော နှစ်သစ်ဦးကို ကြိုဆိုနေကြသည်၊

ဘယ်ကြည့်လိုက်ကြည့်လိုက် မြူပြာပြာက ရီရီဝေ့နေ သည်၊

စိန်ပန်းတို့က ပတ္တမြားပွင့်နီ ဆင်နှင့်ပြီ။ ငုတွေကလည်း ထိန်ထိန်ဝါပါဘိခြင်း၊ တရှုတ်စကားဖြူတွေကလည်း ငွယ် တော်နှင့် ပြိုင်လေသည်၊

ပိတောက်သာ ကျန်တော့သည်၊ ပိတောက်မပွင့်မီ ကံ့ကော် ပွင့်ကြွင်းတွေက အလွမ်းပြေ သင်းပြနေကြသည်။

ဪ.... သည်မြေ၊ သည်ရာသီ၊ သည်အခါမျိုးဆီမှာ မမဝေကို တွေ့ခဲ့ရတော့ သည်အခါ သည်ရာသီ သည်မြေဆီ ပြန်ရောက်လာခိုက် ရှိုက်ချင်သလို ဖိုချင်သလိုနှင့် မမဝေကို အလွမ်းကြီး လွမ်းမိရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

မမဝေရွတ်ပြခဲ့သော ခေတ်ကလျာ၏ ရတုကလေးကို ပြန်သတိရမိသည်။

"ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံးကေမင်း၊ လျှော့ဖြေချင်လည်း၊ နှုတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့"

ခေတ်ကလျာကို ကိုယ်ချင်းစာမိသည်။ ခြော်...သူ့မှာက မိန်းမသား ယောကျ်ားဖြစ်သောကျွန်တော်က ယည်မြေဆီသို့ 'ခိုင်တည်နှလုံး၊ တစ်ဖြောင့်သုံး' ရန် ရောက်လာခဲ့သည့်ကြားက မမဝေ သူ့ကြောင့် တစ်ရေးမှောင့်ချင် ဖြစ်လေရသည်။

ဦးပဉ္ဇင်းတို့ ကမ္ဘာ့ရှာန်းရိပ်သာထုံးစံအာ သကြံန် အကြိုနေ့ကျမှ အလုပ်စဝင်ရသည်။ ကျွန်တော်တို့ ရောက်ကြသည်က နှစ်ရက်စောနေသည်။

ပထမတစ်ရက်မှာတော့ လှူဖွယ်ကန်းဖွယ် ဈေးနှာဝယ်ကြသည်။ အခြား ဘယ်သို့မှ မထွက်ဖြစ်ကြ။

အကြိုနေ့မတိုင်မီ တစ်ရက်၏ ညနေပိုင်းတွင်မူ ကိုသန်းအောင်နှင့် ကျွန်တော်တို့သည် ကန်သုံးဆင့်ဘက်သို့ လမ်းလျှောက် ထွက်ခဲ့ကြ၏။

ကိုသန်းအောင်တို့ အိမ်ရှိရာ မြို့တွင်းနှင့်ကန်သုံးဆင့်ရှိရာမှာ ဝေးပါ၏၊ သို့ရာတွင် ပုသိမ်မြို့သူမြို့သားတိုင်းလိုလို သည်ခရီးကို ညနေမှာ လျှောက်တတ်ကြသည်။ လျှောက်၍ မောသမျှ ကန်သုံးဆင့်ရောက်၍ လေသန့်လေအေးကို ရှူရလျှင် အမောပြေသည်။



စကားတပြောပြောနှင့် ကျွန်တော်တို့နှစ်ဦးသည် လမ်းမကြီးအတိုင်း တဖြည်းဖြည်း လျှောက်လာကြသည်။

ဟိုက်စကူးကျောင်းကြီးရှေ့ရောက်သောအခါ ကျွန်တော်တို့ နှစ်ဦးလုံး ကျောင်းကြီးကို ကြည့်မိကြသည်။

အနည်းငယ် ဆက်လျှောက်မိသည့်အချိန်တွင် အနောက်မှ ဆင့်တီးလိုက်သော ကားဟွန်းသံကို ကြားရသည်။

အမှတ်မထင် လှည့်ကြည့်လိုက်မိသော ကျွန်တော်မှာ မြင်လိုက်ရသည့် အာရုံကြောင့် ကြက်သေသေသွားမိသည်။

ကိုယ့်မျက်စိကိုယ်ပင် မယုံမိ။ အိပ်မက်ပေလား။

ဆိုက်ကားနှစ်စီးက လမ်းပိတ်သကဲ့သို့ ယှဉ်သွားနေသောကြောင့် ဟွန်းတီးပြီး ကားက လမ်းတောင်းပုံရသည်။

ကားက ဖောက်စ်ဝက်ဂွန် အနက်ရောင်၊ မောင်းလာသူက....

မမဝေ၊ ခြော်...မမဝေ။ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသော မမဝေ။

ကားသည် ကျွန်တော်တို့ကို ကျော်တက်သွားသည်။

မမဝေ၏ ခေါင်းသည် သမင်လည်ပြန် လှည့်ကြည့်သည်ကို မြင်ရ၏။

မကြာပါ၊ ကားက လမ်းဘေးမှာ ထိုးရပ်သွားသည်၊ ထို့နောက် နောက်ပြန်ဆုတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့်ပြီး မမဝေက ဆင်းလာ၏။

'ကြည့်စမ်း၊ မောင်သန်းအောင်ရော ဆရာရောပါလား၊ ဘယ်တုန်းက ရောက်လာကြသလဲ'

ကိုသန်းအောင်ကလည်း အံ့ဩဟန် ပြန်ပြော၏။

'နှစ်ရက်ရှိပြီ၊ မမဝေလဲ ဒီပြန်ရောက်နေတယ်'

'သင်္ကြန်တိုင်း မမဝေ ပြန်လာတာပဲဟာ၊ ပြည်မှာက ဆိပ်ပူတယ်၊ ပြီးတော့ ဒီလကုန်ရင် ကိုသန်းဟန်က အလုပ်က ထွက်ခွင့်ရပြီ'

မမဝေသည် ကြည်လင်ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို ကြည့်သည်။

'ဆရာက လိုက်လည်တာလား'

ကျွန်တော်က ခေါင်းညိတ်ပြရ၏။

'ဆရာ ပုသိမ်ကို မရောက်ဖူးသေးဘူးပေါ့၊ ဟုတ်လား'

ကိုသန်းအောင်က စိတ်ဝင်စားလှဟန်ဖြင့် မမဝေကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် ကြည့်နေသည်။

ကျွန်တော်က ဘာပြောရမှန်း မသိ။

'ဆရာက ဝေဝေ့ကို စကားမပြောချင်လို့လား၊ ဒါမှမဟုတ် မမှတ်မိတော့ဘူးလား ဟင်'

ဩော်...သူက ပြောင်းပြန် ပြောနေပြန်လေပြီ။

'မဟုတ်ပါဘူး မမဝေ၊ မမျှော်လင့်ဘဲ ရုတ်တရက်ဆိုတော့ အံ့အားသင့်ပြီး ကျွန်တော် ဘာပြောရမှန်းမသိဘူး'



တစ်စုံတစ်ရာကိုနှစ်ခြိုက်သွားဟန်ဖြင့် မမဝေသည် ထပ်ဆင့် ပြုံးသွား၏။

'ဆရာတို့ အခု ဘယ်သွားကြမလို့လဲ'

'လမ်းလျှောက်တာပါ မမဝေ၊ ကန်သုံးဆင့်ဘက်ကို'

'အို...ဒါဖြင့် လာလေ၊ မမဝေ့ ကားနဲ့ လိုက်ခဲ့'

'ကိစ္စမရှိပါဘူး မမဝေ၊ ကျွန်တော်တို့ လျှောက်ပဲသွားပါ တော့မယ်'

'လျှောက်ဖို့က အဝေးကြီး ကျန်သေးတာလားပါ...ဆရာတို့ ဆင်းချင်တဲ့နေရာ မမဝေ ချပေးခဲ့ပါမယ်'

ခက်ချေပြီ။ သည်လမ်းမှာ သည်ကားနှင့်၊ ဩော်...တိုက် တိုက်ဆိုင်ဆိုင် ကြုံရပြန်လေသည်။ ငြင်းဖို့ကလည်း အခက်ကြီး။

'ဘာလဲ၊ စာရေးဆရာကြီးက ဝေဝေ့ ကားကို မစီးချင် ဘူးလား၊ ဒါမှမဟုတ် ဝေဝေ့ ပေါ် ခွင့်မလွှတ်နိုင်တာ တွေ ထားလို့ ရှောင်ချင်နေတာလား၊ အဲဒီလိုဆိုရင်တော့ ဝမ်းနည်း ပါတယ် ဆရာ၊ ဝေဝေ့ကို ခွင့်လွှတ်ပါ'

မမဝေ၏ အသံလေးက အနည်းငယ် တုန်သည်။ မျက်နှာ မှာ အပြုံးလေး မရှိတော့။ ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်ဝန်းပြာသည့် မျက်လုံးကြည်တို့၌ မျက်ရည်လဲ့လဲ့ ဝဲနေ ဘိသည်။

ကောင်း...ကောလေးပါ၊ သည်ကောလေးမှာ ချစ်ခင်တွယ်တာ ခြင်းနှင့် နှစ်သက်မြတ်နိုးခြင်းတရားတို့က ကျွန်တော့်ကို စိုးမိုး လွှမ်းခြုံသွားသည်။

www.burmeseclassic.com



မမဝေ ဝတ်ထားသည်ကလည်း အဝါလေး၊ ဖျော့ဖျော့ အဝါလေး၊ အသားရွှေရည်နှင့် တစ်သွေးတည်း လိုက်ဟပ်နေသော အဝါရောင်၊ သည်အသွင် သည်အဆင်နှင့် သည်အချိန်မျိုးမှာ မမဝေကို ကျွန်တော် စတွေ့ခဲ့ရသည်၊ ပိတောက်ဦးတွေနှင့် အတူ စတွေ့ခဲ့ရသည်။ ဩော်...ငွေငန်း ဖြူလည်တိုင်နှင့်၊ နောက်ထုံးရှင်နှင့်၊ မျက်ဝန်းပြူနှင့်၊ မျက်တောင်ကော့နှင့်။

'ကောင်းပါပြီ မမဝေ၊ တစ်လှဲ့ထင်ပြီး စိတ်တော့ မညို့ပါနဲ့၊ မမဝေ ကားနဲ့ ကျွန်တော် လိုက်ခဲ့ပါမယ်'

ကိုသန်းအောင်က ကားနောက်ခန်း၌ ဝင်ထိုင်သည်၊ ကျွန်တော်ကတော့ မမဝေ့ဘေးမှပင် ယှဉ်လိုက်သည်၊ နောက်ခန်း ဝင်ထိုင်တော့ အခိပ္ပာယ် ဆယ်ပုံကောက်ဦးမည် မသိ၊ မထူးပါပြီ၊

နှုတ်ခမ်းတွင် အပြုံးခိုတွဲလျက် မျက်နှာထားကြည်ကြည်ဖြင့် မမဝေက ကားကို မောင်းလာ၏။

'မမဝေ မောင်းတာကို ကြောက်ခဲ့သလား'

ကျွန်တော်ကမဖြေဘဲ ပြုံးသာ ပြုမိ၏၊

'ဟော...စကားမပြောပြန်ဘူး'

'ဩော်...မမဝေရယ်၊ မကြောက်ပါဘူး'

'မကြောက်ပါနဲ့ ဆရာ၊ မမဝေက ဒီလမ်းမှာ အမြဲမောင်းနေတာ၊ ဟုသိမ်မှာကလဲ ဒီတစ်လမ်းပဲ ကောင်းတယ်၊ ဒီကနေ မြက်တိ အထိ၊ ဩော်...'



မမဝေက ကျွန်တော့်ကို စောင်းကြည့်သည်။

'ဘာလဲ မမဝေ'

'ဟင့်အင်း...ဟင့်အင်း၊ ဘာမှမဟုတ်ဘူး'

မမဝေသည် လီဗာကို ဖိနင်းပုံရသည်၊ ကားအဟုန်က ပြင်းလာ၏။

ကန်သုံးဆင့်ကို လှမ်းမြင်ရသည်။ မြူက ပြာရီရီနေသည်၊ ဩော်...ရေဝမ်းဘဲတို့လည်း လေမှာ မည်းအောင် ပျံဝဲနေကြသည်။

ကျွန်တော်က မမဝေကို ငေးကြည့်မိသည်။

နှုတ်ခမ်းပေါ် ဆံနွယ်တို့ ဝဲကျ လွင့်ရှားနေ၏၊ ပါးပြင်မှာ မွှေးညှင်းစိမ်းတို့ ရှိမ်းမြနေသည်၊

ကိုယ်လင်းနံ့က ကျွန်တော့်ဆီ မွှေးပျံ့လာသည်။ ကျွန်တော် ကောင်းကောင်းသိသော ကိုယ်သင်းနံ့၊ ကျွန်တော်မြတ်နိုးစုံမက်နှစ်သက် မွှေးကြူခဲ့ရသော ကိုယ်သင်းနံ့။

မမဝေသည် ရှေ့ကိုသာ စူးစိုက်ကြည့်ပြီး ကားကို မောင်းနေသည်။ မျက်နှာက လှုပ်ရှားမှုမပြ၊ ဘာစကားမျှလည်း မဆိုတော့။ ကားအရှိန်ကိုလည်း မလျှော့။

ကျွန်တော်က သန့်နိုးလာပြီး သတိပေးသည်၊

'မမဝေ ကန်သုံးဆင့်ရောက်ပြီ'

'အင်း...'

'ဒီမှာ ဆင်းမယ်လေ'

www.burmeseclassic.com



'မြက်တိုအထိ သွားမယ်လေ'

'အို....မြက်တိုအထိ'

'ဘာတွေပြောနေတာလဲ၊ ခါတိုင်း မြက်တိုအထိ သွားတယ် မဟုတ်လား'

မြတ်စွာဘုရား၊ ကျွန်တော် ထိတ်လန့်သွားသည်။

'မမဝေ ဘာပြောတာလဲ၊ ဘယ်လို ခါတိုင်း မြက်တိုအထိ သွားတာလဲ'

မမဝေက ကျွန်တော့်ကို စောင်းကြည့်သည်။ သည်အကြည့်က တစ်မျိုး၊ သည်အကြည့်ကို ကျွန်တော် မကြိုက်။

'ဆရာ ညာတယ်'

'ခင်ဗျာ'

'ဆရာ ညာတယ်လို့'

'ခင်ဗျာ... ကျွန်တော် ညာတယ်၊ ဘာညာလို့တုံး'

'ဆရာ.... မမဝေနဲ့ မြက်တိုအထိ သွားဖူးပါတယ်၊ ပြီးတော့ တခြားလဲ သွားဖူးပါတယ်၊ ပြီးတော့.... ပြီးတော့ အို ညာတယ်၊ တစ်လောကလုံး ညာကြတယ်၊ ဝေဝေ့ကို ညာကြတယ်'

မမဝေက ကားကို အရှိန် ထပ်တင်လိုက်သည်၊ နှုတ်ခမ်းလေးများကိုလည်း သွားနှင့်ခဲထားသည်။

ဖြစ်ပုံက မြန်လွန်းလှသည်၊ အားလုံးပေါင်း စက္ကန့်ပိုင်းသာ ရှိမည်ထင်သည်။



ကန်သုံးဆင့် အရှေ့ဘက်မှ တစ်ဆစ်ချိုးသာသာ လမ်းအတိုင်း မမဝေက အရှိန်မလျှော့ဘဲ ကားကို တွေ့သည်။

ကန်တွင်းမှ ကျွဲတစ်အုပ် တက်လာပြီး ကျွဲတစ်ကောင်က လမ်းကို ဖြတ်ကူးသည်။ ကျွဲကိုရှောင်ရင်း ကားသည် သုံး လေး ကြိမ် လူးသွားသည်၊ ရှေ့တည့်တည့်မှ ကုန်ကားကြီးတစ်စီး လာနေသည်ကို တွေ့ရ၏။

ကားကြီးက ကြီးသည်၊ မြင့်သည်၊ သည်ကားကြီးက ကျွန်တော်တို့မျက်နှာနား နီးနီးလာသည် ထင်ရ၏။

မမဝေကို တစ်ဖက်သို့ တွန်းလိုက်ပြီး ကားစတီယာရင်ကို လှကိုင်ကာ ဘယ်ဘက်သို့ ချိုးချလိုက်မိသည်ကိုသာ ကျွန်တော် နောက်ဆုံး သတိရသည်။

သည့်နောက်....

✵

ကျွန်တော် ရှေ့ တည့်တည့်မှာက ရွှေတောင်ကြီး၏ အခြေပါ၊ တစ်ခဲနက် ဝင်းမှည့်ရှန်းအိနေသော ရွှေပုံကြီးပါ၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ရွှေပုံကြီးကို ရွှေထားပြီး ကျွန်တော်က ပုဆစ်တုပ်ထိုင်နေသည်။ ရွှေတောင်ရွှေပုံကြီးမှ အရောင်တွေက ကျွန်တော့် တစ်ကိုယ်လုံးဆီ ထိန်အောင် ဟပ်နေသည်။

ဪ...ချမ်းသာစွ၊ ဪ...ငြိမ်းအေးစွ၊ ဪ...ကောင်းစွ။

ကျွန်တော်က တင်ပျဉ်ခွေ၍ ဖြင့်ထိုင်လိုက်သည်။ ပလ္လင်အာဘုဇိတွာ၊ ခန္ဓာကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့် မတ်မတ် ထားလိုက်သည်။ ဥဇုံ ကာယံပဏိဓာယ၊ လက်ဝါးချင်းထပ်ပြီး လက်မချင်းသည်း ထိထားလိုက်သည်။ ပြီးတော့မှ သတိကို နှာသီးဖျားဆီ တပ်ထားလိုက်၏။ ပရိမုခံသတိ ဥပဋ္ဌပေတွာ။

ဖြူဖြူစွန်းလေး ပေါ်လာသည်။ ထို့နောက် မြူတိမ်ကင်းမဲ့သော ကောင်းကင်ပြာမှာ လက်တန့်ရောင်စုံသော နိမိတ်ကြီး ပေါ်လာသည်။ နောက်ဆုံးတော့ ဘာသဏ္ဌာန်ဟုမျှ မခေါ်ဆိုနိုင်သော အရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့သာ ပြည့်စုံ ဆန့်ကြယ်သော နိမိတ်က မြနေတော့သည်။

မည်မျှကြာသနည်း။ ကျွန်တော် မသိပါ။ ဪ...အချိန် အဆုံးရပ် ရှိပါသလား။ အချိန်ဆိုတာရော ရှိပါသလား။

တိတ်ဆိတ်ငြိမ်းချမ်းစွာ နေရခိုက် အသံသဲ့သဲ့လေး ကျွန်တော် ကြားသည်။ အသံက ဟိုးအဝေးဆီမှ လာသည်။

ကျွန်တော့် နိမိတ်ကြီးက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ခေါင်းတွင်းမှာတော့ ကောင်းကင်ပြာကြီးလို ကြည်လင်နေသည်။



ကျွန်တော်က မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်၏။ ပထမတော့ ရှုးသလိုပါ၊ ခဏမှာ ကြည်လင်သွားသည်။ ဪ နွေလယ်ခင်းပါတကား။

‘ဟော...သတိရလာပြီ...သတိရလာပြီ’

အသံရှင်က မျက်နှာရှည်ရှည်နှင့်လူတစ်ဦးပါ။ မျက်မှန်ကြီးကို တပ်ထားသည်။ လည်ပင်းမှာ နားကျပ်ကို ဆွဲထား၏။ သူ့ဘေးမှ ခေါင်းစည်းဖြူနှင့် အမျိုးသမီးကိုတော့ မြင်ရုံနှင့် သိသည်။ သူနာပြုဆရာမ တစ်ဦးရယ်ပါ။

နားကျပ်နှင့်ပုဂ္ဂိုလ်က ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ပြော၏။

‘သတိရလာပြီနော်၊ မထလိုက်နဲ့ဦး...ဟုတ်လား’

‘ဟုတ်ကဲ့...ကျွန်တော် ဆေးရုံကြီးပေါ်မှာလား’

ဆရာဝန်နှင့် ဆရာမသည် အံ့ဩဟန်ဖြင့် တစ်ဦး မျက်နှာ တစ်ဦးကြည့်ကြ၏။ ပြီးမှ ဆရာဝန်က ဖြေသည်။

‘ဟုတ်တယ်...ဆေးရုံကြီးပေါ်မှာပါ၊ ဒါထက် ဆရာ့နာမည် ဘယ်သူလဲ၊ အင်းလေ... ခင်ဗျားနာမည် ဘယ်သူလဲ သိရဲ့လား’

ကျွန်တော် ပြုံးချင်သွားသည်။ ကိုယ့်နာမည် ကိုယ် မသိ ရှိရမည်လော။

‘ကျွန်တော် လေးလှိုင်ပါ၊ ဪ...ကျွန်တော် ဘယ်ထိ သွားလဲ ဆရာ’

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဘတ်နဲ့ ခေါင်းပါ၊ သိပ်မများပါဘူး၊ မစိုးရိမ်ပါနဲ့.... ငြိမ်ငြိမ်လေးတော့ နေဦးနော်'

'ဟုတ်ကဲ့၊ ဪ.... မမဝေကော၊ ကိုသန်းအောင်ကော၊ သူတို့....သူတို့'

'ကိုသန်းအောင်က ပွန်းရုံ ရှရုံပါပဲ၊ အခု အိမ်ပြန်သွားတယ်၊ ညနေကျ လာပါလိမ့်မယ်'

'ဒါဖြင့် မမဝေကော ဟင်၊ မမဝေ ဘာဖြစ်သွားသေးလဲ'

ဆရာဝန်က မဖြေပါ၊ နူးညံ့သော လက်လေးတစ်ဖက်က ကျွန်တော့်လက်ကို ကိုင်ဆုပ်လာသည်။

ကျွန်တော့်မျက်နှာပေါ်မှာလည်း ငွေလမင်းကြီး မိုးလာဘိလည်း၊ မမဝေ့မျက်နှာ ငွေလမင်းကြီး၊

'မောင်'

ဝမ်းသာဝမ်းနည်းဖြင့် ဟစ်၍သာ ငိုလိုက်ချင်သည်၊

မောင်....၊ သည်အသံကို ပြန်ကြားရချေပြီ။ အသည်းနှလုံးမှ မမဝေသာ ခေါ်တတ်သည့် သည်အသံ။ ကျွန်တော့်နား၌ တစ်လောကလုံး အချိုဆုံးအသံ။ ယခု ပြန်ကြားရပြီ.... ပြန်ကြားရပေမယ့်....

ကျွန်တော် ဆက်မတွေးနိုင်၊ မတွေးရဲသေး၊ ဪ မတွေးချင်သေးပါ။

မမဝေ၏မျက်နှာလေးကိုသာ ငေးကြည့်နေမိသေးသည်၊ ပြီးမှ ပြုံးပြီး ထူးရ၏။



'ဝေ....မမဝေ'

'မောင်၊ မမဝေ ဝမ်းသာလိုက်တာ၊ မောင် ဘာမှ မဖြစ်ဘူးနော်၊ ပြောစမ်းပါ မောင်ရယ်၊ မောင် ဘာမှ မဖြစ်ဘူး မဟုတ်လား'

မမဝေ၏ လက်လေးကို ပြန်ဆုပ်ညှစ်ပြီး ဖြေရသည်။

'ရှင်ဘတ်မှာ နည်းနည်းလေးပဲ အောင့်နေတယ်၊ တခြား ဘာမှမဖြစ်ပါဘူး မမဝေ၊ မမဝေကော ဘာဖြစ်သွားသေးလဲ ဟင်'

'မမဝေ ခေါင်းနည်းနည်းပေါက်သွားတယ်၊ ကိစ္စမရှိပါဘူး မောင်ရယ်၊ မောင် သတိရလာလို့ မမဝေ ဝမ်းသာလိုက်တာ၊ မောင်များ တစ်ခုခုဖြစ်သွားရင်တော့၊ အမယ်လေး....မောင်ရယ်'

မမဝေသည် ကျွန်တော့်လက်ကို မယူကာ သူ့ပါးလေးနှင့် ကပ်ထားလိုက်သည်၊ မမဝေ့ပါးမှ မျက်ရည်တို့ဖြင့် ကျွန်တော့် လက်မှာ စိုလာဘိသည်၊

မမဝေက မျက်လုံးများကို ပိတ်ထားသည်၊ ပါးမှာ အပ်ထားသော ကျွန်တော့်လက်ကို သူ့လက်လေးတစ်ဖက်နှင့် ပွတ်သပ်နေသည်၊ အသံမထွက်သော်လည်း ရှိုက်ငိုနေသလောမသိ၊ ကိုယ်လေးက သိမ့်သိမ့်တုန်နေ၏၊

'မမဝေ'

'မောင်'

www.burmeseclassic.com

www.burmeseclassic.com



'မမဝေ အားလုံးကို ပြန်သတိရပြီပေါ့နော်'

မမဝေသည် ကျွန်တော့်လက်ကို မလွှတ်၊ ပါးမှာအပ်ထားလျက်နှင့်ပင် ခေါင်းညိတ်ပြ၏။

'သူတို့ ဘာပြောကြလဲ'

'အို...သူတို့ကို ဂရုမစိုက်ဘူး၊ သူတို့အားလုံး မတရားဘူး၊ မောင်နဲ့ မမဝေအပေါ်မှာ နည်းနည်းမှ မတရားခဲ့ကြဘူး၊ မမဝေ နှလုံးတွေ အခု မကြေရပြီ၊ သိရဲ့လား မောင်'

သည့်တစ်ကြိမ်တော့ မမဝေသည် ကျွန်တော့်လက်ကို လွှတ်လိုက်သည်။ သူ့မျက်နှာလေးကို လက်ဝါးနှင့် အုပ်ပြီး အသံထွက်အောင် ရှိုက်ငိုတော့သည်။

ဘေးမှ ရပ်ကြည့်နေသော ဆရာဝန်က ချောင်းဟန့်အသံပေး၏။

'ဒေါ်မမဝေ၊ လူနာ နားပါစေဦး၊ နောက်မှ ပြောကြ စဉ်းစားကြတာပေါ့'

ကျွန်တော့် ခေါင်းတွင်းမှာ ဘာမျှမဖြစ်။ ကျွန်တော် စိတ်ကြည်လင်နေသည်။ ကျွန်တော့်ကိုယ်ကိုတော့ ကျွန်တော် လူနာ မထင်။

ဆရာဝန်ကို ပထမ ကန့်ကွက်မည် ကြံသည်။ သို့ရာတွင် သတိဝင်လာပြီး ကျွန်တော် ငြိမ်နေလိုက်၏။

မမဝေက ကျွန်တော့်မျက်နှာကို လှမ်းကြည့်၏။ လှသော မျက်နှာလေးပေါ်မှာ မျက်ရည်အသွယ်သွယ်စီးနေဘိသည်။



လည်ချောင်း၌ ဆို့တက်လာခြင်းကို သည်းခံ နှိမ်နင်းပြီး ကျွန်တော် ပြောရ၏။

'ဟုတ်တယ်၊ နောက်မှ ပြောကြ စဉ်းစားကြတာပေါ့ မမဝေ၊ မမဝေလဲ နားပါ၊ စိတ်ကြည်လင်အောင် နေပစ်လိုက်ပါဦး၊ မောင် တစ်ခုပဲ ပြောလိုက်မယ်'

'ဘာလဲ မောင်'

'မမဝေကို မောင် ကြည်ဖြူတယ်၊ မောင့်ရင်ထဲက ပိတောက်မှာ ဘယ်တော့မှ မနွမ်းဘူး၊ ဒီစကား မမဝေ နားလည်ရဲ့လား'

မမဝေသည် မျက်ရည်ဝန်းသော မျက်လုံးလှလှကြီးများဖြင့် ကျွန်တော့်ကို စိမ့်စိမ့်စိုက်ကြည့်သည်။

'မောင့်သဘောကို မမဝေ နားလည်ပါတယ်'

'အဲဒီလိုဆို မောင်လဲ ဝမ်းသာတယ်'

သုံးဖူးသော အသုံးအနှုန်းကို ကြားရ၍ထင်သည်။ မမဝေ၏ မျက်နှာလေးတွင် ပြုံးရိပ်ပေါ်လာ၏။

'ဒါဖြင့် မမဝေ သွားမယ်၊ ပြန်လာခဲ့ဦးမယ်၊ နော်... မောင်'

'မောင်လဲ မျှော်နေပါတယ် မမဝေ'

နေရာမှ မခွာချင့်ခွာချင်ဟန်ဖြင့် မမဝေသည် ထွက်ခွာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ပြော၏။

'ခင်ဗျားဟာ ထူးဆန်းတဲ့လူနာပဲ၊ ဒါပေမယ့် ခင်ဗျား အဲ....ဆရာလေးလို့ သိပ်စကားတွေပြောခဲ့တယ်၊ အခု နား လိုက်စေချင်တယ်'

ဝေဒနာသည် ဝေဒနာပဲ ဖြစ်၏၊ ရင်မှ အောင့်ခြင်းသည် ထင်ရှားလာ၏၊ ဩော်....ခေါင်းကလည်း နာနေပါတကား။

'ဟုတ်ကဲ့၊ ကျွန်တော် နားချင်ပါတယ် ဆရာ'

ဆရာဝန်က အမိန့်ပေးသဖြင့် ဆရာမလေးသည် ကျွန်တော့် ကို ဆေးတစ်လုံး ထိုးပေး၏။

မကြာမီ မျက်လုံးများ လေးလာပြီး ကျွန်တော် အိပ်ပျော် သွားပါ၏။

✹

အခန်း (၂၉)

ကိစ္စမြားမြောင်၊ လူတို့ဘောင် ဟု စာဆိုရှိသည်။ သို့ရာတွင် လူ့တို့ဘောင်မှာ ကျွန်တော့်ကိစ္စမျိုးက ရှားပေလိမ့်မည်။

ထနိုင် ထိုင်နိုင်ပြီ ဖြစ်သောကြောင့် လူနာခန်းတွင်းရှိ နောက်မှီကောင်းသော ကုလားထိုင်ထက်တွင် ကျွန်တော်က ထိုင်နေ၏၊ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာတော့ အစ်ကို သန်းဟန်က မျက်နှာညှိုးညှိုးနှင့် ထိုင်နေရှာသည်။

ပိုက်ဆံခန်းဖြစ်သောကြောင့် အခန်းတွင်းမှာ အခြားလူနာ တို့ မရှိ၊ ဩော်....ညလာချိန်လည်း မဟုတ်သေးပါ၊

ညီအစ်ကိုသာဆိုသည် ကျွန်တော်တို့နှစ်ဦးက ရင်းနှီးကြ သည် မဟုတ်၊ တွေ့ဖူး ဆုံဖူးခဲ့ကြစဉ်ကလည်း ခဏသာမျှသာ ပါ၊

www.burmeseclassic.com



အစ်ကိုသန်းဟန်က စိတ်ထိခိုက်မှုကို မဖုံးနိုင်သော အသံဖြင့် ပြောနေ၏။

'ဖြစ်ခဲ့ရတာတွေအတွက် အစ်ကိုလဲ နည်းနည်းမှ စိတ်မချမ်းသာနိုင်ပါဘူး၊ ဇာတ်စုံကို အစ်ကို မသိရရှိးအမှန်ပါ၊ ဝေဝေဟာ အစ်ကို့ပေါ် မေတ္တာမမျှနိုင်လို့ ထွက်ခွာပြေးတယ်လို့ပဲ ထင်မိခဲ့တယ်၊ ရှက်လဲ ရှက်၊ ဝမ်းလဲ နည်း၊ ဒီလိုတော့ ဖြစ်ခဲ့ရတယ်ပေါ့၊ ပုသိမ်က အမြန်ဆုံးခွာ၊ အလုပ်ဝင်ပြီး မန္တလေးကို အစ်ကို ထွက်သွားတာပါပဲ၊ ဝေဝေ့ကို ပြန်တွေ့ရင်တောင်မှ ဝေဝေ သဘောမတူဘဲ ဘာမှ မလုပ်ကြဖို့ အစ်ကို တောင်းပန်ခဲ့ပါတယ်၊ ဝေဝေ့မှာ ချစ်သူရှိနေရင်တောင်မှ ချစ်သူနဲ့ပဲ ပေါင်းပါစေ၊ အစ်ကို ခွင့်လွှတ်ပါတယ်လို့ ပြောခဲ့ပါတယ်၊ ဝေဝေ့ချစ်သူဟာ ငါ့ညီမှန်းသိရင် အစ်ကိုကိုယ်တိုင် လက်ထပ်ပေးရဲပါတယ်၊အစ်ကိုဟာ နှလုံးသားရှိတဲ့ယောကျ်ား ပါ ငါ့ညီ'

မျက်နှာထားကို ညှိုးညှိုးတည်တည် ပြောနေသော်လည်း အစ်ကိုသန်းဟန်သည် မျက်ရည်တော့ ဝဲနေ၏။

'ဝေဝေနဲ့ ပြန်တွေ့တော့ အင်း...အဲဒီအပိုင်းကို ငါ့ညီယုံနိုင်ပါမလား မသိဘူး၊ ဝေဝေ ဆေးရုံက ဆင်းလာပြီးမှ သူတို့ အစ်ကို့ကို ခေါ်ယူကြတာပါ၊ ဒီကျတော့ အခြေအနေက တစ်မျိုးဖြစ်နေပြီ၊ ဝေဝေဟာ အစ်ကို့ကို သူ့ချစ်လင်ထင်နေတယ်၊ ငါ့ညီ ဒါကို ယုံရဲလား'

'ကျွန်တော် ယုံပါတယ်၊ ဘာဖြစ်တယ်ဆိုတာလဲ နားလည်ပါတယ်'



'ဒီလိုဆို အစ်ကို ဝမ်းသာပါတယ်၊ အဲဒီတော့ အစ်ကို ဘာလုပ်ရမလဲ၊ ချော်လဲ ရောထိုင်တယ်လို့ ပြောရင်လဲ ခံရမှာပဲ၊ အမှန်ကို ဝန်ခံရမယ်၊ ဝေဝေ့ကို ဝယ်ငယ်ကတည်းက အစ်ကိုက တစ်ဖက်သတ်ချစ်လာရသူ၊ ပြန်ဆုံတွေ့တဲ့အခါမှာ ဝေဝေဟာ ဝေဒနာသည်၊ ဝေဝေ့ကို ပေါင်းခဲ့တာမှာ ချစ်ခြင်း တစ်ခုတည်းမဟုတ်ပါဘူး ငါ့ညီ၊ အစ်ကို့မှာ ကရုဏာလဲ ပါပါတယ်၊ အခုတော့ အစ်ကိုဟာ ဝေဝေ့အမြင်မှာ လူဆိုးကြီး ဖြစ်နေပြီလား မသိဘူး၊ အမုန်းဆုံးလူတစ်ယောက်တောင် ဖြစ်သွားပြီလား မသိဘူး'

ကျွန်တော်သည် အစ်ကိုသန်းဟန်ကို ကရုဏာမကင်းဘဲ ဝေးကြည့်မိသည်။

'အဲဒါတွေထားပါတော့ အစ်ကိုသန်းဟန်၊အခု ကျွန်တော့်ကို လာတွေ့တာက ဘာပြောချင်လို့လဲ၊ အစ်ကို ဘယ်လို စီစဉ်ချင်လဲ'

အစ်ကိုသန်းဟန်သည် သက်ပြင်းကြီးရှိုက်၏။

'ပြောချင်တဲ့စကားကို အစ်ကို ပြောမထွက်ရက်ပါဘူး၊ ဒါပေမယ့် မြပြောလဲမပြီး မတီးလဲမမြည် အစ်ကို ပြောရတော့မှာပဲ'

'ဟုတ်ကဲ့ ပြောပါ'

'ငါ့ညီရင်ထဲ ဘယ်လိုရှိမယ်ဆိုတာ အစ်ကို ကိုယ်ချင်းစာနိုင်ပါတယ်၊ ဒါပေမယ့် ငါ့ညီက ဝေဝေနဲ့ ခဏသာပေါင်းခဲ့ရသူပါ၊ ခွဲခွာနေရတာလဲ ကြာပါပြီ၊ အစ်ကို့မှာက လေးနှစ်ကျော် ငါးနှစ်နီးပါး ပေါင်းခဲ့ရသူ၊ တခြား လူရေး၊ စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ရေး၊ ဆွေရေးမျိုးရေး အနှောင်အဖွဲ့တွေကလဲ ရှိနေပြီ၊ ပြင်မရတော့တဲ့ ဘဝမှာမို့ ပြီးတာတွေကို မြီးစေပြီး ငါ့ညီကလဲ သဘောထားကြီးပါတော့လို့ အစ်ကို တောင်းပန်ပါတယ်'

ကျွန်တော့်ရင် နာလာပြန်သည်။ သဘောထားကြီးပါ။ ဪ....ပြောသူက လွယ်သည်၊ စွန့်လွှတ်ရမှာက ငွေလမင်းကြီး။ ငွေလမင်းကိုမှ အလှူခံလာဘိသည်။

'သဘောထားကြီးပါဆိုတာထက် လောကရဲ့မှာ ဆက်နေပါ ငါ့ညီရယ်လို့ အစ်ကိုပြောသလို ဖြစ်နေတယ်၊ အဲဒါကိုတော့ အစ်ကို သိရဲ့လား'

'ပြောတော့ ငါ့ညီ ပြောတော့၊ ဒီလိုဆို အစ်ကိုကလဲ ပြောရမလို ဖြစ်နေပြီ၊ အစ်ကို့အတွက်ရော လောကရဲ့ဆိုတာ မရှိဘူးလားကွယ်'

သည်လိုဆိုပြန်တော့လည်း သူ မှန်လေသည်။ ဪ....သူလည်း ငွေလမင်းကို ချစ်လေမပေါ့။ ဪ....ချစ်ရှာမပေါ့။

'ခက်တယ် အစ်ကိုသန်းဟန်၊ ကျွန်တော်တို့ စကားနိုင်လုမပြောကြပါနဲ့စို့၊ မမဝေ သဘောပဲ ရှိပါစေတော့၊ မမဝေ ရွေးချယ်တာကိုပဲ ကျွန်တော်တို့ လက်ခံကြရအောင်'

အစ်ကိုသန်းဟန်က ခေါင်းခါသည်၊

'အခုနေ သွေးပူနေတုန်း ဝေဝေ ဘာရွေးချယ်မယ်ဆိုတာ အစ်ကို သိပါတယ်၊ အစ်ကိုက အရှုံးဘက်က လူပါ၊ ရှုံးလဲ ရှုံးနေပါပြီလေ၊ အစ်ကို ပြောခဲ့ပါရောလား၊ အခု အစ်ကိုဟာ ဝေဝေ့အမြင်မှာ လူဆိုးကြီးဖြစ်နေပြီ၊ သူယုတ်မာကြီး ဖြစ်



နေပြီ၊ ဝေဝေ့ အသည်းနှလုံးမှာ အစ်ကိုတာ နေရာမရှိတော့ပါဘူး'

'အစ်ကိုသန်းဟန်၊ ကျွန်တော်ဟာ တရားမမဲ့ပါဘူး၊ စကားလဲ ကပ်ပြောတာမဟုတ်ပါဘူး၊ မမဝေရဲ့ အသည်းနှလုံးထဲမှာ အစ်ကိုသန်းဟန်ဟာ နေရာမရှိတော့ဘဲနဲ့ အစ်ကိုသန်းဟန်တို့ အိမ်ထောင်ရေးဟာ ရှေ့ဆက် ဘယ်လိုသာယာနိုင်တော့မလဲ'

အစ်ကိုသန်းဟန်သည် မချိပြုံးကို ပြုံးမြ၏။

'ဟုတ်ပါတယ်၊ ဒါပေမယ့် မျှော်လင့်ချက်လေးတစ်ခုတော့ အစ်ကို ထားတယ်၊ ဝေဝေ့ အသည်းနှလုံးမှာ အစ်ကို့အတွက် နေရာမရှိတော့ပေမယ့် အခြားတစ်ယောက်အတွက်တော့ ရှိနေသေးတယ်၊ အဲဒီ တစ်ယောက်အတွက်လဲ အစ်ကို ပြောနေရတယ်'

'ခင်ဗျာ....ဘာကို ဆိုလိုတာလဲ'

အစ်ကိုသန်းဟန်သည် နေရာမှ ထလိုက်သည်၊ ဆေးရုံပေါ်မှ နေ၍ အောက်သို့ ဆင်းစုံတစ်ရာ လက်ဟန်ခြေဟန်ပြသည်၊

နားမလည်နိုင်ဘဲ ကျွန်တော်က ကြည့်နေမိသည်၊

အစ်ကိုသန်းဟန်သည် မမဝေကိုပဲ ခေါ်လိုက်လေသလော။ အို....မဖြစ်နိုင်ပါ။

ကျွန်တော့်ရှေ့မှောက်မှ အစ်ကိုသန်းဟန် ပျောက်သွားသည်။

ခဏအကြာ၌ ပြန်ပေါ်လာသည်၊ တစ်ယောက်တည်းတော့ မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသန်းဟန်၏ လက်တစ်ဖက်က နှစ်နှစ်အရွယ်ကလေး တစ်ဦးကို ပွေ့ချီလာသည်။

ချစ်စဖွယ် ကလေး၊ အရုပ်လေးလို လှသော မိန်းကလေး တစ်ဦး၊

'ဆေးရုံပေါ် မခေါ်ချင်လို့ သူ့ကို ကားပေါ်မှာ ထားခဲ့တာ။ သူ စကားမပြောတတ်သေးဘူး ငါ့ညီ၊ ပြောတတ်ရင် သူလဲ ပြောချင်ရှာမှာပဲ၊ ပြောခွင့်လဲ သူ့မှာ ရှိနေတယ်'

အစ်ကိုသန်းဟန်က ကလေးကို ပွေ့ပြီးပြော၏။

'သမီး....ဟောဒီဦးဦးက မေးနေတယ်၊ သမီးဖေဖေရောတဲ့'

ကလေးငယ်သည် ချစ်စဖွယ်အသံလေးထွက်အောင် ရယ်သည်။ ပြီးတော့ အစ်ကိုသန်းဟန်၏ရင်ဘတ်ကို သူ့လက်ဝါးလေးတစ်ဖက်ဖြင့် ပုတ်ပြ၏။

'ဪ....ဖေဖေက ဒီမှာ၊ ဒါဖြင့် မေမေရော၊ သမီးမေမေရော'

ကလေး၏လက်လေးတစ်ဖက်သည် ညွှန်ပြလိုဟန်ဖြင့် လေထဲတွင် မြောက်လာသည်၊ ကြည်လင်ဝိုင်းစက်သော မျက်လုံးလေးက ရှာဟန်ဖြင့် တစ်ခန်းလုံးကို နှံ့အောင် လိုက်ကြည့်သည်၊

'မေ....မေ'ဟု နှစ်လုံးတော့ခေါ်သည်၊ မျက်နှာမှာ အပြုံးလေး ပျောက်သွားပြီး ငိုမဲ့မဲ့ဖြစ်လာ၏၊

သူတို့ သားအဖကို ကြည့်နေရင်းက ကျွန်တော့် ရင်တွင်း လှိုက်လာသည်။ အသည်းနှလုံးက မခံနိုင်အောင် နာကျင်လာသည်၊



ကျွန်တော်က နေရာမှထလိုက်၏။ အမေတူမှ အသားဝါမျက်တောင်ကော့နှင့် အရုပ်လေးပမာ လှသူလေးကို ကြည့်ပြီး ပြောမိသည်။

'ကလေးရယ်....မင်း စကားပြောတတ်ပါလား၊ မင်းက ဦးဦးရဲ့ အသည်းနှလုံးကိုမှ စကားပြောပလေတယ်၊ မင်းအဖေနဲ့ မင်းအမေကို မင်းကပဲ ပြောပြလိုက်ပါတော့၊ ဦးဦး အရှုံးပေးပါပြီလို့၊ မင်းကိုပဲ အရှုံးပေးလိုက်ပါပြီလို့....၊ အဲဒီအတွက် ကြည်နူး ကြေကွဲနဲ့ ဦးဦး ငိုလိုက်ပါရယ်လို့၊ သွားကွယ် ကလေးရယ်၊ ဦးဦးကို သနားရင် သွားတော့ကွယ်၊ ဪ....အစ်ကိုသန်းဟန်ရေ ခေါ်သွားပါတော့၊ သူ့ကို ခေါ်သွားပါတော့'

ကျွန်တော်သည် လှူနာခုတင်ဆီသို့ ပြေးလာခဲ့သည်။

မျက်နှာကို ခေါင်းအုံးပေါ် မှောက်လိုက်ရသည်၊

ကျွန်တော် လူနာပါ။ သည်သံသရာမှာက ကျွန်တော် လူနာပါ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

ပိတောက်ပင်ကြီးထက်တွင် ပိတောက်ပန်းတွေထိန်အောင်ပွင့်နေ၏။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် ပိတောက် ရနံ့တို့ သင်းပျံ့ကြိုင်လှိုင်နေသည်။

အနောက်ဘက် ကောင်းကင်တွင် ရဲရဲနီသော နေလုံးက မဝင်သေး၊ အရှေ့ဘက် ကောင်းကင်ဆီသို့ လမင်းကြီး ထက်လာနေသည်။

ဦးပဉ္စင်းက ခုံတန်းပေါ်တွင် ယခင်အခါများကကဲ့သို့ပင် တည်ငြိမ်စွာ ထိုင်နေ၏။



ပုဆစ်တုပ်ဦးချရာမှ ကျွန်တော်က ခေါင်းကိုမော့ပြီး ဦးပဉ္စင်းကို ဖူးသည်။

'ဘယ်လိုလဲ ငါ့တပည့်၊ မျက်လုံးမှာ မျက်ရည်တွေနဲ့ပါလား'

'တင်ပါ့ မျက်ရည်သိမ်းဖို့ အခု တပည့်တော် ရောက်လာရပါတယ်'

'မျက်ရည်သိမ်းဖို့ အခု ဦးဇင်းတို့နယ်ဆီ တပည့် လာခဲ့ပြီပေါ့'

'တင်ပါ့၊ ဦးဇင်းတို့နယ်ဆီကိုပါဘုရား'

'ငါ့တပည့်မှာ ပိုင်သူ ဆိုင်သူ ရှိလေသလား'

'တပည့်တော်မှာ အခု တပည့်တော်ကိုယ်ကိုတပည့်တော်ပဲ ပိုင်ပါဆိုင်ပါတော့တယ် ဘုရား'

'သာဓု တပည့်...သာဓု သာဓု၊ ဒီအချိန်ကို ဦးဇင်းလဲ စောင့်နေတယ်၊ အခုတော့ အချိန်ရောက်ပေါ့၊ မဆိုင်းလိုပြီ၊ ဦးဇင်းနောက်ကို လိုက်ခဲ့ပေတော့ ငါ့တပည့်'

ဦးပဉ္စင်းက ရှေ့မှ ကြွတော်မူသည်။

ဦးပဉ္စင်း၏ နောက်မှ လိုက်ရာက ခေတ္တ ရပ်ပြီး နောက်ကြောင်းဆီ ဖစ်ချက်ပြန်ကြည့်မိသည်။

စရိုက်ဝါသနာမှ အသျှင် မဟာရဋ္ဌသာရထံ့ နှလုံးမူပြီး နှုတ်ဆက်ခဲ့ချင်သည်။

မမဝေကို နှုတ်ဆက်ခဲ့ချင်ပါသည်။

✱

www.burmeseclassic.com

www.burmeseclassic.com

ဩြော်...ပိတောက်ပန်ဝါ၊ သာသနာ၌၊ မဟာကရုဏာ၊ ဓမ္မလမင်း၊ ထိန်ထိန်ဝင်း၏၊ ဉာဏ်လင်းထိရောက်၊ အသိပေါက်က၊ ပိတောက်ပွင့်ဆဲ၊ လသာဆဲဖပ၊ ခပဲလွှသူ၊ ပူပူသမျှ၊ ငြိမ်းအေးမြလော့၊ လာကြ ရှုကြ၊ သန္တိဌတည်း၊ ချမ်းရမှန်းရ၊ ပြုံးငိုရနှင့်၊ ဖြစ်ရပျက်မြန်၊ ဝဲကိုလွန်မည်၊ နတ်ဟန်ချစ်သူ၊ ပျိုမျှစ်မှုနှင့်၊ ခုတူမကွဲ၊ တစ်နေ့လဲ့အံ့၊ နွေမွဲမြူပြာ၊ ကမ္ဘာသာလျှင်၊ အဝိဇ္ဇာ သင်တိုင်း၊ မင်မဖိုင်းပြီ၊ လွှမ်းတိုင်းမျက်ရည် မဝဲရစ်သော်။

ပြီးပါပြီ

မေတ္တာရည်၍

တက္ကသိုလ်-ဘုန်းနိုင်

www.burmeseclassic.com